
www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး

# ရဂတဂလီ

ဝဏ္ဏသိဒ္ဓိရှင်



BURMESE CLASSIC .com

၁+၃ တွဲ

www.burmeseclassic.com

www.burmeseclassic.com

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်၌ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာအရည်အချင်းမြင့်မားရေး


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၂၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၅၇၀၅၆

ထုတ်ဝေသူ

ဦးတင့်လွင် (မြ-၃၅၂၃)

သော်ကလစဉ်

၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း

တတိယအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ

[redacted] ကျပ်၊ အုပ်ရေ - ၅၀၀

www.burmeseclassic.com

# ဝဏ္ဏသိဒ္ဓိရှင် (ပထမတွဲ)

# ရာဇဝတ်



## အခန်း (၁)

### မရဏာညွှန်သည့် ကိုဆိုးပေ

ကျွန်ုပ်၏အမည်ကား ဦးအောင်ကြွယ် ဖြစ်ပါသည်။ သက်နန်းကျွန်းမြို့နယ်ရှိ အာချီယားရပ်ကွက်၌ သံရည်ကျိုစက်ကြီး တစ်လုံး ထောင်ရင်း စီးပွားရေးလုပ်ငန်းကို စတင်အခြေချ လုပ်ကိုင်ခဲ့၏။

ထိုခေတ် ထိုအခါက စက်တစ်လုံးပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းရှင်များက လက်ချိုးရေတွက်နိုင်သဖြင့် အရပ်အခေါ် အဝေါ်အရဆိုလျှင် သူဌေးတစ်ဦးသာဖြစ်သည်ဟု ဆိုရပါအံ့။

မြို့စွန်၌ရှိသော သံရည်ကျိုစက်ကြီးတစ်လုံးက အစဉ်နေ ကုန် တဂျုံးဂျုံးလည်ပတ်နေသမျှ ကျွန်ုပ် စိတ်ချမ်းသာရပေတော့သည်။ ထိုအချိန်ကာလက ကုန်ကြမ်း သံတိုသံစကလည်း မရှားလှ။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ကုလားလူမျိုးအများစုက ကျွန်ုပ်၏စက်ရုံကြီးကို အားထားလျက် သံတိုသံစများကောက်ယူကာ မကြာခဏ လာရောင်းချလေ့ရှိကြသည်။

'ကုလားစု'ဆိုသောအရပ်ကား ကျွန်ုပ်၏ဖောက်သည်အများဆုံးရှိနေသော အရပ်ဖြစ်၏။ ထိုအချိန်ကာလက မြန်မာလူမျိုးအများစုမှာ သံတိုသံစများ ကောက်ယူရောင်းချရသည့်အလုပ်ကို ရှက်သလိုလို သဘောထားနေကြသည့်အချိန်၌ 'သံပုံချိုင့်' (ရွှေတိဂုံဘုရား၏မြောက်ဘက်) ထိုအရပ်က သူတို့၏ စီးပွားရေးစားကျက်တစ်ခုပင် ဖြစ်ရလေသည်။

ကျွန်ုပ်ကိုယ်တိုင်က စက်ရုံတည်ရာမြေကို ဘူမိနက်သန်အောင်မြေမှန်ဟု သဘောထားရလေတော့သည်။ အလုပ်တစ်ခုကို ဖောက်ချလုပ်ဖို့ ဆုံးဖြတ်ချက်ချထားသည့်အတိုင်း သံတိုသံစများကို အရည်ကျိုပစ်နေရာမှ နေ့စဉ် အင်္ဂလိပ်မြန်မာသတင်းစာကြီးကို အချိန်ယူဖတ်ရှု၍ ကားမှောက်ခြင်း၊ ကားတိုက်ခြင်း။ သင်္ဘောများ၊ စက်လှေများ နစ်မြုပ်ခြင်း၊ ကိစ္စကိုပါ ဂရုတစိုက် ဖတ်ရှုလာခဲ့ရလေသည်။

ထိုအဖြစ်အပျက်များကိုဖတ်ရှုမိပြီဆိုလျှင် သတင်းစာကို အနီလိုင်းတား၍ ထိုဖြစ်ပွားခဲ့သည့်နေရာသို့ အရောက်သွားခဲ့ပြီး ပျက်စီးသွားသော သံထည်ပစ္စည်းများသုံးမရကြောင်း သိရသည်နှင့် ကျွန်ုပ်၏သံရည်ကျိုစက်အတွက် လေလံဆွဲခဲ့သောအလုပ်ကို စီးပွားရေးအရ လုပ်ကိုင်တတ်၏။



သံရည်ကျိုစက်လုပ်ငန်းအတွက် ငွေရင်းနှီးမြှုပ်နှံမှုကို သုံး၍ မဟာစီးပွားရေးလုပ်ငန်းကြီးအဖြစ် အကြီးကြီးစွာ လုပ်ကိုင်နေမိခြင်းကို ဂုဏ်ယူနေမိသည်။ ကျွန်ုပ်၏လုပ်ငန်းကြီးတစ်ခုလုံးက မည်သည့်အနှောက်အယှက်မှမရှိဘဲ ဖြောင့်ဖြောင့်တန်းတန်းပင် လုပ်ကိုင်လည်ပတ်နိုင်ခဲ့ပါသည်။

သံရည်ကျိုစက်မှ အရည်ကျိုပစ်လိုက်ရသော ပစ္စည်းများမှာ အားလုံးလိုလို လူ့အသုံးအဆောင်ကုန်ပစ္စည်းများ ဖြစ်သွားစေသည်။

ထိုပစ္စည်းပေါ်၌ မှတ်ပုံတင်ထားသည့် 'အောင်ကြွယ် သံရည်ကျိုလုပ်ငန်းမှထုတ်လုပ်သည်' ဟူသောစာတန်းကို တပ်မိလိုက်မှုနှင့် ကျွန်ုပ်၏ဂုဏ်သတင်းက မြန်မာပြည်အနှံ့ ပျံ့နှံ့သွားလေတော့သည်။

ကျွန်ုပ်ကား ဘဝမေ့တတ်သူတစ်ယောက်မဟုတ်၊ ဆင်းရဲသည့် အောက်ခြေလူတန်းစားဘဝမှ ချမ်းသာကြွယ်ဝဆုံး သူဌေးကြီးတစ်ဦးဖြစ်လာအောင် ဆက်ဆံတတ်သောကြောင့် လူပေါင်းစုံနှင့် သဟဇာတဖြစ်အောင် ပေါင်းသင်းနေထိုင်တတ်၏။

တစ်နေ့သ၌ ကျွန်ုပ် ပျင်းပျင်းရိရိရှိလာသဖြင့် သံရည်ကျိုစက်ရှိသော လမ်းထိပ်၌ရှိသည့် ကိုပါကြီး လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်လာခဲ့သည်။

ကိုပါကြီးလက်ဖက်ရည်ဆိုင်သို့ တစ်နေ့တစ်ခေါက် မလာရရင် မနေနိုင်။ ထိုလက်ဖက်ရည်ဆိုင်ကိုရောက်မှ စိတ်ရှိသမျှကို

www.burmeseclassic.com

www.burmeseclassic.com



အပန်းတော်ပြေစေသည်ဟု ဘိန်းသမားများ ဘိန်းစွဲသကဲ့သို့ မှတ်ယ
ထားသည်။

တစ်နေ့တာ အလုပ်ခွင်ထဲ အာရုံနှစ်ထားသမျှ လက်ဖက်
ရည်ဆိုင်ထိုင်ရင်း စိတ်ကို ထွက်ပေါက်ယူတတ်၏။ (လက်ဖက်ရည်
ဆိုင်ထိုင်၍ အပန်းဖြေတတ်ခြင်းကို မည်သူက တီထွင်လာခဲ့သ
နည်း။)

ထိုဆိုင်၌ ကျွန်ုပ်စကားပြောဖော်များရှိသည်။ နိုင်ငံရေ
အကြောင်း၊ မြင်းပွဲများအကြောင်း၊ မြန်မာ့ခေတ် သတင်းစာကြ
များတွင်ပါလာတတ်သော ထူးထူးခြားခြားဖြစ်ရပ်များ အကြောင်
ထိုသို့ပြောလိုက်ရမှ တစ်နေ့တာ ပင်ပန်းသမျှကို အကြောအခြ
ဖြေလိုက်ရသလို ဖြစ်မိသည်။

ကျွန်ုပ်ကား လက်ဖက်ရည်ကြိုက်တတ်သူ မဟုတ်၊ သို့သေ
လက်ဖက်ရည်ဆိုင်ထိုင်သောအလုပ်ကို ကြိုက်သူဖြစ်၏။

ကျွန်ုပ် ဆိုင်သို့ရောက်လာချိန်မှာ မွန်းတိမ်းချိန်ဖြစ်သေ
ကြောင့် စကားပြောဖော်များ မတွေ့ရ၊ ဆိုင်ရှင် ကိုပါကြီး တ
ယောက်သာ အရောင်းပါးသဖြင့် စားပွဲပေါ် မှောက်လျက် အိပ်စက်
ပျော်နေသည်။

ကျွန်ုပ်က သူ့ကိုနှိုး၍ ပုဏ္ဏားလက်ဖက်ရည် နှစ်ခွက်
မှာလိုက်၏။

ထိုဆိုင်၌ လက်ဖက်ရည်နှစ်ခွက် တစ်ယောက်တည်းမှ
သောက်သူမှာ ကျွန်ုပ်တစ်ယောက်သာ ရှိလိမ့်မည်ဟု ထင်သည်



လက်ဖက်ရည်ကို လူတိုင်းမှာယူတတ်ပုံ အမျိုးမျိုးရှိကြ
သည်။ ကျွန်ုပ်က ပုဏ္ဏားနှစ်ကောင်ဟု မှာရသည်။

ပုဏ္ဏားက အများသိပြီးကြသည့်အတိုင်း လက်ဖက်ရည်
ခွက်တစ်ခွက်ကို ချိုပျစ်ပျစ်ကလေး ဖျော်ပေးခြင်းဖြစ်၏။ သောက်ရ
သည်မှာ အရသာတွေ့သော်လည်း ခွက်တစ်ဝက်သာပါသော
ကြောင့် မဝသလိုလို ဖြစ်တတ်၏။ ထို့ကြောင့် ပုဏ္ဏားနှစ်ခွက်ကို
တစ်ပြိုင်နက်မှာယူရခြင်းပင် ဖြစ်သည်။

လက်ဖက်ရည်နှစ်ခွက် ရောက်မလာခင် မြန်မာ့ခေတ် သ
တင်းစာကြီးကို ဟိုလှန်သည်လှန် ကြည့်ရှုနေမိသည်။

'ခင်ဗျားအတွက် သတင်းကောင်းတစ်ပုဒ် ပါတယ်ဗျ'

အလိုက်သိတတ်သူ ဆိုင်ရှင်ကိုပါကြီးက လက်ဖက်ရည်
ခွက်များ လာချပေးရင်း စကားစလိုက်၏။

'ဘာသတင်းလဲဗျ ဆိုစမ်းပါဦး'

ကျွန်ုပ်က သတင်းစာကို ထောင်ဖတ်နေရာမှ ရုပ်ရင်း
လှမ်းမေးလိုက်သည်။ ကိုပါကြီးက ပြုံးစေ့စေ့လုပ်ရင်း . .

'အထူးအဆန်း လုပ်ပြီး ပြန်မေးနေရသေးတယ်ဗျာ၊
ခင်ဗျား မနက်ကတည်းက သတင်းစာမဖတ်ရသေးဘူး ထင်တယ်'

ကျွန်ုပ်က မဖတ်ရသေးကြောင်း ခေါင်းခါပြလိုက်၏။

'ပေး . . . ကျုပ်ကို သတင်းစာ'

ကိုပါကြီး၏ ပဟေဠိကိုသိလိုသောကြောင့် သတင်းစာကို
ကပျာကယာ လှမ်းပေးလိုက်၏။ သူက ကျွန်ုပ်အတွက် သတင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတစ်ပုဒ်ကို လှန်လှောပေး၏။

ကျွန်ုပ်ဖတ်ရှုမိသော အောက်ပါအတိုင်း တွေ့လိုက်ရလေတော့သည်။

\+ + + + + + + +

'သတင်းကတော့ အတော့်ကို စိတ်ဝင်စားစရာပဲဗျ'

'ဟုတ်တယ်ဗျို့၊ ကျုပ်မနက်မတည်းက အဲဒီသတင်းဖတ်ပြီး စိတ်ထဲမှာ ပြောပြချင်နေတာဗျ၊ ခင်ဗျားက အခုမှ ဆိုင်ကိုလာတော့ အခုမှ ပြောရတာ။ ဒီသတင်းက ခင်ဗျားလုပ်ငန်းနဲ့ ဆက်စပ်မှုရှိလိမ့်မယ်လို့ ထင်တယ်'

ကိုပါကြီး လှကဲခတ်မည့်ကြောင်း သတိထားမိလိုက်၏။ သင်္ဘောပျက်တစ်စင်းကို လူတွေဘာကြောင့် စိတ်ဝင်စားနေရသည်ကို ကျွန်ုပ် စဉ်းစားမရနိုင်။

ဒေသအသုံး ကုန်းဘတ်ဝက်ဆိုသည့် စကားအရ ရေထဲ နစ်မြုပ် ပျောက်ဆုံးသွားသော ပစ္စည်းဟူသမျှ အကောင်းပကတိ



ပြန်လည်ရရှိရေး ထုံးစံမရှိ အကျိုးအပဲ့ အစုတ်အပြတ် သံချေးတက် အဆွေးတို့သာ ရရှိတတ်ကြသည်။

ဆိုင်ထဲသို့ စုတ်တီးစုတ်ချာ လူတစ်ယောက် ဝင်လာသည်။ ကျွန်ုပ် ပြောလက်စစကားကိုဖြတ်၍ ထိုလူကို တစ်ဖက်ခုံမှ လှမ်းအကဲခတ်လိုက်မိသည်။ ထိုလူက ကျွန်ုပ်အား ရင်းရင်းနှီးနှီးရှိသော အသိမိတ်ဆွေတစ်ယောက်ကဲ့သို့ ပြုံးပြသည်။

သူ့ကို မတွေ့ဖူးမမြင်ဘူးသော်လည်း သူကိုယ်တိုင်က ကျွန်ုပ်အား သူဌေးဦးအောင်ကြွယ်အနေနှင့် သိထားမိပုံရသည်။ ကျွန်ုပ်က မိတ္တဗလဋ္ဌိကာကို ကျေညက်လှသူ ဖြစ်၏။ သူ့ကို တုံ့ပြန်ပြုံးပြရင်း အသိအမှတ် ပြုလိုက်ရလေသည်။

ကိုပါကြီးနှင့်ပြောဆိုနေသော သတင်းအကြောင်း၊ စကားပြတ်သွားသော်လည်း ကျွန်ုပ်၏အတွေးထဲသို့ သတင်းတစ်ပုဒ်က ရှိနေဆဲ။

ကျွန်ုပ်က လက်ဖက်ရည်တစ်ခွက် သောက်ပြီး၍ နောက်တစ်ခွက် မသောက်ရသေးမီ တစ်ဖက်ခုံမှ ကျွန်ုပ်အားပြုံးပြသူက သူမှာထားသော လက်ဖက်ရည်ခွက်အား တစ်ကျိုက်တည်း မော့သောက်လိုက်လေသည်။ သူက လက်ဖက်ရည်ကြိုက်ပုံရသည်။

'လက်ဖက်ရည်ဖိုး ရှင်းမယ်'

လက်ဖက်ရည်ဖိုး ငွေတစ်မတ်ကို စားပွဲပေါ် တင်ပြီး ကျွန်ုပ်ဘက်သို့ ရိုကျိုးစွာ နှုတ်ဆက်လိုဟန် ရှေ့တိုးလာရင်း. . .

'ကျွန်တော့်နာမည် ဆိုးပေါ် သူဌေး။ နောက်ကိုလိုအပ်တဲ့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အကူအညီရှိရင် ကိုပါကြီးမှတစ်ဆင့် ဆက်သွယ်နိုင်ပါတယ်'

'အေး. . . . ကောင်းပါပြီကွယ်'

ကျွန်ုပ်က သည်လိုလူမျိုးအား အချိန်ကုန်ခံ ပြောဆို ဘဲ စကားအမြန်ဆုံး ဖြတ်လိုက်၏။ ထိုလူက ဆိုင်ထဲမှ ထွက် သွားလေတော့သည်။

ကိုပါကြီးက လက်ဖက်ရည်တစ်ခွက်နှင့် အကြွေတစ် ကို လာရောက်သိမ်းဆည်းရန် လျှောက်အလာ. . .

'အဲဒီလူ နာမည်အရင်းက ဆိုးပေပဲလားဗျ'

'ဟုတ်ပါတယ်'

'နို့ ဒါနဲ့ သူက ဘာလုပ်လို့ ကျုပ်ကို အကူအညီလို ကိုပါကြီးကတစ်ဆင့် ဆက်သွယ်နိုင်ပါတယ်လို့ ပြောသွားရ လဲ'

ခပ်ကြောင်ကြောင် ပြောဆိုသောစကားကို မရှင်းသ ဆိုင်ပိုင်ရှင် ကိုပါကြီးအား မေးမြန်းကြည့်ရလေသည်။ ကိုပါကြီး ကျွန်ုပ်၏စကားကို နားထောင်ရင်း ပြုံးလိုက်၏။

မည်သည့်အဓိပ္ပာယ်နှင့် ပြုံးသည်တော့မသိ။ ပြီးမှ. .

'ဒီလူ့ အလုပ်က လူတိုင်းနဲ့ ပတ်သက်တယ်ဗျ'

'ဘယ်လို. . . ဘယ်လို၊ လူတိုင်းနဲ့ဆိုတော့ ကျုပ်ပါ ပေါ့'

'ဟုတ်ပါတယ်'

'နေစမ်းပါဦး၊ နို့ သူက ဘာလုပ်လို့လဲ'



'သူ့အလုပ်က ရင်ခွဲရုံမှာ လူသေတွေဗိုက်ခွဲတဲ့အလုပ်လေ၊ ကြောင့် သေဆုံးသွားတဲ့လူ မှန်သမျှ သူ့ဆီကို ရောက်ရတာပဲ၊ ကို ဒီလူက တိုက်ရိုက်မပြောချင်လို့ သွယ်ဝိုက်ပြောဆိုသွား ထင်ပါရဲ့'

ကိုပါကြီး၏ စကားအဆုံး၌ ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီး ဖြန်းခနဲထသွားလောက်အောင် ဖြစ်သွားမိသည်။ ကျွန်ုပ် ယ်တိုင် သည်လိုလူမျိုးနှင့် တစ်သက်လုံး မိတ်ဆွေဖြစ်ခဲ့မည် တ်ဟု ယူဆထားခဲ့မိသည်။

ယခုတော့ မရဏဧည့်သည် ဆိုးပေက အသက်လေးဆယ် ကျော်ရုံကလေးရှိသေးသော ကျွန်ုပ်အား သေခြင်းတရားနှင့် ပတ် က်၍ တရားပြသွားခဲ့လေပြီ မဟုတ်ပါလား။

ကျွန်ုပ်ခေါင်းထဲ တွေးတောနေသည့် မြန်မာ့ခေတ်သတင်း ကြီးထဲမှ ကြော်ငြာသတင်းတစ်ပုဒ်က ချက်ချင်း ပျောက်ကွယ် သွားခဲ့လေပြီ။ ကျွန်ုပ်ကိုယ်တိုင် သေခြင်းတရားကို ရင်မဆိုင်ဝံ့ ဖြစ်၍ ခွက်ကျန်လက်ဖက်ရည်တစ်ကျိုက်အား မော့သောက် က်ရင်း ကိုပါကြီးကိုပင် နှုတ်မဆက်နိုင်ဘဲ ကပျာကယာ ထွက် ခဲ့မိလေတော့သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## ငန်းနက်နှင့် ရတနာသိုက်

နောက်တစ်နေ့ နံနက်လင်းသည်နှင့် မနေ့က ကိုပါကြီး ဆိုင်၌ တွေ့ခဲ့ကြုံခဲ့ရပုံ အကြောင်းများ မဖိတ်ခေါ်ဘဲ ခေါင်းထဲသို့ ရောက်လာခဲ့လေပြီ။ မနက် (ဘရိတ်ဖတ်)စာ မစားမီ ဒိုင်ယာရီ ရေးမှတ်ခြင်းအလုပ်ကို ဝတ္တရားမပျက် လုပ်တတ်လေ့ရှိသော ကျွန်ုပ် အဖို့ မနေ့က အဖြစ်အပျက်တို့အား မမေ့နိုင်ပဲရှိ၏။

စားပွဲပေါ်တွင် အသင့်ပြင်ထားသော ပေါင်မုန့်မီးကင် ထောပတ်သုတ်နှစ်ချပ်က ဂျုံစိမ်းနံ့မပျောက်သေး။

တစ်ခါတစ်ရံ အသက်လေးဆယ်ကျော်အထိ အိမ်ရှင်မ မရှိပဲ နေလာရသည့် ဘဝကို ငြီးငွေ့လာခဲ့သည်။

**'Love is without reason'** ဆိုသောစကားအရ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သည် အသက် သည်အရွယ်ရောက်မှ ဆင်ခြင်မှုမရှိဘဲ အချစ်ကို ရှာဖွေချင်မိသည်။

ကျွန်ုပ်ကိုယ်တိုင် စီးပွားရေးလုပ်ငန်းတွင် အာရုံရောက်နေရသောကြောင့် ကိုယ်ရေးကိုယ်တာ အချစ်ကိစ္စ၌ အချိန်မပေးနိုင်ခဲ့။

ကြီးပွားချမ်းသာရေးကိုသာ စိတ်ဓာတ်ခွန်အား အပြည့်အဝသုံး၍ တစ်ဖက်စောင်းနင်း ပြုနေရသောကြောင့် အားနည်းချက် ပေါ်ပေါက်ရတာမျိုးလည်း ဖြစ်နိုင်သည်။

သို့တည်းမဟုတ်၊ ဆံပင်ဖြူဆယ်ချောင်း ပေါက်လာ၍ စိတ်ပျက်အားလျော့မိတာလည်း ဖြစ်နိုင်သည်။

မည်သို့ဆိုစေ ဆံပင်ဖြူဆယ်ချောင်းအတွက် ရိုးကုမ္ပဏီမှ ဝယ်ယူထားသော ဆံပင်နက်ဆေး (အင်္ဂလန်မိတ်) တစ်ဘူးကုန်အောင် အသုံးပြုရုံမျှနှင့် အဆင်ပြေသွားနိုင်ကြောင်း သိနားလည်ပြီးဖြစ်သည်။

သို့သော် အသက်အရွယ်အားဖြင့် လေးဆယ်ကျော်လာမှ မြနှင်းအေးကို ကျွန်ုပ်စိတ်ဝင်စားနေရသည့်ကိစ္စက ရှက်စရာ ဖြစ်၏။ မြနှင်းအေးက ကျွန်ုပ် စိတ်ဝင်စားလောက်အောင် မိန်းမ ပီသသော ကြန်အဆင်းရူပကာတို့နှင့် ပြည့်စုံလှသူမိန်းကလေး တစ်ဦးသာဖြစ်သည်။

ကိုယ့်ရုပ်ရည်က အရွယ်မကျသေးသော်လည်း ပင်ပန်းဆင်းရဲစွာ လောကဓံတရားတို့ ရင်ဆိုင်ကျော်ဖြတ်ရင်း သူဌေးဖြစ်



လာရသူ တစ်ယောက်ဖြစ်သောကြောင့် တစ်ခြားလူတွေထက် ရုပ်ရည်အားဖြင့် ကျဆင်းနေသည်။

ဇရာဟူသည်ကား ဖုံးကွယ်၍ မရနိုင်သော လက္ခဏာပင်ဖြစ်ရကား ကျွန်ုပ်၏ အဆင်းရူပကာကို မှန်တစ်ချက်ရှေ့၌ မြင်နေရသည်ကိုပင် စိတ်မချမ်းမသာ မရွှင်မပျဖြစ်ရသည်။ ထိုကိစ္စကို ရှိန်းမောင်ပင် အသိဆုံးဖြစ်၏။

ရှိန်းမောင်ကား ကျွန်ုပ်၏ မွေးစားသားဖြစ်ပြီး စီးပွားရေးလုပ်ငန်းအတွက် အစစအရာရာ စိတ်ချယုံကြည်စွာပင် လွှဲအပ်ထားနိုင်ရန် ကောက်ယူမွေးစားထားခြင်းဖြစ်၏။

ရှိန်းမောင်က လုပ်ငန်းအပေါ် စိတ်ဝင်စားမှု အပြည့်ရှိသည့်အပြင် ခိုင်းလိုက်သည့်အလုပ်ကို သွက်လက်ပေါ့ပါးစွာ ဆောင်ရွက်တတ်သည့် အရည်အချင်းတစ်ရပ်ရှိနေခြင်းကြောင့် သူ့ကို အားကိုးရသည်။

သူ့အနေနှင့် ဆောင်ရွက်ပေးနေခြင်း မရှိသည့်ကိစ္စဟူ၍ မြနှင်းအေးအား ကျွန်ုပ် တိတ်တခိုးချစ်နေသည့် ကိစ္စတစ်ခုသာ ရှိလိမ့်မည်ဟုထင်သည်။

စာအုပ်စင်ပေါ်မှ မနေ့က ထွက်သော မြန်မာ့ခေတ်သတင်းစာကို ရှာလိုက်သည်။ ရှိန်းမောင်က အခန်းထဲသို့ ဝင်လာခဲ့လေပြီ။

'မင်း ဒီသတင်းစာ ဖတ်ပြီးပြီလား'

ရှိန်းမောင်ကို မနေ့က သ တင်းစာကို လှမ်းပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဟုတ်ကဲ့ ဖတ်ပြီးပါပြီ အဖေ၊ သင်္ဘောနစ်သွားတာကို ဆယ်ယူနိုင်တဲ့သူရှိရင် လုပ်အားခငွေ သုံးဆပိုပေးမယ်ဆိုတဲ့ သတင်းမဟုတ်လား'

ရှိန်းမောင်က တိတိကျကျ ဖြေလိုက်၏။

'အေး. . . ဟုတ်တယ်၊ အဲဒီသတင်းနဲ့ ပတ်သက်လို့ မင်း ဘယ်လိုသဘောရလဲ'

'စီးပွားရေးအရ ကြော်ငြာတစ်ခုပဲလို့သာ သာမန်က လျှံကာလေ့လာလို့ရပေမယ့် သူတို့ရေးထားပုံအရဆိုလျှင် ရှားပါးလှတဲ့ခေတ်ကြီးထဲမှာ အလုပ်သမားတစ်ယောက်ကို လခသုံးဆ ပေးပြီး အလုပ်ခေါ်တယ်ဆိုတာကိုက စိတ်ဝင်စားစရာပဲ'

'မင်းအတွေး မဆိုးဘူး ရှိန်းမောင်၊ အဖေကလဲ မင်းလို တွေးမိတယ်၊ ဒီအတိုင်းဆို နစ်မြုပ်သွားတဲ့ ငန်းနက်ဆိုတဲ့ သင်္ဘောကြီးမှာ အဖိုးထိုက်တန်တဲ့ရတနာပါသွားမှာ ကျိန်းသေနေပြီကွ'

'ဒီလိုဆို အဲဒီသင်္ဘောပျက်ကို ကျွန်တော်တို့က ဦးအောင်ဆယ်နိုင်းရင် ပွမှာပဲ'

ရှိန်းမောင်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

'ငှက်ပျောသီးအခွံ နွှာစားသလို လွယ်တဲ့ကိစ္စမဟုတ်ဘူး သားရဲ့၊ အဲဒီသင်္ဘောဟာ ပင်လယ်ပြင်ထဲ နစ်မြုပ်သွားတယ်ဆိုတာ သိပေမယ့် ဘယ်နေရာမှာ နစ်မြုပ်ခဲ့တယ်ဆိုတာက အုင်မတန်မှ သဲလွန်စရှာလို့ ခက်တယ်ကွ'



'ဒီလိုဆို ကျွန်တော်တို့ သဲလွန်စကို အရင်ရှာရမှာပေါ့ နော်'

'အေး. . . အဲဒီသင်္ဘော ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်နေရာမှာ နစ်မြုပ်ခဲ့တယ်ဆိုတာကို သေသေချာချာသိအောင်ကြိုးစား၊ သိသွားမှ ရှေ့အစီအစဉ်ကို ဆက်လို့ရမယ်'

ရှိန်းမောင်က ကျွန်ုပ်ပြောဆိုသည့် ကိစ္စနှင့် ပတ်သက်၍ လုံးစေ့ပတ်စေ့ သဘောပေါက် နားလည်သွားပြီဟုထင်သည်။

ထို့ကြောင့် သင်္ဘောပျက် နစ်မြုပ်သည့် ကိစ္စအတွက် ခရီးထွက်ရန် အသင့်ပြင်ရလေတော့သည်။

ကျွန်ုပ်စိတ်ထဲ၌ (**Motives**) ခေါ် လူတစ်ယောက်၏ လိုအင်ဆန္ဒ ပြီးမြောက်မှုအတွက် စေ့ဆော်တိုက်တွန်းခံရသည့်အတိုင်း စီစဉ်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကျေကျေနပ်နပ် ရှိသွားသလို ထင်ရသည်။ ငန်းနက်ကိုသာ ကျွန်ုပ်တို့သားအဖရှာတွေ့လျှင် ရတနာသိုက်အား ရရှိပြီး ကမ္ဘာပေါ်၌ ချမ်းသာအကြွယ်ဝဆုံး စာရင်းဝင် သူဌေးကြီး ဖြစ်သွားနိုင်ကြသည်ဟု စိတ်ကူးယဉ်မိသည်။

ငန်းနက်နှင့် ပက်သက်၍ ကျွန်ုပ် လုံးဝသဲလွန်စ မရရှိသေး။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

### အကြံအစည်နှစ်ခုနှင့် ရောက်လာခြင်း

ကျွန်ုပ် ဦးတိုးစိန်တို့အိမ်သို့ ရောက်လာခဲ့သည်။

ကျွန်ုပ်လာရောက်ရခြင်းအကြောင်းမှာ ရာဇဝင်ပါမောက္ခ ဟောင်း တစ်ဦးဖြစ်သော ဦးစိန်တိုးထံမှ ၎င်း ငန်းနက် သဘောကြီး နှစ်မြှုပ်သည့်ကိစ္စနှင့် ပတ်သက်၍ သဲလွန်စရှာဖွေရန်နှင့် သူ၏ စက္ကူရီတေရီခေါ် အတွင်းရေးမှူးမလေး မြနှင်းအေးကို တွေ့လိုသော ကြောင့် ဖြစ်၏။

ဦးတိုးစိန်အိမ်က (ဂျူးဘန်း)လမ်း၌ရှိပြီး ဘိုးဘွားစဉ်ဆက် က ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်သောကြောင့် အလွန် ကျယ်ဝန်း သော ခြံကျယ်ကြီးနှင့် ခမ်းနားလှပေသည်။

ဘိုးဘွားလက်ထက်က ပိုင်ဆိုင်လာခဲ့သည့်အတိုင်း အလွန်

www.burmeseclassic.com

www.burmeseclassic.com



ရှေးကျသော တိုက်အိုကြီးအား မပြုမပြင်ဘဲ ထားသည့်ကိုက ရှေးဟောင်းအမွေအနှစ်တစ်ခုကို မြတ်မြတ်နိုးနိုး ရှိတတ်မှန်း ပေါ်လွင်ထင်ရှားလှပေသည်။

ကုလားလူမျိုးဒရဝမ်ကြီးတစ်ဦးနှင့် ထမင်းချက် ကရင်မကြီးကို အလုပ်ခန့်ထားကြောင်း တွေ့ရှိရသည်။ နံနက် (၉)နာရီမှ ညနေ(၄)နာရီအထိသာ ရုံးခန်းကို အောက်ထပ်၌ ဖွင့်လှစ်ထားလေ့ရှိပြီး သူ၏အိမ်ဧည့်ခန်းမှာ ပြတိုက်တစ်ခုနှင့် တူလှ၏။

ကျောက်စာ၊ ပေစာ၊ ပုရပိုက်ဟောင်းများနှင့် ရှေးဟောင်းကနုတ်အကျိုးအပဲ့များ ပန်းပုရုပ်များကို အခန်းတစ်ခုလုံး ရှုပ်ပွနေအောင် တွေ့မြင်ရသည်။

ဦးတိုးစိန်ကိုယ်တိုင် ထိုပေစာ၊ ပုရပိုက်ပုံထဲဝင်၍ မှန်ဘီလူးတစ်လက်နှင့် အလုပ်ရှုပ်နေကြောင်းတွေ့မြင်ရ၏။

ကျွန်ုပ်လာရင်းကိစ္စကို သူ့အား ဆွေးနွေးတိုင်ပင်ကြည့်သည်။ ဦးတိုးစိန်က ကျွန်ုပ်၏စကားကို ခေါင်းတညိတ်ညိတ်နှင့် စိတ်ဝင်တစား နားထောင်ရင်း. . .

'ကျုပ်တို့ကိုယ်တိုင်က အဟောင်းပုံထဲနေရတယ် ဆိုပေမယ့် ပေစာ၊ ပုရပိုက်စာတွေကို အင်မတန်မှ မြတ်မြတ်နိုးနိုးရှိတာဗျ၊ အင်္ဂလိပ်တွေက ပါဠိဆရာကြီး ဦးဖြေကို နယမုခဒီပနီပါနိသွဲ့ကျမ်းစာ ပုံနှိပ်ဖို့ ခွင့်ပြုလိုက်တုန်းကဆိုရင် ဘာပြောကောင်းမလဲ ကျုပ်တို့နိုင်ငံနဲ့ လူမျိုးအတွက် တစ်သက်လုံးမြတ်နိုးသွားဖို့ ကျမ်းစာတစ်စောင်ပေါ်လာပြီဟာဆိုပြီး လွှတ်ပျော်နေတာ. . .



'နိုင်ငံခြားက တိုင်းတစ်ပါးယဉ်ကျေးမှုတွေဟာ ကျုပ်တို့နိုင်ငံကို ထိုးဖောက်ဝင်ရောက်လာဖို့ဆိုတာ သိပ်ကိုလွယ်ပေမယ့် ချစ်စရာကောင်းတဲ့ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ဖြစ်လာဖို့ဆိုတာ မလွယ်လှဘူးလေ'

ဦးတိုးစိန်က အနားသို့ စကားပြောဖော် ဖြစ်လာရသော ကျွန်ုပ်အား မြန်မာမှုကို မြတ်နိုးသူပီပီ ပေစာပုရပိုက်များအကြောင်းကို သူလေ့လာထားသည့်အတိုင်း ရှည်လျားစွာ ပြောပြနေသည်။

ကျွန်ုပ်အနေနှင့် အတော်လေးကို စိတ်ပျက်သွားမိသည်။ လာရင်းကိစ္စအတွက် ခရီးမရောက်နိုင်ဘဲ ဦးတိုးစိန်၏လေကြော၌ မျောနေရလေခြင်းဟု စိတ်ထဲ အောက်မေ့လိုက်မိသည်။

ဦးတိုးစိန်မှာ အငြိမ်းစား ပါမောက္ခဟောင်းတစ်ဦးဖြစ်နေသော်လည်း တက်ကြွနေသောစိတ်ကို လုံးဝမလျှော့။

ချမ်းသာကြွယ်ဝမှုကို မေ့လျော့ကာ ပေစာပုရပိုက်ထဲ၌ အချိန်ကုန်နေသူ တစ်ယောက်ပင်ဖြစ်၏။ ပေစာ၊ ကြိုးစာ၊ ဆုတောင်းစာတို့က ထိုခေတ်၌ပင် ထင်ရှားကျော်ဇောလှသည်။ တချို့ကြိုးစာများကို ရွှေချည်မျှင် ငွေချည်မျှင်များ ဖောက်၍ မိန့်ဆိုလာသည်အထိ တွေ့နိုင်သည်။ ကြိုးစာတစ်စောင်ကို ရက်ခ (၅)ကျပ်ပေး၍ ရက်လုပ်တတ်ပြီး ထိုခေတ်က ရွှေတစ်ကျပ်သားလျှင် (၂၅)ကျပ်ထိ ပေးရသော ကာလဖြစ်သည်။

'ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ပင်လယ်ကမ်းခြေတမ်းမှာ

www.burmeseclassic.com



ဝန်းနက်ဆိုတဲ့သဘော်ာတစ်စင်း ဘယ်နေ့၊ ဘယ်အချိန်မှာ နစ်မြုပ်ခဲ့တယ်ဆိုတာကအစ မှတ်တမ်းရှိခဲ့မှာ သေချာနေပြီပဲ။

'ဒီလိုဆိုရင် ကျုပ်အဲဒီအကြောင်းကို ဘယ်နေ့လောက် သိရမှာလဲ ဦးတိုးစိန်၊ သိပ်ကြာလို့တော့မဖြစ်ဘူးနော်၊ ဒီကိစ္စက ကျုပ်အတွက်တော့ အဲ့ရမ်းကို အရေးကြီးနေပြီ'

'ခင်ဗျားလဲ ကျုပ်အကြောင်း သိသားနဲ့ဗျာ၊ ကျုပ်က ခင်ဗျားပြောတဲ့ကိစ္စကို စီးပွားရေးအရထက် ဝါသနာကို အရင်းခံပြီး လုပ်ရမှာဗျ'

ကျွန်ုပ် ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။ ဦးတိုးစိန်နှင့် စကားဆက်ပြောနေလျှင် ကျွန်ုပ်အတွက် အရေးကြီးသော ကိစ္စများကို စီစဉ်ဖို့ နောက်ကျနေပေတော့မည်။

ထို့ကြောင့် . . .

'ခင်ဗျားဆီက ဘယ်နေ့အဖြေရမှာလဲ ပြောဗျာ'

စိတ်မရှည်လေဟန်နှင့် လှမ်းမေးလိုက်မှ . . .

'သန်ဘက်ခါလာခဲ့ဗျာ'

ဦးတိုးစိန်ထံမှ တိကျသောရက်ချိန်းကို ရလေတော့သည်။ ကျွန်ုပ်လည်း ပထမအစီအစဉ် ပြီးမြောက်အောင်မြင်ခဲ့ပြီမို့ ဝမ်းသာအားရနှင့် ရုံးခန်းထဲမှ ထွက်လာခဲ့သည်။

ဒုတိယအစီအစဉ်ဖြစ်သော ကိုယ်ရေးကိုယ်တာကိစ္စအတွက် မြနှင်းအေးဆီသို့ လှမ်းကြည့်လိုက်သည်။

အတွင်းရေးမှူးမလေး မြနှင်းအေးက ကျွန်ုပ်ကို လှမ်းကြည့်



ရင်း ပြုံးပြသည်။

ကျွန်ုပ်ရင်ထဲ အေးမြသွားသလို ခံစားလိုက်ရသည်။

ဦးတိုးစိန်ထံ မကြာခဏ အလည်လာတတ်သော ကျွန်ုပ်အား အသိအမှတ်ပြုလေဟန် ပြုံးပြသည့်ဟန်မျိုးမှန်း သိသော်လည်း ရင်ခုန်နေမိသည်။

မြနှင်းအေးကတော့ သိဟန်မတူချေ။ ကျွန်ုပ်ထံသို့ ဆက်ကြည့်မနေတော့ဘဲ ရေးမှတ်နေသည့်အလုပ်ကို ဆက်လုပ်နေသည်။

မြနှင်းအေးဆိုသည့် နာမည်လေးနှင့်လိုက်အောင် အေးမြသော အလှပိုင်ရှင်လေးကို မျက်စိထဲမှပင်မထွက်၊ ကားဆီသို့ ဦးတိုးစိန်အား နှုတ်ဆက်၍ ပြန်လာသောအချိန်အထိ ရင်ခုန်သံက မငြိမ်သေး။

ဦးတိုးစိန်ထံ သန်ဘက်ခါ တစ်ခေါက် လာရပေဦးမည်။ မြနှင်းအေး၏အလှကို နောက်တစ်ကြိမ်ထပ်တွေ့ရပေဦးမည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

### ပင့်ကူနက်ဂိုဏ်းနှင့် မြနှင်းအေး

'ဘာတွေများ ဒီလောက်ထိ စဉ်းစားနေရတာလဲ မောင်'

မြနှင်းအေး စကားကြောင့် အင်စပက်တာ နေမြင့်သောက်လက်စ ပိုလိုစီးကရက်ကို တောက်ပစ်လိုက်ရင်း . .

'အလုပ်ကိစ္စနဲ့ မြ အကြောင်းပေါ့ကွာ'

'အလို့ . . . ဆိုစမ်းပါဦး'

'အခုတလော မြို့ပေါ်မှာ ပင့်ကူနက်ဂိုဏ်းက အတော့်ကို သောင်းကျန်းနေတယ်လေ၊ ဒါကြောင့် အထက်က ကိုယ့်အပေါ် လူဆိုးဂိုဏ်းကို ဖမ်းဆီးပေးဖို့ တာဝန်ပေးထားတယ် မဟုတ်လား'

'အဲဒါနဲ့ မြအကြောင်းက ဘယ်လိုပတ်သက်နေလို့လဲ'

'နေပါဦး မြရယ်၊ ကိုယ့်စကား ဆုံးအောင်နားထောင်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တာ နေမြင့်က ချစ်သူမြနှင်းအေးကို စိတ်မရှည်လေဟန် ပြောဆိုလိုက်သဖြင့် မြနှင်းအေးက ငြိမ်နေလိုက်လေသည်။

'မြနဲ့ အစ်ကိုတို့ သီတင်းကျွတ်ရင် လက်ထပ်ဖို့ သဘောတူစီစဉ်ထားကြတယ် မဟုတ်လား'

'အင်းလေ'

'ပင့်ကူနက်ဂိုဏ်းကို ခြေရာခံလိုက်ဖို့ အထက်က အစ်ကိုကို တာဝန်ပေးထားတယ် မြရဲ့၊ ဒါကြောင့် အစ်ကိုတို့ ကိုယ်ရေးကိုယ်တာကိစ္စကို နောက်ရွှေ့ထားလိုက်မှဖြစ်မယ် . . .

ဒုစရိုက်လူဆိုးတွေဆိုတော့ အလွယ်တကူ ခြေရာခံဖို့ မဖြစ်နိုင်ဘူး၊ ဒီတော့ ဒီဂိုဏ်းကို ဘယ်တော့မိနိုင်မယ်ဆိုတာ ခန့်မှန်းလို့ မရဘူးလေ'

ကိုယ်ရေးကိုယ်တာကိစ္စကို အမြဲ ဥပေက္ခာပြုရက်သူ အင်ပက်စတာ နေမြင့်အပေါ် မြနှင်းအေး မည်သို့မျှ နားမလည်နိုင်လောက်အောင် ဖြစ်မိသည်။

မြနှင်းအေးနှင့် နေမြင့်တို့ မေတ္တာမျှနေခဲ့ကြသည်မှာ ကြာမြင့်ခဲ့လေပြီ။ တစ်ဦးနှင့်တစ်ဦး လက်ထပ်ဖို့ ရည်ရွယ်လိုက်တိုင်း အင်စပက်တာကလေး နေမြင့်မှာ တာဝန်ပေးချက်တစ်ခုခု ရှိနေတတ်၏။

ယခုလည်း ပင့်ကူနက်ဂိုဏ်းက မြို့တဲ၌ အတင့်ရဲစွာ သောင်းကျန်းနေသဖြင့် သူ့အတွက် ခြေရာခံလိုက်ဖို့ အထက်က



အမိန့်ပေးလာပြန်သည်။

'အစ်ကိုရယ် . . . အန္တရာယ်များတဲ့ အလုပ်ကို လုပ်နေရင်း တစ်စုံတစ်ခုဖြစ်သွားရင် ဘယ်လိုလုပ်ကြမလဲ'

'ကံတရားပေါ့ မြရယ်၊ ဘယ်တတ်နိုင်ပါ့မလဲ'

စိုးရိမ်လွန်ကဲသော ချက်နှာလေးနှင့် မေးနေသည့် ဇနီးလောင်းကလေး မြနှင်းအေးကို အင်စပက်တာ နေမြင့်က မတုန်လှုပ်လေဟန် ပြောလေသည်။

'အို . . . မဖြစ်ဘူး အစ်ကို၊ မြတော့ အစ်ကို့ကို အလုပ်က ထွက်စေချင်ပြီ၊ မြ အခုလို ကြားမိတာတောင်မှ ရင်တွေတုန်လှုပြီ . . သိရဲ့လား'

အင်စပက်တာ နေမြင့်က မြနှင်းအေးကိုကြည့်ရင်း သက်ပြင်းချလိုက်မိသည်။

မြနှင်းအေးတစ်ယောက် သူ့အပေါ် မည်မျှချစ်သည်ကို ပြောဖို့တောင်လိုမည်မဟုတ်၊ လှုပ်လှုပ်ရှားရှား ဖြစ်သွားမိသော စိတ်ကို အဝေးသို့ အာရုံပြုပို့လိုက်ရင်း စကားမဆက်ဘဲ ငြိမ်နေလိုက်မိသည်။

အင်စပက်တာအလုပ်ကို သူလုပ်လာတာ ကြာမြင့်ခဲ့လေပြီ။ အင်စပက်တာ နေမြင့်ဆိုလျှင် ဆိုးလမိုက်လှပြီဆိုသော လူမိုက်ကြီးများပါအစ ကြောက်လန့်ကြရစမြဲ။

နေမြင့်အတွက် ပေးအပ်သော တာဝန်နှင့်ဝတ္တရားကို ငြင်းဆန်ခဲ့ခြင်းမရှိသလို စွမ်းစွမ်းတမံ ခြေရာခံဖော်ထုတ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော အမှုပေါင်းကလည်း မနည်းတော့ပေ။

ထို့ကြောင့် ပုလိပ်မင်းကြီးကအစ္စ သူ့အပေါ် ယုံကြည် စိတ်ချစွာ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ပင့်ကူနက်ဂိုဏ်းက အခုတစ်လော အတော့်ကို ဆိုးသွမ် နေသည်။ တခြားနိုင်ငံများမှ လူဆိုးဂိုဏ်းအဖွဲ့အစည်းများကို အဝ ယူကာ မြို့ထဲအထိ အတင့်ရဲစွာ ဝင်ရောက် ကြိုဟ်မွှေလာသည်

သတင်းအရ ဘိန်းနှင့်ဆေးခြောက်များကိုပါ မြို့တွင် ခိုးသွင်းလာကြောင်း သိရသည်။

ပင့်ကူနက်ဂိုဏ်းကို ခြေရာခံမိနိုင်ရန် နေ့ရောညပါ လိုက် လံစုံစမ်းနေရသည်။ အင်စပက်တာနေမြင့် တစ်ဦးတည်းမဟုတ် အခြားစုံထောက်အဖွဲ့များကိုပါ နေရာအနှံ့ ဖြန့်၍ စုံစမ်းခိုင်းသည်

ပုလိပ်မင်းကြီးထံ စုံစမ်းရသမျှ သတင်းကို မိနစ်မဆိုင်း အစီရင်ခံ ပေးပို့ရမည်ဆိုသော အမိန့်ကိုပါ ထုတ်ပြန်ထားသော ကြောင့် အချိန်တိုင်း တာဝန်နှင့်ဝတ္တရားကို ဦးစားပေးဖို့ အ ကြီး လာသည်။

'ပင့်ကူနက်ဂိုဏ်းက သိပ်ကြောက်ဖို့ ကောင်းလာလို့လာ အစ်ကို'

မြနှင်းအေးက ချစ်သူနေမြင့် စိတ်မချမ်းမသာ ဖြစ်နေမှ သိ၍ စကားအစရှာ မေးလိုက်၏။

နေမြင့်က လောင်းကုတ်အကျီရှည် ကြီးထဲမှ သတင်းစ တစ်စောင်ကို ထုတ်ပြလိုက်သည်။



ပင့်ကူနက်ဂိုဏ်းကြီး ပြန်ပေါ်လာပြီလော။

စာလုံးအနက်နှင့် ရေးထားသော ခေါင်းကြီးပိုင်းကို စိတ်မပါသလို ဖတ်လိုက်မိသော်လည်း မြနှင်းအေး၏ အမူအရာ က ဟန်ဆောင်၍ မရနိုင်လောက်အောင် တုန်လှုပ်ချောက်ချား လာမှန်း ပေါ်လွင်လှသည်။

ယမန်နေ့ည ဆယ်နာရီခန့်က ကမ်းနားလမ်းရှိ ဘူတာ ကြီးဘီယာဆိုင်၌ စားဖက်ရာနှင့် သေဆုံးနေသည့် မိန်းမပျို တစ်ဦး၏ အလောင်းကို တွေ့ခဲ့ရသည်။

ဆက်လက်စုံစမ်းချက်အရ မိန်းမပျိုကလေး၏ နာမည် မှာ မဝင်းကြည်ဖြစ်ပြီး ပြည့်တန်ဆာ အလုပ်ကို လုပ်ကိုင်နေသူ ဖြစ်သည်။

သေဆုံးသွားသူ၏ အကျီပေါ်၌ ပင့်ကူနက် ရင်ထိုးလေး တစ်ခုကို တွေ့ခဲ့ရလေသည်။

ထို့ကြောင့် ပင့်ကူနက်ဂိုဏ်းက မြန်မာပြည်၌ မ ပျောက်ကွယ်သေးဘဲ ပြန်လည်အသက်ဝင်လာပြီဟု ထင်မိသည်။

'အဲ့ဒါပဲကြည့်ပေတော့ မြရေ၊ ပင့်ကူနက်ဂိုဏ်းဟာ သူတို့ လုပ်ငန်း အောင်မြင်ဖို့အတွက်၊ သူတို့ဂိုဏ်း ဩဇာအာဏာ လွှမ်းမိုးနိုင်ဖို့အတွက် အပြစ်မဲ့တဲ့ သူတွေကို အခုလို ရက်ရက် စက်စက် သတ်ပြနေဦးမှာပဲ'

အင်စပက်တာ နေမြင့်၏ ရှင်းပြချက်ကြောင့် မြနှင်း အေး အနည်းငယ် သဘောပေါက်သလို ဖြစ်သွားခဲ့သည်။ သေဆုံး

www.burmeseclassic.com

www.burmeseclassic.com



သွားသည့် အမျိုးသမီးလေး မဝင်းကြည်အပေါ်လည်း စာနာတတ်သလို ဖြစ်လာမိသည်။

'ဒီဂိုဏ်းရဲ့ ခေါင်းဆောင်က ဘယ်သူလဲ အစ်ကို'

'အရင်ကတော့ လူမိုက် နှစ်ခေါက်ပြန်ဘသန်းက ဂိုဏ်းချုပ်လို့ ပြောတာပဲ၊ ဒါပေမယ့် မကြာသေးခင်က ခါးထိုးမှုနဲ့ ဘသန်းက သေသွားတယ်လေ. . . .

အဲဒီအချိန်ကစပြီး ပင့်ကူနက် ဂိုဏ်းရဲ့သတင်းလုံးဝ စုံစမ်းလို့မရတော့ဘူး၊ ခုပြန်ပေါ်လာပြီ ဆိုတော့ ဂိုဏ်းချုပ်က ဘယ်သူဆိုတာ မသိရပြန်ဘူး'

(၂-ခေါက်ပြန်ဆိုသည်မှာ တစ်ကျွန်းမှ ၂-ခေါက်ပြန်လာခဲ့ခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။)

'အဲဒီဂိုဏ်းနဲ့ ဆက်စပ်မယ်ထင်တဲ့လူတွေကိုရော မသင်္ကာမှုနဲ့ မဖမ်းဘူးလား'

မြနှင်းအေးက ပင့်ကူနက်ဂိုဏ်းအကြောင်း စိတ်ပါလာလေဟန် ဆက်လက်မေးမြန်းနေပြန်သည်။ အင်စပက်တာ နေမြင့် ရင်ထဲ၌ ကျေနပ်သလိုလို ရှိသွားခဲ့၏။

မြနှင်းအေးကို သူကိုယ်တိုင် လုပ်ဆောင်နေရသော တာဝန်ဝတ္တရားနှင့်ပတ်သက်၍ မကြာခဏ ပြောပြတတ်သည်မို့ အတော့်ကို နားလည်နေဟန်ရှိသည်။

'လူမိုက်တော်တော်များများကိုတော့ ဖမ်းပြီး စစ်ဆေးကြသေးတယ် မြရဲ့၊ ဒါပေမယ့် လူမိုက်တွေက အရင်ဂိုဏ်းတွေလို



ဖော်ထုတ်ရဲကြဘူး. . ဒါကြောင့် ပုလိပ်အဖွဲ့ကတောင်မှ တို့ဆေးထားလေသလားလို့ ထင်မိကြသေးတယ်လေ'

'ဩော်'

မြနှင်းအေးတစ်ယောက် ပင့်ကူနက်ဂိုဏ်းနှင့် ပတ်သက်၍ သူ့အပေါ် အတော်လေး နားလည်သဘောပေါက်သွားပြီဟု ထင်မိသည်။

ထို့ကြောင့် ချစ်သူတို့ ထုံးစံအတိုင်း လက်ထပ်ဖို့ကိစ္စ ဆောက်ရွေ့ရန် ချော့မော့ပြေသိမ့်ရင်း နှစ်ယောက်သား ပြန်လာခဲ့ကြတော့သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

### သတင်းတစ်ပုဒ်၏ ခြောက်လှန့်မှု

လူတစ်ယောက်၏ လိုအင်ဆန္ဒထဲ၌ မိမိဘဝလုံခြုံရေးအတွက် မည်သို့ ကြိုတင်ပြင်ဆင်ရမည်ကိုပါ ထည့်သွင်း စဉ်းစားရမည်ကို မြန်မာ့ခေတ် သတင်းစာတစ်စောင် ဖတ်ရင်း ထိုနံနက်က ကောင်းစွာ သတိပြုလိုက်မိသည်။

ကျွန်ုပ်အား ဦးတိုးစိန်က ငန်းနက်သဘော်နှင့် ပက်သက်၍ သိရှိနိုင်ရန် တစ်ရက်ခြား ချိန်းဆိုခဲ့သည်။ ကျွန်ုပ်အနေနှင့် ချိန်းဆိုသည့်နေ့ရက်၌ လိုအင်ဆန္ဒ ပြည့်ဝတော့မည်မို့ စိတ်ထဲ၌ ပျော်နေမိသည်။

ကျွန်ုပ်ခိုင်းစေသည့်အတိုင်း ပင်လယ်ဘက်သို့ သံလွန်စရှာထွက်ခဲ့သည့် ရှိန်းမောင်ထံမှလည်း မည်သည့်သတင်းမှ မရရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



သေး။

ကျွန်ုပ် တစ်ယောက်တည်းသာ ခရီးမထွက်ဘဲ စိတ်ကူးတည့်ရာ မေးမြန်းစုံစမ်းမိသောကြောင့် ရှိန်းမောင် ပြန်မရောက်လာမီ သတင်းရရှိတော့မည်ဟု တစ်ကိုယ်တော်စုံစမ်းမှုအတွက် ကျေနပ်ပီတိဖြစ်နေမိသည်။

သို့သော် ကျွန်ုပ် ထင်မြင်ယူဆထားသလို မဖြစ်လာခင် အိမ်ပေါက်ဝသို့ ရေဆက်မတိုးဖို့ ခြိမ်းခြောက်သည့် သတင်းတစ်ပုဒ်က ရောက်ရှိလာခဲ့လေသည်။

ထိုသတင်းကား မြန်မာ့ခေတ် သတင်းစာကြီးတစ်စောင်၌ အတိအလင်းဖော်ပြထားသည့် ကိစ္စဖြစ်သည်။

ကျွန်ုပ်အတွက် အလွန်အရေးပါသော သတင်းတစ်ပုဒ်ဖြစ်ရခြင်းကြောင့် အထူးပင် စိတ်ဝင်တစားဖြစ်မိသည်။

ထိုသတင်းမှာ ရန်ကုန်မြို့တွင်း သောင်းကျန်းနေသော ပင့်ကူနက်ဂိုဏ်းက မဂိုလမ်းရှိ ကုလားသူဌေး ရှာဖီရာမန် ဆိုသူအား သတ်ဖြတ်လိုက်သည်ဆိုသော သတင်းတစ်ပုဒ်ပင်ဖြစ်သည်။

သတ်ဖြတ်လိုက်သူမှာ ကျားကြီး လှမြင့်ဆိုသည့် ဒလဘက်မှ လူမိုက်တစ်ဦးပင်ဖြစ်ကြောင်း ၊ ထိုလူမိုက်အား ပုလိပ်အဖွဲ့က လက်နက်နှင့်တကွ ဖမ်းဆီးမိသည့်အခါ စစ်ဆေးကြည့်၏။

ကုလားသူဌေး ရှာဖီရာမန်အား သတ်ဖြတ်ရသည့် အကြောင်းရင်းမှာ ပင့်ကူနက်ဂိုဏ်းချုပ်က သူ့အား ကြေးစား ငှားရမ်းခဲ့ပြီး ငန်းနက်ဆိုသည့် သဘောပျက်ကို ရှာဖွေနေသူ တစ်ဦးဖြစ်



မှန်းသိ၍ လုပ်ကြံခိုင်းလိုက်ခြင်းဖြစ်ကြောင်း ထွက်ဆိုလေသည်။

ကျားကြီးလှမြင့်ကိုယ်တိုင် ငန်းနက်နှင့် ပတ်သက်၍ မည်သည့် အကြောင်းမှ မသိရှိရကြောင်း. . .

ပင့်ကူနက်ဂိုဏ်းချုပ် ကိုယ်တိုင် လုပ်ကြံဖို့ငှားရမ်းခဲ့စဉ်က ဘမ်းနားလမ်းပေါ်၌ ကားနက် တစ်စီးပေါ် ထိုင်လျက် မည်သူမည်ဝါမှန်းမသိအောင် ရုပ်ဖျက်ထားပြီး သူလိုသမျှငွေကို ပုံအောပေးတာ သတ်ဖြတ်ခိုင်းသွားခြင်းဖြစ်ကြောင်း ပုလိပ်အဖွဲ့ကို ထွက်ဆိုခြင်းသာဖြစ်သည်။

ထိုအကြောင်းကို ဖတ်မိသောကြောင့် ကျွန်ုပ် အကြီးအကျယ် တုန်လှုပ်ချောက်ချားခဲ့ရသည်။

ကျွန်ုပ်တစ်သက် စားမကုန်သော စည်းစိမ်ကြွယ်ဝခြင်းများရှိပါလျက် ပျောက်ဆုံးနေသော ငန်းနက်ပေါ် အဘယ်ကြောင့် စိတ်ဝင်စားနေရသည်ကို စဉ်းစား၍မရနိုင်ခဲ့။

လောဘ၊ ဒေါသ၊ မောဟစိတ်များက အဝိဇ္ဇာ မှိုင်းတွေလို ဖုံးလွှမ်းထားလေပြီလား။

သေခြင်းတရားကို ကြောက်ရွံ့သောစိတ်ကြောင့် ခန္ဓာဝန်အတွင်း၌ မီးကျီးမီးခဲပမာ ပူပြင်းလာရလေပြီ။

ငန်းနက်က ကျွန်ုပ်အတွက် အကြီးမားဆုံးအန္တရာယ်ပင်ဖြစ်ကြောင်း ထိုသတင်းကတပ်လှန့်လိုက်ပြီ မဟုတ်လော။ ကြောက်ရွံ့စိတ်သည် တစ်ခါတစ်ရံ ပရိယာယ်ကြွယ်တတ်ပြန်သည်။

စိတ်က ကြောက်ရွံ့နေသော်လည်း ဆုံးဖြတ်ချက်တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



ပိုးဖလံများ မီးကိုတိုးဝှေ့ရဲသကဲ့သို့ မိုက်မဲစွာ ရှေ့ဆက်တိုးချင်ပြန်သည်။

ပင့်ကူနက်ဂိုဏ်းနှင့် နစ်မြုပ်သွားသော သဘော်မှာ မည်သို့ဆက်စပ်နေသနည်း။

ဤသတင်းအရဆိုလျှင် နစ်မြုပ်သွားသည့် ငန်းနက်သဘော်တွင် ကျွန်ုပ်စိတ်ကူးမိသလို ရတနာသေတ္တာတစ်လုံး ပါနေမည်။

ထိုရတနာသေတ္တာကို ရယူလိုသောစိတ်ကြောင့် ကုလားသူဌေး ရှာဖီရာမန်တစ်ယောက် သေဆုံးသွားရခြင်းသာ ဖြစ်လိမ့်မည်။

ကျွန်ုပ်အနေနှင့် သေချာသောအလုပ်တစ်ခုကို မည်သည့်အခက်အခဲရှိရှိ တွန့်ဆုတ်ခြင်းမရှိပါ။

ပင့်ကူနက်ဂိုဏ်းအပေါ်လည်း ကောင်း၊ ထိုကိစ္စအပေါ်စိတ်ဝင်တစားနှင့် လိုက်လံစုံစမ်းနေသည့် တခြားဂိုဏ်းအပေါ်လည်းကောင်း ဂရုစိုက်လိုစိတ်မရှိ။

ကျွန်ုပ်ဘက်မှ အသက်ကိုဥာဏ်စောင့် ဆိုသကဲ့သို့ ဖြစ်ပေါ်လာမည့် ပြဿနာအတွက် ကြိုတင် ပြင်ဆင်ထားရပေတော့မည်။

ထို့ကြောင့် လိုင်စင်နှင့် ကိုင်ဆောင်ခွင့်ရထားသော ဗစ္စတိုသေနတ်တစ်လက်အား ယုံကြည်အားကိုးထားမိသည်။

လူဆိုးလူမိုက်တစ်ယောက် မဟုတ်သော်လည်း စွန့်စားရဲ



သည့်သတ္တိတော့ ရှိသည်။ ထို့ကြောင့် ဦးတိုးစိန် သတ်မှတ်ပေးထားသည့် နေ့ရက်ကိုသာ မျှော်ကိုးနေရရှာလေသည်။

မည်သို့ဆိုစေ ငန်းနက်နှင့် ပတ်သက်သော အကြောင်းကိစ္စများအား သိရှိရန် ဦးတိုးစိန် ချိန်းဆိုထားသည့် ဗုဒ္ဓဟူးနေ့အရောက် ပြန်သွားမှ ဖြစ်တော့မည်ဟု သန္နိဋ္ဌာန်ချထားလိုက်၏။

ဦးတိုးစိန်အနေနှင့် ကျွန်ုပ်သူ့ထံသို့ ထိုသတင်းကို ဖတ်မိတတည်းက လာရောက်မေးမြန်းလိမ့်မည်မဟုတ်ဟု ထင်မိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

## ဟပ်ဖဲနီလေး ပေးခဲ့သူ

လောကကြီး၌ အကျိုးရှိရန် စွမ်းဆောင်နေချိန်တွင် အပြစ်မှီလာမည့် ကံစွက်ကို တွန်းဆုတ်ရှောင်လွှဲနေလို့မရ။ ဦးတိုးစိန်ထံသို့ သွားရန် ကျွန်ုပ်ဆုံးဖြတ်ထားလိုက်မိသည်။

သည်နေ့ သံရည်ကျိုစက်၌ ကုန်ကြမ်းပြတ်၍ ခေတ္တရပ်ထားသော အားလပ်ရက်ဖြစ်သောကြောင့် ခြံထဲ၌ တစ်ယောက်တည်းသာ ရှိနေသည်။

ပင့်ကူနက်ဂိုဏ်းအကြောင်း သတင်းစာထဲ ဖတ်ရှုထားခဲ့သောကြောင့် တစ်ယောက်တည်း စိတ်ချောက်ချားနေမိသည်။

'ဒို . . . ဒို'

တံခါးပေါက်မှ လူခေါ်ဘဲလ်သံကြား၍ နဂိုကတည်းက

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်နေသော ကြောက်စိတ်က နှလုံးအိမ်သို့ ရုတ်တရက် ရိုက်ခတ်လိုက်သလို လန့်ဖျန့်သွားခဲ့လေပြီ။

မည်သူနည်း၊ မည်သည့် အကြောင်းနည်း စဉ်းစားနေသောအတွေးကို ချက်ချင်း အဖြေထွက်လာစေရန် အခန်းဝသို့ ထွက်လာခဲ့သည်။

အခန်းဝ၌ တစ်ကိုယ်လုံးမိုးများ ရွှဲရွှဲစိုနေသည့် ညှိုးသိုးသိုးပုံပန်းသဏ္ဌာန်ရှိသော လူတစ်ယောက်အား တွေ့လိုက်ရခြင်းဖြစ်သဖြင့် အံ့အားသင့်သွားခဲ့သည်။

'ဘယ်သူနဲ့ တွေ့ချင်လို့လဲ မိတ်ဆွေ'

ကျုပ်သူဌေးကြီး ဦးအောင်ကြွယ်နဲ့ တွေ့ချင်လို့ပါ'

ကျွန်ုပ်အား တွေ့လို၍ ရောက်လာသည့် ဧည့်သည်မှန်း သိသောကြောင့် စိတ်ထဲ ထူးထူးဆန်းဆန်း ဖြစ်ခနမိသည်။

'ကျုပ် သူဌေးကြီး ဦးအောင်ကြွယ်ပဲ၊ ခင်ဗျားက ဘာကိစ္စနဲ့ ကျုပ်ကို တွေ့ချင်ရတာလဲ'

ကျွန်ုပ်၏အမေးကို သူကချက်ချင်းမဖြေသေးဘဲ ကျွန်ုပ်၏ စံအိမ်အတွင်း လုံခြုံမှုရှိမရှိ မျက်စိနှင့် အကဲခတ်ကြည့်လိုက်၏။ သူ၏ပုံစံက စိတ်ထဲ မသိုးမသန့်ဖြစ်ချင်စရာ ကောင်းလှ၏။

ကျွန်ုပ်လို သန့်သန့်ပြန့်ပြန့်နေတတ်သူ တစ်ဦးအတွက် အော်ဂလီဆန်စရာ လူတစ်ယောက်ဟု မြင်မိသည်။

ဆံပင်များက နီကြောင်ကြောင်၊ ညှင်းသိုးသိုး၊ သူ၏ လည်ပင်းပေါ်၌ ခရုသင်းလိုလို အဖြူကွက်ကြီးကိုလည်း တွေ့ရသေးသည်။ အထူးသံသယဖြစ်စရာကောင်းသော လက္ခဏာက သူ၏ တည်ငြိမ်မှုပင် ဖြစ်သည်။



'ကျုပ်မိတ်ဆွေတွေထဲမှာ ခင်ဗျားလိုလူတစ်ယောက်မှ မရှိဘူး၊ ဒါကြောင့် ခင်ဗျားဘာကြောင့် ကျုပ်ကိုတွေ့ချင်တယ်ဆိုတာ အရင်ပြောမှ တံခါးဖွင့်ပေးနိုင်မယ် မိတ်ဆွေ'

ကျွန်ုပ်က တစ်ဖက်သားအပေါ် လိမ်ညာလှည့်ဖျားမနေချင်တော့ဘဲ ပွင့်လင်းစွာ ပြောဆိုလိုက်ရလေသည်။

'ကျုပ်နာမည် ဦးသက္ကပါ၊ ကျုပ် ဒီကိုလာခဲ့တဲ့ကိစ္စကို မြိတ်ကျွန်းစုမှာ နစ်မြုပ် ပျောက်ဆုံးသွားတဲ့ ငန်းနက်သင်္ဘောနဲ့ ပတ်သက်ပြီး ခင်ဗျားနဲ့ ဆွေးနွေးစရာရှိလို့ပဲ'

ကျွန်ုပ် အံ့ဩ တုန်လှုပ်သွားမိသည်။ ကြားလိုက်ရသော စကားကြောင့် ကိုယ့်နားကို ကိုယ်မယုံချင်လောက်အောင်ဖြစ်သွားရလေသည်။

ထို့ကြောင့် ဦးသက္ကဆိုသူအား ရန်သူလော၊ မိတ်ဆွေလော မှန်းဆမနေတော့ဘဲ တံခါးကို ကပျာကယာ ဖွင့်ပေးလိုက်မိသည်။

ဦးသက္ကပုံစံက ပင်လယ်ငှက်ဖျားမိလာသော လူတစ်ယောက်ကဲ့သို့ အင်အားမရှိသလို ချည့်နဲ့နဲ့ဖြစ်နေမှန်းကို သတိထားမိသည်။

ကျွန်ုပ်၏ ချက်ချင်းပြောင်းလဲသွားသည့် အမူအရာကို သူက မျက်လုံးအဝိုင်းသားနှင့်ငေးကြည့်နေရင်း ကျောက်ဆစ်ရုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရှပ်လို ရပ်နေသည်။

'ထိုင်ပါ'

ကျွန်ုပ်က ဦးသက္ကဆိုသူ၏ ပုံပန်းသဏ္ဌာန်အား မနှစ်မြို့သော်လည်း ကတ္တီပါအုပ် ဆိုဖာပေါ်သို့ ထိုင်ခိုင်းလိုက်ရလေတော့သည်။

'ခင်ဗျားက ကျုပ် ငန်းနက်နဲ့ပတ်သက်လို့ သိချင်နေတယ် ဆိုတာကို ဘယ်လိုလုပ်သိသလဲ'

'ဒါဘာဆန်းလို့လဲ သူဌေးရယ်၊ ကျုပ်တို့မြိတ်ကျွန်းကို ရောက်လာတဲ့ လူစိမ်းတစ်ယောက်ဆီက သိတာပေါ့၊ သူ့နာမည်က ရှိန်းမောင်လေ'

'ဪ. . . ရှိန်းမောင်က ပြောလိုက်တာကိုး'

ကျွန်ုပ်က မွေးစားသား ရှိန်းမောင်အား ငန်းနက်နဲ့ ပတ်သက်၍ သဲလွန်စရှာဖွေရန် မြိတ်ကျွန်းစုသို့ စေလွှတ်ထားခဲ့သည်ကို သတိရသွားမိသည်။

'ကျုပ်ကို အဲဒီလူက မပြောပါဘူး၊ ဒါပေမယ့် သူက ငန်းနက်ကိုရှာဖို့ ဒီနယ်ရောက်လာတဲ့လူဆိုတာ ကျုပ်သိပြီးသား ဆိုတော့ သူ့ဆီက စုံစမ်းပြီး ရောက်လာခဲ့ရတာပါပဲ'

'ကဲ. . . ဆိုပါဦး၊ ငန်းနက်နဲ့ပတ်သက်လို့ ခင်ဗျား ဆွေးနွေးမယ်ဆိုတဲ့ကိစ္စ'

ကျွန်ုပ် သိချင်လှသော စိတ်က မြန်ဆန်လှသည့်အတွက် ကိစ္စပြီးပြတ်သွားစေရန် ဆွေးနွေးပွဲကို စတင်ဖို့ ဖိတ်ခေါ်လိုက်သည်။



ဦးသက္ကအနေနှင့် ကျွန်ုပ်ပြောပုံဆိုပုံ အမူအရာများကို ချိုင့်သုံးသပ်ရင်း လာရင်းကိစ္စကို ပြောသင့်မပြောသင့် ချင့်ချိန်နေပုံရသည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အမန်း (၇)

'ကျုပ် ရောက်လာတဲ့ကိစ္စဟာ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ရှိမှ အကျိုးအမြတ်ရှိမယ့်ကိစ္စဆိုတော့ လူဌေး ဦးစွာ သဘောပေါက်စေချင်ပါတယ်'

ဦးစွာ ငေန်းနက်နှင့်ပတ်သက်၍ စကားလုံးတစ်လုံးမျှ စမပြောရသေးမီ ပြောလိုသောစကားကို ထိရောက်ရန် အစချီလိုက်သည်။

စကားကြီးဆယ်ခွန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုတတ်သော လူတစ်ယောက်ဖြစ်မှန်း သတိထားမိလိုက်၏။

ကျွန်ုပ် ကိုယ်တိုင် လူတစ်ဖက်သားကို အာဝဇ္ဇန်းရွှင်အောင် ပြောဆိုနိုင်သည့်အပြင် တစ်ဖက်သား၏ စိတ်ချမ်းသာမှုကို မည်သို့ လိုက်လျောရမည်ကို သိထားသူဖြစ်၍ . .

'ပြောမှာသာပြောပါ ဦးသက္ကာ၊ ကျုပ်က ကုက်သရေရှိ

www.burmeseclassic.com

www.burmeseclassic.com



သူဌေးတစ်ဦးပါ သစ္စာကတိ တည်ရပါစေ့မယ်၊ ကျုပ်အပေါ် အကျိုးရှိအောင်လုပ်ပေးရင် ခင်ဗျားအတွက်လည်း အကျိုးမယုတ်သွားအောင် ကူညီတတ်ပါတယ်'

ပြတ်ပြတ်သားသားရှိသော ကျွန်ုပ်၏စကားကို ဦးသက္ကယုံကြည်စိတ်ချသွားပုံရသည်။

စားပွဲပေါ်တင်ထားသည့် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ကောက်ယူမီးညှိရင်း အချမ်းပြေသွားစေရန် ဖွာရှိုက်လိုက်၏။

ပြီးမှ . . .

'ငန်းနက်မှာ ရတနာသေတ္တာတစ်လုံး ပါသွားတယ်ဗျ'

'ရတနာသေတ္တာဟုတ်လား ဦးသက္က'

'ဟုတ်ပါတယ် ဘယ်လို့ရတနာတွေ ပါသွားတယ်ဆိုတာတော့ ကျုပ်ကိုယ်တိုင် မသိခဲ့ပါဘူး၊ ဒီသင်္ဘောက မြန်မာသင်္ဘောမဟုတ်ဘူးဗျ၊ ပေါ်တူဂီသင်္ဘောလေ'

'ဩော်'

'အဲဒီသင်္ဘောနစ်တုန်းက ခင်ဗျား ဘယ်မှာရှိသလဲ'

'ကျုပ်ကိုယ်တိုင် နှစ်ပေါင်းများစွာ မြိတ်ကျွန်းစုမှာ နေလာခဲ့တာပါ၊ ကျုပ်ကိုယ်တိုင် ဒီသင်္ဘောကြီး နစ်မြုပ်သွားတာကို မျက်စိနဲ့ မြင်လိုက်ရတာပဲ . . .

အဲဒီတုန်းက ကျုပ်အသက်က ငယ်သေးတယ်လေ၊ ဒီသင်္ဘောကို ဘယ်လိုဆယ်ရမယ်၊ ရတနာသေတ္တာကို ဘယ်လိုနည်းနဲ့



ပြန်ရှာရမယ်ဆိုတာကို မသိသေးဘူး . . .

နောက်တော့ ရှေးဟောင်းနှောင်းဖြစ်ကို သတိရစေမယ့် သမိုင်းစာအုပ်ကို ဖတ်ရှုမိရာမှ မြန်မာ့အမွေအနှစ်တွေကို တိုင်းတစ်ပါးကို ခိုးထုတ်ဖို့ ကြိုးစားခဲ့တဲ့ ပေါ်တူဂီသင်္ဘောကြီးအကြောင်း တော်မိတယ်လေ'

'ဆက်စမ်းပါဦး'

'အဲဒီသင်္ဘောဟာ ကျုပ်မျက်စိရှေ့မှာတင် နစ်မြုပ်သွားခဲ့တဲ့ ငန်းနက်သင်္ဘောကြီး ဖြစ်ကြောင်းကို သိခဲ့ရတယ်၊ ဒီသင်္ဘောနဲ့ ပတ်သက်လို့ ကျုပ်သိထားတဲ့ ဆလုံရွာထဲက လူတချို့လဲ ရှိနေကြသေးတယ်လေ. .

တစ်နေ့မှာ သတင်းစာထဲ ထူးဆန်းတဲ့ကြော်ငြာ တစ်စောင် ပါလာတာကိုတွေ့ရတယ် . . .

အဲဒီကြော်ငြာကြောင့် ငန်းနက်ကို ရှာဖွေလိုတဲ့လူတွေ မြိတ်ကျွန်းစုကို တဖွဲဖွဲ ရောက်လာကြတယ်လေ'

ကျွန်ုပ်ကိုယ်တိုင် ဦးသက္ကပြောဆိုနေသည့် စကားလမ်းကြောင်းထဲ၌ ငြိမ်သက်စွာ မျောပါလာသူ လူတစ်ယောက်ဖြစ်မှန်းကို သတိထားမိလိုက်သည်။

ဦးသက္ကအနေနှင့် ငန်းနက်နှင့် ပတ်သက်သောအကြောင်းတို့ကို လိမ်ညာဖြီးဖြန်းနေခြင်းမရှိဘဲ တိတိကျကျပြောနိုင်သူ လူတစ်ယောက်ဖြစ်မှန်း အသက်ဝင်လာစေသော သူ၏ အမူအရာများက လွန်ခဲ့သော နှစ်ပေါင်းများစွာက အတိတ်ကို မျက်ဝါးထင်ထင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်လာရလေအောင် ပြန်လည်ဖော်ထုတ်ပြသလို ဖြစ်နေသည်
'ရိုးသားတဲ့ ဆလုံလူမျိုးတွေအပေါ် ငွေနဲ့ပေါက် လုည့်စား
ပြီး ငန်းနက်တိုဆယ်ယူဖို့ ကြိုးစားပေမယ့် ကုသိုလ်ကံမကောင်းလို့
ရမသွားခဲ့ကြဘူးလေ'

'ဘာလို့မရကြတာလဲ ဦးသက္က'

'ပင်လယ်ရေကြောင်းက အမြဲပြောင်းနေတတ်တာမို့ ငန်း
နက် နစ်မြုပ်သွားတဲ့နေရာကို စိတ်မျက်စိနဲ့ မှန်းဆကြည့်ပြီး ရှာလို့
ရတာမဟုတ်ဘူး မြေပုံရှိမှရတာ'

'ဘယ်လို. . . မြေပုံ ဟုတ်လား'

ဦးသက္က ပြုံးလိုက်ရင်း လွယ်အိတ်ထဲမှ ပလပ်စတစ်အိ
ရောင်နှင့် ပတ်ထားသောအရာတစ်ခုကို ထုတ်လိုက်သည်။

ထိုအရာကား ပေါ်တူဂီသင်္ဘောငန်းနက် မြုပ်သွားသည့်
နေရာကို အတိအကျသိနိုင်သော မြေပုံတစ်ချပ်သာ ဖြစ်နေလေ
တော့သည်။

ကျွန်ုပ်နှင့်အတူ စကားဆက်ပြောရန်မလိုတော့၊ မြေပုံ
စာရွက်ကို ဖြန့်ကြည့်ရင်း သိလိုသောကိစ္စကို မေးမြန်းကြည့်နေမိ
တော့သည်။

ဦးသက္ကက သူကိုယ်တိုင် တိကျအသေချာဆုံး ရေးဆွဲထား
သော မြေပုံစာရွက်နှင့်ပက်သက်၍ အသေးစိတ်ကို ရှင်းလင်းတင်ပြ
ပြောဆိုနေသည်။

ကျွန်ုပ် ရင်ထဲ၌ ကျေနပ်မိသလိုဖြစ်သွားသည်။ ဦးသက္က



အပေါ် အထင်အမြင်သေးသောစိတ်များ ကွယ်ပျောက်၍ ကျေးဇူး
တင်နေမိသည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဦးသက္ကနှင့်ကျွန်ုပ် အပေးအယူ တည့်သွားကြလေတော့သည်။

'ငန်းနက်ရတနာတွေရရင် ကျုပ်ကို စေစု သုံးပုံတစ်ပုံ ပေးရမှာနော်'

'စိတ်ချစမ်းပါခင်ဗျာ၊ ကျုပ်ကိုယ်တိုင်က ကတိသစ္စာ တည်ကြည်တဲ့ လူတစ်ယောက်ပါ. . .

ကျုပ်အတွက် အကျိုးရှိလာရင် ခင်ဗျား တောင်းတဲ့စေစုကို ပေးရမှာပေါ့'

ကျွန်ုပ်က တက်ကြွစွာပြောဆိုသော်လည်း ဦးသက္က၏ အမူအရာက ညှိုးနွမ်းနေကြောင်းကို သတိထားမိလိုက်သဖြင့် . .

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ ဦးသက္က၊ ခင်ဗျားကို ကြည့်ရတာ ကျုပ်ပြောတဲ့စကားကို မယုံသလိုဘဲ'

'မဟုတ်ပါဘူးဗျာ၊ ကျုပ်ဟာ ဒီပစ္စည်းတွေကို ဘယ်လိုမှ ပိုင်ဆိုင်ခွင့် မရှိတော့ပါဘူး'

'ဘယ်လို. . . ပိုင်ဆိုင်ခွင့်မရှိနိုင်ဘူး ဟုတ်လား'

ဦးသက္ကပြောဆိုသော စကားလေသံကို လုံးဝ နားမလည်လေဟန် ပြန်မေးလိုက်သည်။

သူ၏ မျက်နှာပေါ်၌ ဝမ်းသာမှုအရိပ် အရောင်များ မမြင်ရဘဲ ကြေကွဲမှုအရိပ်အရောင်များရှိနေကြောင်း အံ့ဩဖွယ်ရာ တွေ့မြင်ရသည်။

'ကျုပ်က လောကကြီးထဲ ရက်ပိုင်းအတွင်းမှာပဲ နေရတော့မှာဗျ'

'ဗျာ'

'ဟုတ်တယ်. . ကျုပ် ပင်လယ်ကထွက်လာရင်း မနေ့လိုသူတစ်ယောက်ကြောင့် အဆိပ်သင့်လာတဲ့လူပဲ. . .'

ဒါကြောင့် ကျုပ်ရဲ့ ဝေစုအတွက် ကတိတစ်လုံးတည်ပါလို့ ထပ်ပြောပါရစေ'

'စိတ်ချပါခင်ဗျာ'

'ကျုပ် အကယ်၍ သေဆုံးသွားခဲ့ရင် ကျုပ်ရဲ့ဝေစုကို သမီးရင်ရင်ကို ပေးစေချင်တယ်'



'ခင်ဗျားသမီးကို ကျုပ်မှမမြင်ဘူးတာပဲ ဦးသက္ကရယ်၊ ခင်ဗျားနဲ့ကျုပ်တောင်မှ အခုမှ မိတ်ဆွေတွေ ဖြစ်ကြရတာ မဟုတ်လား'

သွေးပျက်၍ ကယောင်ကတမ်း ပြောဆိုနေသည်ဟု ထင်သောကြောင့် မှားယွင်းစွာ ပြောဆိုနေသည့်စကားကို ကျွန်ုပ်ထောက်ပြခဲ့သည်။

'ဒီအတွက် ကျုပ်စီစဉ်ပေးပါ့မယ်လေ'

ဦးသက္က ပြောပြောဆိုဆို အိပ်ကပ်ထဲမှ တစ်စုံတစ်ခုကိုနှိုက်ယူလိုက်၏။

သူထုတ်လိုက်သောအရာကား ဖဲချပ်လေးတစ်ချပ်ပင်ဖြစ်သည်။

တိတိကျကျ ပြောရလျှင် ဟတ်ဖဲခေါ် အသည်းပုံနီ ဖဲချပ်လေး၊

ထိုဖဲချပ်လေးအား ငြိခနဲနေအောင် ဆုတ်ဖြဲလိုက်ရင်း. .

'ရှေ့တစ်ခြမ်းကိုခင်ဗျားသိမ်းထား. . ခင်ဗျားဆီကို တစ်နေ့ ဟောဒီဖဲချပ်လေးတစ်ခြမ်းနဲ့ ရောက်လာတဲ့ မိန်းကလေးကိုတွေ့ရင် ရင်ရင်ဟုတ်မဟုတ် စစ်ဆေးနိုင်ပြီပေါ့ . . ဟုတ်လား'

ဖြတ်ထိုးဉာဏ် ကောင်းမွန်လှသော ဦးသက္ကအား ကျွန်ုပ်အလွန်ပင်လေးစားသွားမိသည်။

သူပေးသော ဖဲချပ်ကလေးကို ယူ ရင်း အိပ်ကပ်ထဲသို့ ထည့်ကာ သိမ်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ပြန်မယ် သူဌေး'

မြေပုံတစ်ချပ်ကိုပေး၍ နှုတ်ဆက်ကာ လေးဖင့်စွာပြန်ထွက်သွားသူ ဦးသက္ကကိုကြည့်ရင်း ကျွန်ုပ်စိတ်မကောင်းဖြစ်သွားမိသည်။

ဦးသက္ကတစ်ယောက် မဖိတ်ခေါ်ဘဲ ကျွန်ုပ်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီး ယခု မနှင်ဘဲနှင့် ပြန်သွားရပြန်၏။

သူကိုယ်တိုင်လောကကြီးကို စွန့်ခွာသွားရတော့မည့် လူတစ်ယောက်မှန်းသိနေ၍ ရတနာမြေပုံအား ကျွန်ုပ်လက်သို့ အပ်နှင်းခဲ့ခြင်း ဖြစ်သည်။

သူ၏သမီးဖြစ်သူ ရင်ရင်တစ်ယောက် မကြာမီ ဟတ်ဖနီလေးတစ်ခြမ်းကို ယူဆောင်၍ ကျွန်ုပ်ထံ ရောက်လာလိမ့်မည်ဟု တဖွဖွ ပြောဆိုခဲ့သည်။

ဦးသက္က၊ သမီးဖြစ်သူ ရင်ရင် သူ တို့ သားအဖနှစ်ယောက်နှင့် သံသရာတစ်ကွေ့၌ ဆုံတွေ့လိမ့်မည်ဟု အိပ်မက်ပင် မမက်ဘူးခဲ့။

ရတနာမြေပုံကိုကိုင်ရင်း ထူးဆန်းလှသည့် အဖြစ်အပျက်များကို စဉ်းစား တွေးတောနေမိလေတော့သည်။

ကျွန်ုပ် မကြာခင် ချမ်းသာကြွယ်ဝဆုံးသူ တစ်ယောက်ဖြစ်လာပေတော့မည်။



ငန်းနက်နစ်မြုပ်သောနေရာမှ ရတနာသေတ္တာကို ရှာဖွေနိုင်လိမ့်မည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

### အမှားနှစ်ခုပေါင်းလျှင် အမှန်တစ်ခုဖြစ်မလာနိုင်ပါ

ကျွန်ုပ် ငန်းနက်အား သွားရောက်ရှာဖွေရန်ကိစ္စကို ပြင်ဆင်ရလေတော့၏။

ထိုရက်ပိုင်းအတွင်း ဦးသက္ကတစ်ယောက် ကျွန်ုပ်ထံသို့ အပ်မံရောက်မလာခဲ့။ ဦးတိုးစိန်နှင့် ချိန်းဆိုထားသော ကိစ္စကိုလည်း ခေါင်းထဲ မေ့ထားလိုက်ရလေပြီ။

ထိုရက်အတွင်း သားဖြစ်သူ ရှိန်းမောင် ရောက်လာသဖြင့် ဦးသက္က မြေပုံစာရွက် လာပေးသည့်ကိစ္စအား ပြောပြလိုက်သည်။

သူက အာတော့ကို အံ့အားသင့်သွားရှာသည်။ သူကိုယ်တိုင် မြိတ်ကျွန်းစုသို့ ရောက်ရှိသွားခဲ့ပြီး ငန်းနက်နှင့် ပတ်သက်သော သဲလွန်စကို ရှာဖွေမိသော်လည်း မည်သည့် သတင်းအစအနမျှမရ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့။

ယခုတော့ ငန်းနက်နစ်မြုပ်သောနေရာကို အတိအကျ ပြနိုင်သည့် မြေပုံက အိမ်သို့ရောက်ရှိနေခြင်းမှာ အလွန်အံ့ဩစရာကောင်းသည့် ကိစ္စပင်ဖြစ်တော့သည်။ မြိတ်ကျွန်းစုသို့ ခရီးထွက်မည့်ကိစ္စအား မွေးစားသားရှိန်းမောင်ကို စတင်ဆွေးနွေးလေသည်။

'ပင့်ကူနက်ဂိုဏ်းဆိုတာ အခုတစ်လော သောင်းကျန်းနေတယ်ကွ. . . .

မဂိုလမ်းက ကုလားသူဌေး တစ်ယောက်တောင် သင်္ဘောပျက်ကို ဆယ်မယ်ဆိုတဲ့ သတင်းရလို့ အသတ်ခံရတယ်တဲ့၊ ဒီတော့ အဖေတို့အစီအစဉ်ကို လျှို့ဝှက်ထားဖို့လိုမယ်'

ရှိန်းမောင်က ကျွန်ုပ်ပြောဆိုသမျှကို ခေါင်းတညိတ်ညိတ်လုပ်ရင်း နားထောင်နေသည်။

'လိုအပ်မယ့် ပစ္စည်းတွေကို မြို့ထဲမှာ ရှာဝယ်ပေတော့၊ သင်္ဘောပျက်ကိုဆယ်ဖို့ အလုပ်သမားတွေကိုတော့ ဟိုရောက်မှ ဆလုံတွေကို ငှားမယ် ကြားလား'

အလုပ်လုပ်လျှင် စေ့စပ်သေချာမှုကြိုက်သော ကျွန်ုပ်၏ စကားကို မွေးစားသား ရှိန်းမောင်က တစ်သဝေမတိမ်း လိုက်နာတတ်မှန်း သိရှိထားပြီး ဖြစ်သည်။

လောကကြီး၌ ရှိန်းမောင်အထင်ကြီးသောလူဟူ၍ ကျွန်ုပ်တစ်ဦးသာရှိလိမ့်မည်ဟု ထင်သည်။

ထိုသို့ အထင်ကြီးရခြင်းမှာလည်း ကျွန်ုပ်ကိုယ်တိုင်ဆင်းရဲခဲ့



သောဘဝမှ ချမ်းသာကြွယ်ဝသည့် သူဌေးကြီးတစ်ဦးဖြစ်လာအောင် ကြိုးစားခဲ့ရခြင်းကြောင့် ဖြစ်သည်။

× × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



ရှိန်းမောင်က သူ့ကိုယ်သူ အထင်ကြီးတတ်သူ လူတ
ယောက်ဖြစ်သည်။

လူတိုင်းကို အထင်မကြီးတတ်သောစိတ်က ရှိသည်။ကျွန်
ကား ထိုသို့မဟုတ်၊ လူတိုင်းအပေါ် အထင်ကြီးတတ်ပြီး ကိုယ်
ကိုယ် နှိမ့်ချတတ်သော စိတ်မျိုးကိုသာ မွေးမြူတတ်၏။

အမှားနှစ်ခုပေါင်းလျှင် အမှန်တစ်ခုဖြစ်မလာနိုင်ဟူသော
စကားကိုလက်ခံသော်လည်း ကျွန်ုပ်ကိုယ်တိုင် အမှားနှစ်ခုကို ပေါ
စပ်ဖို့ ကြိုးစားမိသည်။

လူ့စိတ်ဆန္ဒ ပြည့်စုံခြင်းမရှိနိုင်ဟု အကြွင်းမဲ့ ယုံကြည်
သည်။ ကျွန်ုပ်ကိုယ်တိုင် ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်လ
သည့်တိုင် မြနှင်းအေး၏ အချစ်ကို မရနိုင်သေး။

ဦးတိုးစိန်နှင့် ချိန်းဆိုထားသည့်ရက်အတိုင်း ရောက်
မသွားနိုင်ခဲ့သည့်အတွက် စိတ်ထဲစနိုးစနောင့် ဖြစ်နေမိသည်။

ကျွန်ုပ် ဖြတ်သန်းလာရသော ဘဝတစ်လျှောက်လုံး၌ မိ



ာလေးပေါင်းများစွာကို ရင်းနှီးစွာ တွေ့ဆုံခဲ့ရဖူးသော်လည်း ရင်မ
ခုန်မိ။

မြနှင်းအေးနှင့် ဆုံစည်းမှ အဘယ်ကြောင့် ရင်ခုန်မိသ
ည်း။ ထိုကိစ္စကား ကျွန်ုပ်အတွက် စဉ်းစားမရနိုင်သည့်အရာပင်
ဖြစ်တော့သည်။

မြနှင်းအေးက ကျွန်ုပ်၏ စိတ်ချမ်းမြေ့ခြင်းကို မပေးစွမ်း
င်သေးသော်လည်း သူ့အပေါ်မြတ်နိုး ခင်တွယ်တတ်သော မေတ္တာ
ာတ်ကို ရရှိရစ်ပတ်ထားဆဲဖြစ်သည်။

အသက်အရွယ်ကွာခြားခြင်းကြောင့် မြနှင်းအေးက ကျွန်ုပ်
အား မချစ်နိုင်ဟု ဆိုခဲ့ပါလျှင် ကျွန်ုပ်၏ မျှော်လင့်ခြင်းများ အားလုံး
ဆုံးရှုံးသွားပေတော့မည်။

မြနှင်းအေးနှင့်ပတ်သက်၍ လုံးဝမစဉ်းစားရဲတော့။ ထို့
ကြောင့် ရတနာခြေပုံ စာရွက်ကိုသာ စားပွဲပေါ်ဖြန့်ကြည့်ရင်း မြိတ်
ျွန်းစုသို့ င်န်းနက်သင်္ဘောအား သွားရောက် ဆယ်ယူရမည့် ကိစ္စ
ကိုသာ အသေးအနက်ထား စဉ်းစားနေမိသည်။

ထိုကိစ္စက တဒင်္ဂတော့ ကျွန်ုပ်ရင်ကို ချမ်းမြေ့လာစေနိုင်
သည် မဟုတ်ပါလား။

❈ ❈ ❈ ❈

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## မြိတ်ကျွန်းမှ ကြေးနီသေတ္တာ

မြိတ်ကျွန်းစုသို့ ရောက်သည့်နေ့မှစ၍ ကံကောင်းထောက်ဖြင့် ရာသီဥတုက သာယာနေသည်။ စက်လှေတစ်စီးနှင့် ပုံညွှန်းအတိုင်း ငန်းနက်နစ်မြုပ်ခဲ့သည့်နေရာသို့ မောင်းနှင် ခဲ့သည်။

စက်လှေပေါ်၌ ငှားရမ်းလာသော ဆလုံကြီး၁၀ဦး။ တို့၏အသွင်က အဏ္ဏဝါပြင်ကို ကြောက်လန့်တုန်လှုပ်နေဟန် ဘဲ တည်ငြိမ်အေးဆေးစွာ လိုက်ပါလာခဲ့သည်။

လေတဟူးဟူး တိုက်ခိုက်လျက်ရှိ၏။ ပင်လယ်လေစိမ်း ဖြစ်နေသောကြောင့် မတော်တဆ ဖျားနာမည်စိုးရိမ်ရသည် တ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



'လေတွေ သိပ်တိုက်နေတယ်၊ ကျုပ်တို့ ခရီးဆက်လို့ ဖြ
မလား'

စိုးရိမ်တကြီး ဒေအာ်ပြောလိုက်သော ကျွန်ုပ်၏စကာ
ကြောင့် ဆလုံကြီး ဦးသာဆန်းစာ ကောင်းကင်ပေါ်သို့ မော့ကြ
လိုက်ရင်း. . .

'ဖြစ်ပါတယ် ဆရာလေးရဲ့၊ မုန်တိုင်းရှိတယ်ဆိုရင်
မနေဘူး၊ ငှက်တွေတောင် ပျံနေကြသေးတာပဲ၊ ပင်လယ်ဆို
လေကြမ်းမှာပေါ့ဝေ'

ဆလုံသံဝဲဝဲနှင့် ကျွန်ုပ်နားလည်အောင် ရှင်းပြနေသ
မည်သို့ပင်ဆိုစေ စက်လှေကြီးက လှိုင်း လူးနေသ
သောကြာရကြောင်း မသွားကောင်းဆိုသော ရှေးစကားကို
ရှားလို့ မဖြစ်သေး။

ထွက်လာသည့်နေ့ကလည်းသောကြာနေ့ပင် ဖြစ်နေ
သည်။ နောက်ဆုံး စက်လှေထဲတွင် ပါလာသော ရေငန်ပိုင် ဦး
ကြီးစင်သို့ ပူဇော်ပသရသော အခြေအနေသို့ ရောက်လာခဲ့သ
ပတ်ဝန်းကျင်က မှိုင်းမှောင်စပြုလာ၍ ပိုပြီး သတိထားနေရသ

မိုးတဖွဲဖွဲကလေး ရွာသွန်းစ ပြုလာသည်။ ရှိန်းမော
ရေလမ်းခရီးကို သွားနေကျဖြစ်၍ လှိုင်းမူးသည့်ဒဏ် ခံနိုင်ေ
လည်း ကျွန်ုပ်ကား ကုန်းပတ်ပေါ် အန်မိလေတော့သည်။

မြေပုံအရဆိုလျှင် ငန်းနုက် နစ်မြုပ်သွားသည့်နေရာ
မြိတ်ကျွန်းစု ပုလဲနက်ကျွန်း အနီးတစ်ဝိုက်တွင် ဖြစ်သည်။ ပင်လ



ရေအောက် သင်္ဘောပျက်များ ဆယ်ယူရေးလုပ်ငန်းကို မကြာခဏ လုပ်ခဲ့ဖူးသော်လည်း ယခုလို ရင်ခုန်ရခြင်းမျိုး မရှိခဲ့။

ယခု ကျွန်ုပ်ကိုယ်တိုင်ပင် ဦးမဆောင်ခဲ့ပေ၊ ရှိန်းမောင်က ဦးဆောင်၍ ရေငုပ်သမားများငှား ဆယ်ယူရခြင်းအလုပ်ကို လုပ်သည်။ ယခုအခါ ထိုအလုပ်ကို လောဘစိတ်ကြောင့် ကျွန်ုပ် ကိုယ်တိုင် ပင်လယ်သို့ထွက်၍ ဦးစီးနေရခြင်းသာဖြစ်သည်။

ထိုခရီးသို့ ဦးသက္ကသာပါလာခဲ့လျှင် ဘယ်လောက် ကောင်းရလမလဲဟု တွေးမိသည်။ ဦးသက္က၏ သတင်းကိုထပ်မံ မကြားရသည့်အတွက် သေဆုံးသွားပြီဟု ကျွန်ုပ်အနေနှင့် မှတ်ယူရတော့သည်။

ဦးသက္ကနှင့်ပတ်သက်၍ ကတိတစ်လုံးကို ကျွန်ုပ်ဖျက်လိမ့်မည်မဟုတ်။ ကျွန်ုပ်ထား ပင်လယ်ဓားပြများရန်ကို ကြောက်ရွံ့သဖြင့် လိုင်စင်နှင့် သေနတ်တစ်လက်ကို ခါးကြားထိုးလာခဲ့သည်။

ခါးကြားထိုးရခြင်း အကြောင်းမှုကား ငှားရမ်းလာသော ဆလုံများထဲ၌ အကယ်၍သာ ရတနာသေတ္တာကို ရခဲ့ပါလျှင် လုယက်တိုက် ခိုက်ရန်မူသည့်လူ ပေါ်လာနိုင်သည်။ ထိုအခါ ကျွန်ုပ်၏ ခါးကြားထဲမှ သေနတ်ကို မြင်မိရုံမျှနှင့် ဟန့်တားရာရောက်ပေသည်။

ကျွန်ုပ်၏ပုံစံက စက်လှေကို ဓားပြတိုက် သိမ်းဆည်းလာသော ခေါင်းဆောင်တစ်ဦးနှင့် တူနေကြောင်း သတိထားမိသည်။ ကောင်းကင်ပြင်ကြီးက ပြန်လင်းသွားကြောင်း မြင်ရ၍ ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



သွားမိလေသည်။

ပုလဲနက်ကျွန်း ရေပိုင်နက်အတွင်းသို့ စက်လှေက ရောက် ရှိလာသဖြင့် ရေငုပ်သမား ဆလုံကြီးဆယ်ဦးက အသင့်ပြင် ထားကြ သည်။

ကျွန်ုပ်က စက်လှေကို ပုလဲနက်ကျွန်းတစ်ဖက်ဆီသို့ ကပ်ခိုင်းလိုက်သည်။ ထို့နောက် ကုန်းပတ်ပေါ်မှ မျက်စိအမြင်နှင့် ကျွန်ုပ်တို့စက်လှေ ရပ်တန့်ထားသောနေရာနှင့် တစ်ဖြောင့်တည် မြင်နိုင်သော ကိုက်(၁၀၀) အကွာအဝေးကို ခန့်မှန်း၍ ဆလုံကြီ ဆယ်ဦးအား စတင် ရေငုပ်ခိုင်းလိုက်လေတော့သည်။

ငန်းနက်အား ရှာဖွေတွေ့ခဲ့ပြီ။

စက်လှေကုန်းပတ်ပေါ်မှတဆင့် ဆလုံကြီးများ ဆယ်ယ ပေးသည့်ပစ္စည်းများကို စိတ်လက်ရှည်စွာ တစ်ခုချင်းစုဆောင် သိမ်းဆည်းနေမိသည်။

ပထမအသုတ် ဆယ်ယူရရှိလာသမျှ သဘော်ပျက်ကြ အတွင်းမှ သံထည်ပစ္စည်းများပင် ဖြစ်လေတော့သည်။ ဆလုံကြ များလည်း ရေအောက်တွင် အချိန်ကြာကြာ ငုပ်နေနိုင်သော်လည် ကျွန်ုပ်လိုချင်သော ရတနာသေတ္တာတစ်လုံးကိုမှ တွေ့ပါ့မလားဟ စိုးရိမ်ပူပန်နေမိသည်။

ဆလုံကြီးများက ရေငုပ်၍ ဆယ်ယူရရှိသော ပစ္စည်းမျာ ကို သံခြင်းများထဲ ထည့်ပေးလိုက်၏။

သဘော်ပျက်ထဲမှ ဆွေးမြည့်သော သံထည် အကျိုးအပ



စ္စည်းအတိုအစများထဲတွင် ထူးဆန်းသော ကြေးနီသေတ္တာ တစ်လုံး ပါလာကြောင်း တွေ့လိုက်ရသည်။

ကြေးနီသေတ္တာမှာ သံချေးများ ရေညှိများနှင့် ရှုပ်ထွေး သေကျံနေပြီး အလွယ်တကူ ဖွင့်ယူ၍ မရပေ။

ထိုသေတ္တာတစ်လုံးကို ဖွင့်မရအောင် သော့ခတ်ထားခြင်း ဖြစ်သောကြောင့် အလွန်အရေးကြီးသော ပစ္စည်းများရှိမည်ဟု ခန့်မှန်းနိုင်သည်။

• သေတ္တာ၏အရောင်က ကြေးနီရောင်ပျောက်၍ သံချေး ရောင်သမ်းလုလု ဖြစ်နေကြောင်း တွေ့ရသည်။

ကျွန်ုပ်၏ စိတ်ထဲ၌ လိုအင်ဆန္ဒတစ်ခု ပြည့်ဝနေပြီဟု ထင်မိရလေတော့သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## ထူးဆန်းသော ဝိုင်ပွလင်း

ကြေးနီသေတ္တာနှင့် ပတ်သက်၍ မည်မျှအဖိုးတန်မှန်း
သိကြသေး။ ကျွန်ုပ်နှင့် ရှိန်းမောင်တို့က မြိတ်ကျွန်းစုသို့ ရောက်
ကတည်းက ရတနာရှာဖို့ဆိုသည့် ကိစ္စကို စကားပင် မဟခဲ့
သောကြောင့် ရေငုပ်အလုပ်သမား ဆလုံကြီးများက ထိုသေတ္တာနှင့်
တ်သက်၍ မေးမြန်းခဲ့ခြင်းမရှိပေ။

အလုပ်သမား ရှာဖွေစဉ်က သံရည်ကျိုစက်အတွက် သံတို
စများကို ဆယ်ယူပေးရမည်ဟု ပြောဆိုပြီးမှ ခိုင်းစေခဲ့သည့်
တွက် ကြေးနီ သေတ္တာအား သံထည်ပစ္စည်းစာရင်းထဲ ထည့်ထား

www.burmeseclassic.com

www.burmeseclassic.com



တြဲပှာန်တူသည်။

တည်းခိုခန်းသို့ ပြန်လာသည့်အခါ ရှိန်းမောင်က စကား
ချီ. . .

'ကြေးနီသေတ္တာမှာ အဖေ ထင်ထားတဲ့အတိုင်း ရတ
တွေ ပါလိမ့်မယ်လို့ ကျွန်တော်တော့လုံးဝမထင်ဘူး'

'ဘာ့ကြောင့်လဲ'

'ကြေးနီသေတ္တာက သံချေးတွေ ခွာလိုက်တဲ့အခါ သူ့
အလေးချိန်အတိုင်း ရှိနေတယ်လေ'

'ရတနာဆိုတာက အလေးချိန်ရှိတဲ့အရာမှ မဟုတ်တာ
သားရဲ့၊ ကြေးနီသေတ္တာထဲမှာ အဖိုးတန်တဲ့ ပစ္စည်းတွေ မပါဘူး
ရင် ဖွင့်မရနိုင်လောက်အောင် သော့ခတ်ထားပါ့မလား'

'အဖေနဲ့ကျွန်တော် ငြင်းမနေတော့ပါဘူးဗျာ၊ အမြန်သ
အောင် ကြေးနီသေတ္တာကို ဖွင့်ကြည့်ရအောင်'

'အေး. . . ကောင်းတယ်'

ကျွန်ုပ်နှင့် မွေးစားသား ရှိန်းမောင်တို့နှစ်ယောက် တည်း
ခန်းထဲ၌ ကြေးနီသေတ္တာအား ခက်ခဲစွာ ဖွင့်ကြည့်ဖို့ ကြိုးစည်ကြ
တော့သည်။

ကြေးနီသေတ္တာ ပွင့်လာသည့်အခါ ကျွန်ုပ်ထင်မြင်ယူ
ထားသော အဖိုးတန်ရတနာများ မတွေ့ရဘဲ အစိမ်းရောင်ပုလ
တစ်လုံးသာ တွေ့လိုက်ရသဖြင့် စိတ်ပျက်သွားမိလေသည်။

'ဘာပုလင်းကြီးလဲ အဖေ'



'ပေါ်တူဂီတွေ ကြောင်တောင်တောင်လုပ်ပြီး သိမ်းထား
တဲ့ ဝိုင်ပုလင်းတစ်လုံး ထင်ပါရဲ့ကွာ'

ပုလင်းကို နမ်းကြည့်လိုက်သည်။ နှစ်ပေါင်းများစွာ ကြာ
မြင့်အောင် သိမ်းဆည်းထားတတ်သော နှစ်ချို့ဝိုင်ပုလင်း တစ်လုံးဟု
ထင်မိသည်။

× × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တူဂီလူမျိုးများအနေနှင့် အရက်ပုလင်းများကို မြေမြှုပ်ပြီး နှစ်ပေါင်းကြာမြင့်အောင် သိမ်းဆည်းလာတတ်ကြောင်း ကျွန်ုပ် သိရှိပြီးဖြစ်သောကြောင့် လက်ထဲကိုင်ထားသော ပုလင်းအတွ ်ါ အဆန်းတကြယ်လုပ်ပြီး ပြောဆိုမနေတော့။

ပုလင်းထဲမှ အလွန်စုံးရှသော်အနံ့ကို ရရှိကလွဲ၍ မည်သည့် ထူးခြားချက်မှ မတွေ့ရ၊ အစိမ်းရောင် ဖန်သားပြင်က ဖုံးအုပ်ထားသောကြောင့် အထဲမှ အရည်များကိုလည်းမမြင်တွေ့ရ။

သို့သော် ကျွန်ုပ်ရင်ထဲ၌ စိတ်ဝင်စားမှုအာရုံက ထို ပုလင်းသာဖြစ်နေသည်။

ထို့ကြောင့် ပုလင်းအဖုံးကို ဖွင့်လိုက်ရင်း အားမလိုအားမရဖြစ်လာကာ တစ်ငုံ ငုံလိုက်မိသည်။

'ဟို့ . . .'

လည်ချောင်းထဲ သံချွန်ကို မီးကင်၍ ထိုးခံလိုက်ရသလို



အကြော့များ ရှိန်းထလောက်အောင် ပူခနဲဖြစ်သွားမိသည်။ ထို့ကြောင့် ဆက်မော့မသောက်တော့ဘဲ ထွေးပစ်လိုက်သည်။ ပုလင်းထဲမှ ပူပြင်းရှတသော ဝိုင်တချို့ ဝမ်းထဲသို့ ရောက်ရှိသွားပြီဟု ဆင်လိုက်ရသည်။

'ဟား . . . ဟား . . . ဟား၊ အဖေကလဲ သူတို့အရက်က မြန်မာအရက်ထက် အဆပေါင်းများစွာ ပြင်းတယ်ဗျ'

မွေးစားသား ရှိန်းမောင်က ကျွန်ုပ်၏ နီမြန်းသွားသော မျက်နှာနှင့် ရှုပ်ပျက်ဆင်းပျက်ဖြစ်နေပုံကိုကြည့်ရင်း ဟားတိုက်ရယ်မောနေသည်။

ကျွန်ုပ်မျက်လုံးထဲ ရှိန်းမောင်ကို စိုက်ကြည့်ရင်း ဝိုးတဝါးဖြစ်လာမိသည်။ ရှိန်းမောင်မှာ ကျွန်ုပ်၏ အမြင်အာရုံထဲတွင် ကြီးသွားလိုက်၊ ငယ်သွားလိုက် ဖြစ်နေသည်။

'မူးလိုက်တာ သားရယ်'

ရှိန်းမောင်က ကျွန်ုပ်ကို တွဲခေါ်လာခဲ့သည် ကျွန်ုပ်၏ မျက်နှာမှာ ထူအမ်းအမ်းကြီးဖြစ်သလို ခံစားရပြီး တစ်ကိုယ်လုံး ခြဉ်ကောင်ကလေးများ တက်လာသလို ရွစိရွစိ ဖြစ်နေသည်။

❈ ❈ ❈ ❈

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

### အသက်နှစ်ဆယ် ပြန်ငယ်သွားရခြင်း

အလွန်ပြင်းရှသော နှစ်ချို့ဝိုင်ကို တစ်ငုံသောက်မိလိုက်ခြင်းနှင့် ကျွန်ုပ် နာရီပေါင်းများစွာ မူးပြီး အိပ်ပျော်သွားမိသည်။

အိပ်ရာမှ နိုးထသည့်အခါ ခေါင်းထဲ ကိုက်ခဲခြင်းမရှိဘဲ ပေါ့ပါးလန်းဆန်းနေပြန်သည်။

ကျွန်ုပ် အိပ်ရာနှင့် မလှမ်းမကမ်း၌ ရှိန်းမောင်တင်ထားသော ဝိုင်ပုလင်းကို မြင်မိသောအခါ ထန်းရည်သမားက အမူးပြေအောင် ထန်းပင်ကို မော့ကြည့်တတ်သည်ဆိုသော စကားအတိုင်း ထိုအရက်ပုလင်းဆီသို့ ကြည့်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သို့သော် အဝင်ဆိုးလှသော ဝိုင်အရက်ကိုကား ကျွန်
မသောက်ဝံ့တော့၊ တစ်စုံတစ်ယောက်သောက်မိလျှင် ကျွန်ုပ်ကဲ့သ
ဆိုးရွားသော ဝေဒနာကို ခံစားရပေဦးမည်၊ ထို့ကြောင့် အစိမ်
ရောင်ပုလင်းအား တစ်နေရာသို့ လွှင့်ပစ်လိုက်မှဖြစ်မည်ဟု စိ
ကူးလိုက်မိသည်။

ငန်းနက်အား ဆယ်ယူသည့်ကိစ္စမှာ သည်နေ့ဆိုလ
ဆယ်ရက်မြောက် ရှိလေပြီ။'

ငန်းနက်နစ်မြုပ်သောနေရာကို မြေပုံစာရွက် လာ
သွားသည့် ဦးသက္ကအပေါ် ကျေးဇူးတင်ရှိမိသော်လည်း ထို သ
ထဲမှ သံထည်ပစ္စည်းအဟောင်း အစုတ်များမှအပ မည်သည့်ပစ္စည
မှ မရခဲ့။

ရတနာသေတ္တာဟု ထင်ရသော ကြေးနီသေတ္တာတစ်
ထဲမှ အစိမ်းရောင် ပုလင်းတစ်လုံးသာ ရရှိခဲ့သည်မဟုတ်ပါလ
ထို့ကြောင့် ကြီးမားသော ရည်ရွယ်ချက်၊ မျှော်လင့်ချက်၊ လော
စိတ်ဖြင့် မြိတ်ကျွန်းစုသို့ ရောက်ရှိလာသော ကျွန်ုပ်တို့အဖြစ်
စဉ်းစားမိတိုင်း ရှက်မိသည်။

ထိုကြေးနီသေတ္တာနဲ့ အစိမ်းရောင်ပုလင်းကို တွေ့
လျှင် ကျွန်ုပ်အတွက် ရှက်စိတ် ပြေပျောက်နိုင်မည်မဟုတ်တေ
ထို့ကြောင့် ထိုအရာများကို ရေထဲသို့ လွှင့်ပစ်ရန် ဆုံးဖြတ်ချက်
ထားလိုက်မိသည်။

ကျွန်ုပ် မျက်နှာသစ်ရန် အိပ်ခန်းနှင့် တစ်ဆက်တည်



သော ရေချိုးခန်းသို့ ထွက်လာခဲ့သည်။

ရေချိုးခန်းရှိသော မှန်တစ်ချပ်ပေါ်တွင် ကျွန်ုပ်၏ မျက်နှာ
အား အမှတ်မထင်ကြည့်ရှုလိုက်မိသည့်အခါ. . .

'ဘုရား. . . ဘုရား ငါ. . . ငါ ဘယ်လိုဖြစ်ပါလိမ့်၊ ငါ့
မျက်နှာ ပြောင်းသွားပါလား. . . ပြောင်းသွားပါလား'

မည်သူမျှ မကြားမိစေရန် တီးတိုးရေရွတ်လိုက်မိသည်။
အကြောင်းမှုကား ကျွန်ုပ်၏မျက်နှာမှာ အုံ့ဩဖွယ်ကောင်းလောက်
အောင် နုပျိုလန်းဆန်းနေသည်ကို တွေ့မြင်ရပြီး ဇရာအရေး
အကြောင်းများ ပျောက်လျက် အသက်(၂၀)ကျော်အရွယ်ဟု ထင်ရ
လောက်အောင်ကို ပြောင်းလဲသွားသောကြောင့်တည်း။

ကျွန်ုပ်အနေနှင့် မယုံကြည်နိုင်လောက်အောင်ဖြစ်ခဲ့ရ
လေသည်။ မိမိပါးကိုကိုင်ကြည့်ရင်း မှန်တစ်ချပ်၌ တွေ့မြင်နေရ
သော ရုပ်သွင်ကိုကြည့်ရင်း အတိုင်းအဆမသိအောင် ဝမ်းမြောက်
ဝမ်းသာ ဖြစ်မိသည်။

နုပျိုလန်းဆန်းခြင်းဆိုသော အရာကား ဖန်တီး၍ရသော
ကိစ္စမျိုးမဟုတ်၊ မည်သူကမှ အသက်အရွယ်ကြီးရင့်လာခြင်းအား
ကျော်လွှားနိုင်ခွင့်မရခဲ့ဟု အကြွင်းမဲ့ယုံကြည်မိသည်။

ယခုဘော့ ကျွန်ုပ် အံ့ဩဖွယ်ကောင်းလောက်အောင် နုပျို
လန်းဆန်းခြင်းကို ရရှိခဲ့လေပြီ။

ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းကို အဖြေရှာမိသည့်အခါ
ကြေးနီသေတ္တာတစ်လုံးတည်းမှပါလာသော အစိမ်းရောင်ပုလင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးထည့်ထားသည့် ဝိုင်ဟုထင်ရသော ပြင်းရှရှအရည်ကြောင့်ဟု စိတ်ထဲသိလိုက်ရသည်။

ထိုအရည်မှာ ပေါ်တူဂီလူမျိုးများသုံးစွဲခဲ့သော ဝိုင်အရက်တစ်မျိုး မဟုတ်မှန်း သိရှိသွားသည့်အခါ ကြေးနီသေတ္တာထဲမှ အစိမ်းရောင်ပုလင်းတစ်လုံးကို လွှင့်ပစ်ဖို့ စိတ်မကူးတော့။

ထိုပုလင်းထဲမှအရည်က နုပျိုလန်းဆန်းခြင်းအတွက် အထူးအာနိသင်ထက်မြက်စေသည့် ဆေးဖြစ်ကြောင်း- သိလိုက်ရလေပြီ။ ထို့ကြောင့် ကြေးနီသေတ္တာအား မည်သူတစ်ဦးတစ်ယောက်မျှ အလွယ်အကူဖွင့်မရအောင် သော့ခတ်သိမ်းဆည်းထားဖို့သာဖြစ်သည်။

ကျွန်ုပ်၏ဆန္ဒ အလုံးစုံပြည့်ဝသွားခဲ့ပြီဟု အောက်မေ့လိုက်မိသည်။ မှန်ထဲ၌ နုပျိုသွားသောရုပ်သွင်ကို ထပ်ခါတလဲလဲကြည့်ရှုမဝနိုင်ခဲ့။

မြန်နှင်းအေးသာ သူ၏ နုပျိုလန်းဆန်းနေသည့်ရုပ်သွင်ကိုသာ တွေ့မြင်လိုက်ရလျှင် သူမ၏စိတ်ထဲ၌ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားဖွယ်ရှိသည်။

ရတနာများကို ရှာဖွေမတွေ့ခဲ့သော်လည်း နုပျိုလန်းဆန်းဆေးက တန်ဖိုးမဖြတ်နိုင်သောအရာပင် ဖြစ်တော့သည်။ ကျွန်ုပ်၏စိတ်များက ထိုဆေးကြောင့် ပြောင်းလဲလာသောရုပ်သွင်ကို ကြည့်ရင်း လှုပ်လှုပ်ရှားရှားဖြစ်လာမိသည်။

ယခုအခြေအနေအတိုင်းသာ တည်းခိုခန်းထဲက ထွက်



သွားခဲ့လျှင် လူများက ကျွန်ုပ်အား အံ့သြလို့ ဆုံးမည်မဟုတ်။

ကျွန်ုပ်၏ အသက်အရွယ်နှင့် လိုက်ဖက်အောင် ချုပ်ထားရသည့် အဝတ်အစားများကို စွန့်မှဖြစ်တော့မည်ဟု တွေးလိုက်မိသည်။

ထို့ကြောင့် ဗီရိုထဲမှ ခေတ်အမီဆုံး ဂျာကင်အင်္ကျီနှင့် ဘောင်းဘီရှည်တစ်ထည်ကို ထုတ်ယူလိုက်၏။

ကျွန်ုပ်အား သူဌေးဦးအောင်ကြွယ်မှန်း မသိရလေအောင် ဦးထုပ်တစ်လုံးနှင့် ရုပ်ဖျက်၍ တည်းခိုခန်းမှ ဆိပ်ကမ်းသာဘက်သို့ ထွက်လာခဲ့လေတော့သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

### အချစ်၌အိုသည်မရှိ

မြိတ်မြို့ ဆိပ်ကမ်းသာက အမြဲ လူစည်ကားတတ်သည့် ရောပင် ဖြစ်သည်။

'မိုးပြာ' ဟိုတယ်မှာ နာမည်ကြီး၏။ ပုလိပ်မင်းကြီးကား ိုးပြာဟိုတယ်နှင့်ပတ်သက်၍ အဆိုးအကောင်းကို နယ်ပိုင်မင်း၊ င်စပတ်တာတို့က မတင်ပြသဖြင့် မသိ။

ငွေကား ထိုခေတ်ထို အခါက အရာရာကို ပြီးမြောက်စေ သာအရာပင်ဖြစ်၍ လာ ရောက်စစ်ဆေးသည့် ပုလိပ်အဖွဲ့ကို ပေးထားရုံနှင့် လွတ်လပ်စွာ ပျော်ပါးခွင့်ကို ရရှိနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်ဦးတင်မြင့်မှာ တရုတ်ကပြားတစ်ဦးဖြစ်၏။ စီးပွားရေးအတွက်သာ တွက်ခြေကိုက်မည်ဆိုလျှင် ဇရဲပြည်အထိ လိုက်ဝံ့သူ လူတစ်ယောက်သာဖြစ်သည်။

ထို့ကြောင့် ဆိပ်ကမ်းသာအရပ်ကိုရွေးချယ်၍ အနောက်နိုင်ငံကဲ့သို့ နိုက်ကလပ်ဆန်ဆန် ကပွဲများဖြင့် မြူဆွယ်ကာ ဧည့်ကြို[illegible] များဖြင့် ဖြားယောင်းတတ်သည်။

များသောအားဖြင့် မိုးပြာသို့ ရောက်လာသူများမှာ စက်လှေပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လောင်းကစားသမားများပင် ဖြစ်လေသည်။

မြိတ်မြို့သို့ စတင်ရောက်လာစဉ်က ဦးအောင်ကြွယ် မိုးပြာသို့ ရောက်လာခဲ့ဖူးသည်။

သို့သော် ဧည့်ကြိုများနှင့် နာမည်ကြီးလှသော မိုးပြာက သူ့အတွက်တော့ အလွန်ပျင်းစရာကောင်းသည့် နေရာတစ်ခု[illegible] ဖြစ်နေခဲ့သည်။

ဧည့်ကြိုများက ပိုက်ဆံရှိသူချင်းတူသော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် ချောမောလှပသည့် သူဌေးသူကြွယ်ကလေးများ[illegible] သာ ဖော်ဖော်ရွေရွေ ရှိတတ်ကြသည်ကို တွေ့မြင်ရသောကြော[illegible] စိတ်ဓာတ်အကြီးအကျယ် ကျခဲ့ရသည်။

ထိုဟိုတယ်သို့ သူ့အနေဖြင့် ဘယ်အခါမှ မလာတော့[illegible] ဆုံးဖြတ်လိုက်သည်။

ယခုတော့ သူ၏ရုပ်သွင်က အသက်(၂၀)ကျော်ကျော် [illegible]



လည်နုပျိုခဲ့သည့်အတွက် မကျေနပ်ပွဲနွှဲရန်အားခဲ၍ မိုးပြာသို့ ဒုတိယအကြိမ် ရောက်လာခဲ့ခြင်းသာ ဖြစ်ပေသည်။ မြိတ်မြို့ရှိ သူဌေးတစ်ဦးထံမှ အလွန်တန်ဖိုးကြီးမြင့်သော မာစီးဒီးအမျိုးအစား ခုံညားသော ကားကြီးတစ်စီးမှာ ဟိုတယ်ရှေ့သို့ ထိုးဆိုက်လာခဲ့သည်။

ကားပေါ်မှဆင်းလာသူကား ဆယ်ကျော်သက် မိန်းမပျိုလေးများ စွဲမက်လောက်သောရုပ်ရည်ရှိသည့် သူဌေး ဦးအောင်ကြွယ်ပင် ဖြစ်လေတော့သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ကျွန်ုပ် ကားပေါ်မှဆင်းလာသည်နှင့် အနားသို့ ဧည့်ကြိုကလေးများ ဝိုင်းလာသည်။

ကျွန်ုပ်၏ဘဝတစ်လျှောက်လုံး ထိုသို့ အတွေ့အကြုံမျိုးကို သည်တစ်ကြိမ်သာ ကြုံခဲ့ဖူးသဖြင့် အလွန်သာယာနေမိသည်။

'လာလေ ကိုကိုရဲ့'

အသားဖြူဖြူ မိန်းကလေးတစ်ဦးနှင့် အသားညိုညို မိန်းကလေးတစ်ဦးတို့မှ အလုအယက်ကြိုဆိုမိသလို ဖြစ်နေ၍ မည်သည့်ဘက်သို့ ဦးစားပေးလိုက်ရမည်ကို မသိအောင်ဖြစ်မိသည်။

'ဒီမှာ အယ်နီ၊ ဧည့်သည်ကို စိတ်ရှုပ်အောင် မလုပ်ရဘူးလို့ သူဌေးက မှာထားတယ်မဟုတ်လား၊ ဒီအစ်ကိုက ငါ့ဧည့်သည်နှင့်အလုပ် နင်သွားလုပ်စမ်း'

အသားညိုညိုမိန်းကလေးက ခပ်စွာစွာလေး ပြောဆိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။

'အောင်မယ်. . . နင်က လူလည်မလုပ်ပါနဲ့၊ ဒီညေ့သည်က ငါ့ဆီကိုလာတာ သိရဲ့လား'

အသားဖြူဖြူမိန်းကလေး အယ်နီဆိုသော သူကလည်း တစ်စက်လေးမျှ အလျှော့ပေးချင်ပုံမရ။ ကျွန်ုပ်က ကြားမှအ... ခက်လှ၏။ စီးပွားရေးအရ ညေ့ဝတ်ကျေပွန်အောင် ကြိုးဆိုနေမှ... စိတ်ထဲမှသိနေ၍ သူတို့နှစ်ယောက်၏ အပြုအမူအား ကျွန်ုပ်အ... နှင့် လုံးဝ အထင်ကြီးနိုင်ခြင်းမရှိ။

'လွှတ်နော်၊ ငါ သူဌေးနဲ့သွားတိုင်မှာ'

သူဌေးနဲ့ တိုင်မည်ဆိုသောစကားက အထိရောက်ဆုံးဖြ... သွားသည်မှာ ထင်မိသည်။ အယ်နီဆိုသော အသားဖြူဖြူမိန်းက... လေးက အလျှော့ပေးကာ မျက်နှာငယ်လေးနှင့် နောက်ဆုတ် ကျ... ရှာလေပြီ။

ကျွန်ုပ်အနေနှင့် သည်တော့မှ သက်ပြင်းချရလေတော့ သည်။ အလျင်တစ်ခေါက်က မိုးပြာသို့ရောက်ခဲ့ဖူးသောအ... အနေနှင့် ယခုအခြေအနေကား များစွာကွာခြားလွန်းလှပေသည်။

'မင်းနာမည် ဘယ်သူလဲ'

'သိဂီပါ ကိုကို'

ကိုကိုဟူသော အသုံးအနှုန်းကား ကျွန်ုပ်ရင်ကို လှုပ်ခ... သွားစေသည်။

'မင်းက မိုးပြာဟိုတယ်မှာ ညေ့ကြိုအလုပ်ပဲလား'



'ဟုတ်'

ကျွန်ုပ်က ရိုးသားသောသူဌေးတစ်ယောက်ကဲ့သို့ စစ်ဆေးမေးမြန်းလိုက်သောကြောင့် သိဂီဆိုသောမိန်းကလေးမှာ မည်သို့စကားဆက်ရမှန်း မသိအောင်ဖြစ်နေမိသည်။

ညေ့ကြိုတစ်ဦးမှန်း သိသော်လည်း ချက်ချင်းဟန်ဆောင်နိုင်မှု မရနိုင်မှန်းတိုသိ၍ သူမ ခေါ်ဆောင်သည့်နောက်သို့ လိုက်လာခဲ့လေတော့သည်။

သိဂီနှင့်အတူ စားပွဲလွတ်တစ်ခု၌ ထိုင်ရင်း စကားစမြည်ပြောဖြစ်ကြသည်။ သူကား မန္တလေးသူကလေး တစ်ယောက်ဖြစ်သည်။ မိသားစုအတွက် ရိုးသားစွာငွေရှာရင်း ပထွေးလုပ်သူက ဖျက်ဆီးလိုက်သဖြင့် စိတ်နာပြီး အိမ်မှထွက်ပြေးလာရသူဖြစ်၏။

သူ့အနေနှင့် ပတ်ဝန်းကျင်ကို ရင်မဆိုင်ဝံ့သည်က တစ်ကြောင်း၊ သူ့မိသားစုအတွက် သူမသာလျှင် အနစ်နာခံ၍ မောင်ငယ် ညီမငယ်များအတွက် ရရာအလုပ်လုပ်ပြီး ကျောင်းစရိတ်ထောက်ပံ့လိုသည်ကတစ်ကြောင်း တို့ကြောင့် သည်ဘဝအခြေအနေသို့ ရောက်လာခဲ့ကြောင်းကို သနားစဖွယ် ပြောပြသည်။

ကျွန်ုပ်အနေနှင့် မွေးစားသားရှိန်းမောင်က သူတွေ့ကြုံလာခဲ့သည့် မိန်းကလေးများနှင့်ပတ်သက်၍ မကြာခဏပြောပြဖူးသည်။

ထို့ကြောင့် သိဂီပြောဆိုနေသောစကားများကို မယုံကြည်ခဲ့။ ဇာတ်နာအောင် တမင်လုပ်ကြံပြောဆိုနေသည်ဟုသာ ထင်မိ

www.burmeseclassic.com



သည်။ မှန်ချင်လည်း မှန်လိမ့်မည်။

သို့သော် ကျွန်ုပ်ရောက်လာသော ရည်ရွယ်ချက်ကား မိ
ကလေးတစ်ဦးအား သနားဂရုဏာဝင်ကာ မေတ္တာမျှရန်ကိစ္စ
ဟုတ်၊ ထို့ကြောင့် သိဂီပြောဆိုသမျှကို သနားမိလေဟန် န
ထောင်နေမိသည်။

သိဂီက သူပြောဆိုနေသမျှကို ကျွန်ုပ် ယုံကြည်မိသွာ
လေပြီဟု ထင်လိမ့်မည်။

ကျွန်ုပ်ကား ယုံလွယ်သူတစ်ယောက်မဟုတ်။ အထူးသဖြ
မာယာများသော သိဂီလိုအမျိုးသမီးတစ်ဦးအား ပို၍ မယုံကြည
နိုင်ခဲ့။

ကျွန်ုပ်စိတ်ထဲ၌ တခြားလူနှင့်မတူအောင် ရှုရာမှန်းတ
မိနေသည်မှာ ဧည့်ကြိုအလုပ်ပင်ဖြစ်တော့သည်။

မြန်မာမိန်းကလေးများကို ငွေရှိသူ နိုင်ငံခြားသားကုလာ
သူဌေး၊ တရုတ်သူဌေးများက အသုံးချနေခြင်းကား စက်ဆုတ်ရွံရှာ
ဖွယ်ရာ တစ်ခုပင်ဖြစ်သည်။

ငွေရမည့်အလုပ်ကို ဦးနှောက်မရှိသော သိဂီလိုမိန်းက
လေးများသာ လုပ်လိမ့်မည်ဟု ထင်သည်။

ယခုလည်း စားသောက်ခန်းမထဲသို့ ပုရိသများ အညီရှိရာ
ယင်အုံသကဲ့သို့ ဝိုင်းလာရလေအောင် တရုတ်သူဌေး ဦးတင်မြင့်က
ကြံစည်ခဲ့သည်ဆိုလည်းမမှားပေ။

(ထိုခေတ်ကာလက မြန်မာလူမျိုးများ၏ လုပ်အားကိ



အသုံးချ၍ စီးပွားရှာနေသူ အများစုမှာ တရုတ်သူဌေး၊ ကုလား
သူဌေးများသာ . ဘနဖူးသိုက်တူးလိုသူများ ဖြစ်ကြသည်။)

စာရေးသူ။

ကျွန်ုပ် သိဂီကို အကဲခတ် ကြည့်မိသလောက် အလွန်
ချောမောလှပသော မိန်းကလေးဟု မဆိုနိုင်သော်လည်း လင်
ကောင်းသားကောင်းရနိုင်လောက်သည့် အင်္ဂါရုပ်တော့ရှိသည်။

မျိုးရိုးစဉ်ဆက်က ချမ်းသာကြွယ်ဝသောသူတစ်ယောက်
မဟုတ်သည့်တိုင် လောကမံအား ကြံ့ကြံ့ခိုင်နိုင်သော မိန်းကလေး
ဖြစ်ကြောင်း ထင်ရှားလှပေသည်။ သို့သော် ထိုခေတ်ကြီး၌ တိုင်း
တစ်ပါးမှ ကူးစက်လာသည့် ရောဂါဆိုးကား နိုင်ငံခြားယဉ်ကျေးမှု
ကို အားကျခြင်းပင်ဖြစ်၏။

ထို့ကြောင့် သိဂီလို မိန်းကလေးများ မပျက်စီးသင့်ဘဲ ပျက်
စီးရသည်ဟု မှတ်ချက်ချမိလေတော့သည်။

မည်သို့ဆိုစေ သည်လိုမိန်းကလေးအား ကျွန်ုပ်
မကယ်တင် နိုင်။ ကျွန်ုပ်၏စိတ်ထဲ၌ နှိုးဆွနေခြင်းတစ်ခုကား
သူမပြောဆိုနေ သည့် စကားများက အမှန်လော၊
လိမ်ညာပြောဆိုနေခြင်းလော ဝေခွဲရန်သာ ဖြစ်တော့သည်။

'သိဂီနဲ့အစ်ကို နှစ်ယောက်တည်း အေးအေးဆေးဆေး
တွေ့ချင်တယ်'

'ဘယ်တော့လဲ ဟင်'

'မနက်ဖြန် ဟောဒီလိပ်စာအတိုင်း လာခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ကပ်ထဲမှ ကျွန်ုပ်ပိုင်ဆိုင်သော တည်းခိုခန်းတစ်ခုး လိပ်စာကို ရေးပေးရင်း သူမအားချိန်းဆိုလိုက်မိသည်။ သိဂီ အ အရာက ကျွန်ုပ်အပေါ် နားလည်လေဟန်မတူချေ။

စူးစမ်း လေ့လာ သော အကြည့်ဖြင့် ကျွန်ုပ်အား ဆ ဆက်လာခဲ့ပါ့မည်ဟု ကတိပေးရင်း စားပွဲမှ ထသွားလေသည် ကျွန်ုပ်မနက်ဖြန် အတွက် ကြို၍ စိတ်လှုပ်ရှားနေမိသည်။

+ + + + + + + + + +

နုပျိုဆေးကို ပြင်းရှမှန်းသိပါလျက် ထပ်မံ ငုံလိုက်မိသည် အလျင်တစ်ခေါက်လောက် အဝင်မဆိုးတော့။

ကျွန်ုပ် သိဂီအား ချိန်းဆိုခဲ့သည်ကို သတိရနေဆဲ။ နောက် တစ်နေ့ နံနက်လင်းသည်နှင့် ဝိရိယကြီးစွာ စောစော စီးစီးထ၍ တည်းခိုခန်းမှ ရုပ်ဖျက်ထွက်လာခဲ့ရပြန်သည်။

သိဂီနှင့်တွေ့ဆုံခြင်းကိစ္စနှင့် ရုပ်လှနုပျိုဆေးကိစ္စအာ မွေးစားသား ရှိန်းမောင်တစ်ယောက် လုံးဝမသိသေး။



သူ့အား ပုလဲကျွန်း၌ သင်္ဘောပျက်မှ သံထည်ပစ္စည်းများ ကို သွားရောက် ဆယ်ယူခိုင်းထားသောကြောင့် ဖြစ်သည်။

ကျွန်ုပ် ချိန်းဆိုထားသောနေရာသို့ ရောက်ရှိပြီး တစ်နာရီ ခန့်အကြာတွင် သိဂီရောက်လာသည်။ ကျွန်ုပ်ချိန်းဆိုချက်မှာ ညသည့်ကိစ္စကြောင့်ဖြစ်သည်ဟု အကြောင်းပြရန် လိုမည်မထင် ပါ။ ထို့ကြောင့် အငှားကားတစ်စီးဖြင့် မြို့ပြင်ရှိအိမ်တစ်လုံးသို့ ခေါ်ဆောင်လာခဲ့သည်။

ထိုအိမ်ကို ငွေပေး၍ ငှားရမ်းထားခဲ့ပြီးဖြစ်၍ ကျွန်ုပ်တို့ အတွက် အနှောင့်အယှက်မရှိနိုင်မှန်း သိသည်။ အိမ်သို့မရောက် မီကတည်းက ကျွန်ုပ် ရင်ခုန်သံမြန်လာသည်။ ဘယ်အတွက်ကြောင့် ထိုသို့ ရင်ခုန်ရသနည်း၊ စဉ်းစားရခက်လှပါဘိ။

❃ ❃ ❃ ❃

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

### ပျက်ပြယ်နိုင်သော ဆေးတန်ခိုး

သိဂီ၏ ပြုစုယုယမှုအပေါ် ကျွန်ုပ် သာယာနေမိသည်။

အိပ်မောကျနေသော လူတစ်ယောက်ကဲ့သို့ မသိစိတ်က သာယာနေတတ်ခြင်းပင် ဖြစ်လိမ့်မည်။

သိဂီကိုယ်တိုင်က ကျွန်ုပ် အား အထင်ကြီးလေးစားခြင်း ... တခြားယောက်ျားများ နည်းတူ သဘောထားခဲ့ပုံရသည်။

ကျွန်ုပ်အား သူ့ဒွေးဦးအောင်ကြွယ်ဖြစ်လိမ့်မည်ဟု သူ့ ...ထဲ လုံးဝတွေးထားမိဟန်မတူချေ။

ကျွန်ုပ်ကိုယ်တိုင်လည်း နုပျိုသောရုပ်သွင်ကြောင့် သူ့ဒွေး

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကြွယ်ဘဝက ပျောက်ခဲ့ရသည် မဟုတ်ပါလား။

သိဂီအပေါ် သာယာမိခြင်းကား သူ့ဘဝနှင့်လုံးဝ မသက်ဆိုင်ပါ။

ဖောက် ပြန်တတ်သော မျိုးသိပ်စိတ်တစ်ခုအတွက် ဖေ မပြေနိုင်သော ပင် လယ်ရေကို ငန်မှန်းသိပါလျှက် သောက်လျက်နေ မိခြင်း ဖြစ်သည်။

ကျွန်ုပ်၏ မသိစိတ်က ပြစ်မှုတစ်ခုပြီးတစ်ခု ကျူးလွန်မိ လာသော တရားခံတစ်ယောက်ကဲ့သို့ဖြစ်သည်။

ကျွန်ုပ် နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့လေသည်။

ကျွန်ုပ်၏နံဘေး၌ သိဂီရှိနေသည်ကိုပင် မသိနိုင်ရှာတော့ နှစ်နာရီခန့် အိပ်စက်မိသောအခါ ကျွန်ုပ်မျက်နှာ အရေပြားပေါ် ယားကျိကျိဖြစ်လာသည်။

အင်းစက်ပိုးကောင်ကလေးများ သွေးကြောထဲဖြတ်သန်း လာသကဲ့သို့ ယားယံလာသည်။

ကျွန်ုပ် ဆက်မအိပ်နိုင်တော့။ အိပ်ရာထဲမှ ဆတ်ခနဲထ လိုက်ရလေတော့သည်။

ကျွန်ုပ်အတူ လန့်နိုးလာသူက သိဂီပင်ဖြစ်လေသည်။ သူက ကျွန်ုပ်မျက်နှာကိုကြည့်ရင်း. . .

'ရှင်. . . ရှင် ဘယ်လိုလူလဲ'

'မင်း ဘာတွေပြောနေတာလဲ သိဂီ၊ အိပ်မက်မက်ပြီး ယောင်နေတာလား'



ပြောင်းလဲသွားသည့် သူ့အမူအရာနှင့်ပတ်သက်၍ ကျွန်ုပ် လုံးဝနားမလည်နိုင်သောကြောင့် သူမအား မေးခွန်းပြန်ထုတ်လိုက်မိသည်။

'အား'

သိဂီက ဘာမှမပြောဘဲ ကြောင်အမ်းအမ်း ငေးကြည့်နေရာမှ ရုတ်တရက် လန့်အော်လိုက်လေတော့သည်။

ကျွန်ုပ်ကိုယ်ကျွန်ုပ် မသင်္ကာဖြစ်လာခဲ့သည်။ ထို့ကြောင့် ပါးပြင်ကို လက်ဝါးဖြင့်စမ်းကြည့်လိုက်ရာ. . .

'ဟင်. . . ငါ. . . ငါ. . .

မြွေတစ်ကောင် အရေခွံလဲပစ်လိုက်သလို ကျွန်ုပ်၏ မျက်နှာပေါ်၌ နုပျိုလန်းဆန်းခြင်း လုံးဝမရှိတော့ဘဲ အရေပြားများ ကွာကျနေကြောင်းကို သတိထားမိလိုက်လေသည်။

သိဂီက ကြောက်ရွံ့တုန်လှုပ်နေဟန် အနောက်သို့ဆုတ်ရင်း. . .

'ရှင်. . . ရှင်. . . ရှင်ဟာ မျက်နှာနှစ်မျိုးနဲ့လူ၊ ရှေ့မတိုးနဲ့နော် ရှေ့လုံးဝတိုးမလာနဲ့'

'အစ်ကို ရှင်းပြပါရစေဦးကွာ၊ တကယ်တော့ ကိုယ်ဟာ မင်းအပေါ် လိမ်ညာလှည့်စားပြီး ဒီကိုခေါ်လာတာ မဟုတ်ပါဘူး'

'ဘို. . . ရှင်ဘာမှ ရှင်းပြစရာမလိုဘူး၊ ရှင့်လို အိုမင်းရင့်ရော်နေတဲ့ လူတစ်ယောက်ကို ကျွန်မအနေနဲ့ အခုလို စိတ်ကူးထဲတောင် ထည့်မစဉ်းစားဘူး သိလား'

www.burmeseclassic.com



ကျွန်ုပ်အပေါ် မကောင်းဆိုးဝါးတစ်ကောင်ကဲ့သို့ နှင့်
သော စကားလုံးများနှင့် ဆက်ဆံလိုက်သောကြောင့် ခါးသီး
မုန်းတီးမှုများက ရင်ထဲ ဆူးနှင့်ထိုးဆွလိုက်သကဲ့သို့ ဖြစ်သွားမိသ
ကျွန်ုပ်၏မျက်လုံးများက မီးဟုန်းဟုန်းတောက်နေခဲ့လေပြီ။ အ
နှင့် သိက္ခာတရားတို့က ကျွန်ုပ်၏ရင်ထဲ၌ ပဋိပက္ခများ ဖြစ်လာ
လေပြီ။သူဌေး ဦးအောင်ကြွယ်ဆိုသည့် ဂုဏ်ပုဒ်တစ်ခုအတွက်
ကွယ်ရပေတော့မည်။

ထို့ကြောင့် သန်မာထွားကျိုင်းသော ခန္ဓာကိုယ်ကြီး
သူမ မပြေးနိုင်အောင် တံခါးပေါက်ကို ပိတ်ဆို့ထားလိုက်သည်

အခန်းကျဉ်းကျဉ်းလေးအတွင်း၌ပင် သူမက ထွက်ပေ
တစ်ခုကို ရှာဖွေနေသည်။

မသိစိတ်ထဲရှိ အဆိပ်လို ပြင်းထန်လှသော နာကြည်
အမုန်းတရားက တစ္ဆေတစ်ကောင် ပူးကပ်နေသကဲ့သို့ စိုးမိုးထ
လေပြီ။

ထိုအချိန်၌ သူမ၏မျက်နှာက ကျွန်ုပ်အားကြည့်
သွေးပျက်ကြောက်လန့်နေလေပြီ။

'ရှင် ရှေ့မတိုးနဲ့နော်၊ ပြောလို့မရရင် ကျွန်မ အော်လိုက်
သိလား'

မိန်းမတို့၏မာယာနှင့် ကျွန်ုပ်အား ခြိမ်းခြောက်အနိုင်
ဖို့ ကြိုးစားနေပြန်သည်။

ကျွန်ုပ် ဘာမှ မစဉ်းစားနိုင်။ အကယ်၍သာ သူမ



လိုက်ပါလျှင် ကျွန်ုပ်၏ သူဌေး ဦးအောင်ကြွယ်ဆိုသော သိက္ခာ
တရားမှာ အဖတ်ဆယ်စရာ ရှိမည်မဟုတ်တော့။

'အား. . . အင်း'

ကျွန်ုပ်၏ သန်မာလှသော လက်ကြီးများနှင့် လည်ပင်း
ကို ညှစ်သတ်မိခဲ့လေတော့သည်။

❋ ❋ ❋ ❋

www.burmeseclassic.com



## အခန်း (၁၆)

သူမမှာ အားနည်းသူ မိန်းမသားတစ်ယောက် ဖြစ်သောကြောင့် တုံ့ပြန်နိုင်စွမ်း လုံးဝမရှိဘဲ ညည်းညူလျက် ကြမ်းပြင်ပေါ်သို့ ပုံလျက်သား လဲကျ၍ သေဆုံးသွားလေတော့သည်။

ကျွန်ုပ်စိတ်ထဲ၌ သူမကို သတ်မိခဲ့ကြောင်း ဖျတ်ခနဲ အသိတရား ဝင်လာသော်လည်း အရှက်နှင့် သိက္ခာတရားအတွက် ကာကွယ်လိုက်ရသဖြင့် ကျေနပ်နေမိသည်။

သူမ သေဆုံးသွားခဲ့သော်လည်း ကျွန်ုပ်၏စိတ်ထဲ၌ လုံခြုံမှုမရှိနိုင်သေး။

'ငါ လူသတ်မိပြီ. . လူသတ်မိပြီ. . ဘယ်လိုလုပ်မလဲ ငါ သတ်တာကိုသိသွားရင် ဒီနယ်က လုံးဝပြေးလို့လွတ်မှာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



သူ၏အလောင်းကိုကြည့်ရင်း သောကများ ရင်ထဲလောင်ကျွမ်းလာခဲ့လေပြီ။ ကျွန်ုပ်၏ အသွင်ပြောင်းလဲနေသော မျက်နှာကို မည်သူမျှ ကောင်းစွာမမှတ်မိနိုင်သေး။ ထိုအချက်က လွတ်မြောက်ရာ လမ်းစတစ်ခုပင် ဖြစ်တော့သည်။

အလောင်းအား သဲလွန်စ ရှာမရအောင် ဖျောက်ဖျက်ပစ်၍မရသော်လည်း ကျွန်ုပ်သတ်ခဲ့ကြောင်းကို မည်သူမျှမသိအောင် အေးဆေးစွာ သဲလွန်စဖျောက်၍ ရနိုင်သေးသည်။

ထို့ကြောင့် လိုအပ်သည့် သဲလွန်စဖျောက်ဖျက်မှုကို ပြုလုပ်ရင်း ထိုနေရာမှ အမြန်ဆုံး ထွက်ခွာလာခဲ့လေတော့သည်။

ကျွန်ုပ် တည်းခိုခန်းသို့ ပြန်ရောက်သည့်အခါ ညဥ့်ဦးယံအချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

အာနိသင်ပြယ်သောကြောင့် ပြောင်းလဲလာသော မျက်နှာကို မွေးစားသား ရှိန်းမောင် မရိပ်မိစေရန် မူလမျက်နှာ အနေအထားအတိုင်းဖြစ်စေရန် ပြုပြင်စီရင်ရတော့သည်။

ကျွန်ုပ်ထက်အလျင် ရှိန်းမောင်က ပြန်မလာသေးသဖြင့် ကျွန်ုပ်အဖို့ အလွန်ကံကောင်းသည်ဟု ဆိုရပေမည်။

ရှိန်းမောင်တစ်ယောက်ကား ကျွန်ုပ်ဖြစ်ပျက်ခဲ့သမျှ ထူးဆန်းသောကိစ္စများ ကို လုံးဝမသိရှိသေး။ ထိုမြို့ပေါ်၌ လုံးဝမနေလိုဘဲ မိမိနေရပ်သို့ ပြန်ချင်သည်ဟု ကျွန်ုပ်အနေနှင့် ပြောဆိုသည့်အခါ သူက အလွန် အံ့အားသင့် နေရှာသည်။

'ဘယ်လိုဖြစ်ရတာလဲ အဖေရာ၊ ပြန်ချင်တော့လဲ ချက်



...င်းကြီးပါလား၊ ဘယ်လိုလဲ ရန်ကုန်က ရည်းစားကိုလွမ်းနေပြီ ...င်တယ်'

'ပေါက်ပေါက်ရှာရှာကွာ'

မြနှင်းအေးဆီသို့ သူ၏စကားက ရည်ရွယ်သလိုဖြစ်သွား ...သာကြောင့် ကျွန်ုပ်အရှက်ပြေသဘောနှင့် အကြောက်အကန် ငြင်း ...လိုက်မိသည်။

ရှိန်းမောင်ကကြည့်၍ စပ်ဖြီးဖြီးလုပ်နေသည်ကိုပင် မလုံ ...နိုင်။ ထို့ကြောင့်...

'ငါတို့ရည်ရွယ်ချက်အတိုင်း ရတနာတွေ ရှာမှမတွေ့တာ ...ဒါကြောင့် ကုန်ကျစရိတ်လေးကာမိအောင် ငန်းနက်ကျ ပစ္စည်း ...တွေကို ဆက်သယ်နေရတာပဲလေ၊ ...ငါးရက်ရှိ ပြီမဟုတ်လား၊ ...ကုန်က သိရည်ကျိုစက် လည်နိုင်မှဖြစ်မယ် သားရဲ့၊ နို့မဟုတ် ...ငါတို့အပေါ် မှီခိုစားသောက်နေရှာတဲ့ အလုပ်သမားတွေ ဝေ ...နဲ့လိမ့်မယ်'

'ဒါဆိုလည်း အဖေ့သဘောပဲလေ'

ကျွန်ုပ်၏ အကြောင်းပြချက်ကြောင့် ရှိန်းမောင် ယုံကြည်...သွားလောက်ပြီဟု ထင်မိသည်။

ကျွန်ုပ်အတွက် မွေးစားသားတစ်ယောက်အပေါ် လိမ်ညာ...ပြောဆိုရသည့်အလုပ်ကို သည်တစ်ကြိမ်မျှသာ လုပ်ကိုင်မိသော်...လည်း အတော့်ကို စိတ်ပင်ပန်းလှချေ၏

ရှိန်းမောင်အား အစိမ်းရောင်ပုလင်းထဲမှ ထူးဆန်းသော

www.burmeseclassic.com

www.burmeseclassic.com



နုပျိုဆေးရည်နှင့်ပတ်သက်၍ လုံးဝ လျှို့ဝှက်ထားကာမှ ဖြစ်ပေ
တော့မည်။

အကယ်၍သာ ဖွင့်ပြောလိုက်မိပါလျှင် ထိုကိစ္စမှတစ်ဆင့်
မီးနိုးကြွက်လျှောက်လိုက်ကာ စဉ်းစားမိခဲ့ပါမူ သတင်းစာထဲ
ပါလာခဲ့သော ခြေကြိုသိဂီသေဆုံးမှုနှင့် ကျွန်ုပ်အပေါ် သံသယ
မကင်း ဖြစ်လာနိုင်ဖွယ်ရှိ၏။

ချောင်မြစ်တူးလျှင် ပုတ်သင်ဥ မပေါ်စေချင်ပါ။

ထို့ကြောင့်. . .

'ဒီလောက်စွန့်စားရရှင် ကျေနပ်လောက်ပါပြီ ရှိန်းမော
ရယ်၊ ငါတို့အကွက် မြိုက်ကိုလာခဲ့ရတာ ရတနာတွေ ရှာမတွေ့
ပေမယ့် ရေမြေသဘာဝ အသစ်အဆန်းတွေနဲ့ အတွေ့အကြုံတစ်
ခု ရလာတာက အမြတ်ပဲပေါ့'

ဟု၍ ဆိုလိုက်ရာ ကျွန်ုပ်ပြောသည့်စကားအဓိပ္ပာယ်အာ
ရှိန်းမောင်တစ်ယောက် မသိနိုင်ရှာဘဲ အလိုက်သင့် ပြုံးလိုက်ရ
တော့သည်။

ကျွန်ုပ်ကား ရှိန်းမောင်အခန်းထဲမှ ထွက်သွားမှသာ
သက်ပြင်းရှည်ကြီးတစ်ခုကို ဟင်းခနဲ ချနိုင်လေတော့သည်။

အဝတ်အစားသေတ္တာထဲသို့ အစိမ်းရောင်ပုလင်း
ထည့်လိုက်သည်။ နုပျိုလန်းဆန်းသော အရည်တစ်မျိုးနှင့် ပတ်
သက်၍ ကျွန်ုပ် ရင်ထဲ၌ ကြာရှည်စွာ လျှို့ဝှက်ထား၍မဖြစ်နိုင်သော
ထိုကိစ္စအား တစ်စုံတစ်ယောက်အား ဖွင့်ဟတိုင်ပင်လိုစိတ်



ပေါက်လာသည်။

ရန်ကုန်၌ ကျန်ရစ်ခဲ့သော ကျွန်ုပ်မိတ်ဆွေ ဦးတိုးစိန်အား
ဖွင့်ဟတိုင်ပင်ကြည့်လျှင် ကောင်းလေမလားဟု စိတ်ထဲ အောက်မေ့
မိသည်။

ဦးတိုးစိန်က သမိုင်းပါမောက္ခဟောင်းဖြစ်၍ ထိုဆေးနှင့်
ပတ်သက်၍ သိချင်သိမည် မဟုတ်ပါလား။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

## မြွေဆိုလျှင် ဖားမျိုးလိမ့်မည်

အင်းစိန် စီအိုင်ဒီဝင်း၌ မြိတ်မြို့၌ သေဆုံးခဲ့သော သီဂီ
ခေါ်) မြင့်မြင့်ရီဆိုသော မိန်းမချောလေး တစ်ဦးနှင့်ပတ်သက်
စုံထောက်မင်းကြီးက အင်စပက်တာ နေမြင့်အား ဆွေးနွေးရန်
ခေါ်လိုက်၏။ စုံထောက်မင်းကြီးက ရောက်လာလာချင်း အမှုတွဲကို
တ်ရှုရန် ပေးအပ်ထားပြီးဖြစ်သောကြောင့် အမေးအမြန်းထူလွန်း
သည့် အင်စပက်တာနေမြင့်ထံမှ မည်သို့စကား ထွက်လာလေမ
ဟု ဆေးပြင်းလိပ်ကို ဖွာရှိုက်ရင်း စောင့်မျှော်နေသည်။

နေမြင့်က လက်ကိုင်ပဝါဖြင့် နှာခေါင်းပိတ်ရင်း စုံထောက်
င်းကြီးအား လုံးဝမကြည့်ဘဲ အမှုတွဲစိုင်ကိုသာ စိတ်ဝင်စားစွာ
တ်ရှုနေမိသည်။ စုံထောက်မင်းကြီးကိုယ်တိုင်က အလွန်စေ့စပ်

www.burmeseclassic.com

www.burmeseclassic.com



သေချာ သော အင်စပက်တာနေမြင့်တစ်ယောက် အဘယ်ကြောင့် ထိုအမှုကိစ္စနှင့်ပတ်သက်၍ မေးမြန်းခြင်းမရှိသေးရသနည်းဆိုသော ကိစ္စ အား ရင်ထဲမကျေမနပ်ဖြစ်နေရာမှ . . .

"မောင်မင်း. . . ကျွန်ုပ်အား ပြောစရာစကား မရှိလေဘူး လား'

'ရှိပါတယ် မင်းကြီး၊ ကျွန်တော် စကားများပြီး ဒေါသထွက်မှာ စိုးလွန်းလို့ပါ'

အင်စပက်တာနေမြင့် စကားကြောင့် စုံထောက်မင်းကြီး၏ မျက်လုံးတစ်စုံက ဝင်းစက်စက် ဖြစ်သွားကြောင်း ဖါဝါမျက်မှန်အား ဖောက်ထွင်းမြင်လိုက်ရသည်။

'ကျွန်ုပ် မောင်မင်းကို ဒေါသထွက်စရာ မရှိနိုင်ပါဘူး' နေမြင့်က ပြုံးလိုက်ရင်း . . .

'ကျွန်ုပ်ဟာ တာဝန်ဝတ္တရားနှင့် ပတ်သက်လာရင် အလွန်ရိုသေလေးစားတတ်သလို အလုပ်ခွင်ထဲမှာ စည်းကမ်းရှိသေစွာ နေထိုင်လာသူတစ်ယောက် ဖြစ်ပါတယ်၊ ဒါကြောင့် စည်းကမ်းမရှိသူတွေအကြားမှာ ဘယ်လိုအလုပ်မျိုးကို စွမ်းစွမ်းတမံ ကြိုးစားလုပ်နေပေမယ့် မပြီးမြောက်နိုင်ပါဘူး မင်းကြီး'

ရှည်လျားစွာ ပြောဆိုနေသည့် အင်စပက်တာနေမြင့်၏ စကားကို စုံထောက်မင်းကြီးကိုယ်တိုင်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရင်း ဆေးပြင်းလိပ်မီးခိုးများကို မှုတ်ထုတ်နေလေသည်။ မင်းကြီးရှေ့၌ သူနှင့်အတူထိုင်နေသော မြန်မာစုံထောက်



တစ်ဦးနှင့် ပန်ချာပီစုံထောက်တစ်ဦးက သူတို့နှင့်ပတ်သက်၍ မင်းကြီးထံ နေမြင့် မည်သို့သော အတို့အထောင်စကားများ ပြောဆိုနေသနည်းဟု ရင်တထိတ်ထိတ်ဖြစ်မိနေကြသည်။

''တိုတိုနဲ့လိုရင်းကိုသာပြောပါ မောင်မင်း၊ စည်းကမ်းမရှိသူကို ကျွန်ုပ် ခုချက်ချင်း အရေးယူပါ့မယ်'

စုံထောက်နှစ်ဦး၏မျက်နှာမှာ သွေးမရှိတော့သလို ဖြူရော်ရော် ဖြစ်နေရှာလေပြီ။

မင်းကြီးက စုံထောက်နှစ်ဦးအား အကဲခတ် ကြည့်ရှုရင်း အင်စပက်တာ နေမြင့်ထံမှ စကားသံကို စောင့်မျှော်နေလေသည်။

'တကယ်ပြောတာလား မင်းကြီး'

မင်းကြီးက အဖြေထွက်လာတော့မည်ကို အမြန်ဆုံးသိလို၍ ခေါင်းညိတ်ပြလိုက်သည်။

'စည်းကမ်းမရှိတဲ့လူဟာ တခြားလူမဟုတ်ဘူး၊ စုံထောက်မင်းကြီးကိုယ်တိုင်ပါပဲ'

'အို. . .'

မဆင်မခြင်ပြောလိုက်သော အင်စပက်တာ နေမြင့်၏ စကားကြောင့် မင်းကြီး၏မျက်နှာ နီမြန်းသွားပြီး ရှေ့တွင်ထိုင်နေသော တခြားစုံထောက်နှစ်ဦးပင် တအံ့တသြဖြစ်သွားရလေသည်။ အင်စပက်တာနေမြင့်က ဆက်၍. . .

'ကျွန်ုပ်အနေနဲ့ ဆေးလိပ်ထဲမှာ ဆေးပြင်းလိပ်နံ့ကိုမခံနိုင်ဘူးဘဲ၊ နံရံမှာ **No Smoking** ဆိုတဲ့ စာတန်းကပ်ထားပြီး ဆေးပြင်း

www.burmeseclassic.com

www.burmeseclassic.com



လိပ်ကိုသော့ခက်နေသူ မင်းကြီးဟာလည်း အလွန်စည်းကမ်းရှိ
တစ်ယောက် ဖြစ်သွားမှာစိုးလွန်းလို့ပါ'

'မောင်မင်း သိပ်တော်ပါတယ်'

မင်းကြီးက ဒေါသမဖြစ်ပါဘူးဟု စကားချလွှင်ခံထားသေ
ကြောင့် မင်းကြီးမှာ သူ့စကားနှင့်သူ မပြောသာအောင် ဖြစ်လျ
အရှက်ပြေ ပြောဆိုရင်း ပြုံးလိုက်ရလေတော့သတည်း။

(အင်စပက်တာနေမြင့် ပြောဆိုရာ၌ မည်သူ့ကိုမျှ
ညှာတာ။ အလုပ်နှင့်ပတ်သက်လာလျှင် အလွန်စည်းကမ်းကြ
လှသော လူတစ်ယောက်ဖြစ်ကြောင်းကို အင်စပက်တာနေမြင့် ထ
ဆောင်ခဲ့ရသော အမှုတွဲများနှင့် ပတ်သက်သော မှုခင်းဝတ္ထု များ
အလျဉ်းသင့်သလို ဖော်ပြသွားပါမည်။)

စာရေးသူ။

စုံထောက်မင်းကြီးက အင်စပက်တာနေမြင့်နှင့် သ
(ခေါ်) မြင့်မြင့်ရီ ဆိုသော မိန်းကလေးသေဆုံးမှုနှင့် ပတ်သက်သေ
အကြောင်းများကို စတင်၍ ဆွေးနွေးကြလေတော့သည်။

ကျွန်တော့ အယူအဆအရတော့ (Post mort
အလောင်းကို ခွဲစိတ်စစ်ဆေးခြင်းအရ သေဆုံးသူအမျိုးသမီးသေ
ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက် လုံးဝမရှိနေပုံရယ် သေ
မယ့် နံနက်ပိုင်းမှာ သိင်္ဂီဟာ မိုးပြာဟိုတယ်ကို အလုပ်မဆင်း
ခွင့်တင်ထားတယ်ဆိုတဲ့ အချက်ရယ်. . .

စုံထောက်မင်းကြီးက ဆက်လက်၍ မိတ်ဝင်တစား



ထောင်နေမိ၏။

'ခွင့်စာရေးတဲ့ သူ့လက်ရေးဟာ သာမန်ရေးရိုးရေးစဉ် အ
တိုင်း စိတ်ထဲမှာ လွတ်လပ်စွာ ချိန်းတွေ့လို့ကြောင်း သူ့ငွေထဲလိမ်
ညာနေရတယ်ဆိုဟာ ပေါ်လွင်နေပါတယ် မင်းကြီး. .

ဒါကြောင့် သေ ဆုံးသူမိန်းကလေးဟာ သူ့ရဲ့စိတ်ဆန္ဒနဲ့
လူတစ်ယောက်နောက်ကို လိုက်သွားခဲ့လို့ အခုလို အသတ်ခံရတာပဲ
ဆိုတာ အကြမ်းဖျင်း သုံးသပ်မှတ်လိုက်ရပါတယ်'

စုံထောက်မင်းကြီးက အင်စပက်တာ နေမြင့်၏ ပြောပြ
ချက်ကို နားထောင်ရင်း သေဆုံးသူ မိန်းကလေး၏ဓာတ်ပုံကို စိုက်
ကြည့်နေမိသည်။ ပြီးမှ. ...

'ဒီမိန်းကလေးကို လူသတ်သမားက အဓမ္မပြုကျင့်ပြီး သတ်
သွားတာလား မောင်မင်း'

'မဟုတ်ပါ။ ကောင်မလေး ခန္ဓာကိုယ်မှာ အဓမ္မပြုကျင့်လို့
ရုန်းကန်ထားတဲ့ ဒဏ်ရာဒဏ်ချက်များ မတွေ့ရတဲ့အပြင် လူသတ်
သမားဟာ တင်ကူး ကြံရွယ်ခြင်းမရှိဘူးဆိုတာ ထင်ရှားလှပါတယ်'

'အိမ်း. . . အင်မတန်ရှုပ်ထွေးစေတဲ့ အမှုပါလား'

မင်းကြီးက အကွက်ကျကျ စေ့စပ်စွာ ပြောဆိုလိုက်သော
အင်စပက်တာနေမြင့်၏ စကားသံကို နားထောင်ရင်း ယုံကြည်
စိတ်ချစွာဖြင့် ထိုအမှုကိုပါ သူ၏လက်ထဲသို့ တစ်ပါတည်း အပ်
ခဲ့လေတော့သတည်း။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

## သဲလွန်စရသော နှင်းဆီတစ်ပွင့်

အင်စပက်တာနေမြင့်တစ်ယောက် သူ၏လက်ထဲသို့ ...က်လာသော ကျေစ်နှစ်ခုနှင့်ပတ်သက်၍ သဲလွန်စရှာဖွေနိုင် ...အတွက် ပြင်ဆင်ရလေတော့သည်။

အလုပ်တာဝန်ဝတ္တရား နှင့် ပတ်သက်လာလျှင် အရာရာ ...မေ့လျော့ထားတတ်သူတစ် ယောက်ဖြစ်သော်လည်း မြနှင်းအေး ...တော့ သတိရနေတတ်သည်။

'ကိုတို့ တာဝန်ပြီးဆုံးမှလက်ထပ်ကြတာပေါ့နော်' ဆိုသည့် ...အပေါ် နားလည်ခွင့်လွှတ်သည့် လေသံလေးအား နားထဲမှ မ...ာ်နိုင်။

ပင့်ကူနက်ဂိုဏ်း ဆိုးသွမ်း သောင်းကျန်းနေသည့် အမှုကိစ္စ၊

www.burmeseclassic.com

www.burmeseclassic.com



မြိတ်မြို့ အိမ်တစ်လုံး၌ အထက်တန်းလွှာများနှင့် နှစ်မြိုက်တ
သည့် ဧည့်ကြိုမလေး သိဂီသေဆုံးသည့် အမှုကိစ္စ . . .

ထိုကိစ္စနှစ်ခုက ဘူးလေးရာ ဖရုံဆင့် ဆိုသကဲ့သို့ သူ့ေ
ထဲ ရောက်ရှိနေလေပြီ။

ပုလိပ်အဖွဲ့က ပင့်ကူနက်ဂိုဏ်းသားများကို မကြာ
ဖမ်းဆီးမိသော်လည်း ဂိုဏ်းချုပ်မှာ မည်သူမည်ဝါဖြစ်ကြော
သဲလွန်စ မရရှိနိုင်သေး။

သင်သည် ဝံပုလွေများအကြားရှိလျှင် ဝံပုလွေကဲ
အော်ပါ ဆိုသည့် (ပြင်သစ်စကားပုံ) တစ်ခုအရ အင်စပက်
နေမြင့်တစ်ယောက် ဝံပုလွေလိုအော်တတ်ရန် လေ့ကျင့်ရ
သည်။

သူကိုယ်တိုင်က အနောက်တိုင်း ယဉ်ကျေးမှုကို မလို
သူ လူတစ်ယောက်ဖြစ်နေ၍ ပထမတော့ အခက်အခဲ ရှိလှ
ဥရောပဝတ်စုံနှင့် နက်ခ်တိုင်ကို စည်းထားရသည့်အ
စိတ်ကျဉ်းကျပ်မှုတစ်ခုလို ဖြစ်နေမိသည်။

သို့ပေမယ့် အရေခွံဟောင်းတစ်ခုကို ချွတ်၍ သေ
ဟာသုံးလျက် ဒုစရိုက်သမားများ ကျက်စားနေသည့် နယ်ကို
ဖြစ်မည်ဟု သိထားသူဖြစ်သောကြောင့် တက်ကြွနေသည့် စိတ်
အားလုံးကို ရည်ရွယ်ချက်လမ်းသို့ တွန်းပို့လိုက်၏။

သူကိုယ်တိုင် ပျိုမေတို့အကြိုက် စိတ်တိုင်းကျ အ
တိုင်းသားဖြစ်ယောက်လို ဝတ်စားဆင်ယင်တတ်သော လ



ယောက်အဖြစ် ပါတီပွဲများ၌ တွေ့နိုင်အောင် သရုပ်ဆောင်နေရ
လေတော့သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



၄

## အခန်း (၁၉)

ရှစ်မိုင်ရှိ မြို့ကျယ်ကြီးတစ်ခုအတွင်း ကျင်းပနေသော ပါတီပွဲကလေးတစ်ခုသို့ သူစတင်ရောက်ရှိလာခဲ့သည်။ အထက်တန်းလွှာများ၏ ထိတ်ထိတ်ကြဲ ပါတီပွဲကလေးပင် ဖြစ်တော့သည်။

ထိုပါတီပွဲသို့ ဒေါက်တာတင်ထွန်းအောင်၏ အကူအညီဖြင့် အသိုင်းအဝိုင်းထဲ ရောက်ရှိလာရခြင်းဖြစ်သောကြောင့် အခက်အခဲ သိပ်မရှိ လှ။

သူကိုယ်တိုင် ပါတီပွဲသို့မဝင်မီ တပ်ဖိက်လပ် မြင်းပွဲသို့ သွားရောက်၍ မြင်းလောင်းခဲ့ဖူးသဖြင့် အထက်တန်းလွှာ စီးပွားရေးလောကထဲမှ ပုဂ္ဂိုလ်များကို ဝင်ဆံ့နိုင်သူတစ်ယောက် ဖြစ်နေရှာလေပြီ။

ပါတီပွဲတစ်ခုလုံး၌ ဝတ်စားဆင်ယင်လာသူများထဲတွင် မျက်စိထဲ ထူးထူးခြားခြားဖြစ်နေမိသော မိန်းကလေးတစ်ဦးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ အင်စပက်တာနေမြင့်တစ်ယောက် စိတ်ဝင်တစား ကြည့်ရှုမိသည်။

ထိုမိန်းကလေးက အသားဖြူဖြူပိန်ပိန်သွယ်သွယ် ကလေး ဖြစ်သော်လည်း သူ၏ကိုယ်နေဟန်ထား ဝတ်စားဆင်ယင်ပုံကလေး က သူ့အမူအရာနှင့် လိုက်ဖက် ကင့်တယ်လွန်းလှ၏။

'သူက ဘယ်သူလဲ တင်ထွန်းအောင်'

ထိုမိန်းကလေးနှင့် ပက်သက်၍ သိလိုသော ကိစ္စများ ဒေါက်တာတင်ထွန်းအောင်ထံ တိုးတိုးတိုးတိုး မေးမြန်းလိုက်မိသည်

'သူ့နာမည်က နယ်လီတဲ့၊ ရန်ကုန်ကို ရောက်လာတာ မကြာသေးဘူးပေါ့၊ တို့အသိုင်းအဝိုင်းထဲမှာတော့ အသစ်စက်စက် မိန်းကလေးတစ်ယောက် သို့ပါတော့ကွာ'

'ဒါနဲ့ သူက အခုက ဘယ်မှာနေလို့လဲ'

'အင်း . . ငါကြားမိတာကတော့ မြိတ်မြို့ ဆိပ်ကမ်းသ အရပ်က မိုးပြာဟိုတယ်မှာ ဘာလိုလိုပဲကွ၊ သူ့နေပုံထိုင်ပုံက ဆိုရှယ် ကျနေတော့လဲ ပြောရအခက်သားပဲ မဟုတ်လား'

မြိတ်မြို့ မိုးပြာဟိုတယ်ဆိုသောစကားကို ကြားမိလိုက် ရုံနှင့် နယ်လီဆိုသော မိန်းကလေးထံတွင် သူလိုချင်သော သဲလွန် တစ်ခုခုကို ရနိုင်ဖို့ ရာခိုင်နှုန်းပြည့် ကျိန်းသေနေပြီဟု သိလိုက် မိသည်။

ထို့ကြောင့် တင်ထွန်းအောင်ကို နှုတ်ဆက်၍ နယ်လ ဆိုသောမိန်းကလေးနှင့် ရင်းနှီးလာမည့်အခွင့်အရေးကို ရှာဖွေ



တွက် ပါတီပေးနေသောနေရာသို့ ထွက်လာခဲ့သည်။

နယ်လီက မာတ်စက်မှထွက်လာသော သီချင်းသံနှင့်အတူ ယ်လက်ခြေတို့ အငြိမ်မနေဘဲ လှုပ်လှုပ်ရွရွဖြစ်နေသည်။

မလှမ်းမကမ်း၌ ကနေကြသော စုံတွဲကလေးများကို အား နေသလား မဆိုသာ။ ဟိုသည်လှောက်ကြည့်ရင်း တွဲကမည့် ဖော်ရှာနေသည်ဟု ထင်မိသည်။

ထိုအသိုင်းအဝိုင်းထဲသို့ ရောက်ရှိလာသည်မှာ မကြာ သေးသောကြောင့် သူ့အပေါ် လှိုက်လှဲစွာ ဆက်ဆံမည့်သူ လူတစ် ယောက်လိုနေမှန်း သတိထားမိသည်။

ရင်ညွန့်ဆီမှ နှင်းဆီရဲရဲလေး တစ်ပွင့်လည်း အောက်သို့ တ်ကျလုလုဖြစ်နေသည်။

ပန်းဖူးငုံ နီနီရဲရဲကလေးကဲ့သို့ လိုက်ဖက်တင့်တယ်သော န်းကလေးတစ်ပွင့်အား ထိုးလာပုံကလေးကအစ တခြားမိန်း လေးတွေထက် ထူးခြားနေခြင်းဖြစ်သည်။ နေမြင့်က နယ်လီ အမူအရာလေးကို ဂရုတစိုက်ငေးကြည့်နေကြောင်း သိရှိပုံမရ။

ကြည့်နေရင်း ရင်ညွန့်၌ ထိုးထားသော နှင်းဆီကလေး စ်ပွင့်က အောက်သို့ပြုတ်ကျသွားခဲ့လေ၏။ အခွင့်အလမ်း တစ်ခု စောင့်နေသော နေမြင့်က ပန်းတစ်ပွင့်ပြုတ်ကျကျန်ရစ်ခဲ့သော ယ်လီထံ လိုက်လံပေးလိုက်ရင်း တစ်ဦးနှင့်တစ်ဦး သိကျွမ်း ရင်းနှီး အောင် မိတ်ဆက်လိုက်၏။

သည်လောကထဲ၌ လူတစ်ယောက်နှင့် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးကျွမ်းဝင်မှုကား စက္ကန့်ပိုင်းအတွင်း၌ပင် ဖော်ဆောင်မှုရသွား
သည်မို့ အဆန်းမဟုတ်တော့ပေ။

နေမြင့်၏ ရုပ်သွင်ကို အကဲခတ်ကြည့်ရင်း ယုံကြည်စိတ်
များစွာဖြင့် ရင်းနှီးမှု ရရှိသွားလေတော့သည်။

'ဘယ့်နှယ်လဲ နယ်လီ အစ်ကို့အစီအစဉ်ကို လက်ခံမ
မဟုတ်လား'

နေမြင့်၏ အမေးစကားကို နယ်လီက ဖော်ရွေသေ
အပြုံးနှင့် တုံ့ပြန်ရင်း . . .

'အင်းလေ . . . အစ်ကိုကြီးက စေတနာနဲ့ ပြုစုကျွေးမွေး
ချင်တယ်ဆိုရင် နယ်လီက လာရတော့မှာပေါ့၊ နယ်လီ ရန်ကု
ရောက်တာ သိပ်မကြာသေးပါဘူး၊ ဒါကြောင့် လိုအပ်တဲ့ အကူအည
ရှိရင်တော့ အစ်ကိုကြီးပဲ အားကိုးပါရစေနော်'

'ရပါတယ်ဗျာ . . . တစ်ယောက်နဲ့တစ်ယောက် ခင်မ
ရင်းနှီးလာပြီးမှတော့ ဒီလောက်လေး ကူညီဖို့ပြောတာ ကျွန်တေ
အတွက် အပန်းမကြီးပါဘူး'

နယ်လီက နေမြင့်တစ်ယောက် သူ့အပေါ် စွဲလမ်းမှုဖြ
ရက်စတော့ရင့်စာစ်ခုသို့ ဧည့်ခံကျွေးမွေးရန်ဖိတ်ခေါ်လိုက်သည
ဟု ထင်သွားပေတော့မည်။

နေမြင့်အဖို့ ထိုပါတီပွဲ၌ နယ်လီနှင့် မိတ်ဆွေဖြစ်ခဲ့
သည့်အတွက် ဝမ်းသာမဆုံးနိုင်ခဲ့။

မြိတ်မြို့၌ သေဆုံးသွားသူ သိဂီနှင့်ပတ်သက်၍ နယ်



ထံမှ သိရှိနိုင်သည့်အပြင် နယ်လီအား အသုံးချ၍ ပင့်ကူနက်
ဂိုဏ်းနှင့် ပတ်သက်သမျှကို သဲလွန်စပင် ရှာဖွေနိုင်သေးသည်
မဟုတ်ပါလား။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

## နယ်လီထံမှ သဲလွန်စ

'နယ်လီသိတဲ့ အဖြစ်အပျက်ကတော့ အဲဒီအတိုင်းပါပဲ ကို နေမြင့်၊ သူဆုံးသွားကတည်းက နယ်လီရင်ထဲမှာ သောကတွေ မွှန်လောင်နေပါတယ်. . . . .

အဲဒီလူကို သူမသေမီ နှစ်ရက်အလိုမှာ နှစ်ယောက်သား ညှိကြိုလုရင်း စကားများမိပါသေးတယ်၊ အဲဒီနောက် အဲဒီလူစိမ်းနဲ့ သူ အဆင်ပြေသွားကြပြီး နောက်တစ်နေ့မှာ သူ အသတ်ခံရတယ်လို့ ကြားလိုက်ရတာပါပဲ'

နယ်လီက မြိတ်မြို့ မိုးပြာဟိုတယ်၌ သိဂီမသေဆုံးမီကတောက်ကဆ ဖြစ်လာခဲ့ကြရသည့် အဖြစ်အပျက်ကို နေမြင့်အား



ပြန်လည် ပြောပြလိုက်လေသည်။

နေမြင့်က နယ်လီပြောသမျှအားလုံးကို စကားသံတင်ကေတဲ လူကိုပါ ငေးစိုက်အကဲခတ်ကြည့်နေသည်။

သိဂီနှင့်ပတ်သက်၍ အသိမိတ်ဆွေတစ်ယောက်အား မေးမြန်းသည့် သဘောဖြင့် စုံစမ်းနေခြင်း ဖြစ်သောကြောင့် သူ့အား အင်စပက်တာတစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်မိပုံမရချေ။

'ပုလိပ်အဖွဲ့ကတော့ သူသေဆုံးမှုနဲ့ ပတ်သက်လို့ နယ်လီအပေါ်ခေါ် မစစ်ကြဘူးလား'

'စစ်ဆေးလွန်းအားကြီးလို့ စိတ်ညစ်ညစ်နဲ့ ရန်ကုန်ကို ပြေးခဲ့ရတာပဲ အစ်ကို၊ ရဲအဖွဲ့က နယ်လီ့ကို မသင်္ကာဘူးလေ၊ မသေဆုံးမီက စကားများထားတာလေးက ရှိနေတော့ နယ်လီကပဲ ကြေးစားလူသတ်သမား ငှားရမ်းပြီး လုပ်ကြံသလိုလို ထင်နေကြတာ'

'ဪ'

နေမြင့်က နယ်လီပြောသမျှကို အလိုက်သင့် ခေါင်းညိတ်ပြီး ထောင်နေရသော်လည်း သူသိချင်သော ကိစ္စများကို ထပ်မံမေးမြန်းချင်မိသည်။ သို့သော် သူ့အနေဖြင့် မေးသင့်မမေးသင့်ကို ချင့်ချိန်နေရသေးသည်။

နေမြင့်မှာ ပါးနပ်မှုရှိသော အင်စပက်တာတစ်ယောက်ပင်ဖြစ်သည်။ အလွန်အမေးအမြန်းထူလှသော လူတစ်ယောက်ပင်ဖြစ်သည်။ ကိစ္စတစ်ခုကို စေ့စပ်သေချာမှုရှိအောင် စုံစမ်းပြီးမှ ဆိုင်ရာလုပ်ဆောင်မှုကို အစီအစဉ်တကျ လုပ်ဆောင်လေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



မအောင်မြင်သောအမှု ဟူ၍မရှိ။

သို့ပေမယ့် အခက်အခဲတော့ အနည်းနှင့်အများ ရှိတ ၏။ နယ်လီ၏ ပေါသံဟန်ပန်ကအစ လိမ်ညာပြောဆိုခြင်း မဟု မှန်း သိသာပေါ်လွင်လှသည်။

'စောစောကပြောသလို သိဂ္ဂိနဲ့တွဲသွားတဲ့ လူစိမ်းဆိုတ က ဘယ်သူလဲ'

'အဲဒါတော့ နယ်လီလဲ သေသေချာချာမသိဘူး အစ်ကိ သူ့ကို အဲဒီတစ်ကြိမ်ပဲ နယ်လီကတွေ့ခဲ့ဖူးတာ'

'သူ့ပုံစံကရော ဘယ်လိုလဲ'

နယ်လီက ရယ်သည်။ နေမြင့်က ဆင်ခြင်နေသည့်ကြား မမျှော်လင့်ဘဲ ကြားဖြတ်မေးလိုက်သော စကားကြောင့်. . .

'အစ်ကိုက အင်စပက်တာကြီးကျနေတာပဲ၊ အမှုတစ်ခု စစ်လိုက်ဆေးလိုက်နဲ့'

နေမြင့် အရှက်ပြေ ပြုံးလိုက်မိသည်။ သူ့အဖြစ်က ဟ ဆောင်နေရခြင်းကို သတိမလွတ်သွားစေရန် တရားမှတ်နေရသည လူတစ်ယောက်လို ဖြစ်နေရသည်။

'အဲဒီလူက ရုပ်ရည်သန့်သန့်ပြန့်ပြန့်၊ အရပ်ကထော ထောင်မောင်းမောင်း၊ အဲ. . . အစ်ကိုထက် လက်နှစ်လုံးလော မြင့်မယ်၊ သူ့ကို ဒီနယ်မှာ တစ်ခါပဲ တွေ့ဖူးတယ်အစ်ကို'

နယ်လီပြောပြသော လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန် အတွေးထဲ ပုံဖော်ကြည့်နေမိသည်။



'အဲဒီလူအသက်က ဘယ်လောက်ရှိလဲ'

'နှစ်ဆယ်ကျော်ကျော်လောက်လေ'

နယ်လီထံမှ လိုအပ်သော အချက်အလက်များကို သဲလွန်စ ရှာဖွေခဲ့ရသောကြောင့် အထူးပင်ကျေနပ်နေမိသည်။

သည်လောက် ဆိုလျှင် သူ့အတွက် အမှုရှာဖွေရန် မခက် နိုင်တော့။

နယ်လီနှင့်အတူ ရက်စတောရင့်၌ ကုန်ကျခံရသော ဝမ်း တောဘယ်ဖိုးတော့ မေးမြန်းစုံစမ်းခဲ့ရသော ကိစ္စများနှင့်ပင် ကျေနပ် လောက်ပြီဟုထင်မိသည်။ နယ်လီ မရိပ်မိစေရန် တခြား တွေရာ လေးပါးစကားတို့ကို လှည့်ပတ်ပြောဆိုလိုက်ရင်း. . .

နယ်လီအပေါ် မြင်မြင်ချင်းပင် ခင်မင်မိကြောင်း ယခု တလော ပင့်ကူနက်ဂိုဏ်းက နေရာအနှံ့သောင်းကျန်းနေသဖြင့် အသွားအလာ ဆင်ခြင်ဖို့နှင့် မကြာခဏ သူနှင့်တွေ့ဆုံကြရန်ပြော ဆိုလိုက်လေသည်။

နယ်လီ ပြောပြသည့်အတိုင်း မိုးပြာဟိုတယ်၌ တစ်ကြိမ် သာတွေ့ပြီး လုံးဝပျောက်ကွယ်သည်ဆိုသော လူစိမ်းတစ်ယောက် အကြောင်းကို ခေါင်းထဲထည့်ထားလိုက်မိသည်။

ထို့နောက် နှစ်ယောက်သား ရက်စတောရင့်မှာ အတူ ပြန်လာခဲ့ကြလေသည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

## ဝဏ္ဏသိဒ္ဓိဆေး

ကျွန်ုပ်ကား လောကကြီးထဲ၌ မယုံကြည်နိုင်လောက်အောင် ထူးဆန်းအံ့ဖွယ်ကောင်းသည့် အဖြစ်အပျက်တစ်ခုနှင့် ကြုံခဲ့ရသူ လူတစ်ယောက် ဖြစ်ခဲ့ရလေပြီ။

ကျွန်ုပ်ကိုယ်တိုင် စီးပွားရေးလုပ်ငန်းမှတစ်ပါး အခြား စိတ်ဝင်စားဖွယ်ကိစ္စမရှိနိုင်ဟု အကြွင်းမဲ့ယုံကြည်ထားသူ လူတစ်ယောက်ဖြစ်၏။

နုပျိုလန်းဆန်းစေသည့် အစိမ်းရောင် ပုလင်းတစ်လုံးထဲမှ ဆေးရည်ကို ထမ်းမသောက်ဖို့ မငြင်းရဲပေ။

အချိုးအစားတကျ ပြန်လည်ဖော်စပ်လျှင် ရနိုင်ကောင်းဟု တွေးမိသော်လည်း ရှေးဟောင်း ကျမ်းစာတစ်စောင်အရ ဖော်စပ်

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းဖြစ်၍ ပြင်၍မရနိုင်မှန်း သိသည်။

ကျွန်ုပ်မိတ်ဆွေ ဦးတိုးစိန်ထံ မြိတ်မြို့က ပြန်လာစဉ်ကတည်းက သွားရောက်တိုင်ပင်ကြည့်လျှင် ကောင်းလိမ့်မည်ဟု စိတ်ကူးမိသော်လည်း မိမိရင်ထဲမှ လျှို့ဝှက်ကိစ္စကို ဖော်ထုတ်ရန်မသင့်ဟု ယူဆမိပြန်သဖြင့် မသွားဖြစ်တော့။

သံရည်ကျိုစက်ထဲ၌သာ နှစ်ပေါင်းကြာမြင့်စွာ ဘဝကို မြှုပ်နှံထားရသူ ဖြစ်သောကြောင့် ပျင်းရိနေသည်ကတစ်ကြောင်း. . .

အိမ်ထောင်ပြုခြင်းကား ကျွန်ုပ်၏ သောကများကို လျှော့ပါးစေ၍ ပျော်ရွှင်မှုကို နှစ်ဆတိုးတာ ကုန်ကျစရိတ်အား လေးဆတိုးစေသည်ဟူသော အဆိုအမိန့်ကြီးကို လက်ခံယုံကြည်မိသည်ကတစ်ကြောင်းကြောင့် လူပျိုဘဝကိုသာ ဖက်တွယ်နေခဲ့သည်။

ယခုတော့ မြနှင်းအေးကို မြင်မိကတည်းက ထိုအယူအဆများအားလုံးကို စွန့်လွှတ်ရဲသည့်သတ္တိ ရှိလာပြီ။

မြနှင်းအေးက သူ့အပေါ် စိတ်ဝင်စားမှု မရှိသည်မှာ ရုပ်ရည်ကြောင့် ဖြစ်လိမ့်မည်ဟု အမြဲလိုလို အားငယ်စိတ်ဖုံး လွှမ်းနေခဲ့ရသည်။

ယခုတော့ ထိုအရာအားလုံးကို လုံးဝဂရုမစိုက်လိုတော့။ ကျွန်ုပ်၏ရုပ်ရည်ကို အသက်နှစ်ဆယ်ကျော်ကျော်အရွယ် ဖြစ်လာအောင် နုပျိုခွင့်ရှိပြီ။

ကျွန်ုပ်ကား လက်ဝယ်ရှိနေသော နုပျိုဆေးကို မည်သို့



ုံးစွဲရမည်ကို အဖြေရှာမရ ဖြစ်နေလေပြီ။

'တဏှာ' ဟူသော တပ်မက်လိုစိတ်အာရုံတစ်ခုကို ငါးစာပေါ် ချိတ်တပ်ထားကြောင်းမြင်ပါလျက် ဖွတ်အတင်းတိုးဝင် စားသောက်ချင်လှသော ငါးတစ်ကောင်ကဲ့သို့ ဖြစ်နေမိသည်။

အလုပ်ကိုလည်း ကျွန်ုပ်အရင်ကလောက် စိတ်ဝင်စားခြင်း မရှိတော့။

အစိမ်းရောင်ပုလင်းတစ်လုံးထဲမှ နုပျိုဆေးကို မည်သို့ ုံးစွဲရမည်။

မြနှင်းအေးစိတ်ဝင်စားလာအောင် မည်သို့ပြောဆိုရမည်ကိုသာ တစ်နေကုန် ထိုင်တွေးနေမိသည်။

ရှေးဟောင်း ဆေးကျမ်းများကို လက်လှမ်းမီသလောက် ှာဖွေသော်လည်း ထိုဆေးက မည်သည့်နာမည် မှည့်ထားကြောင်း ည်သည့် ခေတ်ကာလက တီထွင်ခဲ့ကြောင်းကို မသိရသေး။

သက္ကတလ ဆေးကျမ်းတစ်စောင်ကို ဖွင့်၍ ထိုဆေးနှင့် ်နီးစပ်ဆုံးဆေးများ ဖော်စပ်ပုံ၊ သုံးစွဲပုံနှင့် ရှောင်ရှားရန် ခံတ် ်များအကြောင်းကို ဖတ်မှတ်လေ့လာနေမိသည်။

'ဆရာ. . . ဧည့်သည်တစ်ယောက် ရောက်နေပါတယ်'

အခန်းဝမှ ကျွန်ုပ်၏ တပည့်လေးတစ်ဦး လာပြောလိုက် ်ဖြင့် ဆေးကျမ်းကိုပိတ်၍ ဧည့်ခန်းဆီသို့ ထွက်လာခဲ့မိသည်။

ဧည့်ခန်း၌ရောက်ရှိနေသူက ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဝင်ပါမောက္ခဟောင်း ဦးတိုးစိန်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဦးတိုးစိန်ကို မြင်မိသောအခါ ဝမ်းသာခြင်း၊ တုန်လှုပ်ခြင်း အံ့ဩခြင်း အားလုံးကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရသကဲ့သို့ ဖြစ်လာမိသည်။

'ခင်ဗျားက တော်တော်ဆိုးတဲ့လူပဲဗျာ၊ ကျုပ်ကိုချိန်းထား ပြီး မြိတ်ကျွန်းကိုခရီးထွက်သွားရတယ်လို့ ၊ ကျုပ်မှာဖြင့် ခင်ဗျား လာမယ်ထင်ပြီး စောင့်လို့'

ကျွန်ုပ်အား မြင်မြင်ချင်း ဦးတိုးစိန်က အပြစ်တင်ပြော ဆိုလိုက်၏။

ကတိပျက်ယွင်းခဲ့သူ လူဟာစ်ယောက် ဖြစ်သောကြောင့် စိတ်ထဲ လုံခြုံမှုမရှိသလို ဖြစ်မိသည်။

သို့သော် ကျွန်ုပ်က ဟန်ဆောင်ပြုံးလိုက်ရင်း. . .

'ဆောရီး. . . ကိုတိုးစိန်ရေ ကျွန်တော်လဲ အဲဒီရက်ပိုင်း တုန်းက အလုပ်တွေ သိပ်ရှုပ်နေလို့ ကတိပျက်သွားမိတာတော့ ခွင့်လွှတ်ပါ'

ကျွန်ုပ်၏စကားကို ဦးတိုးစိန်က စိတ်ထဲ ကျေနပ်ပုံမပေါ် မျိုးသိပ်လိုသည့်အနေနှင့် ဆေးတံကိုထုတ်၍ မီးငြိဖွာရှိုက်နေသည်။ ပြီးမှ. . .

'ဘယ်နှယ်လဲ ပုလဲကျွန်းမှာ ငန်းနက်ဆိုတဲ့ သင်္ဘောပျက်ကို တွေ့ခဲ့ရဲ့လား'

ဗျာ'

ကျွန်ုပ် အရမ်းအံ့အားသင့်သွားခဲ့သည်။ ပုလဲနက်ကျွန်း



ကိုသွားမည့်ကိစ္စ မည်သူ့ကိုမှ အသိမပေးခဲ့။ ကျွန်ုပ်နှင့် မွေးစား သား ရှိန်းမောင်သာ သိနိုင်လိမ့်မည်။

ယခုတော့ ကျွန်ုပ် မျှော်လင့်မထားသလို ဦးတိုးစိန်က ဖါဝင်နေပြန်သည်။

❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၂ )

'သိပ်အံ့ဩနေပြီလား ကိုအောင်ကြွယ်၊ ခင်ဗျားက တယ်လဲ မေ့တတ်တာကိုးဗျ၊ ခင်ဗျား ကျုပ်ကို စုံစမ်းရှာဖွေခိုင်းထားတဲ့ န်းနက်သဘောက ပုလဲကျွန်းမှာ နစ်မြုပ်တယ်ဆိုတာကို မှတ်တမ်း တွေ့လို့ ပြောလိုက်မိတာလေ'

ဦးတိုးစိန်ပြောပြမှ ခရီးမထွက်မီ ကျွန်ုပ် သွားရောက် မေး မြန်းခဲ့သောကြောင့် ယခုလို ပြောပြနိုင်သည့်အကြောင်းကို နားလည် သဘောပေါက်သွားမိလေသည်။

ဦးတိုးစိန်အား ကျွန်ုပ်သိလိုသော ကိစ္စများနှင့် ပတ်သက် ၍ သွယ်ဝိုက်သောနည်းပရိယာယ်ဆင်၍ မေးမြန်းကြည့်မှ ဖြစ်တော့ ည်ကို သိသဖြင့်. . .

'ခင်ဗျားကို ကျုပ်ပြစရာတစ်ခုရှိတယ် ကိုတိုးစိန်'

'ဘာများပါလိမ့်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ခဏစောင့်ပါဦး'

ဦးတိုးစိန်အား ခဏစောင့်ခိုင်းလိုက်ရင်း အခန်းတွင်းမှ ကြေးနီသေတ္တာကို ထုတ်ယူလိုက်၏။

ထိုသေတ္တာပေါ်၌ အလွန် လေးနက်သော စာကလေးများရှိ၏။

ထိုစာကလေးများနှင့် ပတ်သက်၍ ကျွန်ုပ်အနေနှင့် ဦးတိုးစိန်အား ဖတ်ပြခိုင်းရန်ဖြစ်သည်။

စာတချို့မှာ သံချေးခွာရင်း ပါသွားသောကြောင့် ပျက်ယွင်းစပြုနေသည်။

သို့သော်လည်း သမိုင်းကြောင်းကိုသိနားလည်သူ ဦးတိုးစိန်က ပြောပြနိုင်လိမ့်မည်ဟု ကျွန်ုပ်ထင်သည်။

အစိမ်းရောင်ပုလင်းနှင့် ပတ်သက်၍ သူ့ကို မသိစေချင်၍ ကြေးနီသေတ္တာကိုသာ ထုတ်ယူလာခဲ့သည်။

'အဲဒီသေတ္တာကို ငန်းနက်သင်္ဘောပျက်ထဲကတွေ့တာဗျ'

ဦးတိုးစိန်က ကျွန်ုပ်လှမ်းပေးသော သေတ္တာကိုယူ၍ လွယ်အိတ်ထဲမှ မှန်ဘီလူးကိုထုတ်လျက် ကြည့်ရှုလိုက်ရင်း. . .

'သေတ္တာပေါ်မှာ ရေးထားတာက ရှေးဟောင်း-မွန်လူမျိုးတွေရဲ့စာပဲဗျ'

'ဘာတွေရေးထားတာလဲ'

သက္ကရာဇ် ၈၃၃-၈၅၃ ခုနှစ်က နန်းတက်ခဲ့တဲ့ မိဖုရားကြီး ရှင်စောပုရဲ့ သမက်ဖြစ်တဲ့ ဓမ္မစေတီမင်း အကြောင်းပဲပေါ့



ဖျက်ယွင်းနေသော စာများကို ဦးတိုးစိန် ဆက်မဖတ်နိုင်တော့ဘဲ ကျွန်ုပ်မေးသည့်စကားကိုသာ အလိုက်သင့် ပြန်လည်ဖြေကြားလိုက်သည်။

ကျွန်ုပ်အနေနှင့် အားမလိုအားမရဖြစ်သွားမိ၏။

ကျွန်ုပ်သိလိုသော အကြောင်းအရာကိုက ဦးတိုးစိန် ယခုလို ပြောပြသလောက်နှင့် မပြည့်စုံနိုင်သဖြင့်. . .

'ဒီလိုဗျ. . ကြေးနီသေတ္တာတစ်လုံးအပေါ်ပါတဲ့ ဓမ္မစေတီမင်းအကြောင်းရယ်. .

အဲဒါကို ကျုပ်က ပြည့်ပြည့်စုံစုံ သိချင်နေတာဗျ၊ ခင်ဗျားက သမိုင်းပါမောက္ခဟောင်းကြီးဆိုတော့ သုတေသန လုပ်ထားတာလေး ရှိမှာပေါ့၊ အဲဒီအကြောင်းကို ပြောပြပါလားဗျာ'

ကျွန်ုပ် လုံးဝ ဟန်ဆောင်နိုင်မှုမရှိဘဲ ပွင့်လင်းစွာမေးမြန်းလိုက်ရလေတော့သည်။ ဦးတိုးစိန်က ဆေးတံကိုဖွာရင်း စဉ်းစားတွေးတောနေသည်။ ပြီးမှ. . .

'မိဖုရားကြီးရှင်စောပု အကြောင်းတော့ ခင်ဗျားကောင်းကောင်းသိမှာပေါ့'

'ဟာ. . . သိတာပေါ့ဗျာ၊ ရာဇဓိရာဇ်မင်းကြီးရဲ့ သမီးတော် ရှင်ဘုရင်မကြီးတစ်ပါးပဲ၊ မစောပုမြို့လို့တောင် အမည်တပ် ပေးရတာပဲ မဟုတ်လား။ မိဘုရားကြီးရှင်စောပုရဲ့အရိုးအိုးကို ဓမ္မစေတီ သိမ်မြောက်ဘက်သုသာန်ကျောင်းမှာတောင် ထားသေးတယ်လေ'

ကျွန်ုပ်က လူပြိန်းတစ်ယောက် မဟုတ်ကြောင်းသိသာစေ

www.burmeseclassic.com



ရန် ဦးတိုးစိန်ကို အားကျမခံ ပြောဆိုလိုက်၏။

ကျွန်ုပ်အား စီးပွားရေးတွင်သာ အာရုံစိုက်နေရသူ တစ်ယောက်အဖြစ် မသတ်မှတ်ဘဲ ဗဟုသုတရှိသောလူတစ်ယောက်အဖြစ် နားလည်သွားခဲ့လေပြီ။

'ရှင်စောပုက သမက်တော် ဓမ္မစေတီမင်းကို ထီးနန်းပေးတယ်ဆိုတာ ထိုက်တန်တဲ့အရည်အချင်း များစွာရှိလို့ပဲ ကိုအောင်ကြွယ်. . .

ဓမ္မစေတီမင်းဟာ လက်ရုံးရည်ရော နှလုံးရည်ရောပြည့်ဝတဲ့အပြင် တရားဓမ္မကို မွေ့လျော်သူပါပဲ၊ စာပေကျမ်းဂန်တွေဆေးကျမ်းတွေကို တတ်မြောက်ရုံသာမကဘူး၊ ဘုရားစေတီတွေကိုတည်ပြီး သာသနာထွန်းကားအောင် ဆောင်ရွက်တတ်သေးတယ်လေ . . . .

တရားစီရင်ရာမှာလည်း ဓမ္မစေတီမင်းရဲ့ ဖြတ်ထုံးဟာ အကောင်းဆုံးပဲလို့ ဆိုရပြန်တယ်လေ'

'ဒါနဲ့ ကလျာဏီသိမ်ကို ဓမ္မစေတီမင်းပဲ တည်ခဲ့တာ မဟုတ်လား ဗျ'

'သိပ်ဟုတ်တာပေါ့ဗျာ၊ သိမ်သမုတ်ရုံတင်မကဘူး၊ အဝေးအနီးအရပ်မှာရှိတဲ့ ရဟန်းသံဃာတော်တွေကိုတောင် ရဟန်းအသစ်ခံပွဲ ကျင်းပပေးလိုက်သေးတယ်လေ'

'ဒါနဲ့ မသိလို့ မေးပါရစေဦးဗျာ၊ ပေါ်တူဂီသင်္ဘောပေါ် ဓမ္မစေတီမင်းရဲ့ သေတ္တာတစ်လုံးက ဘယ်လိုရောက်လာရတာလဲ'



ဦးတိုးစိန်က ကျွန်ုပ် နောက်ဆုံးမေးလိုက်သော စကားတစ်ခွန်းကို ချက်ချင်း မဖြေနိုင်သေးဘဲ ကြေးနီသေတ္တာကို လှည့်ပတ်ကြည့်ရှုရင်း မှန်ဘီလူးတစ်လက်ဖြင့် အဖြေရှာနေသည်။

❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၃ )

'ပေါ်တူဂီလူမျိုးတွေဟာ မြန်မာသက္ကရာဇ် ၈၅၉ ခုနှစ်က တည်းက ဗတ်စကိုဒဂါးမား ဆိုသူကစပြီး ရေလမ်းခရီးက စတင် ဝင်ရောက်ခဲ့သူတွေပဲပေါ့ . .

သေတ္တာထဲမှာ ရေးထားတဲ့အတိုင်းဆိုရင် ဓမ္မစေတီမင်း လက်ထက်မှာ နန်းတွင်းသမားတော်တစ်ဦးက ဝဏ္ဏာသိဒ္ဓိလို့ခေါ်တဲ့ အသက်ရှည်နုပျိုစေနိုင်တဲ့ ဆေးတစ်မျိုးကို ဖော်စပ်ခဲ့တယ်လို့ သေတ္တာပေါ်မှာ မှန်စာနဲ့ ရေးထားခဲ့တာပါပဲ'

'အဲဒီ ဝဏ္ဏာသိဒ္ဓိဆိုတဲ့ ဆေးသာ အပြင်မှာ တကယ်ရှိရင် ဘယ်လောက်ကောင်းလိုက်မလဲနော်'

ကျွန်ုပ်ကမသိချင်ဟန်ဆောင်ပြီး ဦးတိုးစိန်အား ဝဏ္ဏာသိဒ္ဓိ ဆေးနှင့်၊ပတ်သက်၍ ပြောဆိုလိုက်မိသည်။

ဦးတိုးစိန်က ကျွန်ုပ် အားအကဲခတ်ကြည့်ရှုလိုက်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



'ကိုအောင်ကြွယ်ကိုကြည့်ရတာ အသားအရေတွေ နုပျို လာသလိုဘဲဗျ'

'အို. . ပေါက်ပေါက်ရှာရှာဗျာ၊ ကျုပ်က အရင်အတိုင်းပါပဲ ဘာမှ မပြောင်းလဲပါဘူး ကိုယ့်လူရာ'

ဟဲ. . ဟဲ ဝဏ္ဏသိဒ္ဓိဆေးစွမ်းကောင်းလေးများ တွေ့ ရင်လဲ ကျုပ်ကိုလက်တို့ဦးနော်၊ အသက်တွေက ကြီးလာလေလေ လူကပိုပြီး နုပျိုချင်လာလေလေပဲဗျ၊ ကျုပ် ဝါသနာပါရာအလုပ်ကို လုပ်နေ တာကိုက စိတ်ပျိုကိုယ်နုဆိုသလိုထင်နေရပေမယ့် လူဆိုတာ ဇရာ ကို မကျော်လွန်နိုင်ဘူးဆိုတာ ကျုပ်သိတယ်၊ ယုံလဲယုံကြည်မိတယ် လေ'

ဦးတိုးစိန်ပြောဆိုနေသော စကားများက ကျွန်ုပ်အား စောင်းချိတ်ပြောဆိုနေသလိုပင် ထင်မိသည်။

သူပြောသလို ကျွန်ုပ်၏အသားအရေက နုပျိုသည့် အနေ အထားသို့ ပြောင်းလဲသွားလေပြီလားဟု ထင်မိလေသည်။

'အဲဒီ ဝဏ္ဏသိဒ္ဓိဆေးဆိုတာ တကယ်ရော စွမ်းလို့လား ကိုတိုးစိန်'

ဒီလိုဗျ၊ ဓမ္မစေတီမင်းဟာ ရှေးမင်းဆက်တွေထဲမှာ ကိုယ် တိုင် ဆေးဝါးမန္တာန်၊ အင်္ဂါရတ်စတဲ့ လောကီပညာတွေကို စုံလင်စွာ တတ်ကျွမ်းတဲ့ မင်းတစ်ပါးပေါ့၊ တစ်နေ့တော့ နန်းတွင်းသမားတော် ကြီး ဗညားဂျမ်းကိုခေါ်ပြီး ဆေးရွက်ဆေးမြစ်တွေကို ပေါင်းအိုးကြီး တစ်လုံးထဲထည့်ပြုတ်၊ မန္တာန်လိုလို၊ ဂါထာလိုလို ရွတ်ဖတ် သရဇ္ဈာယ်



ပြီးရင်း ဝဏ္ဏသိဒ္ဓိဆေးကို ဥပုသ်ရက်ရှည်စောင့်ကာ ဖော်စပ်ဖူးတယ် မှန်ပြည်နယ်မှာရှိတဲ့ ရှေးလူကြီးတွေရဲ့ ပါးစပ်ရာဇ ဝင်ထဲမှာ ကြားဖူးတယ်၊. . . .

ဇရာကို ကြောက်လန့်တုန်လှုပ်ပြီး စိမ့်လိုက်မိပေ ယ့် ဆေးရဲ့အာနိသင်က သုံးစွဲနေစဉ်ခဏတာ နုပျိုစေပြီး ကနဦး သွင်ကို ပြောင်းလဲသွားနိုင်ပေမယ့် ကြာရှည်မခံနိုင်ပါဘူး၊နောက် တော့ ဓမ္မစေတီမင်းကြီးဟာဝဏ္ဏသိဒ္ဓိဆိုတဲ့ ဆေးကို ဖော်စပ်တီ ခဲ့မိရင် နောင်ပေါ်ပေါက်လာနိုင်တဲ့ ကောင်းကျိုးနဲ့ဆိုးကျိုးအ က် တရားနဲ့ ဆင်ခြင်ကြည့်တိုင်း အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ တ်စွာဘုရားသခင် ဟော ကြားပြသခဲ့တဲ့ လက္ခဏာကြီးသုံးပါးကို ရှလိုတရားနဲ့ ဆင်ခြင်မိတာကြောင့် အမတ်တစ်ဦးကိုခေါ်ပြီး ဒီဆေးကျမ်းများ နဲ့တကွ ဖော်စပ်ထားတဲ့ဆေးသေတ္တာကို ပင် ယ်ထဲသွား လွှင့်ပစ်ခိုင်းခဲ့တယ်လေ. . .

အဲဒီအချိန်မှာပဲ ပေါ်တူဂီပင်လယ်ဓားပြတွေဟာ နန်း င်းအမတ်ကြီးကိုခေါ်ပြီး ငန်းနက်ဆိုတဲ့ သင်္ဘောကြီးတစ်စီးဆီ ခေါ်လာခဲ့တယ်၊မုန်တိုင်းကျတဲ့အချိန် ဖြစ်တာကြောင့် ငန်းနက် မုန်တိုင်းဒဏ်မခံနိုင်ဘဲ ရေအောက်ကို နစ်မြုပ်သွားခဲ့တယ်ဆို တော့ဗျာ. . .

အဲဒီအချိန်ကစပြီး ဝဏ္ဏသိဒ္ဓိဆေးလဲ ပျောက်ကွယ်သွား တာပါပဲ'

ရှည်လျားစွာပြောပြသည့် ပါမောက္ခဟောင်း ဦးတိုးစိန်၏

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ရာဇဝင်က ကျွန်ုပ်အတွက် မှန်ကန်လွန်းလှပေသည်။

ဝဏ္ဏသိဒ္ဓိဆေးနှင့်ပတ်သက်၍ အလွန်အကျွံသုံးစွဲမိလျှင် အန္တရာယ် ဖြစ်တတ်ကြောင်းကို သတိထားလိုက်မိသည်။

ကျွန်ုပ် အတွက် ဦးတိုးစိန် အိမ်သို့ ရောက်ရှိလာခြင်းကား မင်္ဂလာအရှိဆုံး နေ့ရက်သာ ဖြစ်လေတော့သည်။

ဦးတိုးစိန်က သူ၏ ကိုယ်ရေး ကိုယ်တာ ကိစ္စရှိနေသဖြင့် စကားကို မြန်မြန်ဖြတ်၍ နှုတ်ဆက်ပြန်သွားလေတော့သည်။

သူပြန်သွားသည်အထိ ကျွန်ုပ်၏ အတွေးများက မဆုံး နိုင်သေး။ အစိမ်းရောင်ပုလင်းကိုထုတ်ရင်း ပုလင်းပေါ်၌ ဝဏ္ဏသိဒ္ဓိ ဟူသော စာတန်းလေးတစ်ခုကို ရေးမှတ်လိုက်သည်။

❊ ❊ ❊ ❊



## အခန်း ( ၂၄ )

## ချစ်ခွင့်မပိုင်

နောက်တစ်နေ့နံနက်လင်းသည်နှင့် နုပျိုဆေးမသုံးစွဲမီ နှင်းအေးအား မေတ္တာရှိကြောင်း ပြောဆိုကြည့်ရန် ကျွန်ုပ် အား တိတ်မိသည်။

ဦးတိုးစိန် အလုပ်ခန်းသို့ သူသွားလာချိန်ကို တိကျစွာ ...တ် သားရသည်ကိုက အလုပ်တစ်ခုလို ဖြစ်နေမိသည်။

ကျွန်ုပ်လို ဂုဏ်သရေရှိ သူဌေးသူကြွယ်ကြီး တစ်ဦးအား နှင်းအေးက အဘယ်ကြောင့် စိတ်မဝင်စားနိုင်ရသနည်း။

သူမကိုယ်တိုင် မဝံ့မရဲဖြစ်နေသော ကိစ္စအား အဖြေရှာ ...မှာ ကျွန်ုပ်၏တာဝန်သာဖြစ်သည်။

ထို့ကြောင့် သူမ အလုပ်ခန်းသို့ သွားမည့် အချိန်အနေကို

www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်း၍ လမ်းမတစ်နေရာ၌ ကားနှင့်စောင့်နေမိသည်။

မြနှင်းအေးက ဣန္ဒြေရှင် မိန်းကလေးတစ်ဦးကဲ့သို့ ကြိမ်ခြင်းလေးကို လက်မှာဆွဲ၍ ဆင်မယဉ်သာ ခြေလှမ်းဖြင့် တစ်လှမ်းချင်း လျှောက်လာနေသည်။

ကျွန်ုပ်ကလမ်းကြုံ၍ လိုက်ပို့လိုကြောင်း ပြောရာ သူမက မငြင်းဆန်ဘဲ မိမိကားနှင့် အတူလိုက်ပါ လာသည်။

သို့သော် သူမသည် မော်တော်ကား ဦးတည်ရာလမ်းကြောင်း ပြောင်းနေသည်ကို သိသောအခါ. . .

'ဘယ်ကိုမောင်းနေသလဲ အန်ကယ်'

'မြနှင်းအေးကို အန်ကယ်တစ်ခုခု ကျွေးချင်လို့ပါ'

'ဟင့်အင်း. . . ကျွန်မဘာမှ မစားချင်ပါဘူး၊ လိုက်လာမိတာမှားပြီထင်တယ်၊ တစ်ယောက်ယောက် တွေ့သွားရင် တစ်မျိုးတစ်မည်ထင်မှာစိုးလို့ပါ အန်ကယ်'

မြနှင်းအေးက မျက်စိမျက်နှာပျက် ဖြစ်နေသည်။

ဦးအောင်ကြွယ်၏ အကြံအစည်ကား မြနှင်းအေးကို မေတ္တာရှိကြောင်း ပြောဆိုရန်ဖြစ်သည်။ အသက်အရွယ်ကွာခြားသော်လည်း လူပျိုဆိုသော ဂုဏ်သရေ ရှိနေသေးသောကြောင့် ဖွင့်ပြောလျှင် နီးစပ်သွားနိုင်သည်ဟု ထင်မိသည်။

'အန်ကယ်က မင်းအပေါ် စေတနာနဲ့ စားစေချင်တာပါ'

'ကျေးဇူးတင်ပါတယ် အန်ကယ်၊ အန်ကယ်ရဲ့စေတနာကိုလဲ အေး လေးစားပါတယ်၊ ဒါပေမယ့် ခေတ်ကြီးကမကောင်းလေ



တော့ မိန်းကလေးတစ်ယောက်အနေနဲ့ အစစအရာရာ အဲနေအထိုင်တတ်မှ တော်ကာကျပါလိမ့်မယ်'

မြနှင်းအေးက မည်သို့မျှ စည်းရုံး၍ရနိုင်မည့် မိန်းကလေးဟုတ်၊ ကျွန်ုပ်အနေနှင့် သိက္ခာအရားကို ထိန်းရပေဦးမည်။ ထို့ကြောင့် အလိုမတူသော သူမ၏ဆန္ဒကို အတင်းအကျပ် မလုပ်ချင်သောကြောင့် ဦးတိုးစိန် အလုပ်ခန်းသို့ မောင်းနှင်လာခဲ့လေသည်။

'အဲဒီအတိုင်းပါပဲ ကိုတိုးစိန်၊ ခင်ဗျား တပည့်မလေးကတော့ တကယ့်ကို ဗိုင်းကောင်းကျောက်ဖိ နေနိုင်တဲ့ မိန်းကလေးပဲ'

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၅ )

ဦးတိုးစိန်ထံသို့ မြနှင်းအေးနှင့် ကျွန်ုပ် အတူရောက်လာခဲ့ခြင်းဖြစ်သောကြောင့် စိတ်ထဲမလုံမလဲဖြစ်ကာ ထိုသို့ ပြောမြဲလိုက်ခြင်းပင် ဖြစ်သည်။ ဦးတိုးစိန်က. . .

'မြနှင်းအေး ဘဝအကြောင်းကိုသာသိရင် ခင်ဗျား ဒီ့ထက်တောင် ချီးကျူးဦးမှာဗျ'

'ဆိုစမ်းပါဦး'

'အင်း. . . သူက မိဘနှစ်ပါးစလုံး မရှိတော့ကတည်းက သူ့ကိုယ်သူ ထိန်းထားရတာလေ၊ ပါတီတက်မှ ပေါ်မြူလာဖြစ်မယ်ဆိုတဲ့ မိန်းကလေးအတန်းအစားထဲမှာတော့ သူမပါဘူးဗျ၊ သူ့ မိဘနှစ်ပါးစလုံးက ချမ်းသာကြွယ်ဝမှုမရှိပေမယ့် ကိုယ်ကျင့် တရားနဲ့ စာရိတ္တကောင်းမွန်တဲ့ မျိုးရိုးက ဆင်းသက်လာတယ် ဆိုပါတော့'

'ကြော်'

www.burmeseclassic.com

www.burmeseclassic.com



'မမျှော်လင့်ဘဲ မိဘနှစ်ပါး ဆုံးပါးသွားရှာတယ်၊ အလုပ်တိစွနဲ့ မန္တလေးကအပြန်မှာ ကားမှောက်တာလေ၊ မိဘ မရှိပေမယ့် ဘဝကို သူက ဘယ်တော့မှ အားငယ်စိတ်နဲ့ ရင်မဆိုင်ဘူး....

'စိန်ဖလောမီနားကျောင်းကို ဆက်တက်နိုင်အောင် ကြိုးစားရင်း စားဝတ်နေရေးအတွက် မင်းကွန်းတောရကျောင်းက အဘွားသီလရှင်ကြီးတစ်ဦးထံမှာ ဝတ်ကြီးဝတ်ငယ်ပြုစုရင်း မှီခိုစားသောက်ခဲ့တယ်လေ။ အဲ..ဘွဲ့ရတော့မှ အလုပ်တစ်ခုခု ဝင်လုပ်ဖို့ ကျုပ်နဲ့တွေ့ပြီး ဒီကိုရောက်လာရတယ်ဆိုပါတော့'

ဦးတိုးစိန်၏ စကားအဆုံး၌ မြနှင်းအေး၏ ဘဝဇာတ်ကြောင်းကိုသိလိုက်ရသဖြင့် ပိုမိုလေးစားသွားမိသည်။ ဦးတိုးစိန်အနေနှင့် ကျွန်ုပ်စွဲလမ်းနေကြောင်းကို သိလေဟန် မတူချေ။

'နေစမ်းပါဦး၊ အခု ခင်ဗျားဆီမှာ သူလုပ်နေတော့ရော ခင်ဗျား သူ့ကိုပေးတဲ့လခနဲ့ လောက်ပါ့မလား'

'အဲဒါတော့ ကျုပ်လဲမပြောတတ်ဘူး'

'အင်း...သူ့ရုပ်ရည်ကလေးက ချောမောလှပပြီး အလွန်ကျက်သရေရှိတာဆိုတော့ သူ့အတွက် လင်ကောင်းသားကောင်းတော့ ရနိုင်လိမ့်မယ် ထင်ပါရဲ့ဗျာ'

ကျွန်ုပ်က စကားကိုစပေးလိုက်သော်လည်း ဦးတိုးစိန်ဘက်မှ အလိုက်သင့် တုံ့ပြန်သည့်စကား တစ်ခွန်းတလေမှ ပေါ်မလာခဲ့။ မြနှင်းအေးနှင့် ပတ်သက်၍ ဆက်ပြီးပြောဆိုနေလျှင် ဦးတိုးစိန်က ကျွန်ုပ်အား သူမကို စိတ်ဝင်စားနေကြောင်း ရိပ်မိသွားမှာစိုး၍ အသာငြိမ်နေလိုက်ရ၏။ ဦးတိုးစိန်က ဆက်၍...



'သူ့မှာ ရည်စူးထားတဲ့ နေမြင့်ဆိုတဲ့ကောင်လေး တစ်ယောက်တော့ ရှိတယ်ဗျ။ သူတို့နှစ်ယောက် တလောကလေးတင် လက်ထပ်ကြဖို့စီစဉ်နေကြသေးတယ်၊ မြနှင်းအေးကတော့ ကောင်လေးအပေါ် အတော့်ကို သံယောဇဉ်ကြီးပုံရတယ်'

ကျွန်ုပ် ရင်တွေခုန်နေမိသည်။ မြနှင်းအေး၌ နေမြင့်ဆိုသော ချစ်သူရှိသတဲ့။ နေမြင့်ဆိုသူက မည်သူနည်း။ ကျွန်ုပ်ထက်ပိုပြီး ချစ်ရမည့်သူတစ်ယောက်ရှိနေသည်ဆိုသောကြောင့် ရင်ထဲကြေကွဲစွာ ခံစားလိုက်ရလေတော့သည်။နေမြင့်ဆိုသောသူကိုတွေ့ချင်နေမိသည်။ ကျွန်ုပ်ထက်ပို၍ ချစ်သည့်လူတစ်ယောက်သာသည်ကမ္ဘာကြီးထဲ ရှိနေသည်ဟုဆိုပါလျှင် လိုက်လံရှာဖွေပြီး သတ်ဖြတ်မိမှာ အမှန်ပင် ဖြစ်သည်။ မြနှင်းအေးကို မည်သူမျှ မချစ်ရ၊ တစ်လောကလုံး သူတစ်ယောက်တည်းသာ ချစ်ရပေလိမ့်မည်။

သူ့ရင်ထဲက အတ္တများက လက်နက်တစ်ခုပမာဖြစ်လာရလေသည်။ အချစ်နှင့်ပတ်သက်သော ကြေကွဲစွာခံစားရသူ တစ်ယောက်မဖြစ်ချင်။ အရှုံးပေးမိသူတစ်ယောက် မဖြစ်ချင်။

ထို့ကြောင့် မြနှင်းအေးကို မည်သည့်နည်းနဲ့မဆို အမြွသိမ်းပိုက်နိုင်ရန်ကိုသာ နေ့ရှိသရွေ့ ကြိုးစားရလိမ့်မည်ဟု အနိုင်အမာဆုံး သန္နိဋ္ဌာန်ကို ချလိုက်မိသည်။သူကတော့ တစ်သက်လုံး မြနှင်းအေးကို ချစ်နေမည်သာ ဖြစ်သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

## စိတ္တဇည

ညကမဲမှောင်လျက်ရှိ၏။

ပုရစ် အော်မြည်သံများမှအပ မည်သည့် အသံဗလံမှပင် ကြားရလောက်အောင် တိတ်ဆိတ်လျက်ရှိသည်။ စောစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းထားသဖြင့် လမ်းမပေါ်တွင် လူပြတ် ာက်နေခြင်း ဖြစ်နိုင်သည်။

အိုဒီရင့် ရက်စတောရင့် (ထိုအချိန်ကာလ အိုဒီရင့် စား သောက်ဆိုင်မှာ အသင်းဝင်များစုစည်း၍ အပန်းဖြေနေရာ တစ်ခု ဖြစ်လေ၏။ အင်္ဂလိပ်လူမျိုးတစ်ဦးက တည်ထောင်ခဲ့ပြီး အသင်း င်များစု၍ ဘီလီယက်ထိုးခြင်း၊ ဘီယာသောက်ခြင်း တခြားကစား ည်းမျိုးစုံနှင့် ပျော်ပါးစွာ နေထိုင်လိုသူ အထက်တန်းလွှာအသိုင်း

www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းက စုစည်းလျက် ထိုအသင်းကြီး ဖြစ်လာခဲ့ရသည်။)

အိုဒီရင့် ရက်စတော်ရင့်မှာ ကပ္ပလီကွက်သစ် (ယခု မွေ စေတီလမ်း) နေရာ နယ်နိမိတ်အတွင်းရှိသော စားသောက်ဆိုင် တစ်ဆိုင်ဖြစ်သည်။

ထိုအချိန်က ကပ္ပလီကွက်သစ်ဟူသော အရပ်၌ ဖုံးဆိုးများ ပင် ဖုံးလွှမ်းနေသည်။ ဓားပြအများစု ခိုလှုံနိုင်သည့်နေရာ ဖြစ်၏။ မကြခဏ ဓားပြတိုက်ခံရသောကြောင့် ထိုနေရာသို့ မဖြတ်သန်းခဲ လောက်အောင် ချောက်ချားနေကြသည်။

နယ်လီ စိတ်ညစ်နေမိသည်။ လင့်ခ်လမ်းလိုနေရာမျိုး၌ သူတို့ကားက လာပျက်နေသည် မဟုတ်ပါလား။

မိန်းကလေးနှစ်ယောက်ထဲ ထိုနေရာ၌ ကားပျက် နေသောကြောင့် အကူအညီပေးမည့်လူကို ရှာမိသည်။

'ဘာလုပ်ကြမလဲ မအေးစိန်'

'ကားကြုံခေါင့်ပြီး အကူအညီ တောင်းကြည့်တာပေါ့ နယ်လီရယ်'

မအေးစိန်က အမှောင်ထဲမှ ဓာတ်မီးတိုင်အောက်သို့ မြင် သာအောင် ထိုးထွက်လာသည်။

အိုဒီရင့်ကာလပ်၌ လူရှင်းနေပြီဖြစ်သောကြောင့် သူတို့ အား အကူအညီပေးမည့်လူဟူ၍ မတွေ့မိသလောက်ပင် ဖြစ်သည်။

အဝေးမှကားတစ်စီးလာနေသည်။

ကားမီးရောင်ကြောင့် မအေးစိန်၏မျက်နှာမှာ မှိုရသကဲ့



သို့ ရှင်ပျပျဖြစ်သွားခဲ့လေသည်။ ကားက သူတို့နှစ်ဦးနှင့် မလှမ်း မကမ်း၌ ထိုးရပ်လိုက်၏။

မအေးစိန်က ကားဆီသို့ အားရဝမ်းသာ ပြေးသွားလိုက် ရင်း. . .

'တဆိတ်လောက် အကူအညီပေးပါလားရှင်၊ ကျွန်မတို့ ကားပျက်နေလို့ပါ၊ ဟို. . . ဟို. . . မိန်းကလေးနှစ်ယောက်တည်း မြေပြင်တတ်လို့ပါ၊ အစ်ကိုကြီးရယ်'

ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ သူ၏ပုံပန်း သဏ္ဌာန်က ချောမောလှပနေသောကြောင့် နယ်လီနှင့် မအေးစိန် က ယုံကြည်စိတ်ချရလေသည်။

ထိုလူကား ဝဏ္ဏာသိဒ္ဓိဆေးကို သောက်သုံးသောကြောင့် ချပ်ရည်နုပျိုလှပနေသော သူဌေးကြီး ဦးအောင်ကြွယ်ပင် ဖြစ်နေ လေတော့သည်။

'ကားက နပ်နှစ်လုံးပြုတ်နေတယ်၊ ကျွန်တော့်မှာလဲ အဲဒီ အစွည်း အပိုမဆောင်မလာဘူး ခင်ဗျ'

'ဟင်. . . ဒုက္ခပါပဲ၊ ကျွန်မတို့ မိန်းမသားနှစ်ယောက် တည်း ဟောဒီနေရာမှာ ညကြီးအချိန်မတော် မနေရဲဘူးရှင့်၊ ကျွန်မ တို့ ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံပေးပါဦးနော်'

မအေးစိန်က သနားသဖွယ် အမူအရာနှင့် တောင်းပန် ပြောဆိုနေသည်။

ဦးအောင်ကြွယ်က နှစ်ယောက်စလုံးကို အကဲခတ်ကြည့်ရှု

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း နယ်လီကို မြင်မိရုံနှင့် မည်သူမည်ဝါ ဖြစ်ကြောင်းကို ချက်ချင်းမှတ်မိလာခဲ့လေပြီ။

'ဒါဖြင့် ဒီလိုလုပ် . . . ခင်ဗျားတို့ ကားအတွက်ဝပ်ရှော့တစ်ခုကို ဝင်အကြောင်းကြားပြီး လာဆွဲခိုင်းလိုက်မယ်၊ ခင်ဗျားတို့နှစ်ယောက်စလုံးကတော့ ကျုပ်ကားနဲ့ လိုက်ခဲ့ကြပေါ့ . . . ဟုတ်လား'

ဦးအောင်ကြွယ်၏ အကြံအစည်ကို မသိသောကြောင့် နှစ်ဦးသား ခေါင်းညိတ် အဖြေပေးလိုက်ပြီး ကားထဲသို့ ဝင်လိုက်ကြသည်။ ထိုညတော့ သူတို့နှစ်ဦးက ဦးအောင်ကြွယ်၏ သားကောင်ပမာ ဖြစ်ရရှာပေတော့မည်။ သူ၏ရုပ်ရည်က နုပျိုဆေးရည်အရှိန်ကြောင့် အသက်အရွယ်ကြီးရင့်ခြင်း အရိပ်လက္ခဏာများ ကင်းစင်ပျောက်ကွယ်စပြုနေပြီ မဟုတ်ပါလား။

'ဘယ်ကို အရင်မောင်းရမှာလဲ'

ဦးအောင်ကြွယ်က ကားကိုမောင်းနှင်ရင်း လှမ်းမေးလိုက်သည်။

'ဗိုလ်ဆွန်ပက်လမ်းကိုပါ'

နယ်လီက သွက်လက်စွာ ဖြေကြားလိုက်သဖြင့် ဦးအောင်ကြွယ် လွန်စွာအံ့အားသင့်သွားသည်။

နယ်လီပြောသည့် ဗိုလ်ဆွန်ပက်လမ်းမှာ သူဌေးသူကြွယ်တို့ ခြံနှင့်ဝင်းနှင့်နေသော နေရာပင် ဖြစ်၏။ မြိတ်မြို့ မိုးပြာဟိုတယ်၌ သူမနှင့်တွေ့ဆုံခဲ့ဖူးစဉ်က လုပ်ကိုင်နေရသည့်အလုပ်နှင့် တခြား



ဖြစ်နေသည်။

'အဲဒီမှာ ဘယ်သူဆင်းမှာလဲ'

'အို . . . မဟုတ်ပါဘူး၊ ကျွန်မက အလုံဘက်က အဆောင်မှာ နေတာရှင့်၊ ဟောဒီက သူဌေးသမီးလေး မအေးစိန် ဆင်းမှာ'

လှမ်းမေးလိုက်သောစကားကို နယ်လီက ရှက်ကိုးရှက်ကန်းဖြစ်၍ တုံ့ပြန်ပြောဆိုလိုက်သောကြောင့် အဖြေက ရှင်းသွားလေတော့သည်။

❀ ❀ ❀ ❀

www.burmeseclassic.com



## အခန်း (၂၉)

ဇက်ဖာအမျိုးအစား ကားတစ်စီးက မိန်းကလေးနှစ်ဦးအား တင်ဆောင်လျက် ပြည်လမ်းမဘက်သို့ ဦးသည့်ပေါင်းနှင့် လေတော့သည်။

ဦးအောင်ကြွယ် စိတ်ထဲ၌ မအေးစိန်ကို ပို့ပြီးလျှင် နယ်လီနှင့် စာရင်းရှင်းဖို့အတွက်သာ စဉ်းစားနေမိသည်။

နေ့လယ်က မြနှင်းအေးနှင့် အဆင်မပြေဖြစ်ခဲ့သော ကိစ္စ ပြေးသတိရမိသည်။

လူ့လောက၌ မိန်းကလေးများအပေါ် ဂရုတစိုက် မြတ်နိုးခြင်းကား မှားပြီလား။ ကျွန်ုပ်၏ ကြင်နာမှု၊ ခင်တွယ်မှု၊ သဒ္ဓါမှု မြနှင်းအေးအပေါ် အတားအဆီးမရှိ ပုံအပ်လိုက်ချင်သော်လည်း သူမက လက်မခံပေ။

မိန်းမတစ်ယောက်အတွက် ချစ်မြတ်နိုး တန်ဖိုးထားအပ်

www.burmeseclassic.com

www.burmeseclassic.com



သည့် အရာဟူ၍ မမြင်မိတော့။

အချစ်ဆိုသောအရာကို စီးပွားရှာသလို လောဘစိတ်ဖြင့် သာ ရယူသိမ်းပိုက်ချင်တော့သည်။

ကျွန်ုပ်မိခင်ကြီး မသေဆုံးမီ ပြောခဲ့ဖူးသည့် စကားကို ပြေးသတိရမိလိုက်သည်။ ထိုစကားမှာ အောက်ပါအတိုင်းဖြစ် သည်။

'သား... လောကကြီးမှာ ကိုယ်ချစ်ရှာသူတိုင်းဟာ အမှားတစ်ခုခုနဲ့ ကြုံတွေ့ခဲ့ရသလိုပဲ သူချစ်လာနိုး စောင့်မျှော် သူတိုင်းဟာ ပူဆွေးသောက ရောက်တတ်ကြတယ်ကွယ်၊ အကောင်း ဆုံးကတော့ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတဲ့အတိုင်း လူတိုင်းဟာ ကိုယ့်ကိုကိုယ် ချစ်တတ်အောင် လေ့ကျင့်ထားတတ်ဖို့ပါပဲ'

ဟူ၍ ဖြစ်၏။

'ဟိုရှေ့ကခြံပဲ အစ်ကို'

မအေးစိန်က လက်ညှိုးထိုးပြရင်းက ပြောဆိုလိုက်သော ကြောင့် တွေးလက်စ စိတ်ကူးများ ပြတ်တောက်သွားခဲ့လေသည်။

'နေပါစေ အစ်ကို၊ ခြံပြင်မှာပဲ ရပ်လိုက်ပါ'

ဇက်ဖာကားကို ခြံဝသို့ ထိုးရပ်ပေးလိုက်၏။

မအေးစိန်က ကားပေါ်မှ ကပျာကယာ ဆင်းလာ ရင်း...

'ဂွတ်နိုက်'

မအေးစိန်က သူတို့နှစ်ယောက်အား နှုတ်ဆက်ရင်း ခြံ



သို့ ဆင်းသွားလေတော့သည်။

ဦးအောင်ကြွယ်က ကားကို မမောင်းသေးဘဲ စီးကရက် တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း နယ်လီကို လှမ်းကြည့်လိုက်သည်။ သူနှင့် နှစ်ဦးတည်းသာ ကျန်ရှိတော့သည် မဟုတ်ပါလား။

ထိုအချိန်၌ ကျွန်ုပ်၏မျက်လုံးထဲတွင် ရမ္မက်မီးလျှံကလေး များ လောင်ကျွမ်းတောက်ပစပြုနေမှုန်းကို သတိထားမိလိုက်သည်။

နယ်လီမှာ မည်သည့်မိန်းကလေးမျိုး ဖြစ်သည်ကို ကျွန်ုပ် သိရှိထားပြီးဖြစ်၍ ထိုညအတွက် အဆန်းမဟုတ်တော့။

'ဘာကြည့်နေတာလဲ အစ်ကို'

'နယ်လီကို အစ်ကိုတစ်ခုမေးစရာရှိလို့'

'ရှင်'

နယ်လီက နှစ်ယောက်တည်းကျန်ရှိမှ မေးစရာရှိသည်ဆို သောကြောင့် မျက်လုံးအဝိုင်းသား ဖြစ်သွားခဲ့လေတော့သည်။ ဘာများမေးမလို့ပါလိမ့်ဟူသော အပျိုမလေးတစ်ဦးက ရင်ခုန်နေ သည့်ပုံ မာယာကြွယ်ပြနေသည်။

'မေးလေ'

ပြုံးလိုက်ရင်း တိုးညင်းစွာ ပြောလိုက်၏။

'နယ်လီက မြိတ်မြို့ဆိပ်ကမ်းသာ အရပ်မှာရှိတဲ့ မိုးပြာ ...းသောက်ဆိုင်က မဟုတ်လား'

'အင်း'

နယ်လီက သူ့အပေါ် လုံးဝမညာသေး။

www.burmeseclassic.com

www.burmeseclassic.com



'အခုလို ညမျိုးမှာ ကိုယ်အင်မတန်မှ လိုချင်တဲ့ပစ္စည်း တစ်ခု နယ်လီဆီမှာ ရှိနေတယ်ဆိုတာ သတိထားမိရဲ့လား'

နယ်လီက မတုန်မလှုပ်ရှိနေဆဲ။

'ဩော်. . . လက်စသတ်တော့ အစ်ကိုက နယ်လီကို တား ပေါ်ခေါ်လာပြီးမှ သွေးအေးအေးနဲ့ ခားပြတိုက်နေတော့တာကိုး နယ်လီဆီက အစ်ကိုလိုချင်တဲ့ပစ္စည်းဆိုတာက. . .

'အချစ်'

'အို'

နယ်လီ အံ့အားသင့်သွားခဲ့သည်၊ သူ့အား မြိတ်မြို့ကဖြစ် ကြောင်း စတင်အစချီပြောလာကတည်းက သူ့အပေါ်သည် စတား မျိုးတွေနှင့် သိမ်းဖို့ကြိုးစားတော့မည်ဟု သိလိုက်မိသည်။

အရင်ကတည်းက မကောင်းမှုအလုပ်ကို လုပ်ကိုင်လာ ခဲ့သူမို့ ဆင်သေကို ဆိတ်သရေနှင့်ဖုံး၍မရနိုင်သလို ဖြစ်နေမိသည် သည်တော့ သူမ လွှဲရှောင်၍ရမည်မဟုတ်။

'ဒီလိုပစ္စည်းမျိုးက ကာယကံရှင်ကိုယ်တိုင်က သဘောတူ ကြည်ဖြူမှုဖြစ်တာရှင့်၊ အဓမ္မတောင်းဆိုလို့ မရသလို ဒီလိုအချိန် မှာ တန်ဖိုးကြီးပေးဝယ်လဲ မရနိုင်ပါဘူး'

'ဩော်. . . ဒီလိုလား'

နယ်လီက သူ့စိမ်းယောကျ်ားလေးတစ်ယောက်အား သူ ဖုန်းကွယ်ထားသည့်ဘဝကို သိသွားမှာစိုးသောကြောင့် မလိုက်လျော နိုင်ကြောင်း သွယ်ဝိုက်ပြောဆိုလိုက်၏။



'တောက်'

'ဟင်. . . ရှင်. . . လူ. . . လူသတ်သမား'

ဂျွန်ပ် နယ်လီကို နဂါးမှန်းသိအောင် အမောက်ထောင်ပြဖို့ အချိန် တန်ပြီဟု ယူဆ၍ မက္ကဆီကန်နိုက်ဟုခေါ်သည့် ခလုတ်ဓားက လေးကို ထတ်ခနဲ ဖွင့်ပြလိုက်၏။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၈ )

'အား'

နယ်လီက မည်သို့မျှပြောဆိုမနေဘဲ ကျွန်ုပ်၏ပေါင်ကြားဆီသို့ ပစ်ကန်လိုက်ရင်း ကားတံခါးကိုဖွင့်၍ လမ်းမပေါ်သို့ ထွက်ပြေးနေသည်။

'ကယ်ကြပါဦးရှင်...ကယ်ကြပါဦး၊ ကျွန်မကို လိုက်သတ်နေလို့ ကယ်ကြပါဦး'

အသံကို ပြာနှမ်းလာသည်အထိ ကြောက်အားလန့်အားအော်နေသည်။

ကျွန်ုပ် သည်တစ်ခါတော့ လုံးဝခံလိုက်ရလေပြီ။

နယ်လီ၏နောက်သို့ လုံးဝဆက်လိုက်ရန် မကြိုးစားတော့

www.burmeseclassic.com

www.burmeseclassic.com



ပဲ ဇက်ဖာကားကို စက်ကုန်ဖွင့်မောင်းနှင်လိုက်ရင်း အမှောင်ထုထဲမှ အမြန်ဆုံးတိုးထွက်လာခဲ့သည်။ ကျွန်ုပ်၏ရင်တွေက တလှပ်လှပ်ခုန်နေရှာလေပြီ။

သည်လိုခံလိုက်ရလိမ့်မည်ဟု ကျွန်ုပ် လုံးဝမှထင်ထားခဲ့မိန်းကလေးတစ်ယောက်အား လျှော့တွက်ထားမိတာ မှားလေပြီ။

ကျွန်ုပ်များစွာ နောင်တရမိလျှက် ပုလိပ်အဖွဲ့က မမှတ်မိအောင် ဇက်ဖာကားကို တစ်စစီဖျက်ဆီး၍ သံရည်ကျိုစက်ထဲသို့ ထည့်ပစ်ရပေဦးမည်။

ကျွန်ုပ်၏ဘဝ၌ အရေးကြီးဆုံးက သူဌေးဦးအောင်ကြွယ်ဆိုသော ဂုဏ်သိက္ခာကြီးပင်ဖြစ်၏။

နုပျိုဆေးက သတ်မှတ်ချိန်စေ့လာပြီမို့ မျက်နှာတစ်ခွင်လုံး ယားကျိကျိဖြစ်လာသည်။ နယ်လီတစ်ယောက် မည်သည့်နည်းနှင့်မှ ကျွန်ုပ်အား မမှတ်မိနိုင်။

ပြောင်းလဲသွားသောရုပ်သွင်ကို အမျိုးမျိုး ပြုပြင်ပစ်လို့ ရနိုင်သေးသည် မဟုတ်ပါလား။

ကျွန်ုပ်ကားကို အမြန်ဆုံးနည်းနှင့် အိမ်သို့ရောက်အောင် မောင်းနှင်နေရလေတော့သည်။

➤ ➤ ➤ ➤ ➤



ညတုန်းက ဖြစ်ပျက်ခဲ့သောပြဿနာကို မမေ့သေး။

ပုလိပ်အဖွဲ့က ကျွန်ုပ်အား ပိုက်စိပ်တိုက် လိုက်လံရှာဖွေနေကြပြီဟု ထင်မိသည်။ ကျွန်ုပ်ကား စုံထောက်ပညာကို ဝါသနာပါ၍ စာအုပ်များကို ဖတ်ရှုလေ့လာသော်လည်း စုံထောက်တစ်ဦး မဖြစ်ခဲ့။

အမှောင်ထဲသို့ မမျှော်လင့်ဘဲ တိုးဝင်ရောက်ရှိသွားရသော လူသတ်သမားတစ်ဦးသာ ဖြစ်ခဲ့ရလေပြီ။

ထိုအကြောင်းတရားများ ဖြစ်ပေါ်လာရခြင်း၏ အရင်းခံမှာ ဝဏ္ဏသိဒ္ဓိ ရုပ်နုပျိုဆေးကြောင့်ပင် ဖြစ်သည်။ အစိမ်းရောင်ပုလင်းကို နေ ၌ထောင်ကြည့်လိုက်မိသည်။ တတိတိနှင့် နှစ်ငုံစာလောက် လျော့နေရှာလေပြီ။

နှစ်ငုံစာသောက်မိရုံလောက်နှင့်ပင် အမှားနှစ်ကြိမ် နှစ်ခါကျူးလွန်ခဲ့ဖူးလျှင် ထိုတစ်ပုလင်းသာကုန်လျှင် ကျွန်ုပ် မည်မျှ ဒုက္ခရောက်ရမည်နည်း။

ထိုဆေးနှင့်ပတ်သက်၍ အာနိသင်ထက်မြက်ပုံအား သိရှိ ကြိုးစားရပေဦးမည်။

ထို့ကြောင့် ဆေးဝါးမန္တန်နှင့် ပတ်သက်လျှင် အထူးသိကျွမ်းလှသူ မိတ်ဆွေတစ်ဦးဖြစ်သော ယောပြန် ခေတ်စမ်း ဆရာ ချမ်းထံသို့ တိုင်ပင်ဆွေးနွေးရန် ထွက်လာခဲ့ရပြန်သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



၆

## အခန်း (၂၉)

### ယောပြန်ခေတ်စမ်း ဆရာဂျမ်း

ယောပြန်ခေတ်စမ်း ဆရာဂျမ်းမှာ ရှေးမီနောက်မီ ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်သည်။ အသက်က (၆၀) ကျော်နေပြီ ဖြစ်သော်လည်း သူ၏ရုပ်ရည်က အသက်လေးဆယ်အရွယ် နုပျိုနေသည်ဟု ထင်ရသည်။

သူကား သိင်္ဂါရဂေါသ၊ ပဥ္စလက် စသည်ဖြင့် လက်လှည့်ချက်လှည့် အတတ်ပညာများကို တတ်ကျွမ်းသည့် ယောဆရာ ဈက်လှည့်သမားကြီးတစ်ဦးပင် ဖြစ်သည်။

တချို့ကတော့ ဆရာဂျမ်းကို အောက်လမ်းအတတ်ပညာရှင် တစ်ဦးဟု ထင်ပေဦးမည်။ သူ၏ ခန္ဓာကိုယ်နေရာအနှံ့၌ ထိုးထားသည့် ဆေးနီမင်ကြောင်များကြောင့် တုတ်ပြီး ရေးပြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ပြောကြသေးသည်။

စကားဆိုသည်က 'စ' ပြောသည့်နေရာမှစ၍ 'ကား' ထွက်သွားတတ်သည်ဟု လူတွေ သတိမပြုမိကြ။

ယောပြန် ခေတ်စမ်း ဆရာဂျမ်း၏ အိမ်ဦးခန်း၌ ကျွန်ုပ်ထိုင်နေရင်း မျက်စိက တစ်ခန်းလုံးကို လှည့်ပတ်ကြည့်ရှုနေမိသည်၊ တစ်ခန်းလုံးက ဓာတ်ခန်းကြီးတစ်ခုလို ကြည့်ရှုစရာတွေ တစ်ပုံတစ်ပင်ကြီးနှင့် ရှုပ်ပွနေသည်။

ဘုရားစင်၊ နတ်စင်များအပြင် ရွှေပိန်းချထားသော ဘီလူးခေါင်းကြီးများ၊ လောကပါလ နတ်ရုပ်ကြီးတစ်ရုပ်။ လူရိုးလိုလိုမျောက်ရိုးလိုလို မျောက်ရိုး အရိုးခေါင်းကြီးတစ်လုံး သားမွေးခေါင်းယပ်တောင်စသည်ဖြင့် မျက်စိထဲ ကြည့်ရှုမဆုံးနိုင်လောက်အောင် ပစ္စည်းပစ္စယများနှင့် ပြည့်နေသည်။

'ဘယ်သူလဲမှတ်တယ်. . . ဦးအောင်ကြွယ်ကိုး၊ အလည်သက်သက်ပဲလာတာ ထင်ပါရဲ့'

'ဆိုပါတော့ ဆရာဂျမ်းရယ်'

ဘုရားဝတ်ပြုပြီး ယောပြန်ခေတ်စမ်း ဆရာဂျမ်းက ဧည့်ခန်းသို့ထွက်လာရင်း ဆီးကြိုနှုတ်ဆက်လိုက်၏။ တောထွက်ခန်း ယွန်းပန်းချီပါသော ကွမ်းအစ်ကြီးတစ်လုံးအား ကျွန်ုပ်ဘက်သို့ လှမ်းထိုးပေးလိုက်ရင်း. . .

'ကွမ်းစားဦးကွယ့်'

'နေပါစေခင်ဗျ၊ ကျွန်တော် အရင်ကတည်းက ကွမ်းမစား



ဘတ်လို့ပါ'

ကျွန်ုပ်ပြောလိုက်သော စကား၌ အမှားမပါသော်လည်း ဆရာဂျမ်းက မနှစ်မြို့။ ကွမ်းရွက်ကို လက်ညှိုးနှင့် ထုံးသုတ်နေရင်း. . .

'ကွမ်းမစားတတ်တဲ့အတွက် မြန်မာလူမျိုးဖြစ်ရကျိုး မနပ်ဘူးလို့ ကျုပ်တော့ထင်တယ်'

'ဗျာ'

ကျွန်ုပ် ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားမိသည်။ ကွမ်းဋီကာကို ဘယ်လိုဖွင့်ပြဦးမည် မသိသေးသဖြင့် စိတ်ဝင်တစားဆက်နားထောင်နေရသည်။

'ကွမ်းက အာရုံခြောက်ပါး နိုးထလာစေတဲ့အရာပဲ၊ ကျုပ်တို့ကတော့ ကွမ်းကို မုန့်ပဲသွားရည်စာလို့ပဲ ကြိုက်တယ်'

ကွမ်းအကြောင်း စကားမြန်မြန်ဖြတ်လိုက်ရင်း လာရင်းကိစ္စကို မေးမြန်းကြည့်လိုက်၏။ အဓိကထား၍ မေးမြန်းရသည်က ဝဏ္ဏသိဒ္ဓိဆေးအကြောင်းပင် ဖြစ်သည်။

'ဝဏ္ဏသိဒ္ဓိဆေးဆိုတာ ရှေးခေတ်ကတည်းက အစစ်အမှန်ရှိခဲ့ဘူးတဲ့ ဆေးပါပဲ၊ အင်း၊ အိုင်၊ မန္တရား၊ ဂါထာ၊ **ဟူးရားအတတ်**ပညာတွေနဲ့ပြည့်နေတဲ့ မြန်မာနိုင်ငံကြီးမှာ ဒီပညာတွေ **မတိမ်းကော**စေဖို့ ကျမ်းတွေပြုစုပြီး ထိန်းခဲ့ကြတယ်လေ'

'အဂ္ဂိရတ်ကျမ်း အမျိုးမျိုးဟာ မြန်မာလူမျိုးတွေရဲ့ သီလသမာဓိဖြူစင်တဲ့ စိတ်တန်ခိုးကြောင့် ပေါ်လာရတဲ့အရာတွေပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အတတ်ရူးပြီး ပညာကိုလွဲမှားမိုက်မဲစွာ အသုံးချချင်တဲ့ လူ့ဘာလတွေကိုကြောက်ပြီး မြူစင်တဲ့ သူတော်ကောင်းကြီးတွေဟာ သူတို့ ရှာမှီးခဲ့တဲ့ ပညာတွေအတွက် မသမာသူတွေ လက်တွဲ ရောက်သွားမှာစိုးလို့ ဖျောက်ဖျက်ပစ်လိုက်တယ်လေ. . .

ဝဏ္ဏသိဒ္ဓိဆေးဟာ အင်္ဂရိတ်ပညာကြောင့် ပေါ်လာတဲ့ ဓာတ်သေလုံး ပြဒါးသေလုံးစတဲ့ ဓာတ်ပြားတွေရဲ့ အာနိသင်တွေကို ပေါင်းပြီးမှ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ရတာလေ. . .

'ဒါကြောင့် ဓာတ်အစ မနေခဲ့ကလို့ ဆိုခဲ့ကြတာ မဟုတ်လား'

'အဲဒီ လောကီပညာအစီအမံတွေဟာ အခုတော့ တိမ်ကောပပျောက် ပပျောက်သွားခဲ့ရပါပြီလေ'

ယောပြန် ခေတ်မီစမ်းဆရာဂျမ်းထံမှ ဗဟုသုတရမိပြန်သည်။

'ဒီဆေးကို အခု ပြန်ဖော်စပ်လို့ မရဘူးလားဗျ'

'မရဘူး၊ ရလဲမဖော်စပ်ပေးနိုင်ဘူး၊ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ဓာတ်ကြီးလေးပါးကြောင့် ရပ်တည်နေနိုင်တဲ့လူက သူ့အသိဉာဏ်ရှိလာမှ လောကကြီးရဲ့ ဓမ္မတာတရားကို ကျော်လွန်ပြီး အစွမ်းထက်တဲ့ဆေးကို သက်တမ်းပိုနေရအောင် ရည်ရွယ်ပြီး တီထွင်ခဲ့မယ်ဆိုရင် ကျုပ်တို့ဟာ တရားပါ့မလား. . .

သခ်ီရလောကကြီး အပေါ်မှာရော သစ္စာဖောက်ရာ မကျပေဘူးလားဗျာ'



ယောပြန် ခေတ်စမ်းဆရာဂျမ်းက မျက်လှည့်သမား တစ်ယောက်ပင် ဖြစ်လင့်ကစားလောကကြီးအပေါ် သစ္စာရှိစွာ ရပ်တည်နေထိုင်သွားမည့် လူတစ်ယောက် ဖြစ်ကြောင်းကြေညာပြီးသားဖြစ်နေခဲ့လေပြီ။

✹ ✹ ✹ ✹

www.burmeseclassic.com



## အခန်း ( ၃၀ )

ကျွန်ုပ် သက်ပြင်းကိုချလိုက်မိသည်။ သည်အတိုင်းဆိုလျှင် ယောပြန် ခေတ်စမ်းဆရာဂျမ်းကိုလည်း တိုင်ပင်လို့ ရမည်မဟုတ်ပေ။

(ကိုလိုနီခေတ်က မျိုးချစ် မျက်လှည့်ဆရာကြီးတစ်ဦး ဖြစ်သော ယောပြန်ခေတ်စမ်း ဆရာဂျမ်းအကြောင်းကို ဝတ္ထု တစ်ပုဒ်အနေနှင့် ပရိသတ်အား ဆက်၍ဖော်ပြလိုပါသည်)

စာရေးသူ။

ယောပြန်ခေတ်စမ်း ဆရာဂျမ်းအိမ်မှ ပြန်လာချိန်တွင် ကျွန်ုပ်၏စိတ်များက အဆိုးနှင့်အကောင်းကို လွန်ဆွဲနေရှာလေပြီ။

ဝတ္ထုသိဒ္ဓိဆေးကား တစ်ဖက်က ကောင်းကျိုးပေးနိုင်သလို

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဆိုးကျိုးပေးနိုင်ကြောင်း သိနားလည်သဘောပေါက်လာခဲ့သည်။ ဦးအောင်ကြွယ်ဟူသော နာမည်နှင့်လိုက်အောင် အရာရာတိုင်း အောင်မြင်ကြွယ်ဝခြင်းကိုသာ လက်ခံလိုခြင်းဖြစ်သည်။

ရာဇဝင်ပါမောက္ခဟောင်း ဦးတိုးစိန်၊ ယောမြန်ခေတ်စမ်း ဆရာဂျမ်းတို့ကဲ့သို့ ခိုင်မာသော စိတ်ဓာတ်ကြံ့ခိုင်မှု မရှိသည့်အတွက် ဝမ်းနည်းကြေကွဲမိသည်။

ကိုလိုနီခေတ်၌ ရင်ထဲတပ်လှန့်ကာ နှိုးဆော်တတ်သည့် မျိုးချစ်စိတ် (သို့မဟုတ်) ဝံသာနုစိတ်က မြန်မာတစ်ဦးအနေနှင့် လိုအပ်နေကြောင်း မိမိကိုယ် မိမိသိရှိသော်လည်း မည်သို့မျှ မသိရှာသော ရင်ထဲမှနာကျင်ချက်များက အရာရာကို မြင်နိုင်စွမ်း မရှိအောင် အဝတ်နက်ဖြင့် ဖုံးလွှမ်းထားခဲ့လေပြီ။

ဦးအောင်ကြွယ်ကား သူဌေးတစ်ဦး. . .

ဦးအောင်ကြွယ်ကား အလှူဒါနရက်ရောလှသူတစ်ဦးစသည်ဖြင့် ကျွန်ုပ်၏ဂုဏ်ပုဒ်အား အရောင်လင်းလက်လာစေရန် ပတ်ဝန်းကျင်က သတ်မှတ်ခဲ့ပေမယ့် မျိုးသိပ်ခံစားနေရသော ဝေဒနာတို့အား သက်သာရာရအောင် မည်သူကမျှ မလုပ်ပေးနိုင်ခဲ့။

လုပ်ပေးနိုင်သည့်အရာကား အစိမ်းရောင်ပုလင်းထဲမှဝဏ္ဏသိဒ္ဓိ ဆေးရည်များပင် ဖြစ်လေသည်။

ထိုဆေး၏ အာနိသင်က ပြင်းထန်လွန်းသည့်အပြင်အစွမ်းထက်မြက်ချိန်နှင့် အာနိသင်ကျဆင်းချိန်တို့ ခန့်မှန်း၍ မရနိုင်သဖြင့် အမှားများကို ဆက်ကာမှားရသည်။ ထိုဆေးကို သောက်နေ



ခြင်းမှာ ကိုယ့်လည်ပင်းကိုယ်ကြိုး ကွင်းစွပ်ပေးနေသကဲ့သို့ ဘဝကို နစ်မွန်းလာစေသည်။

သို့သော်မယ့် ထိုဆေးရည်ကို ထူးခြားသော ပြောင်းလဲမှု မည်သို့ရှိနိုင်လိမ့်မည်ကို သိရှိထားဖို့ လိုပေလိမ့်မည်။

ထိုသို့ သိရှိမှသာ သူ့အတွက် အရာရာကို မှားယွင်းမှု မပေါ်ပေါက်လာအောင် ကာကွယ်နိုင်လိမ့်မည် မဟုတ်ပါလား။ သူစိမ်းတစ်ရံ၌ စိတ်ကူးယဉ်နေခြင်းထက် လက်တွေ့အကောင်အထည်ဖော်ခြင်းက ပိုကောင်းလှသည်။

ကြားခြင်းသည် မြင်ခြင်းလောက် မကောင်းချေဟူသော ပါရှင်းစကားပုံအရ ဝဏ္ဏသိဒ္ဓိဆေးကို လက်တွေ့စမ်းသပ်ကြည့်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

'အောင်ပုရေ'

'လာပြီဆရာ'

တပည့်ဖြစ်သူ မောင်ပုက ကျွန်ုပ်ခေါ်သံကြား၍ ကမန်းကတန်း ပြေးလာသည်။

'ဆရာ ခေါင်းနည်းနည်းကိုက်နေလို့ အခန်းထဲမှာ အိပ်နေလိုက်အုံးမယ်ကွာ၊ ဧည့်သည်လာရင် ဘယ်သူပဲလာလာ နှိုးမပေးနဲ့၊ ခရီးထွက်သွားတယ်လို့သာပြောလိုက်'

'ဟုတ်ကဲ့'

မောင်ပုက ပြောသည့်အတိုင်း တိကျစွာ လုပ်ဆောင်သတ်ဖြစ်၏။ ကြေးနီသေတ္တာထဲမှ အစိမ်းရောင်ပုလင်းကိုထုတ်၍ အိပ်

www.burmeseclassic.com



ခန်းထဲသို့ ယူဆောင်လာခဲ့လေတော့သည်။

ကျွန်ုပ်၏ဆုံးဖြတ်ချက်အတိုင်း ဆေး၏အာနိသင်ကို စမ်းသပ်ရတော့မည်။

တိုင်ကပ်နာရီနှင့် လက်ပတ်နာရီကို အချိန်ကိုက်လိုက်၏။ ထို့နောက် ပုလင်းထဲမှ ဆေးရည်ကို လက်ဖက်ရည်ဖျော်သည့်ဇွန်းနှင့် နှစ်ဇွန်းခန့် သောက်ပစ်လိုက်သည်။

ခေါင်းထဲ၌ ရီဝေဝေဖြစ်လာ၍ အိပ်ရာဆီသို့ လျှောက်လာခဲ့သည်။

ကျွန်ုပ်အိပ်မပျော်မီ ဆေး၏အာနိသင်ပြ၍ မျက်နှာတစ်ခုလုံး နုပျိုလာသည်ကို သတိထားမိသည်။

မည်မျှ အိပ်ပျော်၍ သွားခဲ့သည်မသိ။

ကျွန်ုပ်၏ စမ်းသပ်ချက်ကား သည်တစ်ကြိမ်၌ ထိရောက်ဆုံး အဖြေတစ်ခုရလိမ့်မည်ဟု သိလိုက်၏။ အလျင်လိုဆေးသောက်ပြီး အပြင်သို့ ထွက်လေ့မရှိ။

မည်သူ့ကိုမျှ အတွေ့မခံဘဲ တစ်ရက်လုံးလုံး အခန်းအောင်းနေလိုက်မိသည်။

ကျွန်ုပ် အိပ်ရာမှ နိုးလာပြီး နာရီကို ကြည့်ရှုမိသောအခါ (၂၄)နာရီတိတိ အိပ်ပျော်ခဲ့ကြောင်း သိရှိရပြီး. . .

တစ်ရက်အတွင်း နုပျိုလန်းဆန်းသည့်အသွင်မှ အိုမင်းရင့်ရော်သောအသွင်သို့ ရုတ်ခြည်း ပြောင်းလဲသွားနိုင်မှုန်းကို မှတ်သားမိလိုက်ရလေတော့သည်။



ကျွန်ုပ်အတွက် သည်တစ်ကြိမ် စမ်းသပ်တွေ့ရှိချက်အရ ရုပ်နုပျိုဆေးကို သောက်ပြီးသည်နှင့် ၂၄နာရီအတွင်း လှုပ်ရှားနိုင်ပြီဆိုသော သင်ခန်းစာကို ရခဲ့ခြင်းပင် ဖြစ်ပေသည်။

မြနှင်းအေးအား မည်သို့ စီမံဆောင်ရွက်ရမည်ကို တွေးတောနေမိသည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၀ )

### လူသတ်သမား၏ ပုံပန်းသဏ္ဌာန်

တစ်ကိုယ်လုံး လွှမ်းထားသည့် ပိတ်ဖြူကြီးကို မျက်နှာ ပိုင်းလေးသာ ဆွဲလှန်၍ လှပ်ကြည့်လိုက်သည်။

အလွန်ချောမော လှပသော မိန်းကလေးတစ်ဦးပင် ဖြစ်ကြောင်းကို သတိထားမိသည်။

သူမ၏ လည်ပင်းပေါ်၌ ကြိုးရာက လေး ထင်ကျန်နေခဲ့သည်။

လူသတ်သမားက ကြိုးတစ်ချောင်းနှင့် လည်မျိုကိုရက်စက်စွာ ညှစ်သတ်ခဲ့ကြောင်း ထင်ရှားလှသည်။

သေဆုံးသွားပြီးသည့် လက္ခဏာက ခါတ်ပုံထဲ၌တွေ့ရှိရသော ရုပ်ရည်နှင့် မတူနိုင်တော့သည့်အတွက် မအေးမိန်ကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရှင်း စိတ်မကောင်းဖြစ်သွားမိသည်။

မအေးစိန်က ကာယဗလမယ်ရွေးပွဲ၌ ယှဉ်ပြိုင်ခွင့်ရသော သူဖြစ်၏။

ကနေဒီကျွန်းထိပ်၌ လူပျောက်မှုဖြင့် တိုင်ချက်ဖွင့်ထား သဖြင့် လိုက်လံရှာဖွေရင်း အလောင်းကို ပြန်တွေ့ခဲ့ရခြင်း ဖြစ် သည်။

စစ်ဆေးချက်များအရဆိုလျှင် မအေးစိန်မှာ အိုဒီရှင် ကလပ်အသင်းဝင်တစ်ဦးဖြစ်ပြီး ထင်ပေါ်ကျော်ကြား လိုစိတ်ဖြ ပျော်ပျော်နေတတ်သည့် ညာဉ်ကလေးတစ်ခုရှိသည်ကလွဲ၍ တခြာ မည်သည့်ကိစ္စမျိုးမှ ရှုပ်ရှုပ်ထွေးထွေးမရှိဟု သိရလေသည်။

မအေးစိန် သေဆုံးထားပုံမှာ မကြာသေးမီက ဖြတ်ပြိုး အသတ်ခံလိုက်ရသော သိင်္ဂီနှင့် တစ်ထေရာတည်းတူနေသည်၊

လူသတ်တရားခံကို မတွေ့ရ။ သဲလွန်စပင် ရှာဖွေ၍ မ သေဆုံးမှုအား (၃၀၂) ပုဒ်မတပ်၍ လူသတ်တရားခံအား ရှာဖွေ ဆဲပင်ဖြစ်သည်။

လူသတ်တရားခံမှာ မည်သူနည်း။

မည်သည့်အတွက် ကြောင့် မိန်းမလေးများကို ရွေး သတ်ဖြတ်နေရသနည်း။

တွေးရင်းပင် ကြောက်စရာကောင်းလာခဲ့သည်။ အင် ပတ်တာနေမြင့်အနေနှင့် ပင့်ကူကိုဏ်းကို ရှာဖွေရန်ကိစ္စ၊ သိင်္ဂီ သော ညှော့ကြိုမလေးတစ်ဦးအား သတ်ဖြတ်သွားသည်ကို ဖော်ထု



န်ကိစ္စ၊ ထိုအမှုနှစ်ခုကိုပင် မရှင်းနိုင်သေး။

သည်ကြားထဲ အင်စပက်တာကြီး ဦးအေးမောင်လည်း ခွင့် သွားသဖြင့် ဤကိစ္စမှာ အင်စပက်တာနေမြင့်ထံသို့ လွှဲပြောင်း တာဝန်ပေးခဲ့ပြန်သည်။

'အမှုကို လေ့လာကြည့်မိတဲ့အတိုင်းဆိုရင် အလျှင်အမှု တွေနဲ့ ဆက်စပ်မယ်ထင်တယ်ဗျ'

ရာဇဝတ်သိန်းထိုက်က စွာကျယ်ကျယ်လုပ်ရင်း ပြော ဆိုက်၏။

'ခင်ဗျားက ဘာကြောင့်ပြောနိုင်သလဲ'

'ဩော်. . . မိန်းကလေးတွေချည်းပဲ၊ သတ်ဖြတ်ခဲ့ပုံချင်းတူ နေလို့ပါ'

ရာဇဝတ်အုပ် သိန်းထိုက်၏ စကားများက နီးစပ်လှသော် ည်း. . .

'ဟာဗျာ. . . မိန်းကလေးနှစ်ယောက် တစ်ခြားစီ အသတ် တာကြည့်ပြီး လူသတ်သမားက တစ်ယောက်တည်းပါလို့ တစ် စ်ချသတ်မှတ်လို့ ဘယ်ရပါ့မလဲ'

'ဘယ်လို ခင်ဗျားပြောတာ ကျုပ်မရှင်းဘူး'

'ဒီလိုဗျ၊ ပုထုဇနော ဥမ္မကောဆိုတဲ့ စကားအတိုင်း လူတိုင်း ာ အရူးတွေချည်းပါပဲ. . .

ဒါကြောင့် တစ်ယောက်လုပ်တာကို အား ကျမခံ ငါကွဆို ိ နောက်တစ်ယောက်က ထပ်လုပ်တတ်တယ် မဟုတ်လား .

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တစ်ယောက်လုပ်တာကို အားကျပြီး ထပ်လုပ်တတ်တဲ့ အရူးတစ်ယောက် ပေါ်နေပြီလို့ဆိုချင်တာပဲ'

အင်စပက်တာနေမြင့်၏စကားက အားလုံးကို မထိတထိ ပြန်လည်ပြောဆိုလိုက်သလို ဖြစ်သွားသဖြင့် ရာဇဝတ်အုပ် သိန်းထိုက်ပင် အနေရခက်သွားလေသည်။

'ဆရာ တယ်လီဖုန်းလာပါတယ်၊ ကနေ့ဒီကျွန်း လူသတ်မှုအတွက် မိန်းကလေးတစ်ယောက်က ဖြောင့်ချက်ပေးချင်လို့တဲ့'

'ဟင်. . . ဟုတ်လား၊ အခုပဲလာခဲ့မယ်လို့ ပြောလိုက်ကွာ'

အင်စပက်တာနေမြင့်က အလုပ်တာဝန်နှင့် ပက်သက်လာလျှင် မလစ်ဟင်းစေရ။

ပုလိပ်အဖွဲ့ဝင်များရှေ့၌ ဂုဏ်ယူ ဝံ့ကြွားလိုစိတ်ဖြင့် စွာကျယ်ကျယ်မပြောတတ်။

အလုပ်ကို လက်တွေ့ အကောင်အထည် ဖော်ထုတ်သူ လူတစ်ယောက်ပင်ဖြစ်သည်။

ထို့ကြောင့် တယ်လီဖုန်းထဲမှ အလုပ်ခန်းသို့ အရေးတကြီး ကိစ္စတစ်ခုကြောင့် ပြန်လာဖို့မှာကြားသောကြောင့် တလေးတစားပင် ရောက်ရှိလာခဲ့လေတော့သည်။

'ဟင်'

'ဩော်. . . မင်းကိုး'

နယ်လီက ဖြောင့်ချက်ပေးရန် စားပွဲ၌ ထိုင်စောင့်နေ လိုက်ရင်း ခြေသံကြား၍ လှည့်အကြည့် အင်စပက်တာနေမြင့်နှင့်



ရှုတ်တရက် မျက်နှာချင်းဆိုင်မိသွားသောကြောင့် အံ့အားသင့်သွားမိသည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၂ )

နယ်လီနှင့်နေမြင့်မှာ ပါတီပွဲ၌ တစ်ကြိမ်သာ ဆုံတွေ့ခဲ့ဖူးသည်။ သည်နောက်ပိုင်းတော့ မတွေ့ရတော့။သူနှင့် ရင်းနှီးခဲ့ရသူမှာ-အင်စပက်တာတစ်ယောက်ဖြစ်နေခြင်းကြောင့် ပြောရန် စကားပင် မထွက်ရဲလောက်အောင် ရှံ့တွန့်တွန့် ဖြစ်နေရှာလေသည်။

'ဟို. . .ဟို. . .အဲ. . .အဲဒီသူက'

'ရဲရဲပြောပါ နယ်လီ၊ ကျုပ်ကိုဘာမှ ကြောက်လန့်နေစရာမလိုပါဘူး၊ ခင်ဗျားနဲ့ကျုပ်ဟာ မိတ်ဆွေအရင်းကြီးတွေပဲဗျာ'

'ဟုတ်ကဲ့ပါ ကိုနေမြင့်'

အင်စပက်တာ နေမြင့်က အဖြစ်အမှန်အတိုင်း သိစေရန် ပြောဆိုလိုက်မှ နယ်လီက စပြောပြလေတော့သည်။

'စိန်နဲ့နယ်လီဟာ ခင်မင်ရင်းနှီးဆုံး သူငယ်ချင်းတွေပါပဲ၊ အိုဒီရင့်ကလပ်မှာ အမြဲဆုံကြတယ်လေ၊ တစ်ညမှာ နယ်လီတို့ ကပွ



ဲကွက်သစ်ရှေ့ အနောက် ကားပျက်သွားပါတယ်'

'ဘယ်အချိန်လောက် ပျက်တာလဲ'

'ကိုးနာရီကျော်ကျော်လောက် ရှိမယ်ထင်ပါတယ်'

'ဆက်ပြောပါ နယ်လီ'

နယ်လီက ကားပျက်သည့်အကြောင်း၊ မအေးစိန်ကို လိုက်ရသည့် အကြောင်း၊ ထိုသူလူသတ်သမားက သူ့ကိုသတ်ဖြတ်ဖို့ကြိုးစားသဖြင့် ခုခံကာကွယ်ရင်း ထွက်ပြေးလာခဲ့ရသည့် အကြောင်းများကို အင်စပက်တာနေမြင့်အား စီကာပတ်ကုံး ပြောပြလိုက်လေတော့သည်။ အင်စပက်တာနေမြင့်က နယ်လီပြောသမျှကို စိတ်ဝင်စားစွာ နားထောင်ရင်း. . .

'ဒါဆို လူသတ်သမားကို နယ်လီကိုယ်တိုင် ကြုံခဲ့ရတာပေါ့. . . ဟုတ်လား'

'ဟုတ်ပါတယ်ရှင်၊ကျွန်မလည်း သူ့လက်ထဲက အသက်လုပြေးသွားတဲ့နေ့ကစပြီး အမြင် လုံးဝမထွက်ရဲတော့ပါဘူး၊ ကျွန်မရဲ့နောက်မှာ အန္တရာယ်တစ်ခု အမြဲကပ်နေလိမ့်မယ်လို့ ထိတ်လန့်နေတယ်လေ. . . မအေးစိန် သေဆုံးသွားတဲ့အဖြစ်ကို သတင်းစာထဲကဖတ်လိုက်ရပြီး တရားခံကို အမြန်ဆုံးဖမ်းဆီးနိုင်ဖို့ အကူအညီလိုလိမ့်မယ်လို့ ယူဆမိတာနဲ့ ကျွန်မ အင်စပက်တာ နေမြင့်ထံ ရောက်လာခဲ့ရတာပါ'

နယ်လီက အင်စပက်တာ နေမြင့်ရှေ့၌ ပြောဆိုနေသည့်တိုင်အောင် ကတုန်ကယင်ဖြစ်နေသည်။ ဆက်တိုက်ဖြစ်ပွားနေသော လူသတ်မှုများက နယ်လီ၏ စိတ်အား အချောက်ချားဆုံးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



စေခဲ့သည်ဟု သဘောပေါက် နားလည်လိုက်မိသည်။

'မြိတ်မြို့ မိုးပြာဟိုတယ်၌ သင်္ဂီသေဆုံးတုန်းကလဲ နယ်လီပဲ သိရှိခဲ့ဖူးတယ်နော်'

'ဟုတ်ပါတယ်'

'ဒါဆို လူသတ်သမားဟာ မြိတ်မြို့မှာ နယ်လီတွေ့ခဲ့ဖူးတဲ့သူကော မဖြစ်နိုင်ဘူးလား'

နယ်လီက ထိုညက သူတွေ့ခဲ့ဖူးသူကို ပြန်လည်တွေးကြည့်နေမိသည်။

'နည်းနည်းတော့ ဆင်သလိုလိုဘဲ၊ ဒါပေမယ့် မြိတ်မှာ တွေ့ခဲ့ဖူးတဲ့လူနဲ့ အရပ်အမောင်းချင်းတူတာကိုတော့ သတိထားမိတယ်။

'အဲဒီလူကိုမြင်ရင် နယ်လီမှတ်မိနိုင်မလား'

'ဟုတ်ကဲ့. . . မှတ်မိပါတယ်။

အင်စပက်တာ နေမြင့်က ဓာတ်ပုံအယ်ဘမ်ကြီးတစ်ခုအား ထုတ်ပေးလိုက်ရင်း လူသတ်သမားကို ရှာခိုင်းလိုက်၏။

နယ်လီကစိတ်ရှည်လက်ရှည် ရှာဖွေပေးနေသော်လည်း တွေ့ခဲ့ဖူးသည့် လူတစ်ယောက်၏မျက်နှာနှင့် ခပ်ဆင်ဆင်တောင် မတွေ့ရ။ ထောင်ထွက်၊ လူဆိုး၊ လူမိုက်၊ ခါးပိုက်နှိုက်၊ ဓားပြ၊ သူခိုးစသော ဒုစရိုက်သမားများ၏ ပုံပန်းသဏ္ဌာန်နှင့် ရုပ်ရည်က အလွန်ကြမ်းကြုတ်ရက်စက်သော အင်္ဂါရုပ်များပင်ဖြစ်သည်။

နယ်လီတွေ့ကြုံခဲ့ဖူးသည့် လူသတ်သမား၏ မျက်နှာက ထိုသို့မဟုတ်။

'ဒီထဲမှာ အဲဒီလူနဲ့ ခပ်ဆင်ဆင်တောင်မတွေ့ပါဘူး'



'နယ်လီမြင်ဖူးတဲ့လူက ဘယ်လိုပုံစံလဲ'

'လွယ်လွယ်ပြောရရင် ရုပ်ရှင်မင်းသား တစ်ယောက်လိုပေါ့ရှင်၊ အမောက်ဆံပင်ကို ကော့စမစ်တစ်နဲ့ ဖွဖွလေးထောင်ထားသေးတယ်၊ သူ့မျက်နှာကလေးကလည်း နုဖပ်လို့ တကယ့်ကို မိန်းမချောချောတဲ့သူပါပဲ'

အင်စပက်တာနေမြင့် စဉ်းစားရခက်သွားသည်။

အသက်နှစ်ဆယ်ဝန်းကျင် ချောမောလှပသည့် တရားခံအား လက်ချိုးရေတွက်လို့ရသည်။ မကြာသေးမီက ကွမ်းခြံကုန်းဘူတာ လုယက်မှု၌ ဖမ်းဆီးခဲ့သော အောင်သန်း၏ပုံကို ထုတ်ပြသော်လည်း မဟုတ်ကြောင်း ခေါင်းခါပြနေပြန်သည်။

'နယ်လီပြောတဲ့အတိုင်းဆို လူသတ်သမားဟာ မျက်နှာဖုံးတစ်ခု စွပ်ထားတာများ ဖြစ်နေမလားဘဲ'

'အဲဒါတော့ မဖြစ်နိုင်ဘူး ကိုနေမြင့်၊ ကျွန်မနဲ့သူဟာ နီးနီးကပ်ကပ်ကို ရှိနေခဲ့ဖူးတယ်'

'ဟုတ်ပြီ၊ ဒါဆို ဒီလိုလုပ်၊ ကျွန်တော် ပန်းချီဆရာ တစ်ယောက်ယောက်ကို ခေါ်လိုက်မယ်၊ နယ်လီက ကိုယ်တိုင် မြင်တွေ့ဖူးတဲ့ လူသတ်တရားခံက ဘယ်လို ပုံပန်းသဏ္ဌာန်ရှိတယ်ဆိုတာ ပြောပြ၊ ဟုတ်ပြီလား'

အင်စပက်တာ နေမြင့်က ပန်းချီဆရာအိမ်သို့ ဖုန်းဆက်၍ခေါ်ရန် ပြင်ဆင်နေမိသည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၃ )

## ပင့်ကူနက်ဂိုဏ်း

တိုက်အိုပျက်ကြီးတစ်ခုဖြစ်၏။

ထိုတိုက်အိုပျက်ကြီးမှာ သက်န်းကျွန်း ငမိုးရိပ်တံတားဘက်၌ရှိပြီး မြို့စွန်၌ ဆီစက်ထောင်ရင်း တရုတ်သူဌေးဦးစိန်ကြည်နှင့် မိသားစုအားလုံး မီးလောင်တိုက်သွင်းခံရသလို သေဆုံးသွားခဲ့သည့် နေရာလည်းဖြစ်၏။

ထိုနေရာသို့ မည်သည့်အိမ်ပွဲစား မြေပွဲစားတစ်ဦးကမျှ ဝယ်ယူလိုစိတ်မရှိ။

အလွန်ခိုက်သော မြေနေရာဟု သတ်မှတ်ထားသောကြောင့် ထိုတိုက်ပျက်ကြီးမှာ ဤအတိုင်းပင် ပိုင်ရှင်မဲ့ ပစ်ထားခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအနီးတစ်ဝိုက်တွင် ရွာများမရှိသော်လည်း ဖြတ်သန်းသွားလာသော လမ်းကလေးက ရှိနေသည်။

ငမိုးရိပ်ဘက်မှ အမြဲပြန်တတ်သည့် ခရီးသည်တချို့၏ ပြောဆိုချက်အရဆိုလျှင် ထိုတိုက်ပျက်ကြီးအတွင်း အစိမ်းသေသေဆုံးခဲ့သည့် တရုတ်မိသားစု၏ အော်သံများကိုပင် နေ့စဉ်ကြားနေရသဖြင့် အနီးအနားသို့ပင် မဖြတ်ရဲကြောင်းသိရသည်။

တစ္ဆေအိမ်ကြီးကဲ့သို့ လူတိုင်းပါးစပ်ဖျား၌ ရေပန်းစားနေသည့် ဆီစက်ဟောင်းတိုက်အိုတိုက်ပျက်ကြီးကား ပင့်ကူနက်ဂိုဏ်း၏ တည်နေရာစခန်းတစ်ခုပင်ဖြစ်ကြောင်း မည်သူမျှမသိရှာပေ။

'အားလုံး နားထောင်ကြ'

ဩဇာဂုဏ်မြောက်သည့် အသံကြောင့် တစ်ခန်းလုံးမီးကို ရေနှင့် ငြိမ်းလိုက်သကဲ့သို့ ငြိမ်သက်သွားကြသည်။

'ငါတို့ပင့်ကူနက်ဂိုဏ်းကို ပုလိပ်အဖွဲ့နဲ့ အင်စပက်တာတွေ ခြေရာခံလိုက်နေကြတယ်။ ဒီတော့ ပင့်ကူနက်ဂိုဏ်းအပေါ်မှာ သစ္စာရှိကြဖို့လိုလာပြီ . . .

ငါတို့ဂိုဏ်းအနေနဲ့ ရည်ရွယ်ချက်မပျက်ဘဲ လုပ်ငန်းစဉ်တွေကို ဖောက်ချလုပ်သွားတော့မယ်၊ လိုအပ်ရင် အိန္ဒိယနိုင်ငံက သံခွာနက်ဂိုဏ်းအဖွဲ့နဲ့ ဆက်သွယ်ပူးပေါင်းမယ်၊ ငါတို့ရဲ့ လုပ်ဆောင်ချက်တွေ မအောင်မြင်ခင်မှာ သတိဝီရိယရှိဖို့နဲ့ ကိုယ်ခံရဲတဲ့သတ္တိတစ်ခုကို မွေးကြဖို့လိုပြီ'

အားလုံးမှာ ခေါင်းစွပ်အနက်များစွပ်ထားပြီး ထိုခေါင်း



စွပ်အပေါ်၌ အဖွဲ့ဝင်နံပါတ်များကို တပ်ထားခြင်းဖြစ်၍ ပင့်ကူနက်ဂိုဏ်းသား အချင်းချင်းတောင်မှ အစည်းအဝေးခန်းဝသို့ ဝင်ရောက်လာလျှင် တစ်ဦးနှင့်တစ်ဦး သိရှိဖို့မလွယ်ကူလှပေ။

အားလုံးက စိတ်ဓာတ်ကြံ့ခိုင်သည့်အပြင် ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ဖို့သူများပင်ဖြစ်ကြသည်။

'နံပါတ်ကိုး'

နံပါတ်ကိုးထံသို့ အားလုံး အာရုံပြုမိကြ၏။

'ပြောပါဆရာကြီး'

'မနက်ဖြန်မြို့စွန်မှာ လူမိုက်ဖိုးတွန်းနဲ့အဖွဲ့က လေးထောင့်ကန်က လူမိုက်ငသီးတို့နဲ့ ဓားပြတိုက်လာသမျှ ပစ္စည်းတွေကို ဝေစုခွဲကြလိမ့်မယ် . . .

အဲဒီတော့ နံပါတ်ကိုးက ပင့်ကူနက်ဂိုဏ်းကိုခေါ်ပြီး ဆက်သွယ်ရှားပါ၊ အရေးကြီးဆုံးက ပင့်ကူနက်ဂိုဏ်း ရန်ပုံငွေအတွက် သူတို့ဆီက တိုက်ရာပါသမျှ ပစ္စည်းတွေအားလုံး ငါတို့လက်ထဲရောက်လာဖို့ပဲ . . . . မရှင်းတာ ရှိသေးလား'

'မရှိပါဘူး ဆရာကြီး'

နံပါတ်ကိုး၏အသံမှာ မိန်းမအသံဖြစ်သည်။

သူတို့အားလုံးမှာ ပင့်ကူနက်ဂိုဏ်း၏ လက်ထောက်ဂိုဏ်းခေါင်းဆောင်များပင်ဖြစ်ကြသည်။

ခေါင်းတုံးပေါ်နှိပ်ကွက်ရသည့် လူမိုက်အလုပ်ကို လုပ်ဝံ့သူမှာ လူမိုက်များထက် သာလွန်သော ဖြတ်ထိုးဂုဏ်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်တည်း။

(ထိုခေတ်က လူမိုက်များ အပြိုင်အဆိုင် သောင်းကျန်းလျက်ရှိသောအချိန်ဖြစ်၏။ ဗိုလ်တစ်ထောင်ငမိုး၊ လမ်းမတော်ဖိုးတုတ်၊ အိုးစုမှပိန်းဘ၊ ကီလီမှရန်ကနား၊ လသာလမ်းအရှုပ်စသော လူမိုက်များက နာမည်ကြီးလှ၏။ ကိုလိုနီခေတ်၏အငွေ့ဆိုးတည်း)

လူမိုက်တိုင်း လူဆိုးမဖြစ်နိုင်သလို...

လူဆိုးတိုင်းလည်း လူမိုက်ဖြစ်မလာခဲ့။

လူဆိုးတစ်ဦးဖြစ်ရန်မှာ လွယ်ကူလှ၏။ အနည်းငယ် မိုက်သွေးပါရမည်။ လက်ရဲဇက်ရဲရှိရမည်။ လုယက်မှု၊ ခိုးမှု၊ ဓားပြမှု တစ်ခုကို ကျူးလွန်သူဖြစ်ရမည်။

ဒုစရိုက်လုပ်ငန်းပေါင်းစုံ လုပ်ကိုင်တတ်ရမည်။ သည်လောက်နှင့် လူဆိုးဖြစ်နိုင်လေပြီ။

လူမိုက်မှာ ထိုသို့မဟုတ်။ တစ်ယောက်တည်း သွားလာသည့်အသွင်။ သူ၏ရည်ရွယ်ချက်မှာ ခိုးဆိုးလုယက်ဖို့မပါဘဲ လူမိုက်ဟူသော ဂုဏ်ပုဒ်တစ်ခုအတွက် နာမည်ရအောင် မိုက်ပြနေခြင်းပင်ဖြစ်၏။

ပင့်ကူနက်ဂိုဏ်းအနေဖြင့် လူမိုက်နည်းပါးလှသည်။ လူဆိုးဟူ၍လည်းမရှိ။

သူများဂိုဏ်း၏ ခိုးဆိုးလုယက်လာသမျှ ပစ္စည်းဥစ္စာငွေကြေးများကို ဗန်တိုဗန်ရှည်ပညာ၊ သိုင်းပညာ၊ မြန်မာ့ လက်ဝှေ့



ပညာ၊ နပန်းပညာတို့နှင့် အတွက်ချဗျူဟာဆင်ပြီး ခေါင်းတုံးပေါ်ထိပ်ကွက် ဉာဏ်နီဉာဏ်နက်ဆင်ကာ မိမိတို့ ပင့်ကူနက်ဂိုဏ်းအင် အားကြီးထွားရေးအတွက် တိုက်ခိုက်နေခြင်းပင် ဖြစ်သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၄ )

### ချိန်းဆိုထားသည့်နေရာ

လေးထောင့်ကန် ကရင်သင်္ချိုင်း။

မြို့စွန်အရပ်၌ လေတဟူးဟူး တိုက်ခတ်နေသည်။

မြို့စွန်၌ အုတ်ဂူဖြူဖြူကလေးများရှိသော သင်္ချိုင်းကြီးတစ်ခု ရှိဖူးသည်။ ထိုခေတ်က ထိုနေရာအား ကရင်သင်္ချိုင်းဟု ခေါ်သည်။

'လာမှ လာပါ့မလား အိုင်ဗီ'

ရာဇဝတ်အုပ် သိန်းထိုက်က မယုံကြည်သလိုလို လေသံခပ်အုပ်အုပ်ကလေး မေးလိုက်၏။

'ကျုပ်က သတင်းအတိအကျ ရထားတာဗျ'

www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တာနေမြင့်က သေချာကြောင်း ပြန်လည်ပြော ဆိုလိုက်ရင်း သချိုင်းကုန်းဆီသို့ လှမ်းမျှော်ကြည့်နေကြသည်။

ပုလိပ်အဖွဲ့နှင့် အင်စပက်တာနေမြင့်ဦးဆောင်သော အဖွဲ့က ချုံနွယ်ပိတ်ပေါင်းများကို အကာအကွယ်ယူလျက် အခြေ အနေနှင့်အချိန်အခါကို စောင့်ဆိုင်းနေသည်။

သည်နေ့ ထိုနေရာ၌ လေးထောင့်ကန်လူမိုက် သေးနှင့် ဖိုးထွန်းတို့အဖွဲ့ ဝေစုခွဲကြပေလိမ့် မည်။ ထိုအချိန်၌ ပင့်ကူနက် ဂိုဏ်းက သေချာပေါက် ရောက်ရှိလာ ပေတော့မည်။ ထိုပင့်ကူနက် ဂိုဏ်းကို စောင့်ဖမ်းဖို့ ပြင်ဆင်နေ သည်။ သူတို့အဖွဲ့ သည်တစ် ကြိမ်တော့ ပင့်ကူနက်ဂိုဏ်းချုပ်ကြီးကို အမိဖမ်းနိုင်ပြီဟု အားခဲ ရောက်ရှိလာခြင်းဖြစ်သည်။

'ဟေ. . . ဟိုမှာ ချကုန်ကြပြီ'

ရာဇဝတ်အုပ်သိန်းထိုက်က အော်၍လှမ်းအကြည် ကရင်သချိုင်းကုန်းပေါ်၌ ရုတ်ရုတ်သဲသဲ ဖြစ်နေကြလေပြီ။ ပြေ လွှားကြ၊ အော်ဟစ်ဆူညံစွာ ခုတ်ကြ၊ ထစ်ကြ၊ တစ်ဖက်နှင့် တစ်ဖက် မည်သည့်ဘက်မှ အလျှော့မပေးကြဘဲ ရင်ထိတ်ဖွယ် ကောင်း အောင်တိုက်ခိုက်နေကြ၏။

ပင့်ကူနက်ဂိုဏ်းအနေဖြင့် အလစ် တိုက်ခိုက်ရသည် အတွက် ကိုယ်လုံးပညာ၌ အဆင့်မြင့်တတ်မြောက်ထားသောကြော သူတို့ဘက်က သာနေသည်။

'အားလုံး တစ်ယောက်မှ လွှပ်မယ်မကြံနဲ့နော်၊ အားလုံ



လက်နက်ချကြ'

ရာဇဝတ်အုပ် သိန်းထိုက်က စိတ်မရှည်နိုင်ဖြစ်လျက် အချိန်ကို စောင့်မနေနိုင်တော့ဘဲ အော်ဟစ် အမိန့်ပေးလိုက်သည်။

'ဒိုင်း. . . ဒိုင်း'

အပြန်အလှန် ပြစ်ခတ်မှုများ ဖြစ်ပေါ်လာခဲ့ပြီး ပင့်ကူ က်ဂိုဏ်းမှာ သူတို့အား ဝိုင်းထားသည့်ကြားမှ တုံ့ပြန်ပစ်ခတ်ရင်း ငွေများကိုပါ ရယူလျက် ထွက်ပြေးလွတ်မြောက်သွားလေတော့ သတည်း။

အင်စပက်တာ နေမြင့်မှာ မိမိအမိန့်မရဘဲ ဖမ်းဆီးရန်ကြို ည်သူ ရာဇဝတ်အုပ်သိန်းထိုက်ကိုသာ အပြစ်တင်ကြည့်ရှုလိုက် လေတော့သည်။

'တောက်'

အင်စပက်တာနေမြင့်က တောက်တခေါက်ခေါက်နှင့် မ ကျေမနပ် ဖြစ်နေရှာသည်။ တမည့်ဖြစ်သူ စုံထောက်မလေး နီလာ . . . .

'ဒီလောက်လဲ မကျေမနပ် ဖြစ်မနေစမ်းပါနဲ့ ဆရာရယ်၊ ဲ ပင့်ကူနက်ဂိုဏ်းကို ဖမ်းချင်ဇောနဲ့ စိတ်လွတ်ကိုယ်လွတ်ဖြစ် တာ နေမှာပေါ့'

'ဒါတော့ဒါပေါ့ နီလာရယ်၊ သူကလဲ အမိန့်ကို တိကျစွာ န်ထမ်းဆောင်ချင်တာထက် စုံထောက်မင်းကြီးကို မျက်နှာလို ရလုပ်ချင်တာက ပိုများနေလေတော့ အခုလိုပဲ အလွဲလွဲ

www.burmeseclassic.com

www.burmeseclassic.com



အချော်ချော် ဖြစ်သွားတာပေါ့'

စုံထောက်မလေးနီလာက ပင့်ကူနက်ဂိုဏ်းလွတ်သွားသဖြင့် ဒေါသထွက်မဆုံးနိုင်ဖြစ်ရသူ အင်စပက်တာနေမြင့်အပေါ် ရယ်စရာလို ဖြစ်နေမိသည်။

'နောက်တစ်ခါ ထပ်ကြိုးစားရဦးမှာပေါ့ကွာ'

'ဒီအတွက်မပူပါနဲ့၊ ဒီတစ်ခါတော့ ပင့်ကူနက်ဂိုဏ်းကို ဆရာဖမ်းမိဖို့ ကျွန်မ တာဝန်ယူစုံစမ်းထားတဲ့ ကိစ္စလေးတွေ ရှိပါတယ်လေ'

'ဆိုစမ်းပါဦး'

နီလာ၏စကားကို သူကိုယ်တိုင် မယုံကြည်ဖြစ်လေဟန်နှင့် လှမ်းကြည့်လိုက်သည်။

'ဟောဒီမှာ'

နီလာက အင်စပက်တာနေမြင့်အား စာတစ်စောင် ကမ်းပေးလိုက်၏။ အင်စပက်တာနေမြင့်က စာကို လှမ်းယူရင်း ကမျာကယာဖွင့်ဖတ်လိုက်ရာ. . .

'လာမယ့် သူဌေး ဦးစိန်ဟုတ်သမီး မွေးနေ့မှာ တောပင့်ကူတွေရှိပါစေ။

ပင့်ကူနက်ဂိုဏ်းချုပ်
(ပင့်ကူနက်တံဆိပ်နှင့်)

'ဟင်. . ဒီစာကို နီလာ ဘယ်ကရလာလဲ'

'မသက်ကလို့ လူတစ်ယောက်ကို ဖမ်းစစ်ရင်း အဲဒီလူက ပင့်ကူနက်ဂိုဏ်းကဖြစ်နေတယ်လေ၊ အဲဒီစာက သူ့အိတ်ထဲက ရခဲ့တာပဲပေါ့'

အင်စပက်တာနေမြင့်က လေးနက်စွာ စဉ်းစားလိုက်၏။ သည်တစ်ခါတော့ ပင့်ကူနက်ဂိုဏ်းကို မိဖို့ကျိန်းသေနေပြီ။ ထိုပွဲသို့ ပင့်ကူနက်ဂိုဏ်းချုပ် ရောက်လာမှာ သေချာသည်။

❋ ❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၅ )

'ဦးစိတ်ဟုတ်ဆိုတာ ဘယ်သူလဲ ဆရာ'

'ကင်းဘဲလ်လမ်းခြံမှာနေတဲ့ မိုးကုတ်သူဌေးတစ်ယောက်ပေါ့'

ဦးစိန်ဟုတ်ခြံကား မီးရောင်စုံများနှင့် တလက်လက်တောက်ပနေသည်။ ထိုနေ့ကား ဦးစိန်ဟုတ်၏သမီးဖြစ်သော စီစီစိန်ဟုတ်၏ (၂၅)နှစ်မြောက် မွေးနေ့ပွဲဖြစ်သည်။

မိုးကုတ်သူဌေး ဦးစိန်ဟုတ်က အလွန်ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်သည်။ မိုးကုတ်၌ ဦးစိန်ဟုတ်မှာ လူကုံထံ အသိုင်းအဝိုင်း ဝင်ဆံ့သော်လည်း အလွန်ချမ်းသာကြွယ်ဝသည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူ့ထက်ချမ်းသာသူများက ရှိနေသေးသောကြောင့်ဖြစ်၏။

ရန်ကုန်မြို့ပေါ်၌ ဦးစိန်ဟုတ်ကား ချမ်းသာကြွယ်ဝသူဟု

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူနိုင်သည်။

ထို့ကြောင့် သမီးဖြစ်သူ စီစီစိန်ဟုတ်မွေးနေ့ကို အကြောင်းပြု၍ တစ်ဖက်က လူကုံထံအသိုင်းအဝိုင်းအကြား ထင်ပေါ်ကျော်ကြားလာစေရန် သမီးမွေးနေ့ပွဲ၌ စိန်ဘယက်ပါ ချီးမြှင့်မည်ဖြစ်ကြောင်းကို ခပ်ကြောင်ကြောင် ကြော်ငြာလိုက်လေသည်။

(ထိုခေတ်က ကြော်ငြာအမျိုးမျိုးကို စီးပွားရေးစားကွက်တစ်ခုအဖြစ် သတင်းစာအမျိုးမျိုး၌ လွတ်လပ်စွာ ကြော်ငြာတတ်ကြ၏။ တချို့ကြော်ငြာများသည် ကိုယ်ရေးကိုယ်တာကိစ္စကို ထင်ပေါ်ကျော်ကြားစေရန် ခပ်ကြောင်ကြောင်သဘောပင်ဖြစ်၏)

စာရေးသူ

လူကုံထံအသိုင်းအဝိုင်းက ကားကြီးကားငယ် အသွယ်သွယ်နှင့် ရောက်ရှိလာခဲ့ကြ၏။ တေးဂီတသံများက ခြံထဲဖုံးလွှမ်းနေပြီး ဖိတ်ဖိတ်တောက်အောင် ဝတ်ဆင်ထားသော ပိုးဖဲကတ္တီပါ အဝတ်အစားများကြောင့် ခြံအတွင်း ရောင်စုံအလှအပများ တဖျပ်ဖျပ်ဝင်းလက်နေသည်။

စီစီစိန်ဟုတ်မှာ မွေးနေ့လက်ဆောင်ပေးခဲ့သည့် စိန်ဘယက်အား လူပုံအလယ်၌ ကြွားကြွားဝါဝါဆွဲပြရင်း ဧည့်ပရိသတ်များကို လိုက်လံနှုတ်ဆက်နေသည်။ ထိုမွေးနေ့ပွဲသို့ မဖိတ်ခေါ်ဘဲ ရောက်နေသည့် ပင့်ကူနက်ဂိုဏ်းသားတချို့က ဧည့်ပရိသတ်အကြား၌ ရှိနေခြင်းကို မည်သူကမျှ သတိမပြုခဲ့။



သတိပြုမိသူနှစ်ဦးက အင်စပက်တာနေမြင့်နှင့် နီလာတို့ပင် ဖြစ်သည်။ သူတို့နှစ်ဦးက ပင့်ကူနက်ဂိုဏ်း အချိန်းအချက်ပြုလုပ်သောနေရာသို့ ရောက်လာခြင်းဖြစ်၍ တစ်စက်ကလေးမှ သတိလက်လွှတ်ဖြစ်မသွားအောင် ပင့်ကူနက်ဂိုဏ်းကို လိုက်လံရှာဖွေနေမိသည်။ ထိုအခိုက် ပင့်ကူနက်ရင်ထိုးလေးနှင့် လူတစ်ယောက်ကို ပရိသတ်အကြား၌ ရိပ်ခနဲမြင်လိုက်ရလေသည်။

လှစ်ခနဲလူခွဲ၍ လိုက်ရှာမည်အပြု. . .

တစ်ခြံလုံးမီးများ မည်းမှောင်သွားပြီး အော်သံခပ်စူးစူး ပေါ်ထွက်လာလေတော့သည်။

'အား'

'အမယ်လေး. . . လုပ်ကြပါဦးရှင်၊ သမီးလေး သေပြီ ဟဲ့ဟဲ့'

မီးများရုတ်တရက် ပြန်လင်းလာသောအခါ စီစီစိန်ဟုတ်ကို သတ်ဖြတ်ပြီး ပင့်ကူနက်ဂိုဏ်းက စိန်ဘယက်အား လုယက် ထွက်ပြေးသွားမှန်း သိလိုက်ရလေတော့သည်။ အော်ဟစ်ဆူညံသံများက ဧည့်ခံပွဲတစ်ခုလုံး ငရဲပွက်သည့်အလား ဖြစ်ပေါ်နေသည်။

'နီလာ လူခွဲလိုက်စမ်း'

'ဟုတ်ကဲ့ဆရာ'

အင်စပက်တာနေမြင့်နှင့် နီလာတို့က ပင့်ကူနက်ဂိုဏ်းသားအပေါ် မျက်ခြည်ပျက်မသွားရန် လူစုခွဲလိုက်ခဲ့ကြသည်။

'ယား'

www.burmeseclassic.com

www.burmeseclassic.com



'ဖောင်း'

'ဖောင်း'

ပင့်ကူနက်ဂိုဏ်းသားက ကြိုတင်ဖမ်းဆီးပိတ်ဆို့ရန် တာဝန်ပေးထားသော စုံထောက်အဖွဲ့မှ လူနှစ်ယောက်အား အစွမ်းကုန် တိုက်ခိုက်နေသည်။

သူ၏တိုက်ကွက်များက မြန်ဆန်လွန်းလှသဖြင့် ပိတ်ဆို့ရန်ကြိုးစားသူ နှစ်ဦးမှာ အလစ်တိုက်ခိုက်ခံလိုက်ရလေတော့သည်။

စိန်ဘယက်ကိုကိုင်၍ ပြေးလွှားနေသောလူက မှတ်မှတ်ရရ ခြံထိပ်၌ရပ်ထားသော ကားတစ်စီးအနီးရောက်ရှိလာခဲ့လေသည်။

'ယား'

'ဘုံး'

နေမြင့်က ကားခေါင်မိုးပေါ်မှ ပင့်ကူနက်ဂိုဏ်းသား၏ ရင်ဝတည့်တည့်သို့ လွှားခနဲ ခုန်ကန်လိုက်ရင်း လက်ထိတ်ကိုကစားလိုက်၏။ ပင့်ကူနက်ဂိုဏ်းသားမှာ လူရောစိန်ဘယက်ပါ လွင့်စဉ်သွားလေသတည်း။

ကျိတ်မှိတ်ပြန်ထကာ အင်စပက်တာနေမြင့်အား တုံ့ပြန်တိုက်ခိုက်ရန် ပြင်ဆင်နေပြန်သည်။

❋ ❋ ❋ ❋



## အခန်း ( ၃၆ )

နေမြင့်က လက်ထိတ်ကို ယမ်း၍ရိုက်ချလိုက်၏။

'ခွပ်'

'အင့်'

ပင့်ကူနက်ဂိုဏ်းသားမှာ လက်ထိတ်နှင့်ခေါင်း ရိုက်မိသွားခဲ့ပြီး ပုံလျက်သား လဲကျသွားလေတော့သည်။

'ဗွမ်း'

ဌာနအခေါ်အားဖြင့် ဘာလီရည်တိုက်သည်ဟု ခေါ်သည်။ ဘာလီသံပုံးအပြည့် ရေကိုခပ်၍ မျက်နှာသို့ မေးသမျှ မပြောမချင်း ရေမွန်းအောင် ပက်နေခြင်းဖြစ်သည်။

'ဗွမ်း'

'ပြောလေကွာ၊ မင်းတို့ဂိုဏ်းချုပ် ဘယ်သူဆိုတာ မေးနေတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဗွမ်း'

ပင့်ကူနက်ဂိုဏ်းသားအနေနှင့် ခေါင်းမာလှသူတစ်ယောက်ဖြစ်သောကြောင့် အင်စပက်တာနေမြင့် မေးသမျှကို မပြောဘဲ ငြိမ်နေလိုက်သည်။

'ဩော် . . . မင်းက ပုံးကြီးနဲ့ ရေတိုက်တာ မကြိုက်ဘူးထင်တယ်၊ ဟော့ကောင်တွေ သူ့ကို ညင်ညင်သာသာလေး ရေတိုက်လိုက်စမ်းကွာ'

ပင့်ကူနက်ဂိုဏ်းသားက ရေများ ရွဲရွဲစိုအောင် လောင်းထားသဖြင့် ကြွက်စုတ်တစ်ကောင်လိုဖြစ်နေသည်။ ပင့်ကူနက်ဂိုဏ်းသားမှန်သမျှ သစ္စာရှိတတ်ကြသည်။ လွယ်လွယ်နှင့် မေးမရမှန်း သိသော်လည်း စုံထောက်အဖွဲ့က မေးရသောနည်းကို ရွေးထားရတော့သည်။ ယခုလည်း ဘာလီပုံးကြီးနှင့် ရေမွန်းအောင်ပက်မေးနေခြင်းမှာ မရသဖြင့် အပေါက်သေးသေးကလေး ဖောက်ထားသော ပုံးတစ်ပုံးကို ယူဆောင်လာသည်။ ထိုပုံးကို မြင်လိုက်သောကြောင့် ပင့်ကူနက်ဂိုဏ်းသားမှာ အထိတ်တလန့် ဖြစ်သွားလေတော့သည်။

ထိုပုံးအကြောင်း သူအသိဆုံးဖြစ်သည်။

ရေစက်ကလေးများမှာ တစ်စက်ချင်း ခေါင်းပေါ် ကျလာပြီး မကြာခင် အချိန်အတွင်း၌ ခေါင်းပေါ် လေးလံသော ကျောက်တုံးကြီးတစ်တုံး တင်ထားရသကဲ့သို့ ဖြစ်လာမိပေလိမ့်မည်။ ရေစက်များကို မြင်တွေ့ရုံမျှနှင့်ပင် ထပ်ကျလာမည်ကို ကြောက်လန့်သွား



လောက်အောင် ဖြစ်ခဲ့ဖူး၏။

'မ . . . မလုပ်ပါနဲ့ပါနဲ့ ဆရာရယ်၊ ကျွန်တော် ပြောပါတော့မယ်'

'ကိုင်း . . . ဒါဆို ဘယ်သူလဲ ပြော'

'ပင့်ကူနက်ဂိုဏ်းချုပ်ဟာ အမြဲလိုလို မျက်နှာဖုံး တစ်ဆင်ထားတဲ့အတွက် ဘယ်သူဆိုတာ မသိရတာ အမှန်ပါပဲ၊ ဒါပေမယ့် ကျွန်တော် သူနဲ့ ချိန်းဆိုထားတဲ့နေရာရှိပါတယ် ဆရာ၊ အဲဒီ နေရာကတော့ . . .'

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၇ )

နေမြင့် အမှိုက်ပုံရှိရာကို ရှပ်ဖျက်၍ ရောက်လာခဲ့သည်။

ပင့်ကူနက်ဂိုဏ်းသားတစ်ဦး၏ ဖြောင့်ဆိုချက်ပေးသည့် အတိုင်းဆိုလျှင် စီစီစိန်ဟုတ်၏ စိန်ဘယက်ကို အလုံအမှိုက်ပုံကြီးနှင့် မျက်စောင်းထိုး၌ရှိသော ဓာတ်ဆီဆိုင် အပေါင်းကြီး၌ ပြန်ပေးရမည် ဖြစ်သည်။ နေမြင့် လက်ထဲမှနာရီကို ကြည့်လိုက်မိသည်။

ပင့်ကူနက်ဂိုဏ်းချုပ်ကြီးက ယခုထိ ရောက်မလာသေး။

အင်စပက်တာတစ်ယောက်အနေနှင့် စိတ်ရှည်သည်းခံ၍ စောင့်ဆိုင်းရပေတော့မည်။

အင်စပက်တာနေမြင့်အတွက် ထူးခြားသောဖြစ်ရပ်မျိုးကို ပင့်ကူနက်ဂိုဏ်းနှင့်ပတ်သက်၍ မကြာခဏ ကြုံတွေ့ရတတ်၏။

ထိုအကြောင်းမှာ ပင့်ကူနက်ဂိုဏ်းသားများကို မိမိတို့၏ ခေါင်းဆောင်၏ သတင်းကို သဲလွန်စရှာမရသည့်အပြင် သူတို့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်မှာ အမြဲတစေ မျက်နှာဖုံးတစ်ခုကို တပ်ဆင်ထားသောကြောင့် မည်သူဖြစ်သည် မသိနိုင်ဆိုသော အချက်ပင်ဖြစ်သည်။

စဉ်းစားနေစဉ် မောင်းနှင်လာသော ကားတစ်စီးအသံကိုကြားရသဖြင့် လက်နှိပ်ဓာတ်မီးနှင့် အချက်ပြလိုက်၏။

ကားက ဆိဆိုင်ဟောင်းနှင့် မလှမ်းမကမ်းနေရာသို့ ရပ်လိုက်ရင်း ကားထဲမှလူတစ်ယောက် ဆင်းလာခဲ့သည်။

ထိုလူက မျက်နှာဖုံးနှင့်ဖြစ်ပြီး ရင်ဘတ်၌ ပင့်ကူနက်တံဆိပ်ရင်ထိုးလေးကို ထိုးထားခဲ့သည်။

ခေါင်းဆောင်ဖြစ်သည်ဟု ထင်လိုက်ရလေသည်။

အင်စပက်တာအနေဖြင့် အမှောင်ရိပ်မှ ကိုယ်တစ်ခြမ်းထွက်ပြလိုက်၏။ ကက်ဦးထုပ်ဆောင်းထားသော သူ့အား ပင့်ကူနက်ဂိုဏ်းချုပ်ကြီး မည်သို့မျှ အယောင်ဆောင်မှန်း မသိနိုင်ပါ။

အင်စပက်တာအနေဖြင့် သူ၏အကြံ အောင်မြင်ပြီဟု စိတ်ထဲ အပိုင်တွက်ထားလိုက်သည်။

သို့ပေမယ့် သူမှန်းဆထားသလိုဖြစ်မလာခဲ့။ ပင့်ကူနက်ဂိုဏ်းခေါင်းဆောင်က သူ့ထံသို့တန်းတန်းမတ်မတ် ဝင်ရောက်မလာဘဲ ခပ်လှမ်းလှမ်း၌ရပ်၍. . .

'တောပင့်ကူတွေ ဘာစားသလဲ'

ပင့်ကူနက်ဂိုဏ်းထဲက ဟုတ်, မဟုတ် စကားဝှက်နဲ့ မေးမြန်းလိုက်လေတော့သည်။



'အဆိပ်'

ပထမမေးခွန်းက မှန်သွားသည်ဟု ထင်ရသည်။ သူက ထပ်မံ၍. . .

'ဘာအဆိပ်လဲ'

သည်တစ်ကြိမ်မေးလိုက်သော စကားဝှက်မှာ သူ့အတွက် အဖြေရခက်နေလေပြီ။

ထိုအဖြေကို ပင့်ကူနက်ဂိုဏ်းသားတစ်ယောက် ဆိုလျှင် ဒက်ခနဲဖြေနိုင်လိမ့်မည်။

သို့ပေမယ့် သူကတော့မဖြေနိုင်။ ခေါင်းက ဝေခွဲမရနိုင်သည်က အဆိပ်။ မည်သည့်အဆိပ်နည်း။

ဇယယွန်ဒ၊ ဘူလယွန်ဒ၊ ပီကလောဟီယွန်ဒ၊ ဟေမထော ကုန္တရယွန်ဒ ဟူသော အဆိပ်လေးမျိုးထဲမှ မည်သည့်အဆိပ်မျိုးဖြစ်မည်နည်း။ အင်စပက်တာ နေမြင့် ဝေခွဲ၍မရတော့။

'ဖြောက်'

'ဟင်'

'ဟော့. . . အယောင်ဆောင် ထွက်ခဲ့စမ်း၊ ပင့်ကူနက်ဂိုဏ်းကို ဒါမျိုးလာစမ်းလို့ ဘယ်ရမလဲ'

လက်ထဲ၌ ဆိုင်လင်ဇာတပ်ဆင်ထားသော သေနတ် တစ်လက်ကိုင်ဆောင်၍ သူ့ရှိရာဘက်သို့ ပစ်ခတ်ရန် အသင့်ချိန်ထားလေသည်။ သေမင်းက မဖိတ်ခေါ်ပါဘဲ သူ၏ လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ရှုပ်'

'ယား'

အင်စပက်တာနေမြင့်က တစ်ဖက်သို့ ကိုယ်ယောင်ပြလိုက်ရင်း ဆိုင်လင်ဇာသေနတ်နှင့် ပင့်ကူနက်ဂိုဏ်း ရန်သူအား လူရောသေနတ်ပါ လွင့်စဉ်သွားစေအောင် တရကြမ်း တိုက်ခိုက်လိုက်၏။

မမျှော်လင့်ဘဲ လှည့်ကွက်တစ်ခုနှင့် ကြုံတွေ့လိုက်ရသောကြောင့် ပင့်ကူနက်ဂိုဏ်းသားမှာ မရှုမလှပင် ခံစားလိုက်ရသည်။

'ဟိတ်'

ဘုံးခနဲ ကျနေရာမှ ဟိတ်ဟန်အပြည့်နှင့် တုံ့ပြန်တိုက်ခိုက်ရန် ရုတ်တရက် ထ,လာလေတော့သည်။

'ဟိုင်း'

သူက မကြောက်မရွံ့ဘဲ အင်စပက်တာနေမြင့်အား တရကြမ်း တိုက်ခိုက်နေသည်။

သူ၏တိုက်လက်များမှာ သွက်လက် မြန်ဆန်လှသည့်အပြင် အလွန်ပျော့ပျောင်းလာကြောင်း အံ့ဩဖွယ် တွေ့မြင်လိုက်ရသည်။

'ယား'

'ဝုန်း'

လေထဲ၌ ကြောင်တစ်ကောင်လို ကျွမ်းပစ်ခုန်လိုက်ရင်း



နေမြင့်၏ ရင်ဝသို့ တစ်ချက်ကောင်း ပစ်ကန်လိုက်လေသည်။

ရှိုး . . ဒုတ် ဟူသော အသံသာကြားရပြီး အရိပ်တစ်ခုကို လှမ်းကန်တိုက်ခိုက်ပြီး ပျောက်ကွယ်သွားတတ်ကြောင်းကို သတိထားမိလိုက်သည်။ သိုင်းပညာနှင့် ဗန်တို၊ ဗန်ရှည်ကို အဆင့်မြင့်ဆုံး တတ်ကျွမ်းထားသူ တစ်ယောက်မှန်း သိသာလှ၏။

အင်စပက်တာနေမြင့်အဖို့ မြန်မာ့လက်ဝှေ့ကိုသာ မတောက်မခေါက် တတ်သူတစ်ယောက်ဖြစ်၍ သတ်ပုတ်ရာ၌ လူတောမတိုးနိုင်အောင်ဖြစ်နေမိသည်။ ပင့်ကူနက်ဂိုဏ်းချုပ်ဟု ထင်ရသူမှာ သူ့ထက် ပညာအရာ ၌ များစွာသာလွန်နေသည်။

တစ်ချက်ကောင်းတိုက်ကွက်များက မြင်းထန်လွန်းလှသဖြင့် ထိခတ်မိသောအရာတိုင်း ကြေမွပျက်စီးရသည်အထိ ဖြစ်နေလေသည်။

အင်စပက်တာနေမြင့် သူ့ချော့တွက်ထားသည့် ပင့်ကူနက်ဂိုဏ်းသားအပေါ် မည်သို့မျှ တိုက်ခိုက်ခွင့် မရနိုင်သေး။ သူ တိုက်ခိုက်လေသမျှ လေကိုထိုးခွင်းတိုက်ခိုက်လိုက်သည်သို့ အချည်းနှီး ဖြစ်နေသည်။

သည်တစ်ကြိမ်တော့ အင်စပက်တာနေမြင့်မှာ သူ့ထောင်ချောက်အတွင်းသို့ ထွက်ပေါက်မရှိ ရောက်ရှိသွားပြီဟု ထင်မိသည်။

နေမြင့်ခေါင်းထဲ၌ စဉ်းစားနေသည်က သူ့အား ထွက်ပေါက်မရှိပိတ်ဆို့ထားနိုင်သော သိုင်းသမားအပေါ် မည်သို့တုံ့ပြန်ရမည်ဆိုသော အချက်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝှီး'

ပြင်းထန်စွာ တိုက်ခိုက်နေသော တိုက်ကွက်အကြားမှ တစ်ပတ်ကျွမ်းပစ်၍ လိမ့်ရှောင်လိုက်၏။ ရှောင်ရင်းပင် သူရှောင်ကွက်က မျှောင်ပိတ်မိနေရာလေပြီ။ ပင့်ကူနက်ဂိုဏ်းခေါင်းဆောင်က ရှေ့သို့တိုးလာခဲ့လေသည်။

သူ့လက်ထဲ၌ ချွန်မြနေသော သံလက်သီး။ ထိုသံလက်သီးမျိုးမှာ လူမိုက်များသာ အသုံးပြုလေ့ရှိသော ပစ္စည်းဖြစ်ပြီး တစ်ချက်ထိုးနှက်လိုက်သည်နှင့် သေကွင်းသေကွက်၌ ငြိသွားနိုင်လေသည်။ အင်စပက်တာနေမြင့်က ခေါင်းထဲဖျတ်ခနဲ အကြံတစ်ခု ရလိုက်သည်။

'အား'

မျက်နှာဆီသို့ သံနှင့် ဖြန်းခနဲ ပက်လိုက်ရင်း ပိတ်ဆို့ထားသော ပင့်ကူနက်ဂိုဏ်းခေါင်းဆောင်အား ပစ်ကန်လိုက်ရင်း တွန်းတိုက်ထွက်ပြေးသွားလေတော့သည်။

ပင့်ကူနက်ဂိုဏ်းခေါင်းဆောင်မှာ သူ့အား မည်သို့မျှ လိုက်လံရှာဖွေရန် မဖြစ်နိုင်တော့ပေ။

အင်စပက်တာနေမြင့် ရန်သူ့စက်ကွင်းမှ လွတ်မြောက်သွားလေတော့သည်။

❋ ❋ ❋ ❋



## အခန်း ( ၃၈ )

### သိဂီရွှေခွက်ထဲက အဆိပ်

ကျွန်ုပ်ရင်ထဲ၌ အမြဲလိုလိုပူလောင်စွာ ခံစားနေရသည်။

မြနှင်းအေးအတွက် ပူလောင်ခြင်းက အချစ်၏ အဆိပ်များပင်ဖြစ်လေတော့သည်။ တစ်ကိုယ်ရည်တကာယ နေလာခဲ့သူမို့ အချစ်၏ လောင်ကျွမ်းခြင်းဒဏ် မခံနိုင်ဝံ့လေသလား၊ သို့တည်း မဟုတ် မရနိုင်သော အချစ်ကိုမှ တမ်းတမိသဖြင့် ပူလောင်ရခြင်းလေလား။ တစ်ခုခုတော့ဖြစ်နိုင်သည်။

သည်ကြားထဲ မွေးစားသား ရှိန်းမောင်က ရန်ကုန်သို့ရောက်ရှိနေသဖြင့် ကျွန်ုပ်အတွက် စိတ်ကျဉ်းကျပ်လှ၏။

ရှိန်းမောင် ပြန်လာသည့်အတွက် ဝဏ္ဏာသိဒ္ဓိဆေးကို ကျွန်ုပ်သုံးစွဲရန် မဖြစ်နိုင်တော့။ သူ့အဆိုအရ သည်တစ်ခေါက် ရန်ကုန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်ပေဦးမည်။ ရှိန်းမောင်ကို ဂရုတစိုက်ကြည့်ရသည်မှာ သည်တစ်ခေါက် ဂနာမငြိမ်သလို ဖြစ်နေသည်။

ထို့ကြောင့် . . .

'မင်း ဘာတွေဖြစ်လာသလဲ၊ အဖေ့ကို မှန်မှန်ပြောစမ်း'

'ကျွန်တော်ဘာမှမဖြစ်ပါဘူး အဖေ'

'မညာပါနဲ့ငါ့သားရယ်၊ မင်းပုံစံကို ငါကြည့်လိုက်ရုံနဲ့ ဘာတွေဖြစ်နေတယ်ဆိုတာ ချက်ချင်းသဘောပေါက်ပါတယ်'

ရှိန်းမောင်ကို ကျွန်ုပ် စကားအစ်လိုက်သဖြင့် သူ့ပုံစံက မနေတတ်အောင်ပင် ဖြစ်သွားခဲ့လေသည်။

သူအလျှင်လို မနေရဲတော့။ ကျွန်ုပ်၏ရှေ့၌ ငြိမ်သက်စွာ နေထိုင်သူ တစ်ယောက်လို ဟန်ဆောင်နေပြန်သည်။ သူဘာတွေ ဖြစ်နေသလဲ ကျွန်ုပ် သိချင်လာမိသည်။

သူ့အား မေးကြည့်လည်း အခြေအနေက ထူးခြားလာမည်မဟုတ်ပေ။ ထို့ကြောင့် ရှိန်းမောင်အား ကျွန်ုပ်သတိပေးမိသလို ပြောဆိုမနေတော့ဘဲ သူဘယ်ကိုသွားသည်၊ ဘာတွေ လုပ်ခဲ့သည်ကို စေ့စေ့စပ်စပ်သိရှိရန် ဝဏ္ဏာသိဒ္ဓိဆေးကို သုံးစွဲရန် ဆုံးဖြတ်လိုက်၏။

'အဖေ ခရီးထွက်မလို့ဆို'

'အေး . . . ဟုတ်တယ်၊ မင်းကို ဘယ်သူပြောသလဲ'

'မောင်ပုပြောတာအဖေ၊ ဒါနဲ့ ဘယ်နှစ်ရက်လောက်ကြာမှာလဲဟင်'

'အင်း . . . ပစ္စည်းအခြေအနေအရ အနည်းဆုံး တစ်ပတ်



တော့ကြာလိမ့်မယ်ထင်တယ် သားရဲ့'

ကျွန်ုပ်၏ စကားကြောင့် ရှိန်းမောင်မျက်နှာကလေးမှာ ဝင်းပသွားတော့သည်။

ကျွန်ုပ်မရှိခိုက် ရန်ကုန်တွင် သူစိတ်တိုင်းကျ သောင်းကျန်း၍ ရတော့မည်မို့ ရင်ထဲပျော်ရွှင်သွားလေဟန်တူသည်။ ကျွန်ုပ်အနေနဲ့ မန္တလေးသို့ ခရီးထွက်မည်ဟု အကြောင်း ပြကာ ဝဏ္ဏာသိဒ္ဓိဆေးကိုသုံး၍ ရှိန်းမောင်နောက်သို့ ခြေရာခံလိုက်ရန်ဖြစ်သည်။

'ကျွန်တော် ဘူတာရုံအထိ လိုက်ပို့ပေးရမလားအဖေ'

'နေပါစေကွာ အဖေ့မိတ်ဆွေတွေ ပါမှာပဲ၊ အိမ်မှာပဲနေခဲ့'

ရှိန်းမောင်က သူ့အပေါ် စိတ်ချယုံကြည်သွားပြီဟု ထင်မိသည်။

ရှိန်းမောင် ဘယ်တွေသွားနေသလဲ . . .

ရှိန်းမောင် ဘာတွေလုပ်နေသလဲ . . .

ကျွန်ုပ် သိချင်လှသည်။ ကျွန်ုပ်ရင်ထဲ၌ မြနှင်းအေးနှင့်ပတ်သက်လာလျှင် ပူ လောင်စွာ ခံစားတတ်သကဲ့သို့ ရှိန်းမောင်နှင့်ပတ်သက်လျှင်လည်း အမြဲပူပင်ရတတ်သည်။

မွေးစားသားဆိုပေမယ့် ပတ်ဝန်းကျင်အမြင်အရ သားအဖအရင်းလိုချစ်ခင်ကြောင်း သိပြီးဖြစ်သည်။ ရှိန်းမောင်မှာ အရင်အုန်းက မလိမ်တတ် မညာတတ်၊ ဟုတ်တိုင်း မှန်ရာကို ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သူ တစ်ယောက်သာ ဖြစ်သည်။ ယခုတော့ သူ့ရင်ထဲ၌ ကျွန်ုပ်ကို မပြောချင်လောက်အောင် လျှို့ဝှက်ချက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိနေရှာလေပြီ။

ထိုအရာကား ကျွန်ုပ်ရင်ထဲမှာ မကျေနပ်နိုင်သော ကိစ္စပင် ဖြစ်သည်။ ထိုကိစ္စကို အမြေမြန်ပေါ်လာစေရန် ကျွန်ုပ်မှာတာဝန် အရှိဆုံးဖြစ်သည်။

ဗိုဒီရင့်ကလပ်၌ ချောမောလှပသော ကောင်မလေး တစ်ဦးက သီချင်းဆို၍ဖျော်ဖြေနေသည်။ ထိုမိန်းကလေး၏ နာမည် မှာကေသီဖြစ်၏။ ကေသီ၌ စံပယ်တင် မှဲ့လေးတစ်လုံးရှိသည်။ ထိုမှဲ့လေးနှင့်လာရောက်သူဧည့်ပရိသတ်အား ဖမ်းစားထားသည်ဟု ဆိုလျှင် မမှားပေ။

ထိုစားသောက်ခန်းမ၏ ရှေ့ဆုံးထိုင်ခုံ၌ စပါးကြီးမြွေတစ် ကောင်ညှို့ခံထားရသလို ဖြစ်ခံနေရသူကား ရှိန်းမောင်ပင်ဖြစ် သည်။ ရှိန်းမောင်ရှေ့တည့်တည့်၌ ဂျော်နီဝါးကားပုလင်းတစ်လုံး ရှိ၏။ တစ်ခါမှ အရက်မသောက်ဖူးသူ ရှိန်းမောင်က ကေသီကို စွဲလမ်းစိတ်နှင့် အရက်မှာသောက်ရင်း ရီဝေစွာ ငေးကြည့်နေ သည်။

ကျွန်ုပ်က သူနှင့် တည့်တည့်စားပွဲတစ်လုံး၌ ရှိနေသည် ကို သတိပြုမိဟန်မတူ။

ဝဏ္ဏာသိဒ္ဓိဆေးကိုသောက်ရင်း နုပျိုသော အဆင်းရှိသော ကျွန်ုပ်အား ရှိန်းမောင်တစ်ယောက် မှတ်မိနိုင်မည် မဟုတ်ပေ။

❋ ❋ ❋ ❋



## အခန်း ( ၃၉ )

မန္တလေးသို့ ကျွန်ုပ်ရောက်သွားပြီဟု စိတ်ချယုံကြည် ားလေဟန်ရှိသည်။

'ဖြောင်း . . . ဖြောင်း . . . ဖြောင်း'

လက်ခုတ်သြဘာသံကြား၌ ကေသီတစ်ယောက် ကောင်း ောင်းအောင်ပွဲခံနေလေပြီ။

ကေသီက သီချင်းသီဆို ဖျော်ဖြေပြီး ရှိန်းမောင်ရှိရာ စားပွဲ ီသို့ ဆင်းလာခဲ့သည်။

'မောင် ရောက်နေတာကြာပြီလား'

'ဟင့်အင်း . . . ကေသီ သီချင်းဆိုမှ မောင်ရောက်လာတာ'

'ကေသီဆိုတဲ့ မြကြာယံသီချင်းကိုကော ကြားလိုက်ရဲ့လား'

'အင်း'

ရှိန်းမောင်က စိတ်မပါလေဟန် ပြောဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မောင် ဘာဖြစ်နေတာလဲဟင်'

ကေသီက ရှိန်းမောင် တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်မိကြောင်း သဘောပေါက်နားလည်မိသည်။ ရှိန်းမောင်၏မျက်နှာက သဝန်တိုတတ်ကြောင်း သိသာပေါ်လွင်လှသည်။

မြကြာယံသီချင်းကို သူ မကြိုက်မဟုတ် ကြိုက်သည်။ သို့သော် ကေသီအား သူတစ်ယောက်တည်း အားပေးချင်သည်။

အခုလိုစားသောက်ခန်းမအတွင်း ယောကျ်ားလေးအများက အားပေးသည်ကို သဘောမကျသလို ဖြစ်နေမိသည်။

အထူးသဖြင့် ကေသီ၏အလှအပကို တခြားသူစွဲမက်မှာ စိတ်မချနိုင်လောက်အောင် ဖြစ်ရသည်။

ကျွန်ုပ်မြင်ကွင်းထဲ မွေးစားသား ရှိန်းမောင်အား စားသောက်ခန်းမ၌ သီချင်းဆိုသော ကောင်မလေးတစ်ယောက်နှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အတွက် တုန်လှုပ်သွားမိသည်။

ကျွန်ုပ် လုံးဝသဘောမတူနိုင်ပါ။

အဘယ်ကြောင့် သဘောမတူရသနည်းဟုဆိုလျှင် ရှိန်းမောင်အပေါ် ကျွန်ုပ် ဖခင်အရင်းတစ်ယောက်ကဲ့သို့ ထားရှိအပ်သော မေတ္တာတရားကြောင့် ဖြစ်လိမ့်မည်။

ရှိန်းမောင်၏ အနာဂတ် ဘဝရှေ့ရေးအတွက် ကျွန်ုပ်၌ တာဝန်ရှိသည်ဟု ထင်သည်။

ရှိန်းမောင်မှာ ကျွန်ုပ် အထင်ကြီးသည့်သူတစ်ယောက်သာ ဖြစ်သည်။ စီးပွားရေးကိစ္စများ၌ အစစအရာရာ မျက်နှာလွှဲ၍ ရနိုင်



သည်။

ဟိုတယ်တစ်ခုမှ သီချင်းသည်မလေးတစ်ယောက်ကြောင့် ရှိန်းမောင်အား အချိန်တွေ ကုန်ဆုံးမသွားစေချင်ပါ။ သီချင်းသည်လေးကို ကျွန်ုပ် အကဲခတ်ကြည့်မိသည်။

အိုရီရင့်ကလပ်၌ ခပ်လည်လည်ကောင်မလေးတစ်ယောက်သာဖြစ်ကြောင်း တွေ့ရှိရသောအခါ သားဖြစ်သူ ရှိန်းမောင်ကိုယ်စား ရင်နင့်စွာ ခံစားရသည်။

မိန်းမဟူသည် မြစ်ကဲ့သို့ ကွေ့ကောက်တတ်စမြဲ ဖြစ်သည်။ မြနှင်းဒေးလည်း ထိုနည်းတူပင် ကျွန်ုပ်အား လိမ်လည်လှည့်ဖျားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ မဟုတ်လား။

ရှိန်းမောင်နှင့် ကောင်မလေးမှာ စိတ်ကောက်နေရာမှ တစ်ယောက်ကိုတစ်ယောက် ချော့မြူရင်း အဆင်ပြေစပြုသွားကြလေပြီ။

ရှိန်းမောင်က သူ့ကောင်မလေးနှင့် ကျွန်ုပ်ထိုင်နေသော စားပွဲရှေ့သို့ ရောက်ရှိလာခဲ့သည်။

'မောင့်အဖေကကော ကေသီတို့ကိစ္စကို မသိဘူးလား'

'ဟာ. . . ဘယ်အသိခံလို့ဖြစ်ပါ့မလဲ ကေသီရ၊ ဖေဖေက သူတစ်မျိုး၊ သူကိုယ်တိုင် လူပျိုကြီးဖြစ်နေလေတော့ လောကကြီးအကြောင်း ဘာမှသိတာ မဟုတ်ဘူးလေ'

ကျွန်ုပ်ရှေ့တည့်တည့်၌ ပြောဆိုနေသောကိစ္စမှာ ကျွန်ုပ်၏ အကြောင်းသာ ဖြစ်နေသဖြင့် အနေရခက်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူခရီးထွက်သွားတယ် ကေသီရဲ့ အဖေပြန်လာတော့ မောင်တို့ကိစ္စကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြည့်ကြသေးတာပေါ့ ကွာ'

'အို . . , မောင့်ဖေဖေက သဘောမတူရင် ဘယ်လိုလုပ်ကြ မလဲ'

'အဲဒီတော့လည်းမောင်တို့ . . ,

ကျွန်ုပ်ခိုးပြေးကြတာပေါ့ကွာ'

ရှိန်းမောင်တုန်လှုပ်သွားမိသည်။ သူတို့ ဒီအတိုင်းဆိုလျှင် တစ်ဦးနှင့်တစ်ဦး လက်ထပ်ဖို့အထိ ရည်စူးမိကြပါပကောလား . .

'မိုက်လိုက်ပါပေ ရှိန်းမောင်ရယ်'

သူတို့နှစ်ဦးကိုကြည့်ရင်း ကျွန်ုပ်ရင်ထဲမှ ပြောပြနေမိ၏။

ရှိန်းမောင်အား ကေသီဆိုသောမိန်းကလေးနှင့် ဘယ်နည်းနှင့်မှ သဘောမတူနိုင်။

ကျွန်ုပ်ကိုယ်တိုင်က ချမ်းသာကြွယ်ဝသူ ဖြစ်နေသော်လည်း အဆင့်အတန်းခွဲခြားသည်မဟုတ်။

ကေသီ၏ ပုံစံကို ကျွန်ုပ် သဘောမကျသောကြောင့်ပင် ဖြစ်သည်။

သဘောမကျခြင်းမှာ အိုဒီရင့်ကလပ်၌ လူတကာ၏ အဖျော်ဖြေခံ၊ ဘဝအာမခံချက်ရှိသည်ဟုဆိုစေကာမူ နှလုံးသား အာမခံချက်တော့ မရှိနိုင်ပါ။ ကျွန်ုပ်အိမ်သို့ မနက်ဖြန်မနက်ပြန် ဆုံးဖြတ်လိုက်၏။



ရှိန်းမောင်ကတော့ ကျွန်ုပ်အား မန္တလေးမှ ပြန်လာသည်ဟု ထင်ပေလိမ့်မည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၀ )

'ကျွန်တော့်ကို အဖေခေါ်တယ်ဆို'

'အေး. . . ထိုင်လေ သားရဲ့'

ကျွန်ုပ်က မန္တလေးမှပြန်လာသည်ဟု လိမ်ညာရင်း ရှိန်းမောင်အား ကေသီနှင့်ကိစ္စကို မေးမြန်းရန် အခေါ်လွှတ်လိုက်ခြင်းသာ ဖြစ်သည်။

'သား အခုတလော ဇိုဗီရင့်ကလပ်က ကောင်မလေး တစ်ယောက်နဲ့ တွဲနေတယ်ဆို'

ရှိန်းမောင် ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွား၏။

'ဟုတ်ပါတယ် ဖေဖေ၊ အဲဒါ သားချစ်သူပါ'

'ဘာ. . . မင်းချစ်သူ ဟုတ်လား'

ကျွန်ုပ်၏မျက်နှာမှာ ချက်ချင်းပင် ခက်ထန်မာကျောသော အသွင်သို့ ပြောင်းလဲသွားပြီး အသံက ခပ်မာမာဖြစ်လာသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရှိန်းမောင်တစ်ယောက် တုန်လှုပ်သွားလေတော့သည်။

'သူက ရိုးရိုးသားသားလေးပါ ဖေဖေ၊ ပိုက်ဆံမရှိလို့ အိုဒီရင့်ကလပ်မှာ သီချင်းဆိုတဲ့ အလုပ်ကို လုပ်ပေးနေရပေမယ့် တခြား မိန်းကလေးတွေလို ယောကျ်ားတကာနဲ့တွဲပြီး ပျက်စီး နေတတ်တာမျိုး မဟုတ်ပါဘူး'

ရှိန်းမောင်က ချစ်သူဘက်မှကာကွယ်၍ ကျွန်ုပ်အား မျှော်လင့်တကြီး ပြောဆိုနေသည်။

ကျွန်ုပ်ကိုယ်တိုင် ကေသီ၏ ပြောပုံဆိုပုံ နေပုံထိုင်ပုံက အစ သူ၏နောက်ကြောင်းရာဇဝင်အားလုံးကို သုံးရက်တိတိ ဝဏ္ဏသိဒ္ဓိဆေးသောက်၍ အိုရီရင့်ကလပ်သို့ သွားရောက်ရင်း ရှာရှာဖွေဖွေ စုံစမ်းခဲ့ပြီး ဖြစ်သည်။ ရှိန်းမောင် မသိနိုင်သောကိစ္စများကိုပင် ကျွန်ုပ်သိခဲ့ရလေပြီ။

ထို့ကြောင့် . . .

'အို . . ဘာပဲဖြစ်ဖြစ် မင်းကို ဒီကောင်မလေးနဲ့ လုံးဝ သဘောမတူနိုင်ဘူး သား'

'စဉ်းစားပါဦး အဖေရယ်၊ သူ့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ အဖေကိုယ်တိုင် လေ့လာပြီးမှ ကြိုက်သလိုဆုံးဖြတ်ပါ'

ရှိန်းမောင်က ချစ်သူတစ်ယောက် အပြစ်မရှိဘဲ ဆုံးရှုံးသွားမှာကို ကြောက်သောကြောင့် ဆင်ခြေပေး၍ ပြောဆိုလိုက်ပြန်သည်။

'ဘာမှ စဉ်းစားမနေနိုင်ဘူး ရှိန်းမောင်၊ မင်း တစ်ခုပဲ



စဉ်းစား၊ အဲဒါကတော့ ကေသီကို အဆက်အသွယ်မဖြတ်နိုင်ရင် ငါ့ကို အဖေလို့ ဘယ်တော့မှမသတ်မှတ်နဲ့ ဒါပဲ'

ရှိန်းမောင်တစ်ယောက် ပြင်းထန်လှသော ဖခင်ဖြစ်သူ၏ အမိန့်အာဏာကို ဘယ်လိုမှ မလွန်ဆန်နိုင်ခဲ့။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၁ )

### နဂါးနက်ဝိုက်ဘ်းမှ တန်ပြန်သူလျှို

အပြင်ဘက်၌ လရောင်မရှိ။ ငမိုးရိပ်ချောင်းဘက်အစပ်ရှိ တိုက်ပျက်ကြီးက တခွေ့တစ်ကောင်ကို မှောင်ပိန်းလျှက်ရှိသည်။ လူအားလုံး အိပ်စက်ချိန်ဖြစ်သောကြောင့် ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်နေသော်လည်း တိုက်အိုပျက်ကြီးအတွင်း အရိပ်များက လှုပ်ရှားစပြုနေရှာလေပြီ။

နဂါးနက်ဂိုဏ်းက စခန်းပြောင်းရန် ကားတစ်စီးပေါ်သို့ ပစ္စည်းများ တင်နေခြင်းဖြစ်၏။ ဖယောင်းတိုင်ကြီးတစ်တိုင်ထွန်းညှိထားသော အခန်းတစ်ခုအတွင်း၌ နဂါးနက်ဂိုဏ်းသားများ အစည်းအဝေးတစ်ခုကို ကျင်းပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်မီးအလင်းရောင်က ခုံတန်းရှည်၌ ထိုင်နေသူခေါင်းဆောင်များ အားလုံးအပေါ် တစ်ဝက်တစ်ဖျက် အလင်းရိပ်သက်ရောက်နေသည်။ ခေါင်းဆောင်ကြီးက ကုလားထိုင်ရှည် တစ်လုံး၌ထိုင်လျက် ဂိုဏ်းချုပ်ကြီး၏မျက်နှာအား အမှောင်က ကွယ်ထားသည့်အပြင် နဂါးနက်ဂိုဏ်းသားအားလုံးမှာ ခေါင်းစွပ်များနှင့်ဖြစ်၏။

'စီအိုင်ဒီ စုံထောက်အဖွဲ့က ကျုပ်တို့စခန်းကို သိရှိသွားတယ်ဆိုတာ အားလုံးရဲ့ ပေါ့လျော့မှုကြောင့်ပါပဲ'

'ဒီတော့ ကျုပ်တို့ပင့်ကူနက်ဂိုဏ်းသားတွေအားလုံး တစ်ယောက်နဲ့တစ်ယောက် သွေးမကွဲအောင်နေကြဖို့ လိုလိမ့်မယ်. . .

အရင်ကလို ကျုပ်တို့အားလုံး တစ်စုတစ်စည်းတည်း နေလို့မရပေမယ့် စုစည်းလို့ရနိုင်မယ့် နေရာတစ်ခုကို သတ်မှတ်ပေးပါ့မယ်'

အားလုံးက ခေါင်းဆောင်ကြီးပြောသမျှကို ငြိမ်သက်စွာ နားထောင်နေကြသည်။

'ကျွန်တော်တို့ ဘယ်ကို ပြောင်းကြမလဲ ဂိုဏ်းချုပ်ကြီး'

'ရန်ကုန်မြို့လယ်ခေါင်ကို

'ဗျာ'

မေးမြန်းလိုက်သော ပင့်ကူနက်ဂိုဏ်းခေါင်းဆောင်နံပါတ်ခုနစ်ပင် နှုတ်မှ အာမေဍိတ်သံ ပေါ်ထွက်လာလေအောင် အံ့အားသင့်သွားမိသည်။



'လူဆိုးဓားပြဆိုတာမျိုးဟာ ဝန်းကျင်တစ်ခုရဲ့ အပစ်ပယ်ခံ လူတန်းစားပဲ၊ ဒါကြောင့် မြို့ပြင်၊ တိုက်ပျက်၊သင်္ချိုင်းကုန်းဖုန်းဆိုး၊ဘုရားပျက်စတဲ့ နေရာမှာပဲ နေကြရလိမ့်မယ်လို့ ပုလိပ်အဖွဲ့က ကျိန်းသေပေါက် တွက်ထားကြမှာပဲလေ. . .

'အဲဒီအချက်ကို ကျုပ်တို့က သမားရိုးကျ နည်းအတိုင်း မြို့ပြင်ကိုပဲ ထွက်နေရင်တော့ ပင့်ကူနက်ဂိုဏ်းဆိုတာ မြန်မာပြည်တွင်းကနေ ကမ္ဘာ့အပြင်အထိ ရောက်သွားနိုင်တယ်. . .

'ဒါကြောင့် ပုလိပ်အင်စပက်တာတွေ ဘယ်လိုမှ မရှာနိုင်အောင် သူတို့မထင်ထားတဲ့ မြို့လယ်ခေါင်မှာပဲ ခြေရာဖျောက်နေလိုက်ရင် ကျုပ်တို့ပင့်ကူနက်ဂိုဏ်းကို သဲလွန်စရကြမှာ မဟုတ်ဘူး'

ဂိုဏ်းချုပ်ကြီး၏ အကြံဉာဏ်က ကောင်းမွန်လှသော်လည်း အားလုံးက မြို့လယ်ခေါင်၌ ပင့်ကူနက်ဂိုဏ်းကို ထားရှိရန်ကိစ္စအတွက် ယုံကြည်မှုနည်းပါးသလို ဖြစ်နေခဲ့ကြသည်။

'ဖြစ်ပါ့မလား ဂိုဏ်းချုပ်ကြီးရယ်၊ မကြာသေးခင်က သင်္ဘောပျက်ကိုသွားရှာဖို့ ကြိုးစားတဲ့ မဂိုလမ်းက ရာဇဝတ်ကောင်ကို သတ်ဖြတ်ခဲ့တဲ့ကိစ္စအတွက် အင်စပက်တာနေမြင့်ဆိုသူက ခြေရာခံလိုက်နေပါတယ်'

ဂိုဏ်းချုပ်ကြီးကစဉ်းစားလိုက်ရင်း. . .

'ဒီအတွက်စိတ်မပူပါနဲ့'

'ကျုပ်ကိုယ်တိုင် နေမြင့်ကို အလျင်အင်စပက်တာတွေလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်နက်ထဲကို အရောက်ခေါ်ပြီး စည်းရုံးကြည့်ဦးမှာပါ'

'ဒီကောင်က သိပ်ခေါင်းမာတယ် ဂိုဏ်းချုပ်ကြီး'

'အဲဒီတော့လည်း သူ့ထိုက်နဲ့သူ့ကံပေါ့'

ဂိုဏ်းချုပ်ကြီးက အမှောင်ထဲမှနေ၍ ဆွေးနွေးတင်ပြသမျှကို စိတ်ရှည်စွာဖြေကြားပေးနေသည်။

အင်စပက်တာနေမြင့်နှင့် ပတ်သက်၍ ခေါင်းဆောင်များက တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။

ပင့်ကူနက်ဂိုဏ်းချုပ်ကြီးအနေနှင့် နကမ္ဘတိလုံးဝ ကြောက်ရွံ့တုန်လှုပ်သော အမူအရာမတွေ့ရဘဲ အင်စပက်တာ နေမြင့်အကြောင်းကို ခေါင်းထဲပင် ထည့်ထားချင်ပုံမရ၊ ထို့ကြောင့် တခြားကိစ္စများကိုသာ ဆက်လက်ပြောဆိုမှာကြားနေလေတော့သည်။

(အထက်ပါကိစ္စများဖြစ်ပျက်ပြီးနောက်ပိုင်း တစ်လကျော်နှစ်လနီးပါးခန့် ပုလိပ်အဖွဲ့က ပင့်ကူနက်ဂိုဏ်းအပေါ် ခြေရာခံမရနိုင်ဘဲရှိကြောင်း သိရှိရ၏။)

(ပင့်ကူနက်ဂိုဏ်း၏အကြောင်းကို သျှောင်တစောင်းစာအုပ်၌ ပြည့်စုံစွာ ဖော်ပြပြီးဖြစ်ပါသည်။)

❋ ❋ ❋ ❋



## အခန်း (၄၂)

ရှိန်းမောင်အနေနှင့် ဖခင်ဖြစ်သူ ဦးအောင်ကြွယ်က ကိုယ်ရေးကိုယ်တာကိစ္စ၌ ဝင်ရောက်စွက်ဖက်သည်ဟုထင်ကာ နားမလည်နိုင်လောက်အောင် ဖြစ်မိသည်။

ထို့ကြောင့် ရည်းစားလူလု အူနုကျွဲခတ်သလို လူငယ်ပီပီကေသီနှင့် ချစ်ခြင်းကို ခွဲရကောင်းမလားဟု အထင်မှားတွေးမိကာ သားအဖချင်းပင် စကားလုံးဝမပြောဘဲ နေမိကြသည်။

တစ်နေ့သ၌ . . ရှိန်းမောင်အပြင်မပြန်လာစဉ် ဖခင်ဖြစ်သူဦးအောင်ကြွယ် အားမတွေ့ရ၊ တပည့်ဖြစ်သူ မောင်ပုကိုသာတွေ့ရသဖြင့် မေးမြန်းကြည့်မိရာ. . .

'မပြောတတ်ပါဘူး အစ်ကိုလေးရာ၊ ဆရာ့ကြည့်ရတာ အခုတလော မျက်နှာလဲမကောင်းဘူး၊ မနက်ကတော့ စောစောစီးစီး ပစ္စည်းတွေပြင်ပြီး ခရီးထွက်မယ်လို့ ပြောသွားတာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟေ'

'ဒါနဲ့ ဘယ်ကိုခရီးထွက်မယ်လို့ပြောသွားသေးလဲ'

'အဲဒါလဲမပြောဘူး အစ်ကိုလေးရဲ့'

ရှိန်းမောင် ငေးစားရခက်သလိုလိုဖြစ်သွားခဲ့သည်။ သူနေထိုင်လာသောကာလအတွင်း သည်လိုပုဒ်မျိုးပက္ခမျိုး တစ်ခါမှ မပေါ်ပေါက်ဘူးခဲ့။ ထို့ကြောင့် ဖြစ်ပျက်ခဲ့သမျှ ကိစ္စအဝဝမှ သူ၏ပယောဂ မကင်းဟု ယူဆထားမိသည်။

ဦးအောင်ကြွယ်က သူ့အပေါ် မွေးစားသားတစ်ယောက်ကဲ့သို့ မဆက်ဆံဘဲ သားအရင်းလိုဆက် ဆံတတ်ပုံကို သဘိရမိတိုင်း ကျေးဇူးတရားကို သူမမေ့နိုင်လောက်အောင် ဖြင်မိသည်။

'အမေ ကျုပ်ကိုစိတ်ဆိုးပြီး ခရီးထွက်သွားတာများ ဖြစ်နေမလားမသိဘူး မောင်ပု'

'မပြောတတ်ဘူးလေ'

ရှိန်းမောင်၏ဒေါသက မောင်ပုထံသို့ ကူးစက်လာလေတော့သည်။

'ခင်ဗျားပြောတတ်တာ ဘာရှိသေးလဲ၊ သွားစမ်းဗျာ. ကျုပ်မျက်စိရှေ့ ခင်ဗျားမနေစမ်းနဲ့'

မောင်ပုမှာ ကြားထဲမှ ဘုမသိဘမသိ အဟောက်ခံလိုက်ရသဖြင့် ရင်ထဲမကျေမချမ်းဖြစ်နေမိသော်လည်း လုံးဝပြန်မပြောရသဖြင့် အမိန့်အတိုင်း ဧည့်ခန်းမှ ရိုကျိုးစွာဖြင့် ထွက်ခွာသွားရလေတော့သည်။ ရှိန်းမောင်အနေနှင့် ဖခင်ပြောထားသည့်စကားကို



သတိရမိသဖြင့် တစ်စုံတစ်ရာကို ဆုံးဖြတ်ရန် စဉ်းစားရလေတော့သည်။ သူစဉ်းစားသည့်အထဲ၌ ချစ်သူကေသီ၏ အကြောင်းက ထိပ်ဆုံးမှ ပါဝင်လေသည်။

'အင်း. . ဟုတ်ပြီ၊ ကေသီကိုဒီကိစ္စ ငါပြောပြမှဖြစ်မယ်'

ခေါင်းထဲ စဉ်းစားမိသည့်အတိုင်း ဖခင်နှင့် ဖြစ်ပွားခဲ့သော ပြဿနာနှင့်ပတ်သက်၍ ချစ်သူကေသီအားပြောပြရန် ဆုံးဖြတ်လိုက်၏။ ထို့နောက် ဖုန်းဆက်နေမိသည်။

'ဟယ်လို. . ကေသီလား၊ မောင်ပါ ရှိန်းလေ'

တစ်ဖက်မှကေသီ ဖုန်းကိုင်၍ စကားပြောနေမှန်းသိသည်နှင့်. . .

'ပြောရမှာတော့ ဖာတ်လမ်းကသိပ်ရှည်နေသလိုပဲ ကေသီ၊ အဲဒါကြောင့် ဖြစ်နိုင်ရင် မောင်တို့ရှေ့ဆက်ဘယ်လိုခရီး ဆက်ရမယ်ဆိုတာ တိုင်ပင်ဆွေးနွေးရအောင် ချိန်းထားတဲ့နေရာကိုသာ ဆက်ဆက်လာခဲ့ပါနော်'

ရှိန်းမောင် ဖုန်းကိုချလိုက်၏။

ထိုကိစ္စအား ကေသီသာ ပြည့်ပြည့်စုံစုံသိသွားလျှင် သူ့အပေါ် မည်မျှအပြစ်တင်ပြောဆိုနေရှာမလဲ မတွက်နိုင်ပါ။ ထိုကိစ္စကို အခုကတည်းက ပွင့်လင်းစွာ ပြောမထားလျှင် နောင်အခါ ဒိုမိုရှုပ်ထွေးသွားနိုင်သည်။ သိပ်မကြာပါ။ ချိန်းဆိုထားသည့်နေရာသို့ ကေသီတစ်ယောက် မြင်းလှည်းငှားရမ်း၍ ရောက်ရှိလာခဲ့သည်။ မြင်းလှည်းခကိုရှင်း၍ ရှိန်းမောင် ထိုင်စောင့်နေသည့်နေရာ

www.burmeseclassic.com



သို့ အမောတကောရောက်ရှိလာခဲ့သည်။

'ဘာတွေဖြစ်ကုန်ပြီလဲ မောင်'

'အမှိုက်ကစပြောသာဒ်မီးလောင်နေပြီလေ'

'ဟင်. . . ဘယ်လို'

ရှိန်းမောင်က ရုတ်တရက် ဒေါသဟကြီးပြောဆိုလိုက်သ
ဖြင့် ကေသီမှာ လုံးဝနားလည်ရခက်သလို ဖြစ်သွားမိသည်။

သူ့အနေနှင့် ရှိန်းမောင်မှာ လက်ထပ်ဖို့အထိ ရည်ရွယ်
သော ချစ်သူတစ်ယောက်ဖြစ်ပြီး သည်လိုပြဿနာမျိုးရှိလာလိ
မည် မထင်ခဲ့။

'ကေသီကို မောင် အစကတည်းက တားမြစ်ထားတာ
ဒိုရီရင့်ကလပ်မှာ သီချင်းဆိုတဲ့အလုပ်ကို မလုပ်ပါနဲ့ဆိုတာ
ဒီအလုပ်လုပ်လို့ ဘယ်လောက်ရမှာမို့လဲ ကေသီရယ်၊ မောင် ကေ
ကို ရှာကျွေးနိုင်ပါတယ်။

'အခုတော့ ဖေဖေကိုယ်တိုင်က ကေသီ့အပေါ် ဒီအလု
လုပ်လို့ အမြင်မကြည်မလင်ဖြစ်လာပြီလေ'

ကေသီက ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ဘာမှမပြောသ
ငြိမ်နေလိုက်၏။

❋ ❋ ❋ ❋



အခန်း ( ၄၃ )

လူတစ်ယောက်၌ လျှို့ဝှက်ချက်တစ်ခုစီရှိတတ်စမြဲ။ ဦး
အောင်ကြွယ်၌ သူ၏ လျှို့ဝှက်ချက်တစ်ခု ရှိနေသလို ကေသီတို့
အလုပ်ကို လုပ်ကိုင်နေသည်မှာလည်း လျှို့ဝှက်ချက်တစ်ခုပင် ဖြစ်ရ
လေသည်။

'ကေသီကိုယ်တိုင် မောင့်ဖေဖေကိုနားလည်အောင် အကျိုး
သင့် အကြောင်းသင့် ရှင်းပြပေးပါ့မယ် မောင်ရယ်'

ရင်နင့်အောင်ချစ်ရသူဖြစ်၍ ရှိန်းမောင် စိတ်ဆင်းရဲမှာ
ကို မလိုလားခဲ့။

ထို့ကြောင့် စိတ်ကိုလျှော့ကာ ဦးအောင်ကြွယ်အား မာန
နှိမ်လျက် ကျေနပ်လောက်အောင် ရှင်းပြဖို့ ပြောလိုက်၏။

'ဖြစ်နိုင်မယ်မထင်ဘူးကေသီ၊ ဖေဖေက တစ်ယူသန်ကြီး
ခဲ့တမ်း သူပြောတာ သူလုပ်တာမှ အမှန်လို့ယူဆချင်တာလေ'

www.burmeseclassic.com



'ဪ'

ကေသီတစ်ယောက် ဦးအောင်ကြွယ်နှင့် ပတ်သက်သမျှ ဘာမှမပြောသာဟု တွက်ဆထားလိုက်မိသည်။

ဦးအောင်ကြွယ်၏အန္တရာယ်က မသေးလှ။

အရင်ကဲ့သို့ ခရီးထွက်သွားပြီဟု အကြောင်းပြလျက် ဝဏ္ဏသိဒ္ဓိဆေးကို သောက်သုံးကာ အိုဒီရင့်ကာလပ်သို့ မကြာခဏ ရောက်လာ၍ ကေသီဆိုသောမိန်းကလေးကို သတ်ဖြတ်ရန် ပရိယာယ်တစ်မျိုးနှင့် ကြိုးစားချဉ်းကပ်၍ နေလေတော့သည်။

ကေသီ၏အလုပ်မှာ စားသောက်ခန်းမ၌ ယမကာသောက်သုံးသူများကို စန္ဒရားတီးခတ် ဖျော်ဖြေပေးရသည့်အလုပ်ပင်ဖြစ်သည်။

စိတ်ထဲ၌ ချစ်သူနှင့်ဝေးရမည့်အရေးကို ပူဆွေးသောက ရောက်နေရသော်လည်း. . .

ယမကာ သောက်သုံးသူများ မပျင်းရိသွားစေရန် ဒိုရာသန့်အေး၏ လှေကဲ့လေးသီချင်းကို စန္ဒရားတီးခတ်ဖျော်ဖြေပေး နေသည်။

သူမ၏အနား၌ ရှိန်းမောင်တစ်ယောက် ဖခင်မှာကြားသည့် စကားကို မြေဝယ်မကျနားထောင်သောပုံစံနှင့် ရောက်မလာနိုင်သေး။

ရောက်လာသူက နုပျိုလန်းဆန်းသောအရွယ်တလေး ဖြစ်နေသည့် သူဌေးဦးအောင်ကြွယ်ပင် ဖြစ်လေတော့သည်။



'အစ်မကို ဟောဟိုအစ်ကိုကြီးက ဆွဲကြိုးတစ်ကုံးဆုချီးမြှင့်ပါတယ်'

သီချင်းဆုံးသွားသည်နှင့် စားပွဲထိုးကလေးက ဆွဲကြိုးတစ်ကုံးချီးမြှင့်ကြောင်း လာပြော၍ ပေးအပ်လိုက်၏။

'ဘယ်သူပါလိမ့်'

'ဆွဲကြိုးချီးမြှင့်သူ လူစိမ်းကိုကြည့်ရင်း ကေသီ အနားသို့ လျှောက်လာခဲ့ရင်း. . .

'ကျေးဇူးတင်ပါတယ် အစ်ကို၊ ကျွန်မ အနုပညာကို ရိုးရိုးပဲ ချီးမြှင့်ရင် ကေသီကျေနပ်ပါပြီ၊ လက်ဆောင်ပဏ္ဏာမလိုပါဘူး၊ ဒါကြောင့် အစ်ကိုလက်ဆောင် ဆွဲကြိုးကလေးကို ပြန်ယူပါနော်'

ဦးအောင်ကြွယ် အံ့အားသင့်သွားမိသည်။ သူကိုယ်တိုင် ကေသီဆိုသည့် သီချင်းသည်ကလေးကို အထင်တကြီးမရှိခဲ့။ ထို့ကြောင့် အရင်မိန်းကလေးများကဲ့သို့ ငွေနှင့်ပေါက်၍စည်းရုံးပြီး အပျော်ရှင်းပစ်ဖို့အထိ ကြံစည်ထားပြီးဖြစ်သည်။

သို့သော်ကေသီက သူထင်ထားသလို ငွေနောက်လိုက်လာသည့် မိန်းကလေး မဟုတ်သဖြင့် အကြံအစည် ပျက်သွား၏။

'ယူပါကွယ်၊ အစ်ကိုက စေတနာနဲ့ ပေးတာပါ'

'အစ်ကို့စေတနာကို အသိအမှတ်ပြုပါတယ်'

'ညီမတို့အတွက် နောက်တစ်ခါ အစ်ကိုချီးမြှင့်ချင်တယ်ဆို လက်ခုပ်သာနာနာတီးပေးပါနော်၊ လက်ခုပ်သံကလေးတွေ ဆူညံ

www.burmeseclassic.com

www.burmeseclassic.com



ဝေစီနေသမျှ ညီမရဲ့အနုပညာဟာ ထာဝရအမွှန်ရှည်နေမှာပါ'

ကေသီက တစ်ဖက်သားနားလည်အောင် ပြောပြ၍ ဆွဲကြိုးကို အတင်းပြန်ပေးလိုက်လေတော့သည်။

'အင်း. . . အာဂမိန်းကလေးပါလား'

ဦးအောင်ကြွယ်က ကေသီနှင့်ပတ်သက်၍ သူ့အထင်အမြင့်သေးခဲ့သမျှကို နောင်တရမိလေတော့သည်။ ကေသီအား ပျော့ညံ့ညံ့မိန်းကလေးတစ်ယောက်မဟုတ်ကြောင်းကို သတိထားမိလိုက်၏။

ဖခင်တစ်ယောက်၏ မေတ္တာတရားကားကြီးမားလှပေစွ။

ရှိန်းမောင်အပေါ် တားမြစ်၍မရနိုင်မှန်းသိ၍ သူ ကိုယ်တိုင် ဝဏ္ဏသိဒ္ဓိဆေးသောက်လျက် ရုပ်သွင်ပြောင်းလဲပြီး အိုရီရင့်ကလပ်သို့ ကေသီအားသတ်ဖြတ်ရန် ရောက်လာသည်အထိ ဖြစ်ခဲ့ရလေသည်။ ဦးအောင်ကြွယ်အနေနှင့် မြနှင်းအေးကလွဲ၍ တခြားမိန်းကလေးများကို အဘယ်ကြောင့်မုန်းနေရသနည်း။

❋ ❋ ❋ ❋

မြနှင်းအေးက ကန်တော်ကြီးပန်းခြံသို့ ချိန်းဆိုထားသည့်အတိုင်း စောလျင်စွာ ရောက်လာခဲ့သည်။

'ဟော့. . . ဟိုမှာ တစ်ယောက်တည်းကွ'



ပင့်ကူနက်ကိုကျားသားနှစ်ဦးမှာ မြနှင်းအေးကို လှမ်းမြင်လိုက်သည်။

'အဲဒါ အင်္ကျီစပကိုတာနေမြင့်နဲ့ လက်ထပ်မယ့် မိန်းကလေးမဟုတ်လား'

သဏ္ဍာလက်ဦးထုပ် အပျော့တစ်လုံးကို ခပ်အုပ်အုပ်လေးဆောင်းထားသူက ပြောလိုက်၏။

'ဟီး ဟီး ဟုတ်တယ်၊ အတော်ကိုလှတဲ့ဟာလေးပဲနော်၊ အခုနေ သူ့ကို ငါတို့စခန်းကိုဖမ်းခေါ်သွားရရင် ကောင်းမလား'

'အေး. . . ကောင်းတယ်'

တစ်ယောက်က စကားစလိုက်သဖြင့် ကျန်တစ်ဦးက အလိုက်သင့်ထောက်ခံလိုက်လေသည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၄ )

မြနှင်းအေး၏ ကံကြမ္မာက ပင့်ကူနက်ဂိုဏ်းသားနှစ်ယောက်ထံတွင် ရှိနေသည်။

အင်စပက်တာနေမြင့်က ရောက်ရှိမလာသေး။ ပင့်ကူနက်ဂိုဏ်းသားနှစ်ယောက်က တဖြည်းဖြည်းအနားသို့ တိုးကပ်လာခဲ့ကြ၏။ မြနှင်းအေးက အန္တရာယ်ကို မမြင်မိသေး။

'ဟိတ်'

'အမယ်လေး'

ကိုယ့်အတွေးနဲ့ကိုယ် အစကတ်တည်းက ကြောက်လန့်နေသူတစ်ယောက်ဖြစ်ပြီး ရုတ်တရက် သွားခေါ်ခေါ်နှင့် ပင့်ကူနက် ဂိုဏ်းသားတစ်ဦးကို ဘွားခနဲမြင်လိုက်ရသည့်အခါ လှုံတစ်ကိုယ်လုံးတုန်လှုပ်သွားမိပြီး ကြောက်အားလန့်အားနှင့် လန့်အော်လိုက်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အို. . . လွှတ်နော်. . . လွှတ်'

ပင့်ကူနက်ဂိုဏ်းသားနှစ်ဦးက မလှမ်းမကမ်း၌ရပ်ထားသော ဂျစ်ကားကလေးဆီသို့ မြနှင်းအေးအား အတင်းအဓမ္မခေါ်ရန် ကြံစည်နေကြသည်။

မြနှင်းအေးက လူဆိုးနှစ်ယောက်အကြား ချစ်သူနှင့်ချိန်းထားသောနေရာမှ ပင့်ကူနက်ဂိုဏ်းက ပြန်ပေးဆွဲသည့် အခြေအနေသို့ မလွဲမသွေ ကြုံလိုက်ရလေတော့သည်။

အမျိုးသမီးတစ်ဦးအား ဆွဲလားယမ်းလား လုပ်နေလေသည်။ ကန်တော်ကြီးစောင်းမှာ လူပြတ်သောမနက်ခင်းဖြစ်၍ အကူအညီပေးမည့်လူဟူ၍ မရှိသလောက် ရှားပါးလွန်းလှပေသည်။

'ဟေ့ကောင်တွေ လွှတ်လိုက်စမ်း'

အမိန့်သြဇာသံနှင့်အတူရောက်ရှိလာသူ အင်စပက်တာနေမြင့်ပင် ဖြစ်သည်။

'မင်းက ဘာကောင်မို့ ငါတို့ကိုအမိန့်ပေးရတာလဲ'

'ဩော်. . . မင်းတို့က ငါဘာကောင်ဆိုတာကို သိချင်တာကိုး၊ ကဲကွာ'

'ခွပ်'

'အင့်'

အင်စပက်တာနေမြင့်က ပြောပြောဆိုဆို မြန်မာ့လက်ဝှေ့နည်းကိုသုံး၍ ပင့်ကူနက်ဂိုဏ်းသားများကို လျှပ်တစ်ပြက် တိုက်ခိုက်လေတော့သည်။



'ဟိုင်း'

'ဘုံး'

အင်စပက်တာနေမြင့်၏ တိုက်ကွက်များက လျှပ်တပြက်တဒင်္ဂအတွင်း ပိရိသေသပ်စွာ လေ့ကျင့်ထားသောကြောင့် တိုက်ကွက်တိုင်းလိုလိုပင် ထိရောက်မှု အပြည့်အဝရှိနေလေပြီ။

နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်နေရသော်လည်း သည်တစ်ကြိမ်တော့ ပင့်ကူနက်ဂိုဏ်းသားများက ဘယ်လိုနည်းနဲ့မှ အသာစီးမရနိုင်ခဲ့ကြ။

အချစ်အတွက်နှင့် ရည်းစားလူလု တိုက်ခိုက်နေရသောအနေအထားဖြစ်သောကြောင့် အင်စပက်တာနေမြင့်မှာ အစွမ်းကုန် ကြိုးပမ်းလေတော့သည်။

'ကိုကို သတိထား'

မြနှင်းအေးက စိုးရိမ်တကြီး အော်ဟစ်လိုက်၏။ ပင့်ကူနက်ဂိုဏ်းသားများက လက်ထဲ၌ ဓားကိုယ်စီနှင့်၊ လက်ထဲကိုင်ဆောင်ထားသော ဆောင်ဓားနှစ်လက်က ဇီဝိန်ချွေဖို့ အသင့် ဖြစ်နေရှာလေပြီ။

မြနှင်းအေးက ပူပင်သောကမျက်နှာလေးနှင့် ငေးကြည့်နေကြောင်းသတိထားလိုက်မိသည်။ ဓားလမ်းကြောင်းများကို ရှောင်ရသော အတတ်ပညာက သည်းထိပ်ရင်ဖိုဖွယ် ကောင်းလှပေသည်။

ပင့်ကူနက်ဂိုဏ်းသားများက ခေသူများမဟုတ် မျှော်တစ်

www.burmeseclassic.com

www.burmeseclassic.com



မြှက်ထိုးဖောက်နိုင်သော ဂမ္ဘီရတိက္ခပညာတို့ ပြည့်ဝသူများပင် ဖြစ်၏။

ဝှစ်ခနဲ ရောက်ရှိလာသော ဓားအစင်းစင်းက ရင်ထိတ်စရာကောင်းလောက်အောင် မျက်နှာရှေ့တည့်တည့် ဖွေ့ရမ်းနေတတ်သည်။ ထိပ်တိုက်ရင်ဆိုင်ရသည်နှင့် လက်နက်မဲ့တိုက်ခိုက်သူတစ်ယောက်အဖြစ် ခံယူထားသူမို့ ပိုပြီးသတိထားရလေတော့သည်။

ပြင်းထန်လှသော ဓားချက်များက ရင်ကို တစ်ချက်ကလေးသတိလစ်သွားရုံနှင့်ပင် စူးနစ်သွားစေနိုင်သည်။

'ခြွမ်'

သူတို့ဓားချင်း ဒိုခတ်မီးပွင့်ထွက်သွား၍ နေမြင့်က နှစ်ယောက်ကြားမှ လွှားခနဲ ခုန်ထွက်လာခဲ့သည်။

ခန္ဓာကိုယ် တစ်ခုလုံး မထိန်းနိုင်ဘဲ ရှန်းကန်ထွက်လာခဲ့ရသဖြင့် အနည်းငယ် ဟန်ချက်ပျက်သွားခဲ့ပြီး နောကျင်သလိုလိုခံစားလိုက်ရသည်။

မြေပြင်ပေါ်လဲကျနေရာမှ ရှတ်တရက်ပြန်ထဖို့ကြိုးစားလိုက်သည်။ ပင့်ကူနက်ဂိုဏ်း ဓားသမားနှစ်ဦးက သူ့အား အံ့အားသင့်သော မျက်လုံးများနှင့် ငေးကြည့်နေသည်။

လွယ်လွယ်တိုက် ခိုက်၍ရနိုင်မည့် လူတစ်ယောက်မဟုတ်တော့မှန်း နားလည်မိလေဟန်ရှိ၏။

ဓားကို လက်မြန်အနေအထား ကျင်ကျစ်ပါအောင်ပြောင်း



ကိုင်လိုက်ကြသည်။ သူတို့၏ဓားမှာ ဝေါရှခါးဓားမြှောင်များသာဖြစ်ကြသောကြောင့် ဓားဦးချွန်ကိုသာမက ထက်မြက်သော ဓားသွားဖြင့် တွက်ခတ်သတ်ပုတ်ခြင်းကိုပါ အထူးဂရုပြုနေရသည်။

❈ ❈ ❈ ❈

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၅ )

မြနှင်းအေးက မိန်းမသားတစ်ယောက်ဖြစ်နေရှာသောကြောင့် မည်သို့မျှ အကူအညီမပေးနိုင်သော်လည်း သူမအား ပင့်ကူနက်ဂိုဏ်းမှ ဓားစာခံအလုပ်မခံရဖို့ သတိနှင့် ရှောင်ရှားနေသည်။

နေမြင့်က မြနှင်းအေးဘက်သို့ ဦးတည်မသွားစေရန် ကာကွယ်တိုက်ခိုက်နေရရှာသည်။ တိုက်ခိုက်မှုကား စွမ်းရည်ကိုလျှော့ချလိုက်လျှင် သူ့အတွက် ချောင်ပိတ်မိသွားနိုင်သည်။

မိုးဓားဖြင့် ဦးတည်လာသူ၏လက်သို့ မိမိ၏ရ ဆုပ်ကိုင်ရင်းခြေထောက်နှင့် တစ်ဖက်သို့ဝင် ကန်လိုက်သဖြင့် ဓားသမား တစ်ဦးမှာ လွင့်စဉ်သွားလေတော့သည်။

တစ်ဖက်သို့ အာရုံစိုက်နေစဉ် ကျောနောက်မှ အလစ်တိုက်ခိုက်ရန် ကြိုးစားသော ဓားသမားအား သူ့ဓားနှင့်သူအဆုံး

www.burmeseclassic.com

www.burmeseclassic.com



သတ်ပေးလိုက်၏။

'အင့်'

ပင့်ကူနက်ဂိုဏ်းသားဓားသမားမှာ ရင်ဝသို့ဓားတစ်ချောင်းစိုက်ဝင်လျက် ညွတ်ကွေးလဲကျသေဆုံးသွားခဲ့လေတော့သည်။ကျန်ရှိနေသော ပင့်ကူနက်ဂိုဏ်းသားက အဖော်၏အဖြစ်ကို ငေးကြည့်နေရင်း တုန်လှုပ်သွားကြောင်း သတိထားမိလိုက်သည်။

ပင့်ကူနက်ဂိုဏ်းသားများအနေနှင့် ထွက်ပြေးရိုးထုံးစံမရှိကြောင်းသူသိထားပြီး ဖြစ်သည်။ ကျန်ရှိသောဓားသမားမှာ သူ့အား အသေခံတိုက်ခိုက်ပေတော့မည်။ ထိုတိုက်ပွဲက သူတို့အတွက် နောက်ဆုံးတိုက်ပွဲသာ ဖြစ်ပေတော့မည်။

ထို့ကြောင့် နေမြင့်က ရင်ဝ၌စိုက်ဝင်နေသောဓားကို ဆွဲနုတ်ရင်း ဓားချင်းယှဉ်၍ တိုက်ခိုက်ရန်ပြင်ဆင်လိုက်၏။

နှစ်ဦးစလုံးက ဒွက်လက်လျှင်မြန်ဆုံး လှုပ်ရှားနေပေမယ့် ဓားချက်များက တစ်ယောက်ကိုတစ်ယောက် လုံးဝမထိခဲ့။

နှစ်ယောက်စလုံးက သတိကြီးစွာ ရှောင်တိမ်းတိုက်ခိုက်နေသည်။ လှစ်ခနဲ လှစ်ခနဲ တိုးဝင်ရောက်ရှိလာသော ဓားချက်များက ကြည့်နေရသူပင် တုန်လှုပ်စရာကောင်းလှပေသည်။

ပင့်ကူနက်ဂိုဏ်းမှ ဓားသမားက ဒေါသတကြီး ဖြစ်နေသည်။ ဒေါသစိတ်က သူ၏မှားယွင်းမှုကို ဦးတည်လာလိမ့်မည်ဟု သိထားသဖြင့် နေမြင့်မှားကွက်ကို စောင့်ဆိုင်းနေလိုက်၏။



'ရှပ်'

'အား'

ပင့်ကူနက်ဂိုဏ်း ဓားသမားလက်သို့ ဓားရှသွားလေသည်။ သွေးများက ရဲခနဲ စီးယိုကျလာခဲ့သည်။

'ထပ်မကြိုးစားပါနဲ့ ကိုယ့်လူ၊ အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ'

အင်စပက်တာနေမြင့်က အောင်မြင်ဝံ့ကြွားသောလေသံဖြင့် အထက်စီးမှ အမိန့်ပေးပြောဆိုလိုက်၏။

'ဟား . . . ဟား . . . ဟား၊ ပင့်ကူနက်ဂိုဏ်းသားတွေမှာ အညံ့ခံတယ်ဆိုတာ ရာဇဝင်မှာမရှိပါဘူး၊ ကျုပ်ကိုဖမ်းချင်ရင် ကျုပ်အသက်ကို သေအောင်သတ်ပါ'

ပင့်ကူနက်ဂိုဏ်းသားက ခေါင်းမာလွန်းလှ၏။ သူ၏ လက်မောင်းမှ ဒဏ်ရာကို ဂရုမပြုနိုင်ဘဲ နေမြင့်အား အသေသတ်နိုင်ရေးအတွက်သာ သဲကြီးမဲကြီး တိုက်ခိုက်နေသည်။

နေမြင့်ကိုယ်တိုင် မောဟိုက်ပင်ပန်းနေသော်လည်း နိဂုံးမချုပ်နိုင်သေးသော ရန်သူအတွက် စိတ်မအေးနိုင်သေး။ ပင့်ကူနက်ဂိုဏ်းအနေနဲ့ အဆိပ်ပြင်းသော ပင့်ကူနက်တစ်ကောင်ကဲ့သို့ ကြောက်စရာကောင်းလှကြောင်းကို သူကောင်းစွာ နားလည်သဘောပေါက်ထားပြီးဖြစ်၏။

'ယား'

'ဝှစ် . . . ဝှစ်'

www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ပြက်ခုန်ဝင်တိုက်ခိုက်လာသော ဓားချက်များကို ခုန်မရှောင်နိုင်ဘဲ လူချင်းဝင်ပူး၍ ကပ်ရှောင်လိုက်၏။ အလွန်အန္တရာယ်များသော တိုက်ကွက်ပင်ဖြစ်သော်လည်း တစ်ဖက် ရန်သူ၏ အားနည်းချက်ပျော့ကွက်ကို ရှာဖွေရင်း နေမြင့် အနိုင် တိုက်ခိုက်ခဲ့လေတော့သည်။

'အား'

ပင့်ကူနက်ဂိုဏ်းသားမှာ မျက်စိရှေ့မှောက်၌ပင် ကံဆိုးမိုးမှောင် ကျသွားရှာလေတော့သည်။ နေမြင့်တစ်ကိုယ်လုံး သွေးများပေကျံနေသည်။

မြနှင်းဖွေးက နေမြင့်ကိုကြည့်ရင်း သက်ပြင်းချလိုက်မိသည်။ အင်စပက်တာတစ်ယောက်၏ဘဝက အသက်ကိုရင်း၍ တာဝန်နှင့်ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်နေရကြောင်းကို သူမကောင်းစွာ သဘောပေါက်နားလည်ခဲ့ရလေသည်။

'စိုးရိမ်လိုက်ရတာ အစ်ကိုရယ်၊ အေးဖြင့် အခုမှပဲ ရင်ထဲက အလုံးကြီးကျသွားတော့တယ်'

အင်စပက်တာနေမြင့်က စိုးရိမ်သောမျက်နှာကလေးနှင့် ကြည့်ရင်း ပြောဆိုနေသည့် မြနှင်းဖွေးကို စိုက်ကြည့်ရင်း. . .

'အစ်ကိုက အေးအတွက် ပိုစိုးရိမ်တာ၊ အစ်ကိုသာအချိန်မီ မရောက်လာရင် အေးကို ပင့်ကူနက်ဂိုဏ်းက ပြန်ပေးဆွဲသွားကြမှာသေချာတယ်'

❋ ❋ ❋ ❋



အခန်း ( ၄၆ )

'ဒါဆို မိန်းကလေးတွေကို ပြန်ပေးဆွဲပြီး သတ်ဖြတ်နေတဲ့ ဂိုဏ်းဆိုတာ ပင့်ကူနက်တွေပေါ့နော်'

'မဟုတ်ဘူး အေးရဲ့'

'ဘာယ်လို'

အင်စပက်တာနေမြင့်၏စကားကို မြနှင်းဖွေးက နားလည်သလို ငေးကြည့်နေသည်။ သူနှင့်လက်ထပ်မည့်ဆဲဆဲ မိန်းကလေးတစ်ယောက်အား သူထမ်းဆောင်နေရသည့် တာဝန် ဝတ္တရားကို သိသင့်သည်ဟု ထင်မိသဖြင့်. . .

'ပင့်ကူနက်ဂိုဏ်းအပြင် တခြား လူသတ်သမားတစ်ယောက်လည်း ရှိနေသေးတယ်အေးရဲ့'

'ဟင်. . . ဟုတ်လား၊ အဲဒီလူက ဘယ်သူလဲ'

'လူသတ်တရားခံကိုတော့ စုံစမ်းဆဲပါပဲ၊ ဒါပေမယ့် သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ မိန်းမလှလေးတွေကိုမှ မုန်းတီးနာကြည်းချက်တွေနဲ့ လိုက်လံသတ်ဖြတ်နေတဲ့ လူတစ်ယောက်ပါပဲ'

မြနှင်းအေးက တုန်လှုပ်ချောက်ချားနေမိသည်။ ကိုလိုနီခေတ်၌ မင်းမဲ့စရိုက်ဆန်ဆန် သတ်ဖြတ်သော လူသတ်မှုပေါင်းများစွာ ပေါ်ပေါက်နေသမျှ သူတို့နှစ်ယောက်၏ ဘဝမှာနီးရဖို့လမ်း မမြင်တော့။

'ကြောက်စရာကောင်းလှချည်လားမောင်ရယ်၊ အဲဒီ လူသတ်သမားကို အခုထိမမိသေးဘူးလား'

အင်စပက်တာနေမြင့်က ခေါင်းယမ်းပြလိုက်သည်။

'အဲဒီလူဟာ အင်မတန် စိတ်ထားယုတ်မာတဲ့ လူသတ်သမားပဲ အေး၊ မိန်းကလေးတွေကို ဖျားယောင်းသွေးဆောင်ပြီး သွေးအေးအေးနဲ့ ရက်စက်စွာသတ်ဖြတ်တတ်တဲ့ လူတစ်ယောက်ပဲ၊ သူ့မှာ အတိတ်ကနာကြည်းချက် တစ်စုံတစ်ရာကြောင့် စိတ္တဇဝေဒနာကို လွှမ်းမိုးထားတာ သေချာတယ်'

'အဲဒီလူသတ်သမားကိုမိဖို့ ကိုယ်တို့အဖွဲ့က စုံထောက်မလေး နီလာကို ခြေရာခံခိုင်းဖူးတယ်၊ သူကိုယ်တိုင် ညဥ့်ငှက်မလေးလို အယောင်ဆောင်ပြီး စုံစမ်းခဲ့တယ်လေ'

'သူ့ကိုတွေ့လားမောင်'

'တွေ့တယ် အေး၊ ဒါပေမယ့် ဖမ်းဆီးမမိခဲ့ဘူး၊ နီလာ တည်းခိုခန်းတစ်ခုအထိ သူက ဖြားယောင်း ခေါ်ဆောင်သွားတယ်'



'လူပုံစံက အတော့်ကို ချောမောင်လှပပြီး ဥပဓိရုပ် ကောင်းမွန်တဲ့လူတစ်ယောက်ပဲ၊ သူ့အသက်က နှစ်ဆယ်ကျော်လောက်ပဲ ရှိတယ်'

မြနှင်းအေးက စိတ်ဝင်စားစွာ ဆက်လက်နားထောင်နေမိသည်။ နားထောင်နေရင်း လူသတ်သမားကို မျက်စိထဲမြင်ယောင်လာမိသလို ကြောက်ရွံ့မိသည်။

အင်စပက်တာနေမြင့်က ချစ်သူမြနှင်းအေး၏အမူအရာကို အကဲခတ်ကြည့်ရှုနေသည်။

'ဆက်ပါဦး ကိုကိုရဲ့'

'ဆက်ပြောရင် အေးကြောက်လန့်နေမှာစိုးလို့ ကိုကို မပြောတာပါ'

'ကိစ္စမရှိပါဘူး၊ အန္တရာယ်ကောင်က ကြိုသိထားတော့ ပိုကောင်းတာပေါ့'

အေးက အင်စပက်တာတစ်ဦး၏ ချစ်သူပီသစွာ သတ္တိရှိလေသယောင် ဟန်ဆောင်ပြောဆိုလိုက်၏။

အင်စပက်တာနေမြင့်က ပြုံးလိုက်ရင်း စကားကို ဆက်ရှန်ကြဲလိုက်သည်။

'အဲဒီညမှာ လူသတ်သမားက နီလာကို အခန်းထဲခေါ်ပြီး ချောင်ပိတ်သတ်ဖြတ်ဖို့အထိ ကြိုးစားခဲ့တယ်လေ၊ နီလာက လေ့ကျင့်ပေးထားတဲ့လူဆိုတော့ ထောင်ထဲပိတ်မိမခံဘဲ တိုက်ရင်းခိုက်ရင်း ကိုယ်လွတ်ရုန်း ထွက်ပြေးလာရတယ်ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို အဲဒီ လူသတ်သမားကို နီလာကောင်းကောင်း မှတ်မိခဲ့တာပေါ့နော်'

'ဟာ. . . ဘာပြောကောင်းမလဲ သိပ်မှတ်မိခဲ့တာပေါ့။ချက်ချင်းပဲ ဓာတ်ပုံပညာရှင်တွေ ပန်းချီဆရာတွေကိုခေါ်ပြီး လူသတ်သမားရဲ့ပုံကို ထုတ်လိုက်တာ။

'ယောဒီမှာလေ'

အင်စပက်တာနေမြင့်က ကုတ်အင်္ကျီထဲမှ အသင့်ကူးလာသော ဓာတ်ပုံကို ထုတ်ပြလိုက်၏။

မြနှင်းအေးက ဓာတ်ပုံကို ယူကြည့်လိုက်မိသည်။

အင်စပက်တာနေမြင့် ပြောသကဲ့သို့ အသက် (၂၀) ဝန်းကျင်ရှိ ချောမောလှပသော လူငယ်တစ်ယောက်ဖြစ်မှန်း သိထားလိုက်သည်။

မျက်နှာပေါက်အကျက ရင်းရင်းနှီးနှီး ရှိသော လူတစ်ယောက်၏ ပုံပန်းသဏ္ဍာန်နှင့် တူသလိုလိုထင်ရသည်။ မည်သူမည်ပါဆိုတာတော့ ချက်ချင်းခေါင်းထဲ မပေါ်လာသေး။

'ရုပ်ကလေးက သနားကမ်းနဲ့ ရက်စက်ယုတ်မာလိုက်တာလွန်ရောနော်'

'အင်း. . . သူ့မှာ အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့အေးရယ်'

အင်စပက်တာနေမြင့်အား မြနှင်းအေးက ဓာတ်ပုံပြန်ပေးလိုက်၏။



'အေး ယူထားလေ၊ အဲဒီလူကို မတွေ့ဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ၊ အေး တွေ့ရင် အစ်ကို့ဆီကိုချက်ချင်းသတင်း ပို့လို့ရတာပေါ့'

မြနှင်းအေးက ဓာတ်ပုံကို ယူထားလိုက်လေတော့သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၇ )

ကျွန်ုပ်၏ စိတ်အာရုံထဲ၌ စူးရဲတောက်ပဆုံး ညစ်နွမ်းစေသည့် အရောင်များဖြင့်သာ ရှိနေတတ်၏။

ဝဏ္ဏသိဒ္ဓိဆေးကို စတင်သုံးစွဲလာကတည်းက ထိုသို့ဖြစ်လာရသည်ဆိုလျှင်လည်း မမှားပေ။ ကျွန်ုပ်၏ ရုပ်ရည်နုပျိုဆေးသောက်စဉ်က တဒင်္ဂသာ တက်ကြွရွှင်လန်းသောမျက်နှာကို မှန်ပြင်ပေါ်၌ မြင်ခဲ့ရပြီး. . .

ဆေးအာနိသင် ပြယ်သောအခါ ရုပ်သွင်က နဂိုရှိရင်းစွဲထက် ပို၍အိုမင်းရင့်ရော်လာသလို ထင်ရသည်။

ကျွန်ုပ်အမှားများကိုလည်း ဆက်ကာကျူးလွန်ပေါ်တတ်သည်။

မြိတ်မြို့ မိုးပြာဟိုတယ်မှ သိဂီကိုသတ်မှု. . .

ချိ(ပ်)လမ်းမှ မိအေးစိန်ကိုသတ်မှု. . .

www.burmeseclassic.com



နယ်လီဆိုသော မိန်းကလေးကို သတ်ဖြတ်ရန် ကြံစည်မှု အမှုပေါင်းများစွာနှင့် ကျွန်ုပ်အား ပုလိပ်အဖွဲ့က ခြေရာခံ လိုက်နေကြောင်းကို သတိထားမိသည်။

မျက်နှာနှစ်မျိုးကို ပိုင်ဆိုင်သူ လူတစ်ယောက်ဖြစ်နေ၍ သဲလွန်စရှာဖွေဖို့ပင် လွယ်မည်မဟုတ်။

ကျွန်ုပ်၏ ခန္ဓာကိုယ်၌ ချောမောလှပသော မိန်းကလေးများကိုမြင်တိုင်း အရိုင်းစိတ်က ဝင်လာတတ်လေသည်။

အဆိုးရွားဆုံးက စိတ်ဓာတ်ကျဆင်းစေတတ်သော ရောဂါဝေဒနာတစ်ခုကို စွဲကပ်လာခဲ့ခြင်းပင်ဖြစ်သည်။

ထိုရောဂါဝေဒနာဆိုးအတွက် စိတ်ရောဂါအထူးကု ဆရာဝန်တစ်ဦးဦးကိုပြသ၍ ဆေးကုသမှုခံရလျှင် ကောင်းလေမလားဟု စဉ်းစားမိသေးသည်။

သို့သော် ကျွန်ုပ်မပြဖြစ်ခဲ့။

ထိုသို့ပြသ၍ ဆေးကုသမှုခံနေစဉ် ကျွန်ုပ်၏လျှို့ဝှက်ချက်အား ဆရာဝန်ကသိရှိသွားနိုင်သည် မဟုတ်ပါလား။

ကျွန်ုပ်၏စိတ်ထဲ၌ လုံခြုံမှုမရှိသကဲ့သို့ ခံစားနေရသည်။ ဘယ်သူမပြု မိမိမှုဆိုသည့် စကားအတိုင်း ထိုသောကဝေဒနာများကို ကျွန်ုပ်ကိုယ်တိုင် ကျိတ်မှိတ်ခံစားနေရသည်။

ကျွန်ုပ်မိတ်ဆွေများဖြစ်သော ပါမောက္ခဟောင်း ဦးတိုးစိန်ကိုလည်းကောင်း၊ ယောပြန်ခဲတတ်စမ်း ဆရာဂျမ်းကိုလည်းကောင်း မွေးစားသား ရှိန်းမောင်ကိုလည်းကောင်း လုံးဝ မတွေ့လိုတော့။



သံရည်ကျိုစက်ကြီးအပေါ်၌ တစ်သက်လုံး သံပေါဇဉ်ကြီးမားစွာ လုပ်ကိုင်လာခဲ့ဖူးသည်ကိုပင် မေ့ပစ်နိုင်ဖို့ ကြိုးစားခဲ့သည်။ ထိုလုပ်ငန်းအား မွေးစားသား ရှိန်းမောင်က ဆက်လုပ်ကိုင်နေ၍ တော်သေးသည်။

ကျွန်ုပ်စိတ်ထဲ အမြဲတွေ့လိုသူတစ်ယောက်မှာ မြနှင်းအေးပင် ဖြစ်သည်။

သူမကိုတော့ တစ်နေ့တစ်ရက်မမေ့ခဲ့။

မြနှင်းအေးကို အမြဲမြင်နိုင်မည့် ကုလားကော်ဖီဆိုင်လေးသို့ တစ်ပတ်တစ်ခါလိုလို ရောက်သည်။ သူမက ကျွန်ုပ်ရောက်ရှိနေသည်ကို ဂရုပြုနေပုံမရ၊ ဦးတိုးစိန် လုပ်ငန်းဆီသို့ အမြဲ သွားလာနေမြဲ။

ဦးတိုးစိန်၏ပြောကြားချက်အရ မြနှင်းအေးမှာ သီတင်းကျွတ်လျှင် မင်္ဂလာဆောင်တော့မည်ဟု သိရသည်။ သူနှင့် မင်္ဂလာဆောင်မည့်သူမှာ အင်စပက်တာနေမြင့်ဆိုသူ ဖြစ်ကြောင်းကိုလည်း သိသည်။

သို့ပေမယ့် ကျွန်ုပ် မြနှင်းအေး၏ချစ်သူ အင်စပက်တာနေမြင့်ဆိုသူနှင့် တစ်ကြိမ်တစ်ခါမှ ဆုံစည်းခဲ့ခြင်းမရှိပေ။

ကျွန်ုပ်အပေါ် မြနှင်းအေးက လက်မခံနိုင်ကြောင်း သိရှိသည့်အခါ ဝမ်းနည်းကြေကွဲရသည်။ အစိမ်းရောင်ပုလင်းထဲမှ ဝဏ္ဏသိဒ္ဓိဆေးမှာ ကျွန်ုပ်၏ဆန္ဒကို ယခုအထိ ဘယ်လိုမှပြည့်ဝအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိသေး။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စိတ်ထဲ၌ ဖောက်ပြန်သလိုရှိလာတိုင်း ဝဏ္ဏာသိဒ္ဓိဆေးကိုသုံးစွဲ၍ မြို့ထဲသို့ထွက်လာရင်း ချောမောလှပသော ပြည့်တန်ဆာမကလေးများကို ရှာဖွေသတ်ဖြတ်ချင်လာသည်။

ထိုသို့ဖြစ်ပေါ်လာရခြင်းမှာ ကျွန်ုပ်၏ရူးသွပ်မှုကြောင့်ပင် ဖြစ်သည်။

ကျွန်ုပ်၌ လူတွေမသိနိုင်သော စိတ်ဝေဒနာတစ်ခု စွဲကပ်လာခဲ့သည်။

ထိုဝေဒနာကား ကုသလို့ ရနိုင်လိမ့်မည်မထင်ပါ။

အဘယ်ကြောင့်ဆိုသော် ထိုဝေဒနာပေါ်ပေါက်လာရခြင်းမှာ အတိတ်နှင့်ဆက်စပ်နေသောကြောင့်ဖြစ်သည်။ ကျွန်ုပ်၏ ခါးသီးစွာ ဖြတ်သန်းလာခဲ့ရသောဘဝနှင့် ဆက်စပ်နေလျက် ရှိသည်။

ထိုဝေဒနာကို အမည်တပ်ရလျှင် နာကြည်းခြင်းဟု အမည်နာမတစ်ခု မှည့်ရပေလိမ့်မည်။

++++++

ကျွန်ုပ် ငယ်စဉ်ကတည်းက ဘဝမလှပခဲ့။

ကျွန်ုပ်အား မွေးဖွားသန့်စင်ပေးခဲ့သော မိဘနှစ်ပါးမှာ မန္တလေး၌ ဓားပြများလက်ချက်နှင့် သေဆုံးသွားရသည့် နောက်ပိုင်း၌ . . .

'ကလေးလေးက ချစ်စရာလေးပါဟယ်၊ သူ့ဖာတာကလည်း သူဌေးဖြစ်မယ့်လက္ခဏာပါတယ်ဟဲ့'



ကလေးတစ်ယောက်အပေါ် သနားကြင်နာတတ်သော်လည်း နှုတ်စိုဝမ်းဝအောင်ပင် မနည်းရှာစားနေရသည်မို့ နီနီမှာ ပြောသလိုပင် သူတို့အလုပ်နှင့် လုံးဝမသက်ဆိုင်သလို ဖြစ်နေတတ်သည်။

သို့ပေမယ့် မပုံ့က မိဘမဲ့ဖြစ်နေရှာသောကလေးအပေါ် သနားသည်။ ဂရုဏာသက်မိသည်။

ထို့ကြောင့် သူလုပ်ကိုင်နေရသော အလုပ်နှင့် မအပ်စပ်သော်လည်း ထိုကလေးကို မွေးစားရန် ဆုံးဖြတ်လိုက်မိသည်။

ထိုကလေး၏အမည်ကား 'အောင်ကြွယ်ဟူ၍ ဖြစ်ခဲ့လေတော့သတည်း။

✹ ✹ ✹ ✹

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၈ )

BURMESE CLASSIC .com

အလကားကောင်ပါကွာ၊ အမှိုက်ပုံကကောက်ပြီး သူ့အမေ ဟို. . . ဟို. . . အဲ. . . ဈေးရောင်းစားတဲ့သူက မွေးစားတာတဲ့၊ ဟား. . . ဟား. . . ဟား

အရွယ်ရောက်လာသည့်အခါ သူ့အားအမြဲတမ်းမနာလိုဝန်တိုစိတ်ရှိနေသည့် ဖိုးနီတို့အုပ်စုက မထိတထိ စကြသည်။ ထိုအခါ အောင်ကြွယ်၏စိတ်ထဲ၌ မခံချိမခံသာဖြစ်တတ်စမြဲ။

သူ၏ဘဝ၌ လူရယ်သို့ဖြစ်လာပြန်သော်လည်း အမည်းစက်တစ်စက်က ဘဝတစ်လျှောက်လုံးအတွက် အရှက်ကို ဘယ်လိုမှကာကွယ်မပေးနိုင်ခဲ့။

သိတတ်သောအရွယ်၌ ပတ်ဝန်းကျင်က ထိုသို့ ဝိုင်းနှိမ်ပြောဆိုမှုကို အောင်ကြွယ် နည်းနည်းမှသည်းမခံနိုင်တဲ့အဆုံး ပြဿနာကို စတင်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် . . . ဖိုးနီ . . . မင်း . . . မင်း ငါ့ကို စောင်းပြောနေတာ မဟုတ်လား'

လွယ်အိတ်ကို စလွယ်သိုင်းလွယ်၍ ဖိုးနီတို့အုပ်စုဆီသို့ သွားရောက်စိန်ခေါ် လိုက်မိ၏။

'ဟား . . . ဟား . . . ဟား'

'မှန်တာပြောတာပဲ မင်းက နာသလားကွ၊ မင်းအမေကို ငါတို့ပြောတာဟုတ်မဟုတ် အိမ်ပြန်ရောက်မှ ပြန်မေးကြည့်လေ'

'မင်း . . . မင်း လွန်လာပြီနော်'

'အောင်မာ . . . မင်းကများငါ့ကို လွန်တော့ဘာလုပ်ချင်သလဲကွာ'

'ကဲကွာ'

'ဖုန်း'

တမင်သက်သက်ရန်စလာသည့် ဖိုးနီတို့အုပ်စုကို အောင်ကြွယ်က မခံချင်စိတ်နှင့် စတင်ထိုးလေတော့သည်။

ခေါ်သကား ပြင်းထန်လွန်းလှသဖြင့် သုံးယောက်နှင့်တစ်ယောက် သတ်ပုတ်နေရသော်လည်း ဖိုးနီတို့အုပ်စုက သူ့အားနိုင်အောင် သတ်ပုတ်နိုင်ခြင်းမရှိ။ ကျောင်းထိပ်ညောင်ပင်ကြီးအောက်၌ လုံးလားထွေးလား ဖြစ်ကုန်ကြသည်။

ထို့နောက် ကျောင်းထဲမှ ဆရာ၊ ဆရာမများ ရောက်လာ၍ သူတို့အား ဝင်ရောက်ဖျန်ဖြေကာ ရုံးခန်းသို့ ခေါ်ဆောင်သွားခဲ့လေတော့သည်။



'မင်းစရိုက်ကိုက အောက်တန်းကျလွန်းပါတယ်ကွာ၊ ကျောင်းသားချင်း နောက်တျစ်ကြတာမဲ၊ ဒီအထိရန်ဖြစ်ဖို့ မလိုပါဘူး'

'သူတို့က မဟုတ်တာပြောလို့ပါ ဆရာ'

'တော်စမ်း . . . သူတို့ပြောတာ အမှန်တွေချည်းပဲ၊ မင်းအမေကိုက ဒီမြင်အလုပ် လုပ်စားဖို့မရှိဘဲ ကားဂိတ်နေပြီး နေ့ရှိသရွေ့ အဲဒီအလုပ်လုပ်နေတာကိုး . . .

ရွာထဲမှာ ဒီလိုလူမျိုးတွေရှိနေတာ ရွာနာတယ်ကွ သိရဲ့လား'

အောင်ကြွယ် ဘာမှမတတ်နိုင်တော့၊ ဖြစ်သမျှပြဿနာနှင့်ပတ်သက်၍ အမှန်တရားက သူ့ဘက်မှ ရပ်တည်နိုင်ခြင်းမရှိ။

ကိုလိုနီခေတ်ပညာရေးက ဓွေ့ရှိသူတို့ကို ရှေ့တန်းတင်မျက်နှာလိုက်တတ်ကြသောကြောင့် သူကြီးသား ဖိုးနီနှင့် စကားများရာမှ ထိုးကြိတ်ကြသည်အထိ ဖြစ်ပွားခဲ့သည့်ကိစ္စ၌ ဖိုးနီမှာအပြစ်မရှိဘဲ အောင်ကြွယ်မှာသာ အပြစ်ရှိကြောင်းဆုံး ဖြတ်လိုက်ကြရင်း အောင်ကြွယ်အား ကျောကို ကြိမ်ဒဏ်ရိုက်ဆုံးမကာ ကျောင်းမှ ထုတ်ပစ်လိုက်လေတော့သည်။

အောင်ကြွယ်တစ်ယောက် ဘယ်လိုမှ ရှင်းပြ၍မရနိုင်တော့ပေ။ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းကထွက်ခဲ့ရသည်တော့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ထန်းရည်သမားဖိုးကျင်ကတော့

www.burmeseclassic.com



အောင်ကြွယ်ဘက်မှရပ်တည်ခဲ့သည်။

အသေဝနာစ ဗာလနံ ဟူသောစကားအရ အောင်ကြွယ် အနေနှင့် သူခံစားနေရသော အဖြစ်တို့ကို ရင်ဖွင့်ရာဟူ၍ ထန်းရည်သမား ဖိုးကွန်းတစ်ယောက်သာရှိတော့သည်။

ထန်းရည်သမားဖိုးကွန်းကို ဆရာတင်မိုးလေ့တော့သည်။

'ဟေ့ကောင်. . အောင်ကြွယ်၊ မင်းဘဝကို ဘာမှအားမငယ်နဲ့၊ ပညာမရှိတော့ ဘာဖြစ်သလဲ၊ စာရင်းငှားလုပ်ပြီး လူ့လောကကြီးထဲ ရပ်တည်လို့ရပါတယ်ကွာ၊ လူတွေက တစ်မျိုးကွ၊ သူများမကောင်းကြောင်းကို လျှောက်ပြောနေကြပြီး ကိုယ်ဘာရော ကောင်းရဲ့လားဆိုတာ တစ်နေ့တစ်ခါလောက် မှန်ထဲကြည့်ပြီး ဘယ်သူကများ ရဲရဲမေးဝံ့ကြလို့လဲ. . .

မှန်တာချည်းတွေသာ လျှောက်ပြောနေရရင်တော့ ဖိုးကွန်းတစ်ယောက် သေတာကြာပြီကိုယ့်လူရေ၊ အကြားသည် အမြင်လောက် မကောင်းပေဘူးတဲ့၊ ကြားသမျှကို မမြင်စေနဲ့၊ မြင်အောင်မကြည့်နဲ့ကွ၊ ကြားသမျှကို မြင်အောင်ကြည့်မိလိုက်တာနဲ့ မင်းရောဂါတက်နေအုံးမှာပဲ'

ဖိုးကွန်းပြောသည့်စကားက သွေးထွက်အောင်မှန်လွန်းလှသည်။ ထို့ကြောင့် တစ်ခါတစ်ရံ အရက်သမားနှုတ်ဖျားမှ အမှန်တရားရှိသည်ဟု ဆိုကြခြင်းဖြစ်လိမ့်မည်။

ဖိုးကွန်းပြောသည့်အတိုင်း ကြားမိသမျှကို မြင်အောင်မကြည့်ဖို့တော့ လိုပေလိမ့်မည်။



သို့ပေမယ့် အောင်ကြွယ်မနေနိုင်။ မျက်စိနှစ်လုံးကကြည့်ဖို့ ဘုရားက ဖန်ဆင်းပေးထားသည့်အတွက် မမြင်ချင်ပဲ မြင်နေရသည့်ကိစ္စများက သူ့အတွက် ရှောင်လို့မရနိုင်အောင် ဖြစ်မိသည်။

❋ ❋ ❋ ❋

www.burmeseclassic.com



## အခန်း ( ၄၉ )

ကိုလိုနီခေတ် လူနေမှုစီးပွားရေးမှာ ချွတ်ခြုံကျလာခဲ့သည်မဟုတ်ပါလား (ချစ်တီးယား) ဘာဘူ သူဌေးများကလည်း ထင်သလို ခြယ်လှယ်နိုင်သောအချိန်ဖြစ်သည်။

စာမတတ်သူများအပေါ် လက်ဗွေနှိပ်ခတ် အသိအမှတ်ပြုခိုင်းရင်း စက္ကူစုတ်မျှသာရှိသော စာချုပ်တစ်ခုပေါ်တွင် သူတို့စိတ်တိုင်းကျငွေကို ရေးမှတ်လျက် ထင်သလိုလုပ်နိုင်ကြသည်။

တရားဥပဒေဟူသောစကားက ငွေရှိသူ ချစ်တီးများအတွက် အလွယ်တကူ ရေလဲသုံးစွဲနိုင်သောစကားပင် မဟုတ်ပါလား။

ဆရာစံအား သူပုန်ဟုအမည်တပ်ကာ ဝရမ်းထုတ်၍ ဖမ်းဆီးဖို့ ကြံကြပြန်သည်။ တိုင်းပြည်က လုံးဝမငြိမ်သက်သော အချိန်၌ မုဆိုးမတစ်ဦးဖြစ်သော အမေပုံ့တ သည်ဈေးရောင်းသည့်အလုပ်ကလွဲ၍ တခြားအလုပ် မလုပ်တတ်ပေ။

www.burmeseclassic.com

အရွယ်ကပေးသော အသိဉာဏ်အရ ဘဝကိုစဉ်းစားမိတိုင်း မည်သို့ ပြုပြင်ရမှန်း မသိလောက်အောင် ဖြစ်နေမိသည်။ ကိုလိုနီခေတ်ဆိုးအောက်တွင် နင်းပြားဘဝရောက်နေရသည့် အောင်ကြွယ်တို့သားအမိအဖြစ်ကို မည်သူက လာကယ်နိုင်ပါဦးမည်နည်း။

'ဘာ. . . ရှက်တယ် ဟုတ်လား၊ နင့်ကို ဒီအရွယ်အထိ လူလားမြောက်အောင် ငါဒီအလုပ်နဲ့ ရှာကျွေးလာခဲ့တာဟဲ့'

အမေပုံ့စကားကြောင့် အောင်ကြွယ် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားမိသည်။

ကျောင်းထွက်လိုက်ရသည့်ကိစ္စကို စဉ်းစားမိတိုင်း သူ့အား မွေးခဲ့သည့် မိခင်ကြီးမပုံ့ဗာ မကောင်းသည့်အလုပ်ကို လုပ်စား၍ ထိုသို့ ဖြစ်ရသည်ဟုသာ နာကြည်းနေမိသည်။

ထို့ကြောင့်. . .

'ကျုပ် အမေ့ကို အလုပ်လုပ်ကျွေးပါ့မယ်ဗျာ၊ ကျုပ်တို့မှာ လက်တွေခြေထောက်တွေ အကောင်းကြီးပါ၊ သူများကို မှိုခို အားထားတဲ့အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေရင် ဖြစ်မှာ မဟုတ်ဘူး'

'ဖြန်း'

အောင်ကြွယ်၏ ပါးပြင်တစ်ခုလုံး ပူထူသွားလေတော့သည်။

'နင်. . . နင် အခုအိမ်ပေါ်ကဆင်းသွားစမ်း၊ တစ်သက်လုံး ကျွေးမွေးလာတဲ့ကျေးဇူးကိုမှမထောက် မအေကို စော်ကားလိုက်တာလဲ ကမ်းကုန်ရော'



အောင်ကြွယ်က အမေပုံ့၏ဒေါသကိုသိသောကြောင့် ကျိတ်မှိတ်ခံစားရင်း ငြိမ်နေလိုက်၏။

'ဒီဈေးသည်လုပ်တော့ ဘာဖြစ်သေးသလဲဟဲ့၊ အရေးကြီးတာက နင်မျိုဖို့ဆို့ဖို့ ငွေရအောင်ပဲမဟုတ်လား၊ ဒါကြောင့် မနီက ပြောတာ၊ ခြေနှစ်ချောင်းကို မကယ်ကောင်းဘူးတဲ့၊ ငါ့ကိုက မနေနိုင်မထိုင်နိုင်လို့ မွေးစားမိတာ၊ အခုတော့ ငါ့အလုပ်ကို ကဖျက်ယဖျက်လုပ်မယ့်အကောင်ကိုမှ မွေးစားမိပါပကောလား'

အမေပုံ့၏စကားများက သူ့အပေါ် နားမလည်နိုင်သလို မွေးစားသည်ဆိုသော စကားနှင့်ဝင် မိခင်နဲ့သားဟူသော အကြင်နာတရား မရှိတော့ဘဲ သမုဒ္ဒရာကြီးတစ်စင်းခြားပြီး ဝေးရတော့မည့်အဖြစ်သို့ တွန်းပို့နေသကဲ့သို့ ဖြစ်ခဲ့ရလေတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန်)

ဂျာဂျော်

www.burmeseclassic.com

ဝဏ္ဏာသိဒ္ဓိရှင် (ဒုတိယတွဲ)

---

# ရာဇဂဏ်

[redacted]



အခန်း (၅၀)

## ယော်စဉ်ကဒဏ်ရာရ

ရွာထိပ်မှ လူစည်ကားသည့်ကြက်ဝိုင်းရှိသည်။ အောင်ချယ်တစ်ယောက် စိတ်ညစ်ညစ်နှင့် ကြက်ဝိုင်းရှိရာသို့ ခြေဦး လှည့်ခဲ့သည်။ နေရောင်အောက်၌ ကြက်နှစ်ကောင်က မမော ပန်းခွပ် ကြ၏။

'ဟုတ်ပြီ၊ လည်ဆံနီကွ . . . လည်ဆံနီ'

'ဟေး . . . ခွပ်ထား'

ကြက်တိုက်ခြင်း ဓလေ့ကို အလျှင်ကတည်းက သူသဘော ကျခဲ့။ တရှဉ်္စာန်ကား လူထက် အသိဉာဏ်နည်းပါးလှပေသည်။ ဉာဏ်အားနည်းချက်ကိုသိသောလူများက မိုက်လုံးကြီးစွာ တိရစ္ဆာန်ကို မြှောက်ပင့်ပေးလျက် တိုက်ခိုက်ခိုင်းနေသည်ကိုက သဘော မကျ-

www.burmeseclassic.com

www.burmeseclassic.com



ပေ။ ဝါဆိုနေရှင်များ အုန်းအုန်းကျွက်ကျွက် ဖြစ်နေကြသည်။

အောင်ကြွယ်တစ်ယောက် ကြက်ဝိုင်းဘက်သို့ ခြေဦးလှ
လာသည့်အတွက် မှားယွင်းနေပြီလားဟု အောက်မေ့မိသည်။ ထို
အုပ်ထဲ၌ လူဇာလလူမိုက်များရှိနိုင်သည်။ စိတ်ညစ်ညစ်နှင့် လျှော
သွားနေမည့်အစား နံနက်ခင်းထုတ် သတင်းစာကြီးများထဲ ပါဝ
သော ဖဆပလအဖွဲ့ချုပ်၏ လှုပ်ရှားမှုနှင့်ပတ်သက်၍ နိုင်ငံရေ
သမား ဦးသိန်းဟိုနှင့် သွားရောက်ဆွေးနွေးလျှင် သူ့အတွက် ဗ
သုတရလိမ့်မည်ဟု ထင်မိသည်။

ထို့ကြောင့် ရွာဦးဘက်သို့ ခြေဦးလှည့်ရန် ပြင်လိုက်
'ဟေ့ . . . ဈေးသည်သား၊ ဒီကိုလာစမ်း'

နင့်နင့်သီးသီးခေါ်လိုက်သံကြောင့် ထောင်းခနဲဒေါ
ထွက်သွားမိသည်။ ခေါ်လိုက်သူက ထန်းရည်သမား ကိုတင်အု
သူ့ကို အောင်ကြွယ် ကောင်းကောင်းသိသည်။

သို့ပေမယ့် လူတကာရှေ့၌ အခုလို သုံးနှုံးလိုက်ပုံက ရို
စိုင်းရာကျသည်ဟု ထင်မိသဖြင့် . . . .

'ဘာလဲဗျ၊ ခင်ဗျားကြီးမူးပြီး ဘာလာယစ်ဦးမလို့လဲ'

မဟုတ်မခံတတ်သောစိတ်ဓာတ် ပေါ်လွင်စေရန် ခပ်
စွာလေး ပြောဆိုလိုက်သည်။

'အောင်မာ . . မလောက်လေး မလောက်စားကောင်
များ ငါ့ကိုပြန်ဟောက်လို့၊ ဗြိုဟ်ကောင်လေး လာစမ်း'

'ခင်ဗျား ကျုပ်ကိုလွှတ်နော်၊ အနိုင်မကျင့်နဲ့'



'ငါ တယ်လုပ်လိုက်ရ'

ထန်းရည်သမား ကိုတင်အုပ်က အောင်ကြွယ်၏ကုပ်ကိုဆွဲ၍ ရိုက်ဖို့ရွယ်လိုက်၏။ သို့သော် . . .

'ခွပ်'

'အား'

အောင်ကြွယ်က လက်မြန်ခြေမြန် အုတ်ခဲပိုင်းကျိုးတစ်ခုကို ကိုင်လျက် နဖူးသို့ လှမ်းထုလိုက်သံဖြင့် ကိုတင်အုပ် နဖူးဟက်တက်ကွဲ၍ သွေးများစီးကျလာလေသည်။

'ဟား ဟား ဟား တင်အုပ်ဆိုတဲ့အကောင် အောင်ကြွယ်နဲ့တွေ့တော့ မှတ်ရောမဟုတ်လား'

လှောင်ပြောင်ရယ်မောသံကြောင့် ကိုတင်အုပ်က ရှုံးရှုံးရှဲရှဲ ဖြစ်လာသည်။ အောင်ကြွယ်အား ဖမ်းမိရန် သွေးရူးသွေးတန်း ဖြစ်နေလေတော့သည်။ အောင်ကြွယ်ကလည်း လှည့်ပတ်ပြေးနေရလေသည်။

ကြက်ဝိုင်းကလူများက ဟားတိုက်ရယ်မောနေကြသည်။ တင်အုပ်အတွက် မဟာအရှက်တော်ကွဲရသည့်နေ့ဆိုလည်း မမှားပေ။

အောင်ကြွယ်အား တစ်ရွာလုံးက ခပ်စွာစွာလူတစ်ယောက်အဖြစ် သတ်မှတ်လိုက်ကြလေပြီ။

❄ ❄ ❄ ❄ ❄

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၁)

အောင်ကြွယ် သစ်ပင်တစ်ပင်အောက်၌ အမောအပန်းဖြေနေမိသည်။ ကိုတင်အုပ်အား ခဲနှင့်ထုပစ်ခဲ့သောသတင်းမှာ ယခုလောက်ဆို သူ၏မွေးစားမိခင် မပုံ့ထံသို့ ရောက်လောက်ပေပြီ။

မပုံ့က အောင်ကြွယ်ပြန်အလာကို ကြိမ်တစ်လုံးနှင့် စောင့်မျှော်နေပေလိမ့်မည်။ မပုံ့က ပညာမတတ်၊ ခေတ်ဆိုးကြီးထဲ၌ ဈေးရောင်းရင်း နှီးစားရသော အလုပ်ကလွဲ၍ ဘာအလုပ်မှ လုပ်ချင်စိတ်မရှိ။ မပုံ့ကို တစ်ရွာလုံးက နှိမ်ကြသည်။

အောင်ကြွယ်ကိုလည်း ထိုသို့ အောက်တန်းစားအလုပ်ကို လုပ်ကိုင်နေရသူ ဈေးသည်မတစ်ဦး၏သားဟု နေရာတကာ အပြစ်တင် ကဲ့ရဲ့တတ်ကြသည်။

လူ့ဘဝကြီး၌ မကောင်းသောအလုပ်နှင့် အသက်မွေးသူ၏အိမ်၌ မှီခိုနေထိုင်ရခြင်းမှာ တစ်ရက်ကလေးမှ စိတ်မချမ်းသာရ။



ယခု အောင်ကြွယ် မပုံ့ကြောင့် ကျောင်းမှ အထုတ်ခံလိုက်ရသည်။ မည်သို့ပင်ဆိုစေ မိခင်ကြီးအပေါ် သူ့အနေနှင့် မေတ္တာမပျက် ချစ်ခင်လျက်၊ မိခင်ကြီးအပေါ် ထိခိုက်နစ်နာမည့်စကားပြောဆိုလာသူအား နည်းနည်းကလေးမှ အလျှော့မပေးဘဲ တုံ့ပြန်ချင်သည်။

သူတို့ပြောဆိုသောစကားများမှာ သွေးထွက်အောင်မှန်နေမှန်းသိပါလျက်နှင့် အောင်ကြွယ် တစ်စက်ကလေးမှသည်းခံခြင်းမရှိနိုင်၊ အသည်းကျွဲခတ်သလို နာကျင်မိသည်။

ထိုကိစ္စကို မပုံ့က နားလည်နိုင်မည်မဟုတ်ပေ။ သူလုပ်ကိုင်နေသောအလုပ်အား မွေးရကျိုးမနပ်အောင် အနှောင့်အယှက်ပေးသူ တစ်ယောက်ဟု ထင်ပေလိမ့်မည်။

ယခုကိစ္စ ကိုတင်အုပ် ရိုင်းစိုင်းစွာပြောပြသလိုပင် သူ့မွေးစားမိခင်ကြီး မပုံ့ကိုယ်တိုင်က ထိုအလုပ်ကို မရှက်မကြောက်ပဲ ဘာကြောင့် လုပ်စားနေရသနည်း။ အောင်ကြွယ် စဉ်းစားမရနိုင်လောက်အောင် ဖြစ်နေ သည်။

နုနယ်သော သူ့ဦးနှောက်ထဲသို့ ကိုလိုနီခေတ်၌ ကျပ်တည်းစွာ နေထိုင်ရသည့် လူနေမှုစနစ်ကြီးကိုသာ တရားခံဟုမြင်ရပေတော့မည်။ မိခင်ကြီးမပုံ့ကိုလည်း သည်အကြောင်း ရှင်းပြလို့ရနိုင်လိမ့်မည်မထင်။ ထို့ကြောင့် သူ့အား နားအလည်နိုင်ဆုံး ခင်နုခိုင်သည့် ကောင်မလေးထံသို့ ခြေဦးလှည့်လာခဲ့ရလေတော့သည်။

'နှင်ဖြစ်လိုက်မှ ဒီလိုချည်းပဲ အောင်ကြွယ်ရယ်၊ တစ်ရွာလုံး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ တစ်ယောက်ဟည်းဆိုသလိုပဲ ရွာမှာ နင်နဲ့တည့်တဲ့လူက ခပ်ရှား ရှားပဲ'

ခင်နုက သူပြောသမျှအကြောင်းကို နားထောင်ရင်း အထက်ပါအတိုင်း တဖျစ်တောက်တောက် ပြောနေလေရတော့သည်။

'ဟာ . . . ခက်တာပဲ၊ ငါ့ကို နားမလည်နိုင်သူတွေထဲမှာ နင် တစ်ယောက်လဲ အဆစ်ပါနေပါရောလား'

'ဒါတော့ နင်ထင်ချင်သလိုထင်ပေါ့၊ ငါကတော့ နင့်အပေါ် နားလည်လွန်းလို့ ဟိုဘက်တောင်မှ လွန်နေသေးတယ် သိရဲ့လား'

'ဟင်း'

အောင်ကြွယ်တစ်ယောက် သက်ပြင်းရှည်ကြီးကို ချလိုက်မိလေတော့သည်။ ခင်နုအား သူ့အနေနှင့် ဆက်ရန်မဖြစ်လိုတော့သည်တစ်ခါဆိုလျှင် သူ့ဘက်က အလွန်ဖြစ်နေပေတော့မည်။

ယခုကဲ့သို့ ခင်နုလို အပျိုကလေးတစ်ယောက်အား ခံစားနေရသမျှကို ဖွင့်ဟတိုင်ပင်၍ သင့်၊ မသင့် မချင့်ချိန်နေတော့ရင်ထဲ ရှိသည့်အတိုင်း ပွင့်လင်းစွာ ပြောဆိုလိုက်ရသဖြင့် သူ့ရင်ထဲ ပေါ့ပါးသွားပြီး ကျေနပ်သလိုလို ရှိသွားခဲ့လေတော့သည်။

ခင်နုက သူ့အား တစ်စုံတစ်ရာဖြေသိမ့်ပြောရန် စဉ်းစားလိုက်ရင်း . . .

'ခက်လိုက်တာ အောင်ကြွယ်ရာ၊ နင်ဒီလိုသာ ကြပ်ကြပ် ပြော၊ တစ်နေ့ ရေဲအိုးချိုးကပ်နေမယ် သိရဲ့လား'



'အခုလောလောဆယ်မှာလဲ၊ ရေကျနေသလို ငါ့ဘဝက ပူလောင်နေပြီပဲ ခင်နုရယ်'

ခင်နုက သနားသောမျက်နှာလေးနှင့် အောင်ကြွယ်ကို စိုက်ကြည့်နေမိသည်။ အောင်ကြွယ်ကား ခင်နုထက်စာလျှင် ရုပ်အလွန်ဆိုးသော လူတစ်ယောက်ဖြစ်၍၊ ရုပ်ဆိုးသလို ဘဝလည်း ဆိုးရွားလွန်းလှပေ သည်။ မိဘနှစ်ပါးမရှိသော်လည်း သူ့ဘဝကို ကြံ့ကြံ့ခံနိုင်စွမ်းရှိအောင် နေချင်သေးသည်။

အခုတော့ တစ်ရွာလုံးက နေ့ရှိသရွေ့ အကဲ့ရဲ့ခံ အနှိမ်ခံဘဝမျိုး ဖြစ်လာခဲ့သည့်အတွက် လောကကြီးထဲ၌ နေချင့်စိတ်ပင် မရှိခဲ့သည့် အောင်ကြွယ်ဘဝကို နားလည်မိသည်။ စာနာတတ်မိသည်။ အောင်ကြွယ်၏မွေးစားမိခင်ကြီး မပုံ့က ဘယ်တော့မှ သည်အလုပ်ကို စွန့်ပစ်နိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် ခင်နုအဖို့ အောင်ကြွယ်အပေါ် ကရုဏာပိုရလေတော့သည်။

ခင်နုကိုယ်တိုင်က ဆီစက်ပိုင်ရှင်သူဌေးသမီးတစ်ယောက်။ မိဘများကလည်း ရွှေပေါ်မြတင်ထားနိုင်သူဖြစ်ပြီး အရာရာတိုင်း ပြည့်စုံလှသူဆိုလည်း မမှားပေ။

သို့ပေမယ့် အရွယ်ရောက်၍ ဖူးစာရှင် ရှာတတ်လာသောအခါ အောင်ကြွယ်လိုရုပ်ဆိုးဆိုး၊ ဘဝဆိုးဆိုး လူတစ်ယောက်ကိုမှ ဘာကြောင့်ရွေးချယ်မိမှန်းမသိ ဖြစ်ရသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅၂ )

အောင်ကြွယ်ကို ကျောင်းမှထုတ်ပစ်လိုက်စဉ်က ဆရာများရှေ့တွင် ခင်နုကိုယ်တိုင် အကာအကွယ်ပေး၍ မရနိုင်မှန်းသိသော်လည်း မတရားမှုကြောင့် ကျိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် အောင်ကြွယ်နှင့် ပြန်လည်ဆုံတွေ့နိုင်ရန် ရွာသို့ အရောက်လာခဲ့ရင်း မကြာမကြာ သူတို့နှစ်ယောက် ရွာထိပ်က ညောင်ပင်ကြီးအောက်၌ ချိန်းတွေ့ခြင်းဖြစ်၏။

'နင် ငါ့ဘဝကိုသိလို့ ငါ့အပေါ် မုန်းချင်နေပြီမဟုတ်လား'

'အို. . . ဘာဆိုင်လို့လဲ၊ နင့်ကိုငါစပြီး ချစ်ကတည်းက နင်တို့မိသားစုအကြောင်းကို ငါသိသားပဲ၊ အထူးသဖြင့် နင့်မွေးစားအေကြီး မပုံ့အကြောင်းက တစ်ရွာလုံးမှာ လေသင့်ရာ မွှေးသလို ဖြစ်နေတာပဲ မဟုတ်လား'

အောင်ကြွယ်၏မျက်နှာလေးမှာ ချက်ချင်းပင် ညိုးငယ်

www.burmeseclassic.com

www.burmeseclassic.com



လျက် ချွတ်ခြုံကျဆင်းသွားသည့် အခြေအနေသို့ ရောက်ရှိသွားခဲ့ရှာလေပြီ။ ခင်နုကိုယ်တိုင်က အောင်ကြွယ် စိတ်မချမ်းမသာဖြစ်မည်ကို မကြည့်ရက်။ ထို့ကြောင့် . . .

'ဒီပြင်အကြောင်း ပြောကြရအောင်ဟယ်၊ နင့်အမေကြီးအကြောင်းသာဆက်ပြောနေရင် မိုးလင်းသွားတောင် ပြီးမှာ မဟုတ်ဘူး၊ စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့ အောင်ကြွယ်ရာ၊ မွေးလာကတည်းက လူတိုင်းချမ်းသာလာကြတာမဟုတ်ပါဘူး၊ ကြိုးစားရင် ဘာမဆိုဖြစ်လာနိုင်တာပဲ၊ နင်ကျောင်းမနေရင် ဘာလုပ်မလဲ'

'ငါ သစ်စက်မှာ အလုပ်တစ်ခုခုလုပ်မယ် ခင်နု'

'အင်း . . . ကောင်းသားပဲ'

'အဲဒီအလုပ်သာ ဟန်ကျရင် ငါအလုပ်သမားခေါင်းဆောင်ဖြစ်လာအောင်အထိ ကြိုးစားမယ်၊ သူဌေးက ငါ့ကို လစာတိုးပေးရင် အမေ့ကို ဒီအလုပ်မျိုး ဘယ်တော့မှ မလုပ်ခိုင်းရဘူး'

အောင်ကြွယ်က သူ့ရင်ထဲရှိသမျှကို ခင်နု ား ဖွင့်ဟတိုင်ပင်လိုက်၏။ သူမက အောင်ကြွယ်၏ ယောကျ်ားပီသသော စိတ်ဓာတ်ကို လေးစားမိသည်။ ြောင့် အောင်ကြွယ်သစ်စက်၌ အလုပ်လုပ်မည်ဆို သောကိ ုံ အထူးပင်အားပေးလိုက်မိသည်။

အောင်ကြွယ်က သူ့ရည်မှန်းချက်ကို အပြည့်အဝ ထောက်ခံလိုက်သည့် ခင်နု တစ်ယောက်ရှိနေသဖြင့် အားတက်သွားမိသည်။

'နင့်ကို ငါ လက်ထပ်ချင်ပြီ ခင်

'အို . . . ဘယ်ဖြစ်ပါ့မလဲ'



'ဘာလဲ၊ နင်က ငါ့ကို တစ်သက်လုံးလုပ်မကျွေးနိုင်ဘူးလို့ င်နေလို့လား'

'မဟုတ်ပါဘူးဟယ်၊ နင် ငါ့ကို လက်ထပ်ချင်တယ်ဆိုတာက စောလွန်းဘူးလား . . အခု နင့်မှာရော ဘာအလုပ်ရှိလို့လဲ'

ခင်နုစကားကြောင့် အောင်ကြွယ်ရှက်သွားမိသည်။

'ကဲ . . . ငါပြန်မယ် အောင်ကြွယ်၊ နင်သစ်စက်မှာ အလုပ်ဖြစ်အောင် ကြိုးစားနော်၊ နင့်အမေ မပို့နဲ့လဲ ရန်မဖြစ်နဲ့ဦး'

ခင်နုက အောင်ကြွယ် ရှက်နေမှန်းသိ၍ အမြန်စကားကာ မြင်းလှည်းဂိတ်သို့ နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့ည်။ အောင်ကြွယ်က ရပ်ရင်း ခင်နုအားငေး၍ ကျန်ခဲ့ရှာလေည်။

သူ့အနေနှင့် နားလည်မှုရှိလှသော ချစ်သူခင်နုနှင့် ဘဝခုကို မည်သို့ထူထောင်ရမည်ကိုသာ တွေးတောနေမိလေသည်။

တဒင်္ဂကြည်နူးခဲ့ရသမျှ မကြာခင် ပျောက်ကွယ်သွားရပေမည်။ အောင်ကြွယ်အဖို့ အချိန်တန်လျှင်အိမ်ပြန်ရပေဦးတော့ သူ့အနေနှင့် အိမ်သို့ လုံးဝပြန်ချင်။

အိမ်ရောက်သည်နှင့် မိခင်မပုံ့နှင့် ပြဿနာတစ်ခုခုဖြစ်သေချာနေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၃)

'ကဲ . . . မိုက်ဦးဟယ်၊ မိုက်ဦး'

'ရှမ်း . . . ရှမ်း'

အမေပုံ၏ကြိမ်လုံးက အရေပြားများဆုတ်ဖြဲသွား ာက်အောင် ပြင်းထန်လွန်းလှသည်။

အောင်ကြွယ် မှားသည်မှန်သည် တစ်ခွန်းမျှကို ပြန်မပြော ောဘဲ၊ ရိုက်သမျှ ကျိတ်မှိတ်ခံနေလိုက်သည်။

'နင့်ကြောင့် အားလုံး အခင်အမင်ပျက်ကုန်ပြီ သိရဲ့လား တ်ကောင်ရဲ့'

အမေမပုံ ပြောဆိုနေသံက ငွေမရသောကြောင့် သူ့ ပေါ် မကျေမချမ်း ဒေါသများ တဖွားဖွားထနေလေဟန် ဖြစ် သည်။

သူ့အနေနှင့် ထပ်ပြီးရှင်းပြနေလျှင် ကိုယ့်အမှားဖြစ်နေဦး

www.burmeseclassic.com

www.burmeseclassic.com



မည်ကိုစိုး၍ ငြိမ်နေလိုက်သည်။

'သွား . . . ကိုတင်အုပ်ကို နင်အခုပဲသွားတောင်းပန်လိုက်'

'ဟာဗျာ မဟုတ်တာပဲ အမေရာ . . . ကျုပ်က မှူးပြီးစော်ကားတဲ့လူမဟုတ်ဘူး၊ ဒါကြောင့် ဘယ်သူ့ကိုမှ မတောင်းပန်နိုင်ဘူး'

'ကဲဟယ်'

'ရှမ်း . . . ရှမ်း'

အောင်ကြွယ်တစ်ကိုယ်လုံး အရှိုးရာများထင်နေသော်လည်း ခေါင်းမာမာနှင့် ကောက်ဆစ်ရုပ်လို ငြိမ်နေလိုက်၏။ ရင်ထဲမှာတော့ ကြိမ်ဒဏ်ထက် ပိုမိုနာကျင်စေသည့် ဝေဒနာများဖြစ်ပေါ်နေလေသည်။

ထိုဝေဒနာများအား မည်သို့ငြိမ်းသတ်လို့မှ ရနိုင်လိမ့်မည်မဟုတ်ပေ။

ထိုဝေဒနာအား အမေပံ့လည်း မြင်နိုင်မည်မဟုတ်ပေ။

အောင်ကြွယ်ဘဝကို နာကြည်းချက်ဖြင့် သစ်စက်၌အလုပ်လုပ်ရန် ဆုံးဖြတ်လိုက်ရှာသည်။

ရွာနှင့် အလှမ်းဝေးသောနေရာ၌ ဇမ္ဗူထွန်းသစ်စက်ရှိ၏။

ထိုသစ်စက်အား ဦးအောင်ဗလဆိုသူ သူဌေးက ပိုင်ဆိုင်ခဲ့ပြီး ဘုံဘေဘားမားသစ်ကုမ္ပဏီမှ ခိုးယူလာသောသစ်များကို ခွဲ၍ ရောင်းချရသောလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်သည်။



အောင်ကြွယ် နေ့ပုံထိုင်ပုံ လုပ်ပုံကိုင်ပုံအား သစ်ကုန်သည်း သဘောကျနေကြသည်။

ဦးအောင်ဗလက အလုပ်သမားကောင်းတစ်ယောက်ား လက်ထဲ ပါသွားပြီး စီးပွားပြိုင်အသုံးချခံရမည်စိုး၍ . . .

'ကောင်လေးက သနားဖို့ကောင်းပါရဲ့၊ ဒါပေမယ့် မျိုးရိုးကောင်းဘူးဗျ၊ အမေလုပ်တဲ့လူက ဈေးသည်၊ ကျုပ်တောင် ခိုင်းဖို့ခေါ်ထားရတယ် ခပ်ကြောက်ကြောက်ပဲ . . .

လူဆိုတာ ဗီဇဘယ်လို ပဲကောင်းကောင်း ကြွက်မှာအရိုးာအမျိုးဆိုတဲ့ စကားအတိုင်း မျိုးရိုးကောင်းဖို့က အရေးကြီးဆုံးပဲတ်လား'

အောင်ကြွယ် ပြောဆိုနေသောစကားသံကို ကြားရသဖြင့်သထွက်မိသည်။

သူ့အနေဖြင့် မည်မျှပင် ကောင်းမွန်အောင် ဘဝကို ကြိုးမြင်စေကာမူ အမည်းတစ်စက်ကြောင့် သူ့ဘဝကို ပတ်ဝန်းင်က အပြစ်တင်ရှုတ်ချလို့ ဆုံးမည် မဟုတ်တော့ပေ။

ယခုလည်း ဇမ္ဗူထွန်းသစ်စက်ပိုင်ရှင်သူဌေးက သူ့အပေါ်စေကောင်းစေသည့် အလုပ်သမားတစ်ယောက်အဖြစ် သတ်နိုင်သော်လည်း တခြားပွဲစားများ ခေါ်ယူအသုံးချသွားမည်စိုး၍ကို ဖော်ထုတ်ပြောဆိုလိုက်ပြန်သည်။

အောင်ကြွယ် ထိုသစ်စက်၌ အလုပ်မလုပ်လိုတော့။ ထို့ကြောင့် တခြားအလုပ်တစ်ခုဖြင့် အသက်မွေးဝမ်းကျောင်းပြုရန်

www.burmeseclassic.com



အတွက် လိုက်လံရှာဖွေရတော့သည်။

ထိုခေတ်ထိုအခါက ပညာတတ် အင်္ဂလိပ်ကျောင်းထွက် များတောင်မှ အလုပ်တစ်ခုကို ရဖို့မလွယ်လှသော အချိန်ဖြစ်သည်

အင်္ဂလိပ်အစိုးရက ကိုလိုနီဗျူရိုကရေစီ ယန္တရားကြီး လည် ပတ်ရန်အတွက် အင်္ဂလိပ်စာ တတ်မြောက်သူများကို ရွေးတန်းတင် အလုပ်ပေးသော်လည်း မြန်မာအများစုရရှိသောအလုပ်မှာ စာရေး စာချီ အလုပ်ပင် ဖြစ်လေတော့သည်။

မျိုးချစ်ဝံသာနုစိတ်ရှိသော ပုဂ္ဂိုလ်ကြီးများက ဝံသာနုစိတ် များ ရှင်သန်လာစေရန် ချမ်းသာကြွယ်ဝသူခြင်းပေါင်း၍ မြန်မာ လူငယ်ကလေးများအား အလုပ်ပေးထားသည်လည်း ရှိတတ်သည်

ထို့ကြောင့်အလုပ်ကိစ္စအတွက် နိုင်ငံရေးသမား တစ် ယောက် ဖြစ်သော ဦးသိန်းဟိုအား သွားရောက်အပူကပ်ရလေ တော့သည်။

'ရန်ကုန်မှာ ငါ့အသိမိတ်ဆွေ တစ်ဦးတော့ရှိတယ်ကွ၊ သူ နာမည်က ကြီးဆွေတဲ့၊ ဝပ်ရှော့လုပ်ငန်းတစ်ခုလည်းရှိတယ်၊

အဲဒီမှာ မင်းအတွက် အလုပ်ရချင်ရမှာပေါ့ သွားကြည့်ပေ လား'

တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသော စကားအတိုင် နိုင်ငံရေးသမား ကိုသိန်းဟို စာရေးပေးသည့်အတိုင်း သူ၏မိတ်ဆွေ ဆိုသူထံသို့ အလုပ်ရှာဖွေရန် ထွက်လာခဲ့သည်။

ကိုသိန်းဟိုက သူ့ အပေါ် ငွေရေးလူပါ ကူညီပေးနေသော



ကြောင့် မည်သို့ ကျေးဇူး ဆပ်ရမှန်းမသိအောင် ဖြစ်လာခဲ့သည်။

ရန်ကုန်သို့ရောက်လာရင်း ကိုသိန်းဟို အသိမိတ်ဆွေ တစ်ဦး၏ ဝပ်ရှော့၌ အလုပ်လုပ်ကိုင်ခဲ့၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

ရန်ကုန်သို့ရောက်လာသည့်အတွက် နယ်မှာရှိစဉ်ကလို မဟုတ်ဘဲ သူ့အတွက်များစွာ အမြင်ကျယ်လာခဲ့သည်။

ဝပ်ရှော့မှာ ဘိုးစိန်လမ်း၌ဖြစ်၏။ တိုက်ကြီးများ၊ အိမ်ကြီး အိမ်ကောင်းကြီးများကိုငေးရင်း ရွာမှာနေရသည့် လူနေမှုစနစ်နှင့် ကွာဟမှုကို တောကျီးကန်းတစ်ကောင်လို ဖြစ်ရလေတော့သည်။

ထိုလမ်းက လျှောက်လျှင် ကန်တော်ကြီးကိုလည်းပေါက် သည်။ ရွှေတိဂုံဘုရားကိုလည်း ရောက်သည်။

ခြံဝန်းကြီးများနှင့်နေကြသော အရပ်ဖြစ်၍ သူ့အနေနှင့် ရောက်ကာစကဆိုလျှင် လူမှနေပါလေစဟု တွေးတောမိသေးသည်။

ထိုနေရာ၌ ကားဝပ်ရှော့လုပ်ငန်းကို စတင်လုပ်ကိုင်သူမှာ ယခင်က ကုလားလူမျိုးတစ်ယောက်ဖြစ်ပြီး မြန်မာအမည် ဇော်င် အေးဟု မှည့်၍ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း. . .

www.burmeseclassic.com

www.burmeseclassic.com



သူ ယခုလုပ်ကိုင်နေသော ဦးကြီး ဆွေဆိုသည့် ဝပ်ရှေ့ ပိုင်ရှင်မှာ ယခင်က ကုလားမောင်အေးထံ၌ အလုပ်သမားတစ် ယောက်အဖြစ် လုပ်ကိုင်ခဲ့ဖူးသူတစ်ယောက် ဖြစ်ကြောင်း သိ သည်။

သူ့အတွက်တော့ ကြားသိရသမျှ အားတက်စရာပင်ဖြစ် တော့သည်။

အတန်းပညာကို မသင်ကြားရသော်လည်း ရွာမှာကတည် က စာဖတ်ဝါသနာပါသူဖြစ်၍ သတင်းစာဖိုး၊ လက်ဖက်ရည်ဖိုး စာအုပ်ဖိုးက သူ့အတွက် အတော့်ကိုကုန်ကျလေတော့သည်။

ဝပ်ရှော့က ထမင်းကျွေးထားသဖြင့် စရိတ်မကုန်သော် လည်း ပီမိုးနင်းစာအုပ်များထွက်လျှင် သူ့အတွက် လက်ဖက်ရည်ဖိုး သုံးရက်စာလောက် ပြတ်သွားလေသည်။

(ထိုအချိန်က ပီမိုးနင်းမှာ ပိုက်ဆံကြီးဟူသော ကလော နာမည်နှင့် ထွက်သောကြောင့် ပိုက်ဆံကြီးထွက်လျှင် ပိုက်ဆံကလေ ကုန်လတ့်ဟု ပြောကြသည်။)

ရွာမှ အမေ မပုံ့သတင်းကို ကြားရသည်မှာ မကောင်းလှ တချို့ကတော့ အမေ မပုံ့တစ်ယောက် ရောဂါရနေပြီဟု ပြောသည်

တချို့ကတော့ အမေ မပုံ့ နေမကောင်းဖြစ်သည်မှာ ရိုးရိုး သားသားဖြစ်ကြောင်း ပြောသည်။

သူ့အနေနှင့် မည်သို့ယုံကြည်ရမည် မသိ၊ အမေ မပုံ့ အတွက် စိုးရိမ်မိသည်။



ထို့ကြောင့် ဝပ်ရှော့ပိုင်ရှင် ဦးကြီးဆွေအား ခွင့်ပန်၍ ရွာသို့ပြန်လာခဲ့ရလေသည်။

ရွာသို့ရောက်သည့်အခါ သူ့ကိုမြင်မြင်ချင်း အမေ မပုံ့က မျက်ရည်များစို့လာသည်။ အသက်အရွယ်ကြီးရင့်လာသလို အမေ မပုံ့၏ ရုပ်သွင်ကလည်း တစ်နှစ်နှင့်တစ်နှစ် မတူပဲ ပြောင်းလဲသွား ကြောင်း သတိထားမိလိုက်သည်။

'သား . . . ရန်ကုန်မှာအဆင်ပြေတယ်နော်'

'ဟုတ်ကဲ့ အမေ'

'သားကို အမေ သတိရနေပါတယ်ကွယ်'

သူအတော့်ကို စိတ်မကောင်းဖြစ်သွားခဲ့သည်။ အမေ မပုံ့ ၏လေသံက အလျှင်လို မာကျောပြင်းထန်ခြင်းမရှိ။ လူကြီးဆန်ဆန် တည်ငြိမ်နေသည်။

အလျှင်က သူအခုလိုအိမ်ပြန်လာချိန်၌ အမေမပုံ့က ကြိမ် လုံးနှင့်ဆီးကြို၍ ပါးစပ်မှ ဆဲဆိုကြိမ်းမောင်းတတ်စမြဲ။ ယခုတော့ စိတ်ကိုလျှော့၍ မာန်မာနတရား မရှိသလောက်ဖြစ်သွားခဲ့သည်။

'အမေ အရင်ကလိုပဲလား'

သူက မရဲတရဲကလေးမေးလိုက်၏။

ထူးထူးခြားခြားပင် အမေမပုံ့၏ မျက်နှာပေါ်၌ ဒေသရိပ် များ ကင်းစင်လျက် သူ့ကို ပြုံး၍ခေါင်းခါပြလိုက်၏။

သူဝမ်းသာလုံးဆို့သွားခဲ့ရလေပြီ။ အမေမပုံ့အား လာဘ်ထ ပါလာသမျှ ပိုက်ဆံကလေးအနည်းငယ်နှင့် လက်အုပ်ချီ၍ ကန်

www.burmeseclassic.com

www.burmeseclassic.com



တော့လိုက်မိသည်။

'သား . . . ရန်ကုန်ကို ပြန်ရမှာပေါ့နော်'

'ဟုတ်တယ် အမေ၊ ကျွန်တော့်ဝပ်ရှော့ပိုင်ရှင်ကို ခွင့်တောင်းပြီး အမေနေမကောင်းဘူးဆိုလို့ ပြန်လာခဲ့တာပါ၊ ဒီကို မကြာမကြာလာပါ့မယ် စိတ်ချပါ အမေ'

အမေမပုံ့ကိုကန်တော့အပြီး ခင်နုနှင့် ချိန်းဆိုထားသော နေရာသို့ ထွက်လာခဲ့သည်။

ခင်နုနှင့်မတွေ့ရသည်မှာလည်း ကြာမြင့်ခဲ့ပြီမဟုတ်လား

ချိန်းတွေ့နေကျ ရွာထိပ်ညောင်ပင်ကြီးတောင် အကိုင်း အခက်အလက်တွေ ပိုထွက်လာပါပကောလားဟု အဝေးမှကြည့် ရင်း သတိထားမိလိုက်သည်။

ခင်နုက ညောင်ပင်ကြီးအောက်၌ ဦးစွာရောက်ရှိနေပြီ သူ့ကို မြင်မြင်ချင်း အနားရောက်အောင်ပင် မစောင့်နိုင်ပဲ အပြေး မလှမ်းမကမ်းမှပင် ပြေးလာခဲ့သည်။

'နင့်ကို ငါဒီမှာစောင့်နေတာ မိသိန်းမှ ပြောပါ့မလားလို့ စိတ်ပူလိုက်ရတာ အောင်ကြွယ်ရယ်'

ခင်နုက အောင်သွယ်တော် မိသိန်းအား မှာလိုက်ပုံကိုစဉ် ပြောလိုက်သည်။

'နင် ငါရွာကိုပြန်ရောက်နေတယ်ဆိုတာ ဘယ်လိုသိသလဲ'

'ဒါများ အဆန်းလုပ်လို့ အောင်ကြွယ်ရယ်၊ နင့် အကြောင်း ဆို ငါက အမြဲနားစွင့်ထားတာ၊ ရန်ကုန်မှာ အစ်ကိုကြီး တင်စိန်တို့



အမေမပုံ့အကြောင်းမေးကတည်းက နင် မကြာခင် ရွာကိုပြန်လာ လိမ့်မယ်ဆိုတာ ထင်သားပဲ'

'ဒါနဲ့ နင်ရွာမှာပဲနေတော့မှာလား အောင်ကြွယ်'

'ဟင့်အင်း . . . ရွာမှာနေလို့ ငါ ဘာလုပ်စားရမလဲ'

'အင်း . . . ဒါလဲဟုတ်တာပဲ'

သူ့အနေနှင့် ရန်ကုန်မှာနေမည်ဟုပြောလိုက်သောကြောင့် ခင်နု မျက်နှာလေး မသာမယာဖြစ်သွားကြောင်းကို သတိထားမိလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅၅ )

'ဘယ်မှာပဲနေနေပါ ခင်နုရယ်၊ နှင့်ကို ငါအမြဲသတိရနေမှာ ပြီးတာပဲ'

ခင်နုမျက်နှာကလေး ညှိုးနေရာမှ ချက်ချင်းပင် ဝင်းပလာသည်။

'နင် ပိုက်ဆံတွေ အတော်စုမိနေပြီလား အောင်ကြွယ်'

'ဟင့်အင်း'

ခင်နု၏စကားက ဘယ်လိုအဓိပ္ပာယ်နှင့် ရည်ရွယ်ပြောဆိုသိုက်မှန်းသိသည်။

သို့ပေမယ့် အောင်ကြွယ်ကိုယ်တိုင်က မလိမ်မညာတတ်သဖြင့် အမှန်အတိုင်း ဝန်ခံလိုက်ရခြင်းသာဖြစ်သည်။

'ရန်ကုန်လိုနေရာမျိုးက ပိုက်ဆံစုလို့ကို မရဘူးဟ၊ မြင်မြင်သမျှ လျှောက်ဝယ်ပြီး သုံးဖြုန်းချင်စရာကြီးပဲ . . . . ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သင်ဆိုတော့ ထမင်းကျွေးပြီး သူတို့မုန့်ဖိုးပဲဖိုး ပေးသလောက်ပဲရတာ'

'ဒါဆို ရွာပဲပြန်လာပြီး အလုပ်လုပ်ပါလားဟယ်'

'ငါ ရွာကို လုံးဝပြန်မလာချင်တော့ဘူး ခင်နု'

'ရွာမှာနေရင် ငါ တစ်သက်လုံး စာရင်းငှားဘဝက တက်မှာမဟုတ်ဘူး၊ ဟိုလူကနှိမ်လိုက် ဒီလူကကဲ့ရဲ့လိုက်ဆိုတဲ့ ပြဿနာတွေကို ရင်မဆိုင်နိုင်ရင်တော့ အမှုက ရှုပ်လာလိမ့်ဦးမယ်'

အောင်ကြွယ်က ခင်နု နားလည်လာအောင် ရှင်းပြနေမိသည်။

'ရန်ကုန်မှာက နောက်ဆုံး ငါ မတတ်တဲ့ပညာတွေ သင်ရတယ်၊ ငါ မသိတဲ့ စီးပွားရေးတွေကို သိလာရတယ်လေ၊ အဲဒါအရှုံးထဲက အမြတ်တွေပဲပေါ့'

ခင်နုတစ်ယောက် အောင်ကြွယ်ပြောဆိုသမျှကို နားလည်သွားပြီဟု ထင်မိသည်။

သူက အိမ်မှာနေရင်း အောင်ကြွယ်အား သတိရနေသည့်အကြောင်းနှင့် သူ့အိမ်က အချိန်တန်အရွယ်ရောက်လာသည့်အခါ ယောက်ျားပေးစားရန် စီစဉ်လိမ့်မည်ဟု ထည့်ပြောလိုက်၏။

'အေးပါ . . . ခင်နုရယ်၊ ငါနဲ့နှင့် အတူနေနိုင်ဖို့ ပိုက်ဆံစုပါ့မယ်၊ ငါ ရန်ကုန်မှာ ဒီ့ထက်ကောင်းတဲ့ အလုပ်တစ်ခုခုထပ်ရှာပြီး နင့်ကို လာခိုးမယ်လေ၊ ဘယ့်နှယ်လဲ'

ခင်နုမျက်နှာလေးပေါ်တွင် ပြုံးရိပ်သမ်းလာခဲ့သည်။



သူ၏အပြုံးက အောင်ကြွယ်အပေါ် နှစ်သက်လိုလားသော အပြုံးပင်ဖြစ်လေသည်။

အောင်ကြွယ် ဝပ်ရှော့၌ အလုပ်သင်ဘဝမှ နေ့စားလရှင်း အလုပ်သမားတစ်ဦး ဖြစ်လာခဲ့ပြီ။

ကားများကို ဆီပျောက်မီးပျောက် ကြည့်တတ်ရုံမသာမက ကား၏စက်သံကို နားထောင်ရင် ချက်ချင်းပင် မည်သို့စက်ချွတ်ယွင်းချက်ရှိနေကြောင်း ခေါင်းထဲပေါ်လာသမျှ ဖက်ခနဲ ပြောနိုင်သည်အထိ တိုးတက်လာခဲ့လေသည်။

မက္ကင်းနစ်တစ်ယောက်ဟု မသုတ်မှတ်နိုင်သည့်တိုင် သာမန်အလုပ်သမား အဆင့်မျိုးလည်း မဟုတ်တော့။

ခင်နု ပြောထားသည့်အတိုင်း ရသမျှလခထဲမှ တစ်ချို့တစ်ဝက်ကို မွေးစားမိခင်ကြီးမပုံ့အား ထောက်ပံ့၍ တစ်ချို့တစ်ဝက်ကို စုဆောင်းလာခဲ့သည်။

အချိန်ရတိုင်း ဝပ်ရှော့ပိုင်ရှင်ထံခွင့် တောင်း၍ ရွာသို့ပြန်ကာ ခင်နုနှင့်လူငယ်တို့ ဘာသာဘာဝ ချိန်းတွေ့ခဲ့ကြသည်။

တစ်ဦးကိုတစ်ဦး မေတ္တာစစ်နှင့် ချစ်ခဲ့ကြသူများဖြစ်သော်လည်း မိဘများက အောင်ကြွယ်နှင့် လုံးဝသဘောတူနိုင်မည်မဟုတ်ကြောင်းကို ခင်နုကသိထားသည်။

ထို့ကြောင့် နှစ်ဦးသား သိတင်းဝါလကျွတ်လျှင် တစ်နေရာသို့ ခိုးပြေးရင်း ရန်ကုန်၌ ဖတ်မြုပ်နေထိုင်သွားမည်ဟု စီစဉ်နေစဉ် ခင်နုထံမှ စာတစ်စောင် ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စာကိုဖတ်ကြည့်မိသောအခါ မျှော်လင့်ထားသမျှ ရည်ရွယ်စိတ်ကူးထားသမျှ သဲထဲရေသွန်သလို ဖြစ်သွားရလေတော့သည်။

စာထဲ၌ ရေးထားသည်မှာ. . .

ကိုအောင်. . .,

ခင်နုကို မေ့ပစ်လိုက်ပါတော့။

ခင်နုနဲ့ ကိုအောင်တို့ ချစ်နေကြတာ အိမ်ကသိသွားလို့ ကိုတင်မောင်ဆွေဆိုတဲ့ လူတစ်ယောက်နဲ့ အတင်းပေးစား လိုက်ကြပြီ။

သူတို့က ကိုအောင်နဲ့ သဘောမတူနိုင်တဲ့ အချက်ကတော့ ကိုအောင်ရဲ့မွေးစားအမေ ဒေါ်ပုံ့ဟာ ဈေးသည်တစ်ယောက် ဖြစ်နေလို့တဲ့။

ချစ်တဲ့

ခင်နု

'တောက်'

ဒေါသဖြာဖြာဖြစ်နှင့် စာကို လုံးခြေလွှင့်ပစ်လိုက်လေတော့သည်။

သူ့ဘဝနှင့်ရည်ရွယ်ချက်အား ပျက်စီးစေခဲ့ပြီ မဟုတ်ပါလား။

ထို့ကြောင့် ခင်နုက သူ့ကိုမေတ္တာစစ်နှင့် ချစ်ခင်ပါလျက် ဝေးခဲ့ရခြင်းသာ ဖြစ်သည်။



ခင်နုမိဘများအပေါ် အပြစ်မမြင်လိုသော်လည်း သူ့အား ထိုအခြေအနေဆိုးသို့ ရောက်အောင် တွန်းပို့ခဲ့သည့် မွေးစား မိခင်ကြီးအပေါ် နာကြည်းလာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅၆ )

### ကံအကြောင်းကြောင့် သူဌေးလောင်းဖြစ်

ကျွန်ုပ်မှာ ချောမောလှပပြီး မိန်းမကောင်းများ မလုပ်သည့် အလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုကြသော မိန်းမများကို လွန်စွာ မုန်းတီးတတ်သော စိတ်ဓာတ်ဝေဒနာ စွဲကပ်လာခဲ့လေတော့သည်။

ကျွန်ုပ်မွေးစားမိခင်ကြီး ဆုံးပါးသွားကြောင်း ကြားသိရသော်လည်း ရွာသို့ လုံးဝမရောက်။

ကျွန်ုပ် မထင်မှတ်ဘဲ ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ဦးဖြစ်လာရခြင်းကား လွန်စွာ ဆန်းကြယ်လွန်းလှပေသည်။

ကျွန်ုပ်၏ကားစပ်ရှော့၌ ကြိုးစားမှုကြောင့် ပိုင်ရှင်က အရေးပေးခံရဆုံး အလုပ်သမားတစ်ယောက်သာ ဖြစ်ခဲ့ရလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

မည်သည့်ကားကိုစွမဆို ကျွန်ုပ်မပါလျှင် မပြီးနိုင်သ
လေ၏ အရေးပါလှသည်။

တစ်နေ့သ၌ ကျွန်ုပ်၏ ကားဝပ်ရှော့သို့ အော်စတင်ကား
နက်ကြီးတစ်စီး ထိုးရပ်လာသည်။

ကားပေါ်မှဆင်းလာသူမှာ သူဌေးသူကြွယ်ပုံစံဝတ်စားဆင်
ယင်ထားသော်လည်း အညာသားများ ရန်ကုန်၌ ချမ်းသာကြွယ်
လာသကဲ့သို့ သူ၏ပုံစံက သူဌေးဂိုက်မကျလှပေ။

မျက်နှာ၌ အဆီတဝင်းဝင်းဖြစ်နေပြီး ပူပြင်းလှသည့်ရာသ
ဥတု၌ သက္ကလပ်စ ဘောင်းဘီအရှည်နှင့် ကုတ်အကျီတို့ကို ဆင်
မြန်းထားပုံက မြင်ရုံနှင့်ပင် အလွန်ရယ်ချင်စရာကောင်းလှ
သည်။

ဝပ်ရှော့ဆရာနှင့် အလွန်ရင်းနှီးသောလူတစ်ယောက်ဖြစ်
မည်ဟု နှစ်ယောက်သားပြောဆိုနေပုံကို ခန့်မှန်းကြည့်ရှုခြင်းဖြင့်
သိနိုင်သည်။

တောသူဌေးကဲ့သို့ ဟိတ်ဟန်ကောင်းလှသူနှင့် ပိုင်ရှ
ဦးကြီးဆွေမှာ ရင်းနှီးစွာစကားပြောဆိုနေကြရင်း . . .

'မောင်အောင်ရေ ခဏ'

ကျွန်ုပ် ဦးကြီးဆွေလှမ်းခေါ်သည့်နေရာသို့ စက်ပြင်ဝတ်
နှင့် လျှောက်လာခဲ့၏။

'ဟောဒီက သူဌေးဦးသန်းရှိန်နဲ့လိုက်သွားပြီး သူ့ကား



အိမ်မှာပြင်စရာရှိတာလေး ဝိုင်းကူလုပ်ပေးလိုက်ပါကွာ'

'ဟုတ်ကဲ့ ဆရာ'

'ပစ္စည်းတွေအားလုံးပါအောင် ထည့်သွားဦးနော်'

'ဟုတ်ကဲ့'

ကျွန်ုပ်ကား တောသူဌေးဦးသန်းရှိန်၏အိမ်သို့ ကားလိုက်
ပြင်ပေးရန် ပြင်ဆင်လိုက်ရပေတော့သည်။

'ဘယ်ကိုမောင်းရမှာလဲခင်ဗျာ'

'စော်ဘွားကြီးကုန်းကို မောင်းကွာ'

တောသူဌေးဦးသန်းရှိန်၏ အော်စတင်ကားနက်ကြီးကို
ကျွန်ုပ်ကိုယ်တိုင် စမ်းသပ်သည့်အနေနှင့် ဖိုးစိန်လမ်းဝပ်ရှော့မှ
စော်ဘွားကြီးကုန်းဘက်သို့ မောင်းနှင်လာခဲ့သည်။

ကားစက်သံက မမှန်ချင်သလိုဖြစ်နေ၍ . .

'ကားက အင်ဂျင်ကျနေပြီနော်'

'ဟုတ်တယ်၊ သုံးနေတာပဲ သုံးနှစ်ရှိပြီကွယ့်'

ဦးသန်းရှိန်က တောသူဌေးဂိုက်ဟန်မျိုးရှိနေသော်လည်း
ခနကြီးပုံမရ။

သူဝယ်ယူထားသော အော်စတင်ကားနက်ကြီးနှင့် ပတ်
သက်၍ သိလိုသမျှမေးနေသော ကျွန်ုပ်ကဲ့သို့ ဝပ်ရှော့ အလုပ်
သမားလေးတစ်ဦးကို စိတ်ရှည်ရှည်နှင့် ပြန်လည်ဖြေကြားနေသည်။

ကျွန်ုပ်စိတ်ထဲတွေးမိသည်မှာ ဦးသန်းရှိန်ဆိုသူ၏အ
ကြောင်းပင် ဖြစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းရှိန်မှာ နေ့ချင်းညချင်း ဖြတ်လမ်းနည်းနှင့် သူဌေး ဖြစ်လာရမည်ဟု ခန့်မှန်းရသည်။

သူ၏ပြောဆိုပုံအရ ကားတစ်စီးကို ဝယ်ယူထားသော်လည်း ကားအကြောင်းကို ဘာတစ်ခုမှသိပုံမရ။

တခြားသူဌေးများကဲ့သို့ ကားမောင်းရန်ဒရိုင်ဘာငှားရမ်းပြီး အခန့်သားထိုင်စီးလိုသည့် သူဌေးလည်းမဟုတ်။

သူကိုယ်တိုင် ကားမောင်းလာပုံကိုထောက်ခြင်းဖြင့် အိမ်၌ ဒရိုင်ဘာမရှိကြောင်း ထင်ရှားလှပေသည်။

ကျွန်ုပ်အနေနှင့် သူ့ကို ခန့်မှန်းကြည့်ရှုရသလောက် မှတ်ချက်ပေးလိုက်မိသည်။

ကားကိုဝယ်ထားသည်မှာ ကြာမြင့်ပြီဟုဆိုသော်လည်း တစ်ဦးတစ်ယောက်ထံမှ ပြန်စယ်ထားကြောင်းကို ကျွန်ုပ်အား လိမ်ညာပြောဆို၍ ရလိမ့်မည်မဟုတ်။

ကျွန်ုပ်က အော်စတင်ကားနက်ကြီးနှင့် ပတ်သက်၍ သိရှိလေ့လာသလောက် နိုင်ငံခြား၌ ကားသချိုင်းပို့ရမည့်ကား ဖြစ်တော့သည်။

စော်ဘွားကြီးကုန်း ခြံကျယ်ကြီးအတွင်းသို့ ရောက်ရှိလာခဲ့သည်။

ထိုအချိန်က စော်ဘွားကြီးအနီးတစ်ဝိုက်တွင် ဦးသန်းရှိန်၏ ခြံကလွဲ၍ တခြားမည်သည့်ခြံမျှမရှိ။ ခြံနာမည်တပ်မထား။

ရှေးဟောင်း ခြံကြီးတစ်ခြံ ဖြစ်လိမ့်မည်ဟုထင်ရသည်။



ထူးခြားသည်မှာ ထိုခြံကျယ်ကြီး၌ ဦးသန်းရှိန်တစ်ဦးတည်း နေထိုင်ခြင်းပင်ဖြစ်သည်။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅၃ )

ကျွန်ုပ်က ဦးသန်းရှိန်အား မသိလိုက်ဘာသာ အကဲခတ်ကြည့်ရှုနေရသော်လည်း စပ်စုမေးမြန်းခြင်းမရှိ။

ကားပြင်ရန်အတွက် သီးသန့်နေရာပေးထားသော ဂိုဒေါင်င်းသို့သာ လျှောက်လာခဲ့သည်။

ထိုဂိုဒေါင်မှာ ဦးသန်းရှိန်တိုက်နှင့် မလှမ်းမကမ်းရှိ ခြံဝင်း စ်ခုအတွင်း၌သာ ရှိလေတော့သည်။

မိုးက ဖြန်းစားကြီးရွာချလာသည်။

ထိုမိုးအား သကြံန်မတိုင်မီရွာတတ်သော ဖက်စွတ်မိုးမျိုး င် ဖြစ်လေတော့သည်။

ကျွန်ုပ်မှာ မိုးအေးအေးနှင့် ဂိုဒေါင်ထဲ၌ ကားပြင်နေရာမှ ည်းများကိုဖြုတ်ကြည့်ရင်း လိုအပ်သည့်ပစ္စည်းများကိုဝယ်ယူရန် သန်းရှိန်ထံ သွားပြောဖို့ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အိမ်ပေါက်ဝသို့ရောက်သည့်အခါ ဘာဂျာတံခါး ကြီးတစ်ချပ် ပွင့်နေသည်။ ကျွန်ုပ် အိမ်ထဲသို့ ဝင်လာခဲ့သည်။

'ခင်ဗျားအတွက် ဖြေစရာမြေမရှိပါဘူး ဦးသန်းရှိန်၊ ဘယ် မလဲ ကျုပ်တို့ဆီက တစ်ပတ်ရိုက်ပြီးယူသွားတဲ့ စိန်တွေ'

'အို . . . မရှိဘူး . . . မသိဘူး'

'ဘုံး'

သေနတ်နှင့် ချိန်ရွယ်အမိန့်ပေးသူက ,ဦးသန်းရှိန်အား စိတ်တိုင်းကျ နှိပ်စက်နေသည်။

'ခင်ဗျားကတော့ ဒီမှာ တိုက်နဲ့ခြံဝယ်ပြီး ကြီးပွားချမ်းသာ လို့၊ ကျုပ်မှာတော့ ရဲအဖွဲ့က ခြေရာခံလိုက်နေလို့ ခွေးပြေးဝက်ပြေး ပြေးနေရတယ်ဗျ'

ကျွန်ုပ် သူတို့အချင်းချင်း ပြောဆိုနေသောစကားကို နား ထောင်ကြည့်ရသည်မှာ နှစ်ဦးစလုံး အနုကြမ်းစီး၍ ထွက်ပြေးတိမ်း ရှောင်လာရသော ဓားပြများဖြစ်ကြောင်း သိလိုက်ရလေတော့သည်။

လောလောဆယ် တစ်ဖက်လူလက်ထဲ၌ သေနတ်တစ် လက်ရှိနေသောကြောင့် လွယ်လွယ်နှင့် တိုက်ခိုက်၍ ရလိမ့်မည် မဟုတ်မှန်း သိလိုက်သည်။

ကျွန်ုပ်၏လက်ထဲ၌ ရန်သူကိုတုံ့ပြန်တိုက် ခိုက်နိုင်ဖို့ အပ် တိုတစ်ချောင်းမျှပင်မပါခဲ့။ သို့ပေမယ့် ကျွန်ုပ်ကိုယ်တိုင် သူတွေ့နည်း သူမဟုတ်။

ထို့ကြောင့် အလစ်တိုက်ခိုက်နိုင်မည့် အခြေအနေ



စောင့်ဆိုင်းကြည့်ရှုရလေတော့သည်။ သေနတ်သမားက ထိုစံအိမ် ကြီး၌ ဦးသန်းရှိန်တစ်ဦးတည်းရှိနေကြောင်း သိထားပုံရသည်။

ကျွန်ုပ် အခန်းထဲသို့ လှည့်ပတ်ကြည့်ရှုလိုက်မိသည်။ နံရံ၌ ချိတ်ဆွဲထားသော ဓားနှစ်လက်ကို တွေ့ရှိရလေသည်။

အလှချိတ်ဆွဲထားသော မှန်စီရွှေချဓားနှစ်လက်ဖြစ်သော် ငြားလည်း သေနတ်နှင့်လူနှစ်ယောက်ထံ ကျော်လွှားရဲပေဦးမည်။

မတော်တဆ ဓားနှစ်လက်ထံရောက်မသွားပဲ သေနတ်နှင့် လူက ကျွန်ုပ်အား တွေ့သွားခဲ့မည်ဆိုလျှင် ဦးသန်းရှိန်၏ သေနတ် ပြောင်းဝသို့ ဦးတည်ထားသော ကျည်ဆန်မှာ ကျွန်ုပ်အတွက်ဖြစ် သွားပေတော့မည်။

ခပ်မဆိတ်ဆိတ်နေလျက် အကြံထုတ်နေရင်း အခန်းထောင့်မှ ပန်းအိုးတစ်လုံးကို မျက်စိထဲမြင်လိုက်မိသည်။

ထိုပန်းအိုးကိုသာ ကောင်းကောင်းအသုံးချတတ်လျှင် ကျွန်ုပ်အတွက် လက်နက်ကောင်းတစ်ခု ဖြစ်လာနိုင်သည်။

ထို့ကြောင့် ခြေထောက်ကို ဖွဖွလေးနင်းလျှောက်၍ ပန်း အိုးဆီ ကပ်လာခဲ့လေတော့သည်။

'ဒိုင်း'

'ဟိုက်'

ကျွန်ုပ် ပန်းအိုးကိုကိုင်လိုက်စဉ် သေနတ်နှင့်လူက ဦးသန်း ရှိန်အား ရက်စက်စွာသတ်ပစ်လိုက်လေတော့သည်။

ကျွန်ုပ်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ . .

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

'အား'

လက်ထဲကိုင်မိလျက်သားဖြစ်နေသော ပန်းအိုးနှ
သေနတ်နှင့်လူ၏ခေါင်းကို ပစ်ထုလိုက်ရလေတော့သည်။

သေနတ် နှင့်လူမှာ မည်သို့မှ တုံ့ပြန်နိုင်ခွင့်အရဘဲ ပြ
ထန်စွာ တိုက်ခိုက်ခဲ့ ခြင်းကြောင့် ကြမ်းပြင်ပေါ်သို့ ခွေခနဲ လဲ
သွားလေသည်။

'ဦး . . . ဦး . . . ကျွန်တော် . . . ဘာ . . . ဘာလုပ်
လဲ'

ဦးသန်းရှိန်ကိုယ်တိုင် သူ့ကိုယ်သူ သေဆုံးရတော့မည့်
တစ်ယောက်ဟု သိထားပုံရသည်။

ကျွန်ုပ်အား တစ်စုံတစ်ရာကို ပြောပြလိုဟန်နှင့် ရှေ့
တိုးခိုင်းလိုက်ရင်း . . .

'ရဲ စ ခန်း ဖုန်း ဆက်၊ စိန်တွေယူပြီး မင်းဘဝ ချ
သာ . . . သာ'

မီးခံသေတ္တာသော့တစ်ချောင်းကို လက်ထဲထည့်ပေး
သူပြောလိုသောစကားမဆုံးမီ ကျွန်ုပ်လက်ပေါ်၌ ဇက်ကျိုးသေ
သွားခဲ့လေတော့သည်။

ကျွန်ုပ်လည်းအကြီးမားဆုံး တုန်လှုပ်ချောက်ချားမှုဖြင့်
ဆိုင်လိုက်ရသူတစ်ယောက်လို ဖြစ်နေမိသည်။

ဦးသန်းရှိန်ပြောလိုသော စကား၏အဓိပ္ပာယ်အတ



ကျွန်ုပ် ရဲစခန်းကိုဖုန်းဆက်လိုက်လျှင် ကြမ်းပြင်ပေါ်ပုံလျက်သား
ဲ၍ သတိမေ့နေသူကို လာရောက်ဖမ်းဆီးသွားပေလိမ့်မည်။

ထိုအခါ ကျွန်ုပ် ဦးသန်းရှိန် သေဆုံးမှုနှင့်ပတ်သက်၍အမှု
တ်လာ နိုင်ဖွယ်မရှိတော့။

မီးခံသေတ္တာကိုဖွင့်လိုက်သည်။

ငွေစက္ကူများ၊ ရွှေဒင်္ဂါနှင့် စိန်ထုပ်ကို တွေ့လိုက်ရသည်။
ငွေးခြံတစ်ခြံမှ ဓားပြတိုက်လာသည့် ပစ္စည်းများသာ ဖြစ်ပေလိမ့်
ည်။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၈ )

ထိုပစ္စည်းများ၏တန်ဖိုးကား မနည်းလှပေ။ ထိုခေတ်ကာလတန်ဖိုးနှင့်ပင် သိန်းကျော်တန်နေရှာလေသည်။

ဦးသန်းရှိန် ပြောသလို ထိုပစ္စည်းများအား ပုလိပ်အစိုးရလက်သို့ မအပ်ပဲ ထုခွဲရောင်းချလိုက်မည်ဆိုပါက. . . တစ်သက်စား မကုန်နိုင်လောက်အောင် ကျွန်ုပ် ချမ်းသာကြွယ်ဝလာပေလိမ့်မည်။

တစ်သက်လုံး သည်လောက်တန်ဖိုးများလွန်းသည့် ပစ္စည်းများကို တစ်ကြိမ်တစ်ခါမှမတွေ့ခဲ့ဖူးသောကြောင့် လောဘတက်နေမိသည်။

ကျွန်ုပ်၏စိတ်ထဲ၌ မသမာမှုနှင့်ရထားသောပစ္စည်းများအား ဘ၌ မမြင်မိတော့။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကြွယ်ဝမှုကိုသာရလိုသော အတ္တစိတ်က ဖုံးလွှမ်း ထားခဲ့လေသည်။

ကျွန်ုပ် ဦးသန်းရှိန်ပြောသည့်အတိုင်း ပုလိပ်အဖွဲ့က လုံး မရိပ်မိအောင် ပစ္စည်းများကို သစ်ပင်တစ်ပင်အောက်မြှုပ်နှံရင်း ရဲစခန်းသို့ ဖုန်းဆက်လိုက်၏။

ရဲအဖွဲ့ရောက်ရှိလာပြီး သေနတ်နှင့်လူကိုဖမ်းခေါ်၍ ဦး သန်းရှိန်၏အလောင်းကို သယ်ထုတ်သွားကြလေသည်။

ကျွန်ုပ်အား အစိုးရဘက်တော်သားတစ်ယောက်အနေဖြ သက်သေထား၍ စစ်ဆေးခဲ့သည်။

ပုလိပ်အဖွဲ့မှစစ်ဆေးချက်များ အပေါ် မည်သည့်ကိစ္စမှ မသိဘဲ ကားပြင်ရန်လာရောက်ခေါ် ဆောင်ခဲ့သောကြောင့် လိုက် လာရခြင်းဖြစ်ကြောင်းကို ယုံကြည်လောက်အောင် ပြောပြလိုက် သည်။

ကျွန်ုပ်၏ဝပ်ရှော့ပိုင်ရှင် ဦးကြီးဆွေကိုယ်တိုင်ကလည်း ကျွ အတိုင်းပင် ထွက်ဆိုသောကြောင့် ရဲအဖွဲ့က အပြစ်မရှိကြောင် ယုံကြည်၍ လွှတ်လိုက်လေတော့သည်။

ဓားပြအချင်းချင်း ဝေစုခွဲရာမှ ဖာတ်တူသားစားကြခြင် ဟူသော သတင်းခေါင်းစဉ်တစ်ပုဒ်ဖြင့်သာ အမှုကြီးတစ်ခုလုံး အဆုံးသတ်လိုက်ပေလေတော့သည်။

ကျွန်ုပ်ကား စိုင်ကော်၍ ချုပေါ် ရောက်ဆိုသော စကား အတိုင်း မျှော်လင့်မထားသော ပစ္စည်းများကို ရရှိလျက်ချမ်းသာ



ကြွယ်ဝသော လူတစ်ယောက် ဖြစ်လာပေတော့မည်။

ဝပ်ရှော့၌ ဟန်မပျက်ဆက်နေရင်း ရွာပြန်တော့မည်ဟုခွင့် တောင်းလျက် တိုက်ရာပါပစ္စည်းများနှင့်အတူ မန္တလေးမြို့၌ ဖာတ် ၍ တစ်နှစ်တိတိနေထိုင်ခဲ့ရလေတော့သည်။

ကျွန်ုပ်အား အားလုံးက ကြီးပွားချမ်းသာလာအောင် ကြိုး စားမှုဖြင့် သူဌေးကြီးဖြစ်လာရသူတစ်ယောက်ဟု ထင်ရလေအောင် ပင်ပန်းခံကြိုးစားပြလိုက်သည်။

ကျွန်ုပ်အား မည်သည့်နည်းနှင့် ကြီးပွားချမ်းသာလာရ နည်းဟု မျက်ခြည်ပြတ်သွားစေရန် ရှိန်းမောင်အား ထပ်မံမွေး ထားခဲ့သည်။

ရှိန်းမောင်အနေနှင့်လည်း ကျွန်ုပ်အကြောင်းကို လုံးဝမ သိစေရအောင် ဟန်ဆောင်ကောင်းလှသူတစ်ယောက်သာ ဖြစ်လေ တော့သည်။

ဤသို့ဖြင့် သံရည်ကျိုစက်တစ်လုံးကို တည်ထောင်လျက် လုပ်လုပ်ပြသည်။

အများအမြင်၌ သံရည်ကျိုစက်ကြောင့် ကြီးပွား ချမ်းသာ လာသူဟု ထင်မြင်ယူဆကြတော့သည်။

ကျွန်ုပ်ကား အရာရာကိုပြည့်စုံပြီဟု ထင်မိသော်လည်း နှင့်ဝေးခဲ့ရသောကိစ္စကို စဉ်းစားမိတိုင်း ရင်ထဲ၌ နာကြည်း တ် ဆူးတောင်များက ထိုးထိုးထောင်ထောင် ထလာတတ်ပြ န်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကြီးပွားချမ်းသာလာသောအခါ ငွေက အရာရာ အနိုင်ယူ လွှမ်းမိုးထားတတ်ကြောင်းကို သဘောပေါက်နားလည် ရမြန်သည်။

သို့သော် မြနှင်းအေး၏အချစ်ကိုမရမချင်း ကျွန်ုပ်၏အ ကြီးတစ်ခုလုံး ပြည့်စုံနိုင်လိမ့်မည်မဟုတ်ဟု အကြွင်းမဲ့ ယုံကြည်ထ မိသည်။

သံရည်ကျိုစက် လုပ်ကိုင်ရသောအလုပ်မှာလည်း စီးပွ ရေးအရမဟုတ်တော့ဘဲ ဟန်ပြသဘောသက်ရောက်နေသည်။

အလုပ်သမားများပင် စိတ်ညစ်လာတော့လေသည်။

ရှိန်းမောင်တစ်ယောက်လည်း သူ၏ဖခင်အား မည်သ နားလည်ရမှန်းမသိအောင် ဖြစ်လာမိလေတော့သည်။

သူနှင့် ချစ်သူဖြစ်သောကေသီအား မည်သည့်အတွက် ကြောင့် သဘောမတူရသနည်း။

ထိုကိစ္စကို ကေသီအား ဖွင့်၍ တိုင်ပင်ကြည့်သော်လည် အဖြေရှာမရနိုင်လောက်အောင် ဖြစ်ရလေတော့သည်။

နေ့စဉ်သတင်းစာထဲ၌ ပင့်ကူနက်ဂိုဏ်း၏ ဆိုးသွ သောင်းကျန်းသောသတင်းများကြောင့် ပြည်သူများက ရင်ဘတ်ထိ ထိတ်ဖြစ်နေရသည်။

ပင့်ကူနက်ဂိုဏ်းသားများကို ဖမ်းမိသော်လည်း ခေါင် ဆောင်မှာ မည်သူဖြစ်ကြောင်းကို ပုလိပ်အဖွဲ့မှ ခြေရာခံ၍ လုံး မရနိုင်သေး။



ရှိန်းမောင်အနေနှင့် ပင့်ကူနက်ဂိုဏ်း၏ ရည်ရွယ်ချက် အား အလေးအနက်ထား၍ စဉ်းစားမနေသော်လည်း ဒုစရိုက် ဂိုဏ်းအနေနှင့် အထူးဂရုပြုတတ်စမြဲ။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၉ )

## စုံထောက်မင်းကြီးနှင့် နေမြင့်

စုံထောက်မင်းကြီးက ဗီရိုထဲမှ လူဆိုးဂိုဏ်းအဖွဲ့မှ ဓာတ်ပုံ
တွေကို စိုက်ကြည့်နေသည်။ သူ၏ရှေ့၌ ထိုင်နေသူတစ်ဦးက အင်စ
ပက်တာနေမြင့်ပင် ဖြစ်လေသည်။

နေမြင့်က သူစုံစမ်းရသမျှသတင်းကို စုံထောက်မင်းကြီး
ဘီးဝပ်အား ပြောပြပြီး ပေါ်ထွက်လာမည့် အမိန့်တစ်စုံတစ်ရာကို
စောင့်ဆိုင်းနေခြင်းဖြစ်သည်။

'ဓာတ်ပုံပေါင်းတစ်ရာကျော်ကျော် စစ်ဆေးလာခဲ့ပြီးပြီ၊
လူသတ်သမားရဲ့ ဓာတ်ပုံနဲ့တူတာ မတွေ့သေးဘူးဆိုတော့ လူသတ်
သမားဟာ မျက်နှာဖုံးစွပ်ထားတာဖြစ်လိမ့်မယ် မောင်မင်း'

'မဖြစ်နိုင်ပါဘူး မင်းကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို'

စုံထောက်မင်းကြီးက အင်စပက်တာနေမြင့်စကားကြောင့် အံ့အားသင့်သွားခဲ့သည်။

'မျက်နှာဖုံးတပ်ထားတဲ့လူဆိုရင် စုံထောက်အဖွဲ့က စေလွှတ်လိုက်တဲ့ နီဂရိုအသိဆုံးနေမှာပေါ့၊ အခု သူပြောပုံအရဆိုရင် လူသတ်သမားဟာ သူမမှတ်မိနိုင်တဲ့မျက်နှာနဲ့ တွေ့လိုက်ရတယ်ဆိုတဲ့အချက်ရယ်. . .

သူ့ကို ရင်းနှီးအောင်ချဉ်းကပ်စဉ်ကထက် တစ်နေ့တစ်နေ့ပိုချောလာတယ်လို့ထင်ရကြောင်း ပြောပြပုံထောက်ရင်. . .

အဲဒီလူက မျက်နှာကို အသွင်ပြောင်းသွားစေတဲ့ ဆေးတစ်မျိုးကို သောက်သုံးနေတာရောမဖြစ်နိုင်ဘူးလား မင်းကြီး'

'ဟေ'

အင်စပက်တာနေမြင့်စကားကြောင့် စုံထောက်မင်းကြီးစတီးဝပ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့လေသည်။ သူ့အားငေး စိုက်ကြည့်နေရင်း . . .

'မောင်မင်းတို့ မြန်မာမှာ ဒီလိုဆေးမျိုးရှိတယ်လို့ ကြားဖူးသလား'

ဟုတ်ကဲ့. . ရှိနိုင်ပါတယ် မင်းကြီး၊ မြန်မာလူမျိုးတွေဟာလည်း တခြားလူမျိုးတွေလို စူးစမ်းရှာဖွေတတ်တဲ့စိတ် တီထွင်ကြံဆတတ်တဲ့ အတွေးတွေ ရှိကြတာပါပဲ. . .

'သိပ္ပံပညာတွေခေတ်စားနေတဲ့အချိန်မှာ ဝိဇ္ဇာဇော်ဂျီတွေ



အတတ်ပညာတွေကို ကျွန်တော်တို့ မြန်မာတွေဟာ မနောစာတ်သင်ယူရတာပါ၊ စိတ်နဲ့လေ့ကျင့်ရတာပါ၊ စိတ်ကိုအတည်ငြိမ်ဆုံးအောင် ထိန်းချုပ်ရင်း ဂန္ဓာရီပညာရပ်တွေကို တတ်မြောက်ထားမှုမြန်မာကြီးတွေလည်း ယခုအချိန်အထိ အသက်ထင်ရှားရှိနေတာပါပဲ. . .

ဒါကြောင့် ရုပ်ပြောင်းရုပ်လွဲဆေးကို မြန်မာတွေ တီထွင်ထားခဲ့မှာ သေချာပါတယ် မင်းကြီး'

အင်စပက်တာနေမြင့်က မြန်မာလူငယ်တစ်ဦးပီပီ ဒိုးဒိုးပေါက်ဒေါက်နှင့် တစ်စက်ကလေးမှ အညှိမခံအလျှော့မပေးဘဲ ပြောလိုက်သည့်အတွက် စုံထောက်မင်းကြီးပင် ငြိမ်ကျသွားလေတော့သည်။

ဆေးတံကိုဖွာရှိုက်လိုက်ရင်း လေးနက်စွာစဉ်းစားလျက်. .

'မောင်မင်းပြောတာတွေကို နားရှိလို့ကြားလိုက်ရပေမယ့် ယုံတော့မယ်ဘူး၊ မောင်ရင်ပြောတဲ့လူဟာ ဒဏ္ဍာရီထဲမှာတွေ့တဲ့ လူမအမျိုးအနွယ်ဖြစ်ရမယ်. . .

ဒီတော့ ဘယ်လိုလူပဲဖြစ်ဖြစ် ကျုပ်တို့ကို ဒုက္ခပေးတဲ့လူကို မြန်ဆုံးဖမ်းပေးပါ၊ ဒါပဲ'

'ဟုတ်ကဲ့ ကျွန်တော် အတတ်နိုင်ဆုံးကြိုးစားဖော်ထုတ်ပေးပါ့မယ်'

အင်စပက်တာနေမြင့်က စုံထောက်မင်းကြီးကို နှုတ်ဆက်ထွက်ခွာလာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူထွက်ခွာလာခဲ့စဉ် ခေါင်းထဲ၌ မင်းကြီးအား ပြောဆို‌ေ
သည့် အကြောင်းကိစ္စများကိုသာ မပြတ်တွေးတောလာမိ၏။

သူ့စိတ်ထဲထင်ထားသည့်အတိုင်း ပြောဆိုလိုက်ရသေ
လည်း စုံထောက်မင်းကြီးက သူဖြောသမျှနားလည်နိုင်လိမ့်မည်
ဟုတ်။

အင်စပက်တာနေမြင့် အမြဲတမ်း လက်တွေ့ကျကျ လု
ကိုင်တတ်သူတစ်ယောက်ဖြစ်မှန်း စုံထောက်မင်းကြီးကိုယ်တိုင်
နားလည်ထားပြီးဖြစ်သည်။

မည်သို့ဆိုစေ လူသတ်သမားကို အမြဲမပြတ်စုံခမ်းနေရ
တော့မည်။

+ + + + + + + + + +

အင်စပက်တာနေမြင့်တစ်ယောက် မြနှင်းအေးထံသ
ဝတ္တရားမပျက် အမြဲရောက်လာသည်ကို မြင်ရသောအခါ အလွ
ဝမ်းသာမိသည်။

မြနှင်းအေးထံရောက်လာရင်း ပါမေက္ခဦးတိုးစိန်နှင့်မကြ
ခဏ စကားပြောဆိုသောအခါ သူ့အတွက်ဗဟုသုတများစွာ ရ
လေသည်။



ဦးတိုးစိန်က ရာဇဝင်တွင်သာကျွမ်းကျင်လှသည် မဟုတ်
ဆေးကျမ်းများအကြောင်းကိုလည်း ကောင်းစွာတတ်မြောက်ထားသူ
တစ်ယောက်ဖြစ်၍ ဝဏ္ဏသိဒ္ဓိဆေးနှင့်ပတ်သက်၍ မယုံကြည်နိုင်
လောက်အောင် သိနားလည်ခဲ့ရသည်။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆၀ )

'အဲဒီဆေးကို လွှန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က ဆေးတော်ကြီး ဇီဝက,က အရင်ရှာဖွေတွေ့ဖူးတယ်ဗျ၊ ဆေးဂမုန်း တစ်မျိုးကနေ စူးရှတဲ့အနံ့ကြောင့် အဲဒီအရွက်ကို စားမိတဲ့အတွက် ခြင်အိုကြီးတွေဟာ ချက်ချင်းပဲ နုပျိုတဲ့အသွင် ပြောင်းသွားဖူး တယ်လို့ သိရတယ်လေ. . .

ဒါပေမယ့် ဇရာဆိုတဲ့ အိုမင်းရင့်ရော်ခြင်း ကို ဘယ်သူက မှ မလွှန်ဆန်နိုင်ပါဘူးဗျာ၊ မကြာခင်မှာပဲ ဆေးဂမုန်းပင်ကြီးလည်း ပျောက်ကွယ်ပြီး စားမိတဲ့ လူတွေမှာတော့ ရောဂါဝေဒနာတစ်မျိုးကို ခံစားရတယ်လေ'

'ဘယ်လိုရောဂါဝေဒနာမျိုးလဲ ပြောစမ်းပါဦး'

'ပိုပြီး အိုမင်းရင့်ရော်လာရခြင်းဝေဒနာပေါ့ဗျာ၊ စိတ်ပျို ကိုယ်နု ဆိုတဲ့စကားအတိုင်း နုပျိုလာတဲ့လူဟာ နည်းနည်းလေး

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကျလာတဲ့ရုပ်သွင်ကိုကြည့်ရင်း ပိုပြီး နုပျိုချင်လာတတ်တာ ကိုး၊ ဒီတော့ နုပျိုခြင်းကိုဖော်စပ်ထားတဲ့ဆေးနဲ့ ဟန်ဆောင် ပြောင် ပစ်ရပေမယ့် တစ်ရက်နဲ့တစ်ရက် သူ့အသက်ကြီးလာတတ်တာက သတိမပြုမိဖူးလေ၊ ဒီတော့ ရောဂါဝေဒနာတစ်ခုတိုးလာတာပေါ့ဗျာ

ဦးတိုးစိန်က မောသွားလေဟန်ရှိသောကြောင့် ဆေးတ အား မီးညှိဖွာရှိုက်နေမိသည်။ အင်စပက်တာနေမြင့်အနေနှင့် ဆေး ဂမုန်းအကြောင်းကို သိရသဖြင့် အံ့သြရလေသည်။

ဦးတိုးစိန်အား လှမ်းကြည့်လိုက်ရင်း . . .

'ကျွန်တော်ငယ်ငယ်ကတော့ အဘွားလေး မကြာခဏ ပြောဖူးသလို အသက်ငယ်ချင်ရင် နတ်ရေကန်ထဲ ဝုန်းခနဲသာ ခု ဆင်းလိုက်ဆိုသလို ဖြစ်နေပြီဗျို့'

'ဟာ . . သိပ်မှန်တာပေါ့၊ အဆင်းမတော်လို့ နတ်ရေကန် ထဲက တက်မရဘဲ ငါလက်မအရွယ်လေးဖြစ်နေရင် ဘယ်လိုလုပ် လဲ'

'ဟား . . ဟား . . . ဟား . . . ဟား'

နှစ်ဦးသား ပွဲကျနေသည့်အတွက် မြနှင်းအေးက မြန် အချိန်တန်ပြီဟု ကိုယ်ယောင်ပြလိုက်သောသဘောနှင့် အပေါက် သို့ ရပ်ပြလိုက်ရင်း. . .

'ကျွန်မ ခုံးဆင်းလို့ရပြီလား ဆရာ'

'အေး . . . အေး ရပါပြီကွယ်'

အင်စပက်တာနေမြင့်လည်း နှုတ်ဆက်၍ အခန်းထဲ



ထွက်ခဲ့လေတော့သည်။ မြနှင်းအေးက တစ်လမ်းလုံး အိမ်ပြန် ရောက်ကျ၍ တဖျစ်တောက်တောက် ပြောဆိုနေပြန်သည်။

အင်စပက်တာနေမြင့်တစ်ယောက် တာဝန်နှင့်ဝတ္တရား အပေါ် ကျေပွန်သလောက် ချစ်သူမြနှင်းအေးအပြစ်မှ ကင်းလွတ် အောင် မနေနိုင်သူ ဖြစ်နေလေတော့သည်။

မြနှင်းအေးကို မကြာမီလက်ထပ်ချင်သည့်အကြောင်း၊ ရင့်ကူနက်ဂိုဏ်းကိုသာ ဖမ်းဆီးမိလျှင် စုံထောက်မင်းကြီးက သူ့ကို ရာထူးထပ်တိုးပေးဦးမယ့်အကြောင်းကို ဝမ်းသာအားရပြောပြလေ သည်။ မြနှင်းအေးတစ်ယောက် စိတ်ပြေသွားသလိုလို ရှိလာလေ သည်။

'ဆရာနဲ့ ပြန်ဖို့တောင် သတိမရလောက်အောင် ဘာတွေ များ ဒီလောက်တောင် အရေးတကြီးပြောဆိုနေရတာလဲ ပြောပါဦး'

'ဪ . . . ဒါလား၊ ဆရာဦးတိုးစိန်က စာပေဗဟုသုတ ကြွယ်ဝတဲ့ လူတစ်ယောက်ဆိုတော့ အစ်ကို သိချင်တာလေးမေးနေ တာ အေးရဲ့ . . ဒီလိုလေ ဟိုရှေးတုန်းကရှိခဲ့ဖူးတဲ့ ဝဏ္ဏသိဒ္ဓိဆေး အကြောင်းပေါ့၊ အဲဒီဆေးသာ ဒီခေတ်မှာတကယ်ရှိရင် အသက် အရွယ်ကြီးရင့်သူတွေ ဘယ်လောက်ဝမ်းသာလိုက်လေမလဲဆိုတာ ပြောကြားမိလို့လေ'

သူ့စကားကြောင့် မြနှင်းအေးက ပြုံးလိုက်၏။

'အေးက ဘာပြုံးတာလဲ'

'အစ်ကိုက ပေါက်ပေါက်ရှာရှာတွေးတတ်တာကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျလို့ပါ'

'ဟာ . . . အေး မှားနေပြီထင်တယ်၊ အခုပဲ ဝဏ္ဏသိဒ္ဓိဆေး
ဟာ သမားတော်ကြီး ဇီဝကလက်ထက်ကတည်းက ရှိတယ်ဆိုတာ
ဆရာ ဦးတိုးစိန်ကိုယ်တိုင်ပြောပြလိုက်ပြီလေ'

အေးက ဘာမှဆက်မပြောချင်လေဟန် ဆက်လျှောက်
လာခဲ့ရင်း . . .

'အင်းလေ . . . အဲဒီအချိန်တုန်းကတော့ ဝဏ္ဏသိဒ္ဓိဆေး
တကယ်ရှိချင်လည်း 'ရှိမှာပေါ့၊ အခုတော့ မရှိနိုင်ပါဘူး'

အေး ပြောသည့်စကားကို နေမြင့်ထပ်မငြင်းလိုလေဟန်
စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်၏။

'ဆရာဦးတိုးစိန်ကို ဝဏ္ဏသိဒ္ဓိဆေးနဲ့ပတ်သက်လို့ သိချင်
တာကို မေးမြန်းတဲ့လူက အစ်ကိုပါနဲ့ဆို နှစ်ယောက်တောင် ရှိသွားပြီ
လေ'

'ဟင် . . . ဟုတ်လား၊ တစ်ယောက်က ဘယ်သူလဲ'

'ဦးတိုးစိန်ဆီ မကြာခဏလာနေတဲ့ သံရည်ကျိုစက်
ပိုင်ရှင် ဦးအောင်ကြွယ်ပေါ့'

'ဪ'

အင်စပက်တာနေမြင့်က မြနှင်းအေးပြောပြသည့်စကား
ကို ဖော့ပေါ့ဆဆပင် သဘောထားလိုက်၏။

❋ ❋ ❋ ❋ ❋



အခန်း ( ၆၁ )

ဟတ်ဖဲချပ်ကလေး ရောက်လာပြန်

တစ်နေ့သ၌ ကျွန်ုပ် အလုပ်ရုံပိတ်ချိန်နေ့ရက်ဖြစ်သော
ကြောင့် ခြံထဲ၌လမ်းလျှောက်နေရင်း မြနှင်းအေးအကြောင်းကို
တွေးစားနေမိသည်။

မြနှင်းအေး၏အချစ်ကို သည်တစ်သက် ရဖို့လွယ်မည်
မဟုတ်။

ထို့ကြောင့် ဘခြားနည်းလမ်းတစ်ခုကို ရွေးချယ်၍ သူမ၏
အချစ်ကို ရယူသိမ်းပိုက်နိုင်ရန် ကြိုးစားရပေဦးမည်။

ကျွန်ုပ်တို့ ခြံကိုဝယ်ယူစဉ်က အနီးအနားတစ်ဝိုက်၌ တစ်

www.burmeseclassic.com



ခြားခြံတစ်ခြံသာရှိသည်။

ယခုတော့ ခြံလေးငါးခြံ ရှိနေပြီဖြစ်၍ အတော်လေးစည်ကားလျက်ရှိသည်။

အထူးသဖြင့် နံနက်ခင်းအချိန်ရောက်တိုင်း လေးထောင့်ကန်၊ ဒါးပိန်စသော နေရာအသီးသီးမှ ဈေးသည်များနှင့် ဆူညံလျက်ရှိသည်။

ထိုဈေးသည်များက လူစုမိသည်နှင့် ဈေးကိုဝေးဝေးလံလံမသွားဘဲ လမ်းပေါ်၌ ခင်း၍ရောင်းချတတ်သည်။

ဂေါ်ရာပုလိပ်များတွေ့လျှင် ရုတ်ရုတ်သဲသဲဖြစ်ကာ ပြေးလွှားတတ်ကြသေးသည်။

ယခင်က သူခိုး ဓားပြများ၏ရန်ကို ကြောက်ရွံ့နေရသောကျွန်ုပ်တို့ အရပ်ကလေးက ယခု ထိုသို့ စည်ကားနေတတ်ပေသည်။

ခြံကလေးထဲ၌ မာလီကြီး၏ ပြုစုပျိုးထောင်မှုကြောင့်ရောင်စုံပန်းခင်းကြီးလို လှပနေသော ဗိုလ်ဦးထုပ်ပန်းများက ဝေဝေဆာဆာနှင့် ပွင့်နေကြသည်။

ဗိုလ်ဦးထုပ်ပန်းမျိုးက ထိုအချိန်၌ ကျွန်ုပ်ခြံ၌သာရှိသောအလွန်ရှားပါးသော ပန်းသာဖြစ်သည်။

ဂန္ဓမာပန်းများကဲ့သို့ အဆုပ်လိုက်ပွင့်တတ်ပြီး ပန်းပွင့်ဖတ်က ဗိုလ်များဆောင်းထားလေ့ရှိသော ဦးထုပ်ကလေးတင်ထားသကဲ့သို့ ရှိနေတတ်သဖြင့် ထိုနာမည်ကို အလွယ်ခေါ်ရခြင်းပင်ဖြစ်သည်။



ထိုပန်းမျိုးစေ့ကို အင်္ဂလိပ်အရေးပိုင်တစ်ဦးထံမှ လက်ဆောင်ရရှိခဲ့ခြင်းဖြစ်၍ ကျွန်ုပ်ခြံကား တခြားခြံထက်ပင် ထူးခြားစွာသနေခြင်းဖြစ်သည်။

မနက်စောစောနိုးနေ၍ မဖတ်ရသေးသော မြန်မာ့ခေတ်သတင်းစာကို မျှော်နေမိသည်။

ကျွန်ုပ်ကိုယ်တိုင် သတင်းစာဖတ်ခြင်းဝါသနာကို အထူးနှစ်ခြိုက်လှသူဖြစ်၏။ ကျွန်ုပ်စိတ်ဝင်စားဆုံးက နိုင်ငံရေးသတင်းပင်သည်။

ဖဆပလအဖွဲ့ချုပ်၏ လှုပ်ရှားမှုသတင်းကို တစ်နေ့မဖတ်လျှင် စိတ်ထဲမှာ မအီမသာဖြစ်နေမိသည်။

ထိုခေတ်က သံတော် ဆင့်သတင်းစာမှာ အရေးအသားထက်မြက်ဆုံး ဖြစ်လေသည်။

သတင်းတစ်ပုဒ်ကို စိတ်ဝင်စားမှုရှိလာအောင် ထိထိမိမိပြနိုင်ခြင်းကိုက အထူးလေးစားဖွယ် ကောင်းလှပေ၏။ မြို့မတင်ရေးသော သတင်းများကိုဖတ်ရသည်မှာ ဝတ္ထုတစ်ပုဒ် ဖတ်ရသကဲ့သို့ ဆွဲဆောင်မှုရှိလှ၏။

သတင်းရေးရာ၌ ပွင့်လင်းစွာရေးသားဖော်ပြနိုင်ခွင့် ရှိသောကြောင့် တချို့သတင်းခေါင်းကြီးပိုင်းများ ဖတ်လိုက်သည့်အခါင်ပြောင်သရော်ထားလေဟန် ဝါကျများက စိတ်ထဲ ကြည်နူးသည်။

တစ်ခါတစ်ရံ ဖြစ်ရပ်မှန်သတင်းတစ်ပုဒ်ကို ကောလဟာ

www.burmeseclassic.com

www.burmeseclassic.com



လတစ်ခုလို တိတိကျကျ ရေးမြနိုင်ခြင်းမရှိဘဲ အဖျားရှူးသွားတတ်သော သတင်းစာသမားကိုတွေ့လျှင် ဒေါသဖြစ်လို့မဆုံးနိုင်ခဲ့။

မည်သို့ဆိုစေ ကျွန်ုပ်ကား သတင်းစာမဖတ်ပဲမနေနိုင်

ခြံဝ သတင်းစာပုံးထဲ၌ ကျွန်ုပ်မှာယူထားသော သတင်းစာများကို ထုတ်ယူနေစဉ် အပြင်မှပြန်လာသော ဒရိုင်ဘာ ကိုပေါက်ဖော်အား တွေ့လိုက်ရသည်။

'ဆရာ ပဲနွေ့ အစောကြီးနိုးနေပါလား'

'အေး'

ဒရိုင်ဘာကိုပေါက်ဖော်အား ခပ်ပြတ်ပြတ်ပင် အသိအမှတ်ပြုပြောဆိုလိုက်ရင်း သတင်းစာနှစ်စောင်အား ဆုပ်ကိုင်၍ လျှောက်လာခဲ့သည်။

'ဆရာ့အတွက် အီမန်ဆိုင်က မလိုင်ဝယ်ခဲ့တယ်'

'ကောင်းတာပေါ့ကွာ . . . ငါလဲ အိပ်ရာထ အမြဲနောက်ကျနေတာနဲ့ နံပြားမလိုင် မစားရတာ အတော်ကြာပြီ'

'ဒီနေ့ သတင်းစာတွေ အရမ်းကောင်းတယ်ဆရာ၊ သတင်းထူးနှစ်ပုဒ်ပါလို့တဲ့'

'ဘာ . . . ဘာသတင်းများပါလိမ့်'

'အင်းလျားလမ်းမှာ မိန်းမချောလေးတစ်ဦးကို မကြာသေးခင်က သတ်ဖြတ်သွားတာကို ဖော်ထုတ်နိုင်ပြီတဲ့'

ကျွန်ုပ် ရင်တွေ တုန်လာမိသည်။

ကျွန်ုပ်ကိုယ်တိုင် မချိုဆိုသော ပြည့်တန်ဆာမလေးတ



အင်းလျားလမ်း၌ ရုပ်ပြောင်း ဆေးသောက်၍ သတ်ဖြတ်ခဲ့ခြင်းဖြစ်သောကြောင့် ပေါက်ဖော်၏စကားကို နားထောင်ရသည်မှာ လိပ်ပြာမလုံလှပေ။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆၂ )

'နောက်သတင်းတစ်ပုဒ်က ပျောက်ဆုံးနေသော ပင့်ကူကက် ဂိုဏ်းချုပ်ကြီးတဲ့၊ အဲဒါလဲ စိတ်ဝင်စားစရာပဲနော်'

'အင်း . . . ဟုတ်တာပေါ့ကွာ'

ကျွန်ုပ်က စိတ်မဝင်စားသော်လည်း အလိုက်သင့်ပြောဆိုနေလိုက်၏။ ကျွန်ုပ်စိတ်ထဲ၌ သတင်းစာနှစ်စောင်ကို ထုတ်၍ ဖတ်ကြည့်ချင်မိသည်။

သို့သော် ထိုသတင်းနှစ်ပုဒ်အား ဖတ်ရှုနေစဉ် ပြောင်းလဲသွားမည့်အမူအရာအား ဒရိုင်ဘာပေါက်ဖော် အကဲခတ် ကြည့်ရှုနေမလည်း စိုးရိမ်သေးသည်။ ထို့ကြောင့် . . .

'ကဲ . . . မင်းလုပ်စရာရှိတာ သွားလုပ်လေ၊ နံပြားနဲ့မလိုင်ကိုတော့ လက်ဖက်ရည်ဗိုင်းမှာ ပြင်ထားလိုက်'

'ဟုတ်ကဲ့ ဆရာ'

ဒရိုင်ဘာ ကိုပေါက်ဖော် ထွက်ခွာသွားမှ သတင်းဖြင်းရှည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ချနိုင်လေတော့သည်။ ခြံဝင်းအတွင်း၌ အိမ်တစ်ခုရှိသည်

မနက်စောစောနိုးတိုင်း ထိုဒန်းပေါ်ထိုင်ရင်း သတင်းစာ ဖတ်လေ့ရှိသော စည်းစိမ်မျိုးကို ကျွန်ုပ်လွန်စွာ နှစ်ခြိုက်တတ်ခဲ့သည်။

ထိုနေရာလေးကို သတင်းစာကိုင်၍လျှောက်လာခဲ့သည် ကျွန်ုပ်အတွက် အနှောင့်အယှက်မရှိနိုင်တော့သဖြင့် သတင်းစာထဲ သတင်းနှစ်ပုဒ်ကို စိတ်ဝင်စားစွာ ဖတ်ရှုရပေတော့မည်။

'ကလောင်. . . ကလောင်'

ခြံဝမှခေါင်းလောင်းတီးခတ်သံ ပေါ်လာပြန်သည်။

ခြံရှေ့၌ ဥပဓိရုပ်မန့်ညားလှသည့် အမျိုးသမီးတစ်ဦး တွေ့ရသည်။ မြန်မာနှင်းအေးထက် အသက်တစ်နှစ်ခန့် ကြီးပေလိမ့်မည်

ရုပ်ရည်နှင့် ဝတ်စားဆင်ယင်ပုံက မြင်ရုံနှင့်ပင် သန့်သန့် မြန့်မြန့်ရှိကြောင်း သိသာပေါ်လွင်လှသည်။

အနီးအနား၌ ခြံတံခါးကိုဖွင့်ခိုင်းမည့်သူက မရှိသေး ကြောင့် ကျွန်ုပ်ကိုယ်တိုင် ခြံဝသို့ လျှောက်လာခဲ့ရလေသည်။

အမျိုးသမီးငယ်၏မျက်လုံးက ချယ်ရီသားတုတ်ကော နှင့် လျှောက်လာသည့်ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံးလေ့လာကြည့် နေဟန်ရှိသည်။

× × × × × × × × × × × × × × × ×



ကျွန်ုပ်ကိုယ်တိုင် နံနက်စောစောနိုးနေသဖြင့် အိမ်ရာထဲမှ ဘွန့်ကြွေနေသော အင်္ကျီအဝတ်အစားကိုမလဲဘဲ ကမန်းကတန်းထ သာခြင်းကြောင့် သူဌေးတစ်ယောက်နှင့် မတူနိုင်ပေ။

'ဘယ်သူနဲ့တွေ့ချင်လို့လဲ မိန်းကလေး'

'ကျွန်မ ဟောဒီခြံကသူဌေးဦးအောင်ကြွယ်နဲ့ တွေ့ချင်လို့ပါ'

'ဦးအောင်ကြွယ်ဆိုတာ ကျုပ်ပါပဲ'

'ရှင်'

မိန်းကလေးက ကျွန်ုပ်ကို အားတုံ့အားနာနှင့်ကြည့်ရင်း အံ့အားသင့်သွားလေဟန် ရှိသွားခဲ့လေသည်။

'ဘာကိစ္စလဲ'

ကျွန်ုပ်က လာရင်းကိစ္စကို ခြံတံခါးမဖွင့်မီ အပြင်သားဆုံး

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းလိုက်၏။

အမျိုးသမီးကလေးက ကျွန်ုပ်၏အမေးကို ချက်ချင်းမ...
သေးဘဲ ဘေးဘီဘယ်ညာကြည့်လျက် စဉ်းစားနေသည်။

သူ့အမူအရာက တစ်စုံတစ်ရာကို နောက်ကြော...
မဲအေးသလိုလို ရှိနေသောကြောင့် စိတ်ထဲ မသက်သာဖြစ်သွား...
သည်။

ကျွန်ုပ်ကား မိန်းကလေးများနှင့် ဆက်ဆံတတ်ခြင်းမ...
ထို့ကြောင့် ထိုအမျိုးသမီးငယ်ကလေးမှာ ကျွန်ုပ် ဖိတ်ကြားထား...
ရောက်ရှိလာသော ဧည့်သည်မဟုတ်မှန်း စိတ်ထဲအလိုလိုသိရှိခဲ့...
ဖြစ်သည်။

'ကျွန်မ ဦးသက္ကရဲ့သမီးပါ၊ ကျွန်မနာမည်က ရင်ရင်၊ အ...
မဆုံးခင်မှာ ဦးအောင်ကြွယ်ထံ အရောက်သွားဖို့မှာခဲ့တယ်'

'ဦးသက္ကသမီး ရှင်ရင် . . . ဟုတ်လား'

ကျွန်ုပ်၏အမေးကို သူမကခေါင်းညိတ်ပြလိုက်၏။

ကျွန်ုပ် ကပျာကယာ ခြံတံခါးကို ဖွင့်ပေးလိုက်မိသည်။

'တဲ . . . အထဲကိုလိုက်ခဲ့'

ကျွန်ုပ်ကား ဦးသက္ကနှင့်ပတ်သက်၍ လပေါင်းများစွာ ...
လျော့ထားသူတစ်ယောက်သာဖြစ်သည်။ နေ့နက်အတွင်းမှ မ...
သည့် ရတနာပစ္စည်းမှ မရခဲ့သောကြောင့် မေ့ထားခဲ့သည်ဆိုလည်...
မမှားပေ။

ယခုတော့ ဦးသက္ကဆိုသူက ကတိစကားထားခဲ့သည့်အ...



တိုင်း သူ၏သမီးရင်ရင်ကိုလွှတ်၍ ဝေစုပေးဖို့တောင်းဆိုလိုက်ခြင်း
...သာဖြစ်လိမ့်မည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com



## အခန်း (၆၃)

ရင်ရင်ဆိုသော မိန်းကလေးကို ဧည့်ခန်း၌ထိုင်ခိုင်းလိုက်ရင်း ဦးသက္ကပေးထားခဲ့သောဟတ်ဖဲနီ အပြစကလေးကို သိမ်းဆည်းထားသော စာအုပ်စင်များကြားမှ ထုတ်ယူလိုက်မိသည်။

ထိုဟတ်ဖဲနီလေးအကြောင်းကို ဦးသက္ကနှင့် ကျွန်ုပ်သာ သိရှိခဲ့ကြသဖြင့် ထိုမိန်းကလေးမှာ သမီးဖြစ်သူ ရင်ရင်ဟုတ်မဟုတ် ချက်ချင်း သိရှိနိုင်ပေလိမ့်မည်။

ရင်ရင်က ဧည့်ခန်းထဲထိုင်ရင်း ကျွန်ုပ်အလာကိုစောင့်မျှော်ကြည့်ရှုနေသည်။

'ဦးသက္ကသမီး ဟုတ်, မဟုတ် သက်သေပြစရာပါလား'

'ဟုတ်ကဲ့၊ ပါပါတယ်'

ရင်ရင်က လက်ကိုင်ပဝါကလေးနှင့်ထုပ်၍ သိမ်းဆည်းထားသော ဟတ်ဖဲနီအပိုင်းအစလေးကို ကျွန်ုပ်လက်ထဲသို့ ရှိသေစွာ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပေးလိုက်၏။

ကျွန်ုပ် ဖဲချပ်ကလေးနှစ်ခုကို ဆက်ကြည့်လိုက်၏။ အဲ
ခွင်ကျဖြစ်သည်။

ဖဲချပ်ကလေးကိုကြည့်လိုက်၊ ရင်ရင်ကို အကဲခတ်ကြ
လိုက်ရင်း ပြုံးလိုက်မိသည်။

'ဦးသက္ကသမီးဆိုတာတော့ သေချာသွားပါပြီ'

ရင်ရင်က ရတနာများ ဝေစုရတော့မည်ဟု ထင်မြင်ယူ
သွားလေဟန်နှင့် . . . .

'ဟုတ်ကဲ့ . . . ငန်းနက်ကို အဖေပြောတဲ့နေရာမှာ ဦ
အောင်ကြွယ်နဲ့ သားကိုရှိန်းမောင်တို့ လာပြီးဆယ်သွားကြတ
ဆိုတာကို ကျွန်မ သတင်းတိတိကျကျ ရထားပြီးပါပြီ။ ဒါကြော

ရင်ရင် စကားကို ဆက်သင့်မသင့် ချင့်ချိန်ရင်း ကျွန်
အား လှမ်းကြည့်နေမိသည်။

'စကားဆုံးအောင် ဆက်ပါဦးကွယ်'

ကျွန်ုပ်က လာရင်းကိစ္စကို အပြတ်သားဆုံး ဆွေးနွေးနိုင်
တမင်ရည်ရွယ်၍ ရင်ရင်အား မဆုံးသေးသည့်စကားကို ဆက်ပြေ
ရန် နှိုးဆွပေးလိုက်၏။

❊ ❊ ❊ ❊ ❊



## အခန်း (၆၄)

'ဒါကြောင့် ငန်းနက်ထဲကရလာတဲ့ရတနာတွေကို ဖေဖေနဲ့
တိစကားထားခဲ့တဲ့အတိုင်း ဦးအောင်ကြွယ်အနေနဲ့ ကျွန်မကိုဝေစု
းဖို့ လာရောက်တောင်းခံတာပါပဲ'

ရင်ရင် ပြောဆိုသောစကားက ဆုံးပြီဟု စိတ်ထဲသတ်မှတ်
တ်၏။

ကျွန်ုပ်အတွက် သူမကို ရတနာများမတွေ့ခဲ့ကြောင်း အမှန်
တိုင်းပြောဆိုရန် ခက်နေမိသည်။

သို့ပေမယ့် မရှင်းလို့မဖြစ်။

ထို့ကြောင့် . . .

'ဝမ်းနည်းပါတယ် ရင်ရင်၊ မင်းအဖေ ဦးသက္ကနဲ့ ကတိ
းထားခဲ့တာမှန်ပါတယ်၊ မင်းအဖေပေးခဲ့တဲ့မြေပုံကြောင့် ငန်း
ကိုလဲ ကျုပ်ရှာတွေ့ခဲ့ပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငန်းနက်ဆိုတဲ့ ဝေါ်ဟာ ဂီသဘော်ပျက်ထဲက ကျုပ်ထင်ထားသလို ရတနာတွေ လုံးဝ မရခဲ့ပါဘူး၊ ဒါကြောင့် မင်းအပေါ် ဘယ်လိုမှမေစုခွဲမပေးနိုင်ပါဘူး'

'ရှင်. . . ရတနာတွေ မရဘူးဟုတ်လား'

မမျှော်လင့်သော စကားတွေကြောင့် ရင်ရင်ဆိုသောမိန်းကလေးက ကျွန်ုပ်ထံ သံသယမျက်ဝန်းများနှင့် စိုက်ကြည့်နေပြန်သည်။

ကျွန်ုပ်အနေနှင့် ငန်းနက်မှ ရတနာတွေမရခဲ့ကြောင်း အမှန် အတိုင်းပြောပြလိုက်ရ၍ ရင်ထဲပေါ့ပါးသွားသလို ဖြစ်မိသော်လည်း သူမ၏အကြည့်တွေကြောင့် မလုံမလဲဖြစ်နေမိသည်။

'မင်းက ကျုပ်ပြောတာကိုမယုံလို့လား'

'အို. . . ဒီကိစ္စ ဘယ်နည်းနဲ့မှ ဖြစ်နိုင်မယ်မထင်ပါဘူး ဦးအောင်ကြွယ်'

သူမထံမှ ခါးသီးစွာပေါက်ကွဲထွက်လာသော စကားသံကို ခတင်ကြားလိုက်ရသည်။

ကျွန်ုပ် မည်သို့ရှင်းပြရမည်မသိ ဖြစ်နေမိသည်။ သူမက ပင် ဆက်၍. . .

'ကျွန်မဖေက ဒီမြေပုံကိုရဖို့ ပင့်ကူနက်ဂိုဏ်းက အသက်နဲ့ ရင်းပြီး ရယူခဲ့တာပါ'

'ဘယ်လို . . . ပင့်ကူနက်ဂိုဏ်း ဟုတ်လား'

ကျွန်ုပ် တုန်လှုပ်ချောက်ချားသွားခဲ့လေသည်။



ပင့်ကူနက် ဂိုဏ်းသဘင်းက အခုတလော အတော်ကို ချောက်ချားစဖွယ် ဖြစ်လောက်အောင် ကြားနေရသဖြင့် ကျွန်ုပ် ဘက်သို့ ဦးလှည့်လာလေမလားဟု စိုးရိမ်ပူပန်သွားမိသည်။

'ဟုတ်ပါတယ်၊ ကျွန်မအဖေက အရင်ပင့်ကူနက်ဂိုဏ်းသား တစ်ဦးပါပဲ. . .

ပင့်ကူနက်ဂိုဏ်းဟာ ငန်းနက်သဘောကို ခြေရာခံလိုက်နေတာကြာပြီလေ၊ နောက်ဆုံး မြိတ်ကျွန်းစုမှာ ငန်းနက် နစ်မြုပ်သွားတဲ့ နေရာအတိအကျကို ခြေရာခံမိပြီး မြေပုံတစ်ခုရေးဆွဲခဲ့တယ်. . .

အဲဒီမြေပုံအတွက် အဖေဟာ လောဘတက်ပြီး ပင့်ကူနက်ဂိုဏ်းကနေတစ်ဆင့် ခိုးယူထွက်ပြေးလာခဲ့တယ်. . .

ငန်းနက်ထဲမှာ ရတနာတွေရှိမှန်း သိပေမယ့် ငွေကုန်ကြေးကျခံပြီး မဆယ်နိုင်တာကြောင့် ပင့်ကူနက်ဂိုဏ်းက အဖေ့ကို ခြေရာခံမမိခင် မြေပုံစာရွက်ကို သဘော်ပျက်တွေ ဆယ်တတ်တဲ့ ကိုလမ်းက ရှာဖီရာမန်ဆိုတဲ့ ကုလားသူဌေးကို ရောင်းချပစ်ဖို့ ကြံခဲ့တာပါပဲ'

ကျွန်ုပ် အံ့အားသင့်နေမိသည်။

ငန်းနက်ရတနာပုံစာရွက်နောက်၌ မထင်မှတ်သော အချုပ်တော်ပုံက ပါလာခဲ့ပြီလေ။

ကျွန်ုပ်ကိုယ်တိုင် ရတနာများကိုရရှိခဲ့ပြီး လက်ဝါးကြီးအုပ်ထားသူတစ်ဦးအနေနှင့် အထင်အမြင်သေး ခံနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆက်စမ်းပါဦး'

'အဖေဟာ ဒီမြေပုံစာရွက်နဲ့ ပတ်သက်လို့ ဒုက္ခခံနေရသ

ပါပဲ၊ ကုလားသူဌေး ရှာဗီရာမန်ကလည်း ရတနာတွေကိုအပိုင်စီးလို

တဲ့ လောဘတွေတက်လာတယ်. . . .

ဒါကြောင့် အဖေ့ကို အရက်ထဲ အဆိပ်ခတ်ပြီး မြေပုံကို

ယူဖို့ ကြိုးစားပြန်တယ်. . .

ဒါပေမယ့် အဖေက အဆိပ်သင့်ခံရမှန်းသိလို့ မသေခင်

အချိန်မှာ ဒီမြေပုံကို သင်္ဘောပျက်တွေဆယ်ယူနေတဲ့ မြန်မာသူဌေး

ဦးအောင်ကြွယ်ကိုပေးပြီး ဝေစုတောင်းယူဖို့ ဆုံးဖြတ်ထွက်လာခဲ့တာ

ပါပဲ. . . .

ဒါကြောင့် ကျွန်မအဖေ အသက်နဲ့ရင်းပြီးရယူခဲ့တဲ့မြေပ

ကြောင့် ငန်းနက်သင်္ဘောပျက်ထဲကရတနာတွေကို သမီးဖြစ်တဲ့

ကျွန်မဟာ ရသင့်တယ်လို့ ယူဆပြီး အခုလိုဝေစုတောင်းခံရတာ

ပါပဲ'

ကျွန်ုပ် ဟင်းခနဲ သက်ပြင်းချလိုက်မိလေတော့သည်။

ကျွန်ုပ်အား ရင်ရင်က လိမ်ညာလှည့်စားနေသူတစ်

ယောက်အဖြစ် နားမလည်နိုင်သောမျက်လုံးများနှင့် စိုက်ကြည့်နေ

ပြန်သည်။

ကျွန်ုပ်က သူပြောသမျှအကြောင်းစုံကို ပြည့်စုံစွာ သိ

နားလည်ခွင့်ရခဲ့သော်လည်း သူမအားမည်သို့မျှ မကူညီနိုင်ခဲ့။

အဘယ်ကြောင့်ဆိုသော် စရိတ်က ကြီးမားစွာအရှုံးထွက်



သည့်အတွက် ဖွတ်မရမ်းမဆုံးဆိုသကဲ့သို့ စီးပွားရေးလုပ်ငန်းအ

ပါ ဖြတ်လမ်းနည်းဖြင့် တိုးတက်လာသော ကျွန်ုပ်အား ငန်းနက်

နှင့် ပတ်သက်၍ လုံး၀ အရှုံးပေါ်စေခဲ့သောကြောင့် ဖြစ်လေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆၅ )

ဦးသက္ကထံမှ မြေပုံကိုရခဲ့ပြီး ငန်းနက်အား သွားရောက်ယူစဉ်က ကုန်ကျစရိတ်မှာ သိန်းကျော်ကုန်ခဲ့ပြီး သံတိုသံစ ည်များရောင်းချငွေမှာ သောင်းဂဏန်းလောက်သာ ပြန်လည် ခဲ့သောကြောင့်ဖြစ်၏။

ကြေးနီသေတ္တာတစ်လုံးနှင့် အစိမ်းရောင်ဝဏ္ဏသိဒ္ဓိ ဆေးတစ်ပုလင်းသာ ကျွန်ုပ်အတွက်အမြတ်ဟုဆိုစရာရှိသည်။

ထို့ကြောင့် . . .

'ကျုပ် ငန်းနက်ထဲက ဦးသက္ကထင်သလို ရတနာတွေမရခဲ့ တော့ အမှန်ပါပဲဗျာ၊ ကျုပ်ပြောတာမယုံရင်လည်း မတတ်နိုင်

'အို . . ကျွန်မတော့ မယုံဘူး'

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက ရှင်းလေရှုပ်လေဖြစ်၍လာခဲ့၏။

'ဒါဆို ကျုပ်ဘက်က မင်းကို ဘယ်လိုမှဝေစုပေးဖို့ မ တော့ပါဘူးနော်'

ရင်ရင်၏မျက်နှာထားက ပိုမိုတင်းမာလာမှန်းသတိထား သည်။

'ဩော်. . . ရှင်က အဖေ့ဆီကမြေပုံကြောင့် ရတနာအ ရခဲ့ပြီးပြီဆိုတော့ ရှင်ပြောသလို ကျွန်မကယုံလိမ့်မယ်ထို့ ထင်နေ လား ဦးအောင်ကြွယ်'

ထပ်မံအထွန့်တက်ပြောဆိုသော ရင်ရင်ဆိုသောမိန်း လေးအပေါ် သတ်ဖြတ်ချင်စရာကောင်းလောက်အောင် မုန်း နာကြည်းမှုများ ပေါ်လာလေတော့သည်။

အကယ်၍သာ ကျွန်ုပ်၏ စိတ်ကို ထိန်းချုပ်မရနိုင်လျှ အဆိုးရွားဆုံးစိတ်က သတ်ဖြတ်မိပေလိမ့်မည်။

ရင်ရင်ကား ကြောက်စရာကောင်းလှသောမိန်းကလေ တစ်ဦးပင် ဖြစ်လေတော့သည်။

'ကောင်းပြီလေ၊ ကျွန်မလိုချင်တဲ့ဝေစုအတွက် တရားမျှ မှု မရှိနိုင်ဘူးဆိုရင်တော့ မြေပုံစာရွက်ကို ဦးအောင်ကြွယ်က ယူနိုင် လိုက်တာလို့ ပင့်ကူနက်ဂိုဏ်းကို အကြောင်းကြားလိုက်ရုံပဲ'

'ဘယ်လို. . . ပင့်ကူနက်ဂိုဏ်းကို အကြောင်းကြားမ ဟုတ်လား'

ရင်ရင်က သူ၏မြိမ်းခြောက်မှုအပေါ် နှစ်သက်လိုလာ



သဘောဟန် ပြုံးလိုက်ရင်း. . .

'ဟုတ်တယ်လေ၊ ဒါမှ ပင့်ကူနက်ဂိုဏ်းက ကျွန်မတို့ သား အဖကို ခြေရာခံ မလိုက်နိုင်မှာပေါ့'

ဦးအောင်ကြွယ်က အနည်းငယ်တုန်လှုပ်သွားပါသည်။ ပင့် ကူနက်ဂိုဏ်းဆိုသည်မှာ အင်မတန် ရက်စက်ကြမ်းကြုတ်သော လူဆိုးဂိုဏ်းသာဖြစ်သည်။

မြေပုံသာ သူ့မှာ ရှိကြောင်း သိနေလျှင် လွယ်မည်မဟုတ်။

ရင်ရင်ကဆက်လက်၍. . . .

'မဂိုလမ်းက ကုလားသူဌေးတုန်းကလဲ ဒီလိုဘဲ၊ မြေပုံအ ကြောင်းအဝယ်လုပ်မှန်း ပင့်ကူနက်ဂိုဏ်းကသိသွားတာနဲ့ ခေါင်းဖြတ် သတ်ပစ်ခဲ့တာ'

ကြက်သီးမွေးညင်းများပင် ထလာခဲ့မိလေတော့သည်။ ရင်ရင် ပြောပြနေသောစကားမှာ အမှန်တရားသာဖြစ်သည်။

ငန်းနက်နှင့်ပတ်သက်၍ မြေပုံတစ်ချပ်အတွက် အပေး အယူလုပ်ထားသည့်ကိစ္စအား သူနှင့်ဦးသက္ကသာသိသည်။

ထို့နောက် သမီးရင်ရင်ပါ သိလာခဲ့ရလေသည်။ ထိုကိစ္စ အား ပင့်ကူနက်ဂိုဏ်းမှ တစ်စုံတစ်ယောက်သာ သိရှိသွားခဲ့လျှင် ဘေးရာယ်က သူ့ထံရောက်လာပေလိမ့်မည်။

'မင်းအတွက် ထိုက်သင့်သလောက်ဝေစုပေးမယ်ဆိုရင် မင်း ကျေနပ်မှာလား'

'ရှင် တကယ်ပြောနေတာလား'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပေါ့၊ တစ်ခုတော့ရှိတယ်၊ မင်းဘက်က ဝေစု
သွားပြီဆိုတာနဲ့ ကတိတော့တည်ရလိမ့်မယ်. . . .

ငါ့ဆီမှာ ငန်းနက်နဲ့ ပတ်သက်တဲ့ မြေပုံတစ်ချပ်ရှိနေတယ်
ဆိုတာ ဘယ်သူ့ကိုမှမပြောရဘူး'

'အိုး. . . စိတ်သာချ၊ ကျွန်မဘက်က ကတိတည်ရစေ့မယ်'

နှစ်ဦးသား အပေးအယူတည့်သွားကြသည်။

ရင်ရင်က သူ့အတွက်ဝေစုရတော့မည်ကိုသိသဖြင့် စိတ်
ကျေနပ်မှု ရရှိသွားသကဲ့သို့ ကျွန်ုပ်အနေနှင့်လည်း ငန်းနက်နှင့်
ပတ်သက်သောမြေပုံကိစ္စ တခြားတစ်ယောက်သို့ မပေါက်ကြားနိုင်
ဟု ယုံကြည်သည့်အတွက် စိတ်ထဲပေါ့ပါးသွားသလို ခံစားမိသည်။

ထို့ကြောင့်. . . .

'မနက်ဖြန် ခြေသေ့မင်းဟိုတယ်၊ အခန်းနံပါတ် (၁၅) က
စောင့်ပါ၊ ကျုပ် ဆက်ဆက်လာခဲ့ပါ့မယ်'

'ဘယ်အချိန်စောင့်ရမှာလဲ၊ ရှင်ကရော ဘယ်အချိန် ထလာ
မှာလဲ'

'၈-နာရီခွဲ ၉-နာရီအကြား'

'ကျွန်မစိတ်ချနေမယ်နော်၊ ချိန်းထားတဲ့အတိုင်းမျက်ကွက်
ရင်တော့ 'ကျွန်မအဆိုး မဆိုနဲ့'

❀ ❀ ❀ ❀ ❀



## အခန်း ( ၆၆ )

### ချိန်းဆိုသောနေ့

ရင်ရင်ပြန်သွားပြီးနောက် ကျွန်ုပ်၏စိတ်များ ဆိုးရွားစွာ
ဘက်ပြန်စပြုလာခဲ့လေပြီ။

အလျင်လို အခန်းအောင်း၍ ဝဏ္ဏာသိဒ္ဓိဆေးကို အာနိသင်
ပြယ်အောင် ကြိုတင်သောက်ရလေတော့သည်။

ဆေးကို အလျင်လို-တစ်ကြိမ်တည်း သောက်လေ့မရှိဘဲ
ပိ ကြိုတင်သောက်တတ်သောအကျင့်ကို လုပ်တတ်နေပြီ။

(၂၄)နာရီလုံးလုံး နှပ်ပျိုခြင်းအစွမ်းထက်မြက်စေသော
ဆေးကို ထိုရက်ထက်ပို၍ သောက်သုံးခဲ့ပါလျှင် အရှိန်က တော်ရုံ
ကျဆင်းမသွားနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အိမ်ထဲ၌ လျှို့ဝှက်အခန်းတစ်ခု ပြုလုပ်ထားခဲ့

လေပြီ။

ထိုအခန်းအတွင်း၌ ဆေးသောက်သုံး မှီဝဲနေစဉ်အခါ

အတွင်း လွတ်လပ်စွာနေနိုင်သည်။

အပြင်သို့ထွက်မည်ဆိုလျှင် ခြံထဲမှမည်သူတစ်ဦးတ

ယောက်မျှ မသိရလေအောင်. . . .

ခြံပြင်သို့ ရောက်နိုင်သည့်လမ်းတစ်ခုကိုပါ အသင့်ဖော

လုပ်ထားခဲ့သည်။

ထို့ကြောင့် ဝဏ္ဏသိဒ္ဓိဆေးအားလည်းကောင်း. . . .

ကျွန်ုပ်ကိုယ်တိုင် ရက်စက်စွာသတ်ဖြတ်ခဲ့သည့် ညီ့ကြ

မိန်းကလေးများနှင့်ပတ်သက်သော အမှုကိစ္စကိုလည်းကောင်း. . .

မည်သူ တစ်ဦးတစ်ယောက်မျှ မရိပ်မိစေဘဲ ရှိရခြင်

ဖြစ်ပေသည်။

ကျွန်ုပ်အား အသက်ငါးဆယ်အရွယ်သူဌေးကြီးဦးအောင်

ကြွယ်ဟု သိရှိနိုင်ခြင်းမှအပ အခြားဘာမှသိရှိနိုင်ခွင့်မရှိ။

ကျွန်ုပ်၏စိတ်ထဲ၌ အတိတ်၏ နာကြည်းခြင်းဒဏ်များက

ဖိစီးထားသောကြောင့် ရင်ရင်နှင့် ပတ်သက်သမျှ မုန်းတီးနာကျင်

များ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။

ရင်ရင်အား ချိန်းဆိုရသည်မှာ ငန်းနက်မှရရှိလာသော

ရတနာတွေအား ပေးဖို့မဟုတ်။

ရတနာတွေမရခဲ့ကြောင်း ရင်ရင် ကိုယ်တိုင်က မယုံကြည်



နိုင်ခဲ့။

ထို့ကြောင့် ရှင်းမရနိုင်သည့်ပြဿနာအတွက် သူမအား

တ်ပိတ်ရုံသာရှိတော့သည်။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆၇ )

'မိန်းမတွေဟာ ငွေမျက်နှာ၊ ဂုဏ်မျက်နှာကိုသာကြည့်ပြီး အရာရာတိုင်းအပေါ် နှလုံးသား သွေးသားပေးပြီး အနိုင်ယူတတ်ကြတယ်. . .

ဒါကြောင့် ပုရိသတွေမျှော်လင့်မထားဘဲ အန္တရာယ်တွေများစွာဟာ မထင်မှတ်တဲ့နေရာက ဝင်ရောက်လာခဲ့ကြတာပဲ၊ ခုလဲ ငါဘာလုပ်ရမလဲ. . .

ငါ့အပေါ် အန္တရာယ်ပေးမယ့် မြွေဟောက်လိုမိန်းမ တစ်ယောက်ကို ဦးအောင် သတ်ဖြတ်လိုက်ရုံပဲပေါ့'

ကျွန်ုပ်ရင်ထဲမှကြိမ်းဝါးသံကို ရင်ရင်တစ်ယောက် ဘယ်နည်းနဲ့မှ ကြားနိုင်လိမ့်မည်မထင်။

ကျွန်ုပ်၏ အမုန်းများစွာက ရင်ထဲ၌ မီးဟုန်းဟုန်းတောက် ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နာကြည်းခြင်း၊ ကလဲ့စားချေခြင်း၊ မုန်းတီးခြင်းတို့ကား ဆင်ခြင်တုံတရားကင်းမဲ့သော ရာဇဝတ်မှုကို ကျူးလွန်ရမှာ ကြောက်သလို ဝဏ္ဏသိဒ္ဓိဆေးအားတိုးဖြင့် ရုပ်ပြောင်းရုပ်လွဲလုပ်နိုင်သောကြောင့် ကျွန်ုပ်အား ပုလိပ်အဖွဲ့မှ လုံးဝခြေရာမခံနိုင်ဟု ယုံကြည်မိနေခြင်းကား မိုက်မဲမှုပင် ဖြစ်လေသည်။

+++++++++

'သတင်းကသေချာရဲ့လား ဝင်းတိန်'

'သေချာပါတယ် ဆရာ၊ ပင့်ကူနက်ဂိုဏ်းသားတစ်ဦးကိုယ်တိုင်က ပြောသွားတာပါ'

'ဒါဆို မနက်ဖြန် ပင့်ကူနက်ဂိုဏ်းကို မျက်ခြည်မပြတ် ခြင်္သေ့မင်းဟိုတယ်ကို မသွားမီကတည်းက စောင့်ကြည့်နေဖို့လိုလိမ့်မယ်၊ ပြီးတော့ သူတို့လှုပ်ရှားမှုကိုစောင့်ဆိုင်းပြီး အခွင့်သာမှ ဝင်ဖမ်းရမယ်'

'ရက်စ် ဆရာ'

ဆာဂျင်ဝင်းတိန် အခန်းထဲမှထွက်သွားသည်ကိုကြည့်ရင်း ပင့်ကူနက်ဂိုဏ်းအကြောင်း ဆက်တွေးနေမိသည်။

သတင်းက တိတိကျကျမဟုတ်သောကြောင့် ပင့်ကူနက်



ဂိုဏ်းက မည်သည့်အကြောင်းနှင့် ခြင်္သေ့မင်းဟိုတယ်အား ရောက်ရှိလာမည်ကို မသိနိုင်သေး။

အင်စပက်တာနေမြင့်အတွက် အထူးကြိုးပမ်းရမည့် ကိစ္စပင် ဖြစ်တော့သည်။

သည်တစ်ကြိမ်သော ပင့်ကူနက်ဂိုဏ်းချုပ်ကြီးကို ဖမ်းမိခဲ့ပြီဆိုလျှင် သူနှင့်မြနှင်းအေးတို့ လက်မထပ်မီ စုံထောက်မင်းကြီးကိုယ်တိုင် ရာထူးတိုးမြှင့်ပေးလိမ့်မည်။

ပင့်ကူနက်ဂိုဏ်းကို လျှော့တွက်ထား၍မရသေး။

နေရာ တိုင်းပိတ်ဆို့ဝိုင်းရံထားသော်လည်း ရန်သူက လွတ်မြောက်အောင် ထွက်ပေါက်ရှာတတ်သေးသည်။

ခြင်္သေ့မင်းစားတော်ဆက်က ကမ်းနားလမ်း၌ရှိ၏။

လူကုံထံအသိုင်းအဝိုင်းက သိထားသော နာမည်ကြီးဟိုတယ်တစ်ခုဖြစ်သော်လည်း အထက်တန်းလွှာများက စားသောက်လေ့မရှိ။

အဘယ်ကြောင့်ဆိုသော် လူသတ်မှု၊ ရန်ဖြစ်မှု ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် မကြာခဏကြုံတွေ့နေရသော နေရာသာဖြစ်၏။

ပုလိပ်မင်းကြီးက အမြဲတမ်း ရဲတပ်ဖွဲ့ဝင်များကို တာဝန်ချထားရလေသည်။

တစ်ခါတစ်ရံ ပြည့်တန်ဆာမများ ခြေချင်းရှုပ်နေသည်ကိုလည်း တွေ့ရတတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည့်တန်ဆာကိစ္စကို အဘသယ်ကြောင့် ထိရောက်စွာနှိမ်နင်းနိုင်ခြင်းမရှိနိုင်သေးကြောင်း စဉ်းစား၍မရနိုင်လောက်အောင် ဖြစ်ခဲ့သည်။

ဒုစရိုက်လောက၌ အဆိုးရွားဆုံးအတင့်ရဲလာသည်က ပြည့်တန်ဆာကိစ္စနှင့် ဘိန်းဖြူကိစ္စများသာ ဖြစ်နေလေတော့သည်။ ရန်ကုန်မြို့ တရုတ်တန်းနှင့် ကမ်းနားလမ်း၌ ထိုအချိန်က ဘိန်းခန်းများ မှိုလိုပေါက်နေခဲ့သည်။

ဟိုတယ်ကြီးများက အပြင်ပန်း၌သာ ဆိုဖာကြီးများနှင့် ခမ်းနားကြီးကျယ်သော အဆောင်အယောင်များရှိပြီး တချို့ဟိုတယ်များ၌ ဘိန်းများကို သီးသန့်အမှောင်ချ၍ ထားပေးကြောင်းကို ကြားရပြန်သည်။

လူဆိုးလူမိုက်များပေါင်းစုံစုစည်းသည့် ခြသေ့်မင်းစားတော်ဆက်ကို အမိန့်အရ အတင်းအဓမ္မဖမ်းဆီးခြင်းမပြုဘဲ ကြိုးရှည်ရှည်နှင့် လွှတ်ထားခြင်းကား ဒုစရိုက်လောက၌ ဖြစ်ပျက်သမျှအား တစ်နည်းနည်းနှင့် သိရှိနိုင်ရန်သာ ဖြစ်တော့သည်။

အင်စပက်တာနေမြင့်နှင့်အဖွဲ့က သတင်းရထားသည့် ခြသေ့်မင်းသို့ ရုပ်ဖျက်ရောက်ရှိနေသည်။

ပင့်ကူနက်ဂိုဏ်းက အမှတ်သင်္ကေတရင်ထိုးများသော်လည်းကောင်း လက်ဖျံလက်မောင်း၌ ပင့်ကူနက်အမှတ်တံဆိပ်သင်္ကေတသော်လည်းကောင်း ထိုးထားလေ့ရှိသည်။

ရဲအဖွဲ့ကခြေရာခံနေမှန်းသိ၍ ပင့်ကူနက်အမှတ်တံဆိပ်



အား ပေါ်ပေါ်ထင်ထင်မပြသည့်တိုင် စုံထောက်များ၏မျက်လုံးထဲ လူဆိုးနှင့် လူကောင်းကို မြင်ရုံနှင့်ပင် အတဲခတ်တတ်သောကြောင့် အခက်အခဲ သိပ်မရှိလှပေ။

ပင့်ကူနက်ဂိုဏ်းအား သစ္စာဖောက်၍ လျှို့ဝှက်သတင်းပေးသူမှာ ဦးသက္က၏သမီး ရင်ရင်ပင်ဖြစ်သည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆၈ )

ရင်ရင်ကိုယ်တိုင် ဦးအောင်ကြွယ်၏ ကတိစကားကို ကြည့်နိုင်ခဲ့။

ဖခင်ကြီးအသက်နှင့်ရင်း၍ ရယူခဲ့သောမြေပုံအား အပိုင်ခန်းနက်မှ ရှာဖွေတွေ့ရှိခဲ့သော ရတနာများကို ဝေစုခွဲ မပေးသော သဘောရှိသည်ဟု နားလည်မိသည်။

ထို့ကြောင့် သူမအနေနှင့် ဦးအောင်ကြွယ်သာ ကတိပျက်ခဲ့ပါလျှင် ခြိမ်းခြောက်ထားသည့်အတိုင်း ပင့်ကူနက်နှင့် ထိပ်တွေ့ပေးလိုက်ရုံသာ ရှိတော့သည်။

အချိန်က (၈)နာရီကျော်စပြုလာခဲ့လေပြီ။ ချိန်းဆိုထားအတိုင်း ရင်ရင်က အခန်း (၁၅)၌ . . .

ဦးအောင်ကြွယ်၏ အရိပ်အရောင်မျှပင် မမြင်ရသေး။

www.burmeseclassic.com



ခြသေ့်မင်းဟိုတယ်က ညဥ့်ဦးယံမှ အထူးစည်ကားစ
လာပြီဖြစ်၏။

လူရှုပ်ထွေးချိန်၌ သပ်ရပ်စွာဝတ်စားဆင်ယင်ထားသ
အသက်( ၂၀ )ခန့်ရှိသော လူရွယ်တစ်ယောက်က ဟိုတယ်ထဲ
ဝင်လာသည်။

သူကား ဦးအောင်ကြွယ်ပင် ဖြစ်တော့သည်။ ဝဏ္ဏသိ
ဆေးသောက်၍ နုပျိုသွားသူကို မည်သူကမျှမှတ်မိကြမည်မဟုတ်

ဦးအောင်ကြွယ်က ချိန်းဆိုထားသည့်အတိုင်း အခ
နံပါတ်(၁၅)ဆီသို့ ဦးတည်လျှောက်ခဲ့သည်။

'ထိုင်မယ်နော်'

'လူရှိတယ်ရှင့် . . . သူမကြာခင်လာတော့မှာ'

ဦးအောင်ကြွယ်အား မမှတ်မိသောကြောင့် မထိုင်မီ ရင်
က ဦးစွာပြောဆိုလိုက်၏။

'အဲဒီလူက ဦးအောင်ကြွယ်မဟုတ်လား'

'ဟင် . . . ရှင်ဘယ်လိုလုပ်သိတာလဲ'

ရင်ရင်က အံ့အားသင့်သွားလေတော့သည်။ ဦးအော
ကြွယ်နှင့်သူ နှစ်ယောက် ချိန်းဆိုထားသောနေရာသို့ မည်သူ
သိလိမ့်မည်မဟုတ်ဟု ထင်ထားခဲ့မိသည်။

အခုတော့ ထိုလူရွယ်က မည်သို့သိနေရသနည်း။

'ကျွန်တော်က ဦးအောင်ကြွယ်တပည့် ဒီပါဝေပါ။ ဆ
မအားလို့ ကျွန်တော့်ကို ဟောဒီက မရင်ရင်နဲ့ဆုံပြီး အရေးကြီး



ကိစ္စလေးဖြေရှင်းဖို့ လွှတ်လိုက်လို့ပါ'

'ရှင့်ဆရာက ဘယ်သွားလို့လဲ'

'မနေ့ကပဲ မန္တလေးကအရေးတကြီးကိစ္စဖုန်းလာလို့ ည
တွင်းချင်းပဲ ခရီးထွက်သွားရတယ်လေ'

ရင်ရင်အား အယုံသွင်းပြောဆိုနေသော်လည်း သူကိုယ်
တိုင် သံသယရှိသောမျက်လုံးများနှင့် ကြည့်ရှုနေဆဲ။

ရှင်နဲ့ကျွန်မ ဆွေးနွေးစရာမရှိပါဘူး ကိုဒီပါဝေ၊ ရှင့်ဆရာ
ပြန်လာရင်သာ ကတိပျက်ကွက်တဲ့အတွက် ကျွန်မပြောထားတဲ့
အတိုင်း လုပ်လိုက်ပြီဆိုတဲ့ စကားလေးတစ်ခွန်းကိုသာ ပြောပေးပါ'

ရင်ရင်က ပြောသလိုလုပ်တတ်သည့် နဂါးမလေးတစ်
ယောက်မို့ ဦးအောင်ကြွယ်က မျက်စိမျက်နှာပျက်ဖြစ်နေသည်။

ဟာ . . . မဟုတ်တာဘဲမရင်ရင်ရယ်၊ ခင်ဗျား ဖြစ်ချင်တဲ့
ဆန္ဒတွေကို စိတ်ရှည်ရှည်ထားမှပေါ့ . . .

ကျုပ်ဆရာက ကတိမပျက်ပါဘူး၊ သူပြန်လာရင် ကိစ္စတွေ
အားလုံးရှင်းပေးမှာပါ'

'မလိုတော့ပါဘူးရှင်၊ ကျွန်မကို ထပ်ပြီး လှည့်စားမနေကြ
နဲ့ ရှင့်ဆရာကိုသာ အန္တရာယ်ရင်ဆိုင်ဖို့ အသင့်ပြင်ထားခိုင်း
လိုက်ပါ'

ရင်ရင်က ဆတ်ဆတ်ကြဲမလေးတစ်ယောက်ဖြစ်သော
ကြောင့် မည်သို့မျှတားဆီးရလိမ့်မည်မဟုတ်မှန်းသိသဖြင့် ကြံစည်
ထားသည့်အတိုင်း လက်နှစ်ဖက်ကိုတင်းကျပ်စွာ ဆုပ်ချုပ်

www.burmeseclassic.com



လိုက်မိသည်။

'အို . . . လွှတ်နော် . . . လွှတ်'

ရင်ရင်က ရုတ်တရက်မို့ ကြောက်အားလန့်အားနှင့် ရုန်းထွက်ပြေးဖို့ ကြိုးစားလိုက်မိ၏။ သို့သော် မိန်းမသားတစ်ယောက်နှင့် ယောကျ်ားတစ်ယောက် အားချင်းမမျှသည့်အပြင် ဝဏ္ဏသိဒ္ဓိဆေးကြောင့် ဦးအောင်ကြွယ်မှာ ပိုမိုသန်စွမ်းနေသည်။

× × × × × × × × ×

အရိပ်နှစ်ခုက ခွာတုံပူးတုံဖြစ်နေသောကြောင့် အင်စပက်တာနေမြင့်နှင့်အဖွဲ့က ကြည့်နေရင်း မသင်္ကာဖြစ်လာမိလေသည်။

'နီလာ . . . အခန်းဆယ့်ငါးကို သွားကြည့်စမ်း'

'ဟုတ်ကဲ့ ဆရာ'



နီလာဆိုသည့်စုံထောက်မလေးက သွက်လက်ပေါ့ပါးစွာဖြင့် အခန်းဆယ့်ငါးသို့ တက်လာခဲ့သည်။

အင်စပက်တာနေမြင့်နှင့်အဖွဲ့က ပင့်ကူနက်ဂိုဏ်းနှင့်ပတ်သက်၍သာ သတင်းရရှိထားသောကြောင့် ရင်ရင်၏ပြဿနာကို မသိရှိနိုင်သေး။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆၉ )

ဦးအောင်ကြွယ်က မိန်းမလှလေးများကို သတ်ဖြတ်ခဲ့သည့်တိုင်း ရင်ရင်အိမ်း လည်ပင်းညှစ်၍ ဒးပါပစ်လိုက်လေပြီ။

အခန်းထဲမှ ထွက်ပြေးမည်အပြု သူ၏ရှေ့မျောက်သို့ ပင့်ကူနက်ဂိုဏ်းသားနှစ်ဦးက ဘွားခနဲပေါ်လာခဲ့လေသည်။

နှစ်ဦးစလုံး၏လက်ထဲ၌ လူသတ်လက်နက်ကိုယ်စီနှင့် သူ့ဝိုင်း၍အမဲဖျက်ရန် ရှေ့သို့ တိုးလာခဲ့လေတော့သည်။

'ယား'

'ဖြောင်း'

'အား'

ဦးအောင်ကြွယ်ကိုယ်တိုင်မှာ ဗန်တိုဗန်ရှည်တတ်ထားသူတစ်ယောက်ဖြစ်၍ တစ်ဟုန်ထိုးပြေးဝင်တိုက်ခိုက်လာသည့် ပင့်ကူနက်ဂိုဏ်းသားနှစ်ဦးကို လျှပ်တစ်ပြက် ခုခံတိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံကြားသို့ ပြင်းထန်စွာကန်မိသွားသော ပင့်ကူနက်ဂို
သားမှာ ကြမ်းပြင်ပေါ်သို့ ခွေခနဲညွတ်ကွေးကျဆင်းသွားခဲ့
ကျန်အဖော်တစ်ယောက်တာ ဓားဖြင့် သဲကြီးမဲကြီးလိုက်
တိုက်ခိုက်နေရှာသည်။

သူကိုယ်တိုင်က သိုင်းပြောင်းပြန်တတ်ထားသူ တ
ယောက်ဖြစ်သောကြောင့် တိုက်ကွက်စေ့လှသည်။

ဦးအောင်ကြွယ်မှာ ထွက်ပေါက်ဆီသို့အရောက်သွား
ကြိုးစားနေသော်လည်း မရောက်နိုင်ပဲဖြစ်နေရှာသည်။

သိုင်းသမားက လက်ထဲမှဓားမြှောင်ကို အမျိုးမျိုးပြော
ကိုင်လျက် ရှုပ်ထွေးသောသိုင်းကွက်များကိုသုံး၍ တိုက်ခိုက်နေသ
က ကြောက်ခမန်းလိလိ ဖြစ်သည်။

တစ်ချက်မှားခဲ့လျှင် ပင့်ကူနက်သိုင်းသမား၏ဓားက ဝိ
ထဲသို့ ထိုးဖောက်ဝင်သွားမည်ဖြစ်သည်။

ဦးအောင်ကြွယ်အနေနှင့် ပွတ်ကာသီကာ ရှောင်တိမ်း
ရပုံတို့က အသည်းယားဖွယ်ဖြစ်သည်။

ပင့်ကူနက်ဂိုဏ်းသမားက ဓားကိုင်အလွန်သေသပ်
သည်။

❊ ❊ ❊ ❊ ❊



## အခန်း ( ၇၀ )

ဦးအောင်ကြွယ်အား ထိုးမိသွားပြီဟု ထင်မြင်ယူရလောက်အောင်ပင် အသည်းယားစရာ ကောင်းလှသည့် မြင်ကွင်းတည်း။

ဓားမြှောင်မှာ ချိုင်းအောက်ကဝင်၍ တစ်ဖက်၌ရှိသော သစ်သားတိုင်အား ဒုတ်ခနဲအသံမြည်အောင် စိုက်ဝင်သွားခဲ့ပြီး ဖန်တိုနည်းအရ ရန်သူ၏လက်အား မိမိရရဖမ်းဆုပ်ချုပ်ကိုင်၍ ကြမ်းပြင်ပေါ်သို့ ဘုံးခနဲပစ်၍ဆောင့်ချလိုက်လေတော့သည်။

ကြမ်းပြင်ကြီးတစ်ခုလုံးမှာ လျှောင်လှုပ်သကဲ့သို့ တုန်ခါသွားရုံမကဘဲ လူတစ်ကိုယ်လုံး အရိုးအဆစ်များ တစ်စစီပြုတ်ထွက်သွားလေသလားဟု အောက်မေ့ရသည်။

ပင့်ကူနက်ဂိုဏ်းသားမှာ ကြမ်းပြင်ပေါ်၌ မလှုပ်မယှက်နိုင်ပဲ စန့်စန့်ကြီး ငြိမ်သက်နေရှာသည်။

သူ့တစ်ကိုယ်လုံး၌ သွေးများ ချင်းချင်းနီလျက် ကြမ်းပြင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ လက်ခေါက်လျက် ရှန်သူကိုင်ဆောင်သော ဓားမြှောင်က သူ့ကျောပြင်သို့ စိုက်ဝင်သွားသောကြောင့်ပင်ဖြစ်သည်။

ဦးအောင်ကြွယ်က ပုဏ္ဏက ဝင်စီးထားသကဲ့သို့ပင် စိတ်ကြွမ်း လူကြမ်းဖြစ်နေရှာလေပြီ။

ငှသဆုံးနေသောအလောင်းကို ခြေဖြင့်ကန်ကျောက်လျက် အပေါက်ဝဆီသို့ လှစ်ခနဲတိုးထွက်ရန် ကြိုးစားလိုက်လေတော့သည်။

အပေါက်ဝဆီမှ ရှည်လျားသောအရိပ်တစ်ခုက မီးရောင်အောက် ထိုးကျလာခဲ့သည်။

'ဟိတ်'

'ဒုတ်'

'အင့်'

ဦးအောင်ကြွယ်က ဖမ်းဆီးဖို့ အခန်းထဲဝင်လာသူ စုံထောက်မ နီလာ၏ဇက်ပိုးသို့ လက်ဝါးစောင်းနှင့် ပြင်းထန်စွာ ခုတ်ပိုင်းလိုက်လေတော့သည်။

စုံထောက်မ နီလာမှာ အလစ်တိုက်ခိုက်ခံလိုက်ရသဖြင့် သေနတ်ရောလူပါ လွင့်စဉ်သွားခဲ့လေသည်။

နီလာကို သူတစ်ကြိမ် တွေ့ခဲ့ဖူးသောကြောင့် စုံထောက်မမှန်းသိရသောအခါ အံ့အားသင့် နေမိသည်။

သေနတ်ကိုကောက်ယူ၍ နီလာ၏နားထင်မှာ တေ့ထားလိုက်သည်။



'မင်းနဲ့ တခြားဘယ်သူတွေ ပါလာသေးသလဲ . . . ပြောစမ်း'

'မသိဘူး'

နီလာက ခေါင်းမာမာနှင့် ဖုံးကွယ်ရန်ကြိုးစားနေပြန်သည်။

ဦးအောင်ကြွယ်က သေနတ်မောင်းကို ချောက်ခနဲတင်လိုက်သည်။

သူက ရက်စက်သောလူတစ်ယောက်မှန်း သိရှိပြီးဖြစ်၍ သော့ မျက်နှာပေါ်၌ သွေးမရှိတော့။

'ဟေ့ . . . လက်နက်ချပါ၊ မင်းကို ပုလိပ်အဖွဲ့ကဝိုင်းထားပြီ'

ဦးအောင်ကြွယ်၏ မျက်နှာပေါ်မှာ ခံပြင်းစိတ်အရိပ်များ ထင်းသား ပေါ်လာခဲ့သည်။

'ဖြော် . . . ဒီလိုလား'

အင်စပက်တာနေမြင့်နှင့်အဖွဲ့က အပေါက်ဝလှေကားဆီမှ ဖမ်းရန် စောင့်ဆိုင်းနေကြလေပြီ။

ခြသေ့်မင်းစားတော်ဆက်အတွင်းရှိ လူများအားလုံးကို ပုလိပ်အဖွဲ့က ပစ်ခတ်မှုဖြစ်ပွားလျှင် ထိခိုက်မည်စိုး၍ အပြင်သို့နှင်ထုတ်ထားသည်။

ထိုဝန်းကျင်တစ်ခုလုံးက မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရသောအောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တာနေမြင့်က လှေကားဆီသို့ စူးစမ်းအကဲခ
သောအကြည့်ဖြင့် ကြည့်ရှုလိုက်၏။ တရားခံမှာ တခြားပြေး
နည်းလမ်းမရှိတော့။

ခြသေ့်မင်းအဆောက်အအုံ၏ အနောက်ဘက်၌လည်း
ပုလိပ်အဖွဲ့က ဝိုင်းထားပြီးဖြစ်၍ စိတ်ချလုံခြုံမှုအပြည့်ရှိပြီးသ
ပင်ဖြစ်သည်။

'မင်းကို ငါးမိနစ်အချိန်ပေးမယ်၊ ထွက်လာခဲ့ပါ'

လက်ထဲမှနာရီကိုကြည့်ရင်း ထပ်မံအော်ပြောလိုက်သည

'လူသတ်သမားက နီလာကိုခိုးစားခံလုပ်ထားရင် ကျုပ်
ဘယ်လိုဆုံးဖြတ်ကြမလဲ အင်စပက်တာနေမြင့်'

စုံထောက်တစ်ဦးက စိုးရိမ်တကြီး မေးခွန်းထုတ်နေသည

'ကျုပ်ဟာ စုံထောက်တစ်ဖွဲ့လုံးမှာ ဘယ်သူမှယဉ်လို
ရတဲ့ လက်မရွံ့သေနတ်သမားတစ်ယောက်ဆိုတာ ခင်ဗျားတို့ အ
သားပဲ၊ တရားခံဟာ နီလာကိုခိုးစာခံလုပ်လာပစေဦး၊ ကျုပ် မ
အောင်ပစ်ဖမ်းပြမယ်'

ငါးမိနစ် ပြည့်တော့မည်။

အင်စပက်တာနေမြင့်က ပြောင်းရှည်သေနတ်တစ်လ
ဖြင့် လှေကားသို့ ချိန်ရွယ်ထားလိုက်၏။

သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိထားသူဖြစ်၍ လူသ
ရားခံကို အပြောနှင့် ညီညွတ်အောင် ပစ်ခတ်ဖမ်းဆီးပြလိုက်ရုံသာ
တော့သည်။



အားလုံးက စိုးရိမ်ထိတ်လန့်စွာဖြင့် လှေကားဆီသို့ တစ်
ည့် အင်စပက်တာနေမြင့်ဆီသို့ တစ်လှည့် ငေးမောကြည့်နေကြ
ည်။

ဖြစ်ရပ်က တခဏ်အတွင်း၌ပင် ရင်ခုန်တုန်လှုပ်စရာ
ဖြစ်သို့ ပြောင်းလဲသွားပေတော့မည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇၀ )

အင်စပက်တာနေမြင့်က ကျောက်ဆစ်ရုပ်လို မလှုပ်ယှက် ငြိမ်သက်နေသည်။

လေ့ကားထစ်ပေါ်မှဆင်းလာသောခြေသံများကို အတိုင်းသားကြားလိုက်ရသည်။

'ဟင်'

'ဟာ'

မြင်ကွင်းဆီသို့လှမ်းအကြည့် အာမေဋိတ်သံများ ပေါ်ထွက်လာသည်။

ဦးအောင်ကြွယ်က အင်စပက်တာနေမြင့်ထက် သည်နေရာတွင် တစ်ပန်းသာသွားခဲ့လေပြီ။

နှစ်ဦးစလုံး တရားခံကမည် သူဖြစ်သည်ကို ချက်ချင်းခွဲခြားမရနိုင်လောက်အောင် အိပ်ရာခင်း ကြီးတစ်ခုကို ခေါင်းပေါ်ခြုံ

www.burmeseclassic.com

www.burmeseclassic.com



လွှား၍ ဆင်းလာသောကြောင့်တည်း။

လက်မရှိသေနတ်သမားဟု ကြွေးကြော်ထားသည့် အင်စပက်တာနေမြင့်ပင် မပစ်ရဲလောက်အောင် ဇဝေဇဝါဖြစ်သွားမိလေတော့သည်။

အဝတ်လွှမ်းထားသူနှစ်ဦးက ကားဆီသို့ တလှုပ်လှုပ်သွားနေ၏။ အင်စပက်တာနေမြင့်က ခေါင်းထဲဖျတ်ခနဲ အကြံတစ်ခုရလိုက်သည်မှာ နီလာ၏ဘောင်းဘီမှာ နက်ပြာရောင်ဖြစ်သည်ဆိုသော အချက်ပင်ဖြစ်သည်။

သို့သော်. . .

'ဒူး'

ဦးအောင်ကြွယ်က တားကိုအရှိန်ပြင်းစွာ မောင်းနှင်လျက်ထွက်ခွာသွားခဲ့လေတော့သည်။

ကားလမ်းပေါ် ပုံလျက်သားလေးလဲကျနေသည့် စုံထောက်မလေးနီလာပင်ဖြစ်သည်ပေ။

'တောက်'

အင်စပက်တာနေမြင့်ထံမှ ခံပြင်းသည့်တောက်ခေါက်သံတစ်ချက် ပေါ်ထွက်လာခဲ့သည်။

ပုလိပ်အဖွဲ့က ခြံသေ့မင်းအဆောက်အအုံထဲမှ ပင့်ကူနက်ဂိုဏ်းသားများကို ထမ်းစင်နှင့် ထုတ်လာကြသည်။

လက်မတင်လေး လွတ်မြောက်သွားသည့် လူသတ်တရားခံက မည်သူဖြစ်သည်ကိုတော့ တစ်ဖွဲ့လုံး မသိနိုင်ကြ။ လူသတ်တရား



ခံ ထပ်မံလွတ်မြောက်သွားသည့်အတွက် အင်စပက်တာနေမြင့်ခေါင်းပေါ် တာဝန်တစ်ခု ထပ်ရောက်လာပေဦးတော့မည်။

× × × × × × × × × ×

အင်းစိန် စိတ်ကိုင်ဒီရုံးခန်း၌ စုံထောက်မင်းကြီးစတီးဝပ်မှာ ကျမနပ်ဖြစ်လျက် ရုံးခန်းအတွင်း ခေါက်တုံ့ခေါက်ပြန်လျှောက်သည်။

သူ၏ရှေ့၌ရှိနေသူက အင်စပက်တာနေမြင့်နှင့် စုံထောက်မ နီလာတို့ဖြစ်သည်။

သူတို့နှစ်ဦးက စုံထောက်မင်းကြီးထံမှ ပေါ်ထွက်လာမည့်အားသံကို စောင့်မျှော်နေကြရာသည်။

'အင်စပက်တာနေမြင့်'

'ပြောပါမင်းကြီး'

'မောင်မင်း လူသတ်သမားကို ဖမ်းမမိနိုင်ဘူးဆိုတာ အင်စပက်မှ ညံ့ဖျင်းရာမကျပေဘူးလား. . .

အားလုံးဝိုင်းထားပါလျက်နဲ့ ပေါ့လျော့လို့ လူသတ်သမားထွက်ပြေးသွားရတာပဲ မဟုတ် လား'

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး၏အသံက ဒေါသများပါနေသကဲ့သို့ မျက်နှာကြ
ကလည်း မှုန်တေတေဖြစ်နေသဖြင့် နီလာက ကြောက်ရွံ့နေသည
အင်စပက်တာနေမြင့်က ပါးစပ်ထဲ ပဲလှော်ဝါးမပျက် နားထော
ရင်း. . . .

'ကျွန်ုပ်ညဲ့တယ်ဆိုတာထက် လူသတ်သမားက ကျွန်ုပ်ထ
တော်တယ်လို့ပြောရင် ပိုပြီးမှန်ပါလိမ့်မယ်မင်းကြီး၊ တကယ်တေ
နီလာကိုညာပြီး ကျွန်ုပ် မပစ်ခဲ့တာပါ'

မင်းကြီးကို ခွန်းတုံ့ပြန်ပြောဝံ့သူ အင်စပက်တာနေမြ
အား အံ့အားသင့်ကုန်ကြ၏။

သူကိုယ်တိုင်က အမှားကျူးလွန်မိလျှင် နှုတ်ယောက်ျား
ဝန်ခံခဲ့သည့် သတ္တိရှိသည်။

မင်းကြီးက ပမာမခန့်ပြောဆိုသောစကားကြောင့် မျက်
ကြီးနီမြန်းလာခဲ့ပြီး. . . .

'မောင်မင်းကို တာဝန်ပေါ့လျော့မှုနဲ့ အပြစ်ပေးရလိမ့်မ
အင်စပက်တာနေမြင့်က စီအိုင်ဒီမှထုတ်ပေးထားသော
စုံထောက်ကတ်ပြားကိုစားပွဲပေါ်တင်ပေးလိုက်ရင်း မချိပြုံးပြုံး၍
'ကျွန်ုပ်ကိုယ်တိုင် အလုပ်တထွက်ပြီး ခေါင်းအေးအေး
ချင်တာ ကြာလှပါပြီ၊ ဒါကြောင့် မင်းကြီးဆုံးဖြတ်ချက်ကိုနာ
အသင့်ပါပဲ'

အခြေအနေက တင်းမာစပြုလာပြီမို့ ကြောက်ရွံ့နေသော
စုံထောက်မ နီလာက ဝင်၍. . . .



'ဒီကိစ္စမှာ ကျွန်မအသက်ကိုငဲ့ညာပြီး မပစ်ခဲ့တာအမှန်ပါပဲ
င်းကြီး၊ ပုလိပ်တစ်ဖွဲ့လုံးက လူသတ်သမားကိုဖမ်းဖို့ ဝန်လေးနေ
ချိန်မှာ ဆရာကိုယ်တိုင်က သတ္တိရှိရှိနဲ့ ဖမ်းဆီးနိုင်ဖို့ကြိုးစားတာလဲ
ကျွန်မအသိဆုံးပါပဲ. . .

ဒါကြောင့် ဒီကိစ္စမှာ ဆရာဘက်က အပြစ်လုံးဝ မရှိဘူးလို့
ထင်ပါတယ်'

'နီလာပြောတာမှန်ပါတယ်မင်းကြီး၊ အင်စပက်တာ နေမြင့်
ဟာ စီအိုင်ဒီစုံထောက်တစ်ဖွဲ့လုံးက အားအထားရဆုံးလူ တစ်
ယောက်ပါပဲ၊ သူသာအလုပ်ကထွက်သွားမယ်ဆိုရင် လူသတ်သမ
ကို စုံစမ်း ဖော်ထုတ်လို့ လွယ်မှာမဟုတ်ပါဘူး'

ကျန်ရှိသောစုံထောက်များကပင် အင်စပက်တာ
ဘက်မှ ထောက်ခံနေပြန်သဖြင့် စုံထောက်မင်းကြီးက ဘာဆက
မှန်းမသိအောင် ဖြစ်နေမိသည်။

ပြီးမှ. . . . နဲ့

'ကောင်းပြီလေ၊ ဒီတစ်ကြိမ်တော့ ကျွန်ုပ်ခွင့်လွှတ်လိုက်ပ
ယ်၊ လူသတ်သမားကို ဖမ်းမိဖို့သာ အင်စပက်တာနေမြင့်နဲ့အတူ
အားလုံးက တာဝန်ယူကြပါ'

အင်စပက်တာနေမြင့် အပြောင်းအလဲ မြန်ဆန်သော
င်းကြီးမျက်နှာအား စိုက်ကြည့်ရင်း တစ်ချက်ပြုံးလိုက်၏။

သူ၏အပြုံးက မင်းကြီးအား အခုတော့ဘာတတ်နိုင်
သနည်း ဟူသောအဓိပ္ပာယ်ကို ဖော်ဆောင်တတ်သည့်အပြုံး။

www.burmeseclassic.com

www.burmeseclassic.com



ခုံပေါ်တင်ထားသော ကတ်ပြားကို ဆတ်ခနဲကောက်ယူလျက် ဆင်နားရွက်တံခါးကို ဝုန်းခနဲတိုးထွက်သွားလေတော့သည်။

မင်းကြီးက လှုပ်ရှားသွားသည့် ဆင်နားရွက်တံခါးကို မှုန်တေတေနှင့်ငေးကြည့်ရင်း ကျန်ခဲ့ရှာလေသည်။

အင်စပက်တာနေမြင့်ကိုယ်တိုင် ဆက်လက်စုံစမ်းဖော်ထုတ် ရန်ကိစ္စများကို လိုလိုလားလား လက်ခံလိုက်သည့်အတွက် အားလုံးက ရင်အေးရသော်လည်း စုံထောက်မင်းကြီးက သူ့အပေါ် ဗီလာဆန်ဆန်ကျင် ပြောဆိုပြီး အခန်းထဲမှထွက်သွားသူ အင်စပက်တာမြင့်အပေါ် နည်းနည်းလေးမှ ကျေနပ်ပုံမရသေး။

ဝန်း

❈ ❈ ❈ ❈ ❈

ကြီး



အခန်း ( ၇၂ )

အင်စပက်တာနေမြင့်ရာ၊ မင်းကြီးအကြောင်းလဲသိသားနဲ့ ဘယ်လိုပဲဆူဆူ ကိုယ့်ဘက်ကငြိမ်နေလိုက်ရင်ပြီးတာပဲ'

အင်စပက်တာဦးအေးမောင်က အသက်အရွယ်ကြီးရင့် ပိပိ ဆုံးမနေသည်။

'ဟာဗျာ. . . ကျုပ်က သူပြောသမျှငြိမ်ခံနေရင် အပြစ်ရှိတဲ့ တစ်ယောက်ဖြစ်သွားမှာပေါ့'

'နို. . . မင်းမှာရော အပြစ်မရှိဘူးလား'

'ရှိတော့ရှိပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်အပြစ်က ရဲဘော်ရဲဘက်ချင်း မြန်မာလူမျိုးချင်း အသက်တစ်ချောင်းကို ငဲ့ညှာပြီးမှား

www.burmeseclassic.com



ခဲ့တဲ့ စေတနာအများဗျ. . .

ကျုပ်တို့တန်ခွေတွေကို အိမ်ကြက်ချင်းအုံး မဲသွတ်ခွပ်ခိုင်းပြ
ဘီလပ်မှာ ဆုတ်ဆိပ်တွေသွားယူဦးမယ့်သူကို အခုလိုတုံ့ပြန်တာ
ဟာ သဘာဝကျပါတယ်ဗျာ။ ဒီလိုမှမလုပ်ရင် စီအိုင်ဒီစုံထောက်ကြ
တစ်ခုလုံးကို မင်းကြီးက ပွဲသိမ်းမယ်လေ'

အင်စပက်တာနေမြင့်က စိတ်ယဲ၍ရှိသည့်အတိုင်း ပြော
လိုက်လေသည်။

အင်စပက်တာဦးအေးမောင်ကိုယ်တိုင် စုံထောက်အဖွဲ့ကြ
တစ်ခုလုံးစည်းရုံးရေးကို အင်စပက်တာနေမြင့်ကြောင့် ပြိုကွဲပျက်
မသွားစေလို၍ ဖြေသိမ့်လိုက်ရခြင်းသာ ဖြစ်လေတော့သည်။

'ကျုပ်အနေနဲ့ အားကိုလက်ထပ်မယ်လို့ ကတိပေးထား
အချိန်တွေကို နောက်ဆုတ်ပြီး တာဝန်နဲ့ဝတ္တရားကို ကျေပွန်စွာထ
ဆောင်ဖို့ တက်ကြွနေသူတစ်ဦးပါဦးအေးမောင်. . .

မင်းကြီးပြောတာလောက်နဲ့ စိတ်ခုသွားမယ်ဆိုရင် ကျု
ဟာ လူပျော့လူညံ့ တစ်ယောက် ဖြစ်သွားမှာပေါ့'

'ခင်ဗျားစကားကြားရတာ သိပ်ကိုဝမ်းသာလှပါပြီခင်ဗျ
စိတ်ဓာတ်ကို သံမဏိလိုမာကျောအောင်ထားနိုင်သလို ဖယောင်း
ပျော့ပျောင်းအောင်ဖန်တီးနိုင်တဲ့ခင်ဗျားကို ဂုဏ်ယူပါတယ်'

'နိုး. . နိုး. . ဦးအေးမောင်၊ ကျုပ်ရဲ့လုပ်ရည်ကိုင်ရည်
စောင့်ကြည့်ပြီးမှ ဒီစကားကိုပြောစမ်းပါဗျာ. . .

တော်ကြာ တခြားလူတစ်ယောက်ကြားသွားရင် ဘုတ်



း မြှောက်နေသလိုထင်နေပါ့မယ်'

ဦးအေးမောင် ပြုံးလိုက်မိသည်။

အင်စပက်တာနေမြင့်က အတော်ကိုပေါင်းရသင်းရခက်
သော လူတစ်ယောက်ဖြစ်ကြောင်း သူကောင်းကောင်းနားလည်
ားသဖြင့် မချီးမွမ်းရဲတော့။

သူပြောသလိုပင် သူ၏လုပ်ရည်ကိုင်ရည်ကို မျက်စိတစ်ဆုံး
ောင့်ကြည့်ရန်သာရှိတော့သည် မဟုတ်ပါလား။

စီအိုင်ဒီမှထွက်လာရင်း အင်းစိန်ဈေးသို့ဝင်လိုက်၏။

အင်းစိန်ဈေးထဲရှိ ဒေါ်မြရီ ပထမတန်း မုန့်ဟင်းခါးဆိုင်၌
ှင်းအေးတစ်ယောက် စောင့်နေလိမ့်မည်ကို သူသိပြီးဖြစ်သည်။

အခုလောက်ဆို မြနှင်းအေးရောက်ယောက် သတင်းစာ
ပြီးလောက်ပြီ။

သူ့အား လူသတ်သမားလွတ်မြောက်သွားသည့်သတင်းကို
မေးလာခဲ့လျှင် ခက်ရချည်သေးရဲ့ဟု တွေးလိုက်မိသည်။ ထိုစဉ်
လူသတ်သမား၏ ပုံပန်းသဏ္ဌာန်ကို သူမမြင်လိုက်ရသဖြင့်
ထဲ မကျေမနပ်ဖြစ်နေမိသည်။

နီလာ၏ပြောဆိုပုံအရဆိုလျှင် လူသတ်သမားမှာ အလျင်
ှင့်ဆုံဖူးသော တရားခံတစ်ယောက်ပင်ဖြစ်ကြောင်း သိရသည်။

အဘယ်ကြောင့် ထိုသို့ လိုက်လံသတ်ဖြတ်နေရသနည်း။
ား၍မရနိုင်သေး။ အကြောင်းတစ်ခုခုတော့ အခိုင်အမာရှိန
သေချာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသူ ရင်ရင်ဆိုသောမိန်းကလေးနှင့်ပတ်သက်၍ ...
လေ့လာရသလောက် ပင့်ကူနက်ဂိုဏ်းနှင့် အဆက်အသွယ်ရှိ...
သူ၏ ဖခင်မှာ ယခင်က ပင့်ကူနက်ဂိုဏ်း အဖွဲ့ဝင်တစ်ဦးဖြစ်သည်...
ကို သတင်းအတိအကျ ရရှိထားခဲ့သည်။

အမှုတစ်ခုနှင့်တစ်ခုက ကွင်းဆက်မိလုမိခင်ဖြစ်နေသော်...
လည်း လူသတ်တရားခံနှင့် ပင့်ကူနက်ဂိုဏ်းချုပ်ကို ယခုစုံစမ်း...
မရနိုင်သေး။

'ဘာတွေများ ဒီလောက်တောင်စဉ်းစားနေရတာ...
အစ်ကို'

မြနှင်းအေးက မုန့်ဟင်းခါးဆိုင်ထဲသို့ဝင်ဝင်ချင်း ထုံးစံ...
တိုင်း လှမ်းမေးလိုက်၏။

'အမှုဖကြောင်းပါကွာ'

မြနှင်းအေးက သူ၏အဖြေကို သဘောမကျသလို မျက်...
မှောင်ကုတ်ကလေးနှင့် စိုက်ကြည့်လိုက်၏။

ချစ်သူချင်း တခဏလေးဆုံစည်းခဲ့ရသည့်အချိန်ကလေးနှင့်...
တာဝန်ဝတ္တရားကိုခေါင်းထဲထည့်ထားတာ သူ့အတွက်အတော်...
ထူးထူးဆန်းဆန်းဖြစ်နေမိသည်။

မြနှင်းအေးက ချစ်သူ၏ဆန္ဒကို အတတ်နိုင်ဆုံးဖြည့်ဆည်း...
ပေးနိုင်လောက်အောင် ကြိုးစားနေသူတစ်ယောက်သာ ဖြစ်သည်...

အမှန်အတိုင်းပြောရမည်ဆိုလျှင် အင်စပက်တာနေမြင့်က...
ချစ်သူချင်းတွေ့ရလေတိုင်း အမှုနှင့်ပတ်သက်၍ တဖွဖွပြောတတ်...



...မြဲဖြစ်သည်။ မြနှင်းအေးက စိတ်ဝင်စားသည့်အတိုင်း နေ့စဉ်နှင့်
အမျှ ပြောဖန်များလာသောအခါ ပင့်ကူနက်ဂိုဏ်းနှင့် စိတ္တဇလူ
သတ်သမားကို ဖမ်းမမိသရွေ့ သူတို့နှစ်ယောက်နီးရဖို့ လမ်းမမြင်
သလိုဖြစ်နေမိသည်။

ထို့ကြောင့် စကားစပြီး မပြောဘဲ မျိုသိပ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၃၃ )

## အတိတ်နာကြည်းချက်

ဤသို့ဖြင့် ဦးအောင်ကြွယ်တစ်ယောက် အတိတ်၏ နာကြည်းချက်များကို ရင်ဝယ်ပိုက်ရင်း လူသတ်သမားတစ်ယောက် ဖြစ်လာခဲ့ရလေသည်။

သို့ပေမယ့် မသိစိတ်ကသာ ကြမ်းတမ်းလှသော်လည်း အကာယတမ်း နှလုံးသားရေးရာ၌ မြနှင်းအေးကိုတော့ ချစ်ရေးမဆိုနိုင်လောက်အောင် သတ္တိနည်းပါးလှသည်။

သူဌေးတစ်ယောက်၏ ဂုဏ်သိက္ခာကြောင့် ထိုကိစ္စအား သူငယ်ချင်းဖြစ်သူ ဦးတိုးစိန်အား ဖွင့်ဟတိုင်ပင်မိသည်။

'ခင်ဗျားက လူပျိုလူလွတ်တစ်ယောက်ဆိုတော့ ဒီစကားကို ပြောဆိုပိုင်ခွင့်ရှိပါတယ်လေ၊ ဒါပေမယ့် ကောင်မလေးမှာက ရည်

www.burmeseclassic.com

www.burmeseclassic.com



ရွယ်ပြီးသားရှိတယ်ဆိုတာလည်း ခင်ဗျားအသိဆုံးပဲ၊ ကာယကံရှ
ကိုယ်တိုင်က မဖြစ်နိုင်ဘူးထင်ရတဲ့ကိစ္စမို့ ကျုပ်အနေနဲ့တော
အတင်းဇွတ်မတိုးစေချင်ဘူး'

ဦးတိုးစိန်က မဖြစ်သင့်တာမဖြစ်ရလေအောင် ဖျောင်း
ပြောဆိုကြည့်သည်။

'ကျုပ်ကိုယ်တိုင် ဘယ်မိန်းကလေးမှ စိတ်မဝင်စားခဲ့ဘူး
ဆိုတာလည်း ခင်ဗျားအသိဆုံးနော်'

'အင်းလေ. . . ဘာဖြစ်သလဲ'

'အခုကိစ္စမှာ ခင်ဗျားကိုယ်တိုင်က သူ့ဆရာတစ်ယောက်
ဖြစ်နေလို့ ကျုပ် ဖွင့်ဟတိုင်ပင်မိတာကို တစ်မျိုးတစ်မည်ထင်မှာ
အဆိုးဆုံးပါပဲ'

'မထင်ရပါဘူးဗျာ၊ ဒါမျိုးက ဖြစ်တတ်ကြတာပဲ၊ အဓိက
ထိန်းရမှာက စိတ်ဗျ. . . စိတ်'

ဦးတိုးစိန်ပြောဆိုသည့်စကားကြောင့် အသက်အရွယ်ကြီး
ရင့်မှ အချစ်နှင့်ပတ်သက်၍ ခံစားမိသည်ကို ရှက်မိသလိုလိုဖြ
လာခဲ့သည်။

ကျွန်ုပ်အား ဦးတိုးစိန်ကိုယ်တိုင် လူပျိုကြီးတစ်ယောက်ဟု
ထင်နေသောကြောင့် ကျွန်ုပ်အတွက် ကံကောင်းနိုင်သေးသည်၊
စိတ်ထဲ၌ ခင်နုကို မမေ့နိုင်သေးသလို အတိတ်ကိုလည်း သတိရမိ
သေးသည်။

ထို့ကြောင့် ဦးတိုးစိန်အား စကားဖြတ်၍ နှုတ်ဆက်ပြ



ခဲ့လေတော့သည်။

အိမ်သို့ရောက်သောအခါ ရှိန်းမောင်တစ်ယောက် စီးပွား
ရေးလုပ်ငန်းအတွက် ခရီးထွက်သွားရာမှ ပြန်ရောက်လာသည်။

ကေသီနှင့် ပတ်သက်၍ စကားကတောက်ကဆဖြစ်ထား
သည့်အတွက် မျက်နှာပူနေဟန်ရှိသည်။

ကျွန်ုပ်အနေနှင့်လည်း ရှိန်းမောင်အပေါ် မွေးစားလာက
ည်းက အစစအရာရာ အလိုလိုက်ခဲ့သည်။

ရှိန်းမောင်၏ အနေအထိုင် အပြောအဆိုအပြုအမူကအစ
ပြစ်ဆိုဖွယ်မမြင်မိခဲ့။

ဘဝတစ်လျှောက်လုံး မိန်းကလေးများနှင့် မပတ်သက်၍
ပ်အား ရှိန်းမောင် စိတ်နာမည်ဆိုလည်း နာထိုက်ပေသည်။

ရှိန်းမောင်အားကြည့်ရင်း စိတ်မကောင်းမိသလို ဖြစ်လာခဲ့
ည်။

ထို့ကြောင့်. . .

'မင်း ကေသီဆိုတဲ့ကောင်မလေးနဲ့ တွေ့သေးလား'

'တွေ့ပါတယ် ဖေဖေ'

'သူ့ပုံစံကရော မိန်းမပီသရဲ့လား'

'လူပုံကတော့ အေးအေးဆေးဆေးပါပဲ'

'လူပုံကအေးတယ်ဆိုပေမယ့် အပြင်ပန်းအရသာ အေးပုံ
အတွင်းစိတ်က ပူလောင်နေရင် ဘယ်နှယ်လုပ်မလဲ၊ မိန်းမ
အကဲခတ်ရအခက်ဆုံးပဲ 'သားရဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းအနေနဲ့ ကေသီကို အိမ်ထောင်ဖက်အဖြ
ရွေးချယ်မယ်ဆိုရင် အလေးအနက်ထား စဉ်းစားရမယ်၊ ကြား
လား'

'ဟုတ်ကဲ့ အဖေ'

ရှိန်းမောင်က ကျွန်ုပ်ဆုံးမသည့်စကားကို ဖြေသာအော
ပြောဆိုရင်း အပြင်သို့ထွက်ရန် ပြင်ဆင်လိုက်၏။

'ဟော . . ပြောရင်းနဲ့ ဒါကဘယ်လဲ'

'ဟို . . . ဟို . . . အဲ . . ဟိုတယ်ကို သွားမလို့ပါအဖေ'

ကျွန်ုပ် ဘာမှမတတ်နိုင်တော့၊ ရှိန်းမောင်အတွက် ထ
အကြံထုတ်ရပေဦးမည်။

ထို့ကြောင့် . . .

'ကဲ . . . မင်းသဘောပဲ၊ သွားချင်သွား၊ ဒါပေမယ့် သ
ညဉ့်နက်ခံမနေနဲ့ပေါ့ကွာ'

'ဟုတ်ကဲ့'

ရှိန်းမောင်က ကျွန်ုပ်မြင်ကွင်းရှေ့မှ သွက်လက်ပေါ့ပါး
ထွက်ခွာသွားလေတော့သည်။

ကျွန်ုပ်အနေနှင့် ကေသီအား လောကကြီးထဲမှ ပျော
ကွယ် သွားအောင်မလုပ်နိုင်သရွေ့ ဤအရာကား တားဆီး၍ရ
မဟုတ်။

ကျွန်ုပ်ခေါင်းထဲ၌ သတ်ဖြတ်ခဲ့သည့် မိန်းကလေး
ကြောင်းသာ ရောက်ရှိလာသည်။ ဤသို့သတ်ဖြတ်ခဲ့ခြင်းအတွ



လိပ်များကသာ သိရှိသွားပါလျှင်ကျွန်ုပ်အား ကြိုးမိန့်ပေးခံရပေ
သိမ့်မည်။

လူကုံထံအသိုင်းအဝိုင်းက ရက်စက်ကြမ်းကြုတ်သော လူ
တစ်ယောက်အဖြစ် ဝိုင်း၍ သတ်မှတ်ကြပေလိမ့်မည်။

ကျွန်ုပ်အပေါ် ယုံကြည်လေးစားနေသူများ ဝိုင်း၍ရှုတ်ချ
ပြောဆိုကြပေလိမ့်မည်။

ကျွန်ုပ်ကိုယ်တိုင် မှားမှန်းသိရှိနေသော ကိစ္စတစ်ခုကို ဖွတ်
လုပ်ချင်နေသောစိတ်က ပိုးဖလံမျိုး မီးကိုတိုးသည့်ပမာ ရှိခဲ့ရာ
သပြီ။'

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၄)

ကျွန်ုပ်အတွက် ဝဏ္ဏာသိဒ္ဓိဆေးသာ စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်၏။ ထိုအကြောင်းကိုသာ တစ်စုံတစ်ယောက်သိရှိ းမည်ဆိုလျှင် ကျွန်ုပ်ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းများကို ယုံဖွယ် ပင်မရှိ။

ပင့်ကူနက်ဂိုဏ်းကိုသတင်းပေးခဲ့သည့် ဦးသက္က၏သမီးဖြစ် ရှင်ရင်ကို သတ်ဖြတ်ခဲ့ခြင်းအတွက် ကျွန်ုပ် စိတ်ဝင်စားရတော့ သည်။

ပင့်ကူနက်ဂိုဏ်းကလည်း ကျွန်ုပ်အပေါ် မည်သည့်နည်းနဲ့ ခြေရာခံဖို့မလွယ်လှတော့ပေ။ ငနီးနက်ရတနာမြေပုံကိစ္စလည်း တ်အဖြစ် ချုပ်ငြိမ်းခဲ့လေပြီ။

ကျွန်ုပ်စဉ်းစားမိသည်က ကုက္ကိုစုရွာကလေးမှ ခင်နု အကြောင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်နုနှင့်ကျွန်ုပ်ကား တစ်ယောက်နှင့်တစ်ယောက် ခွဲ
မခွာရက် ချစ်ခဲ့ကြသူများ ဖြစ်ကြသည်။

ကုတ္တိုစုရွာတလေးက ပူပြင်းသောနွေရာသီအော
အလူးအလဲခံနေရရှာသော နေ့တစ်နေ့။

ကျွန်ုပ် ရွာသွားသည့်လမ်းတစ်လျှောက် ကိုယ့်အတွေး
ကိုယ် ငေးလျှောက်လာခဲ့မိသည်။

အစီအရီပေါက်နေသော ကုတ္တိုပင်ကြီးအရိပ်သာမရှိ
သွားရသည့်ခရီးမှာ မည်မျှပင်ပန်းလှမည်နည်း။ မွေးစားမိခင်ကြ
သတိရမိသည်လည်းပါသည်။ ခင်နုအပေါ် မြင်တွေ့ချင်လှသည်
ကလည်း ပါသည်။

ထို့ကြောင့် ခရီးဖင့်နေသလိုထင်ရသော်လည်း စိတ်
ရောက်နှင့်နေသည်။

ကျွန်ုပ် ဝပ်ရှော့မှရသည့် ချွေးနည်းစာဏလေးများနှင့်
ယူထားသော လက်ဆောင်ပစ္စည်းထုပ်အတွက် မလုံခြုံနိုင် ဖြစ်
သည်။

ထိုအချိန်က ကျွန်ုပ်သွားလာနေသော ကုတ္တိုစုလမ်းတ
၌ မကြာခဏ ဓားပြတိုက်ဖူးသည်။ ထိုအရပ်အခေါ် အဝေါ် အ
လျှင် တောကြောင်ဟုခေါ်သည်။

တောကြောင်က ရွာနား ရစ်သီရစ်သီ လုပ်နေပြီဆို
တစ်ရွာလုံး ကျီးလန့်စာစား ဖြစ်ရလေတော့သည်။

ကျွန်ုပ်တို့အရပ်ဒေသမှ တောကြောင်များက ရွာထဲအ



အတင့်ရဲစွာ ဝင်ခြင်းမရှိ။

အဘယ်ကြောင့်ဆိုသော် ရွာသားများပင် တောကြောင်
ဘဝ ရောက်နေရသောကြောင့်တည်း။ ထိုသို့ဖြစ်ရခြင်းမှာ ကိုယ်
ကျင့်သီလ ပျက်ယွင်းမှုတစ်ခုတည်းကို အပြစ်ဆိုလို့ မရနိုင်သေး။

ကိုလိုနီခေတ်စီးပွားရေးအခြေအနေကိုက ကျပ်တည်းလာ
သောကြောင့် ဖြစ်သည်။

လယ်သမားတချို့ပင် လယ်မဲ့ယာမဲ့ဖြစ်၍ အသက်ရှူကျပ်
နေရချိန်၌ အခွန်များက တိုးမြှင့်ကောက်ခံသေး သည်။

ကုန်ပစ္စည်းများကလည်း ဈေးမြင့်တက်လာသေးသည်။
နောက်ဆုံး ကြီးပွားချမ်းသာသူမှာ ချစ်တီးယားတို့ပင် ဖြစ်ကြလေ
သည်။

ထိုအချိန်၌ ဆိုင်ခွန်ကော်မရှင်အဖွဲ့နှင့် တွဲရေးခွဲရေး ပြဿ
နာတစ်ရပ်ကို သတင်းစာကြီးများထဲတွင် နေ့စဉ်ထည့်သွင်း ဖော်ပြ
ကာ ပြည်သူလူထုအား ဝေခွဲရခက်လှအောင် လှည့်စားခဲ့ပြန်သည်။

ပြည်သူတို့မှာ တွဲလျှင် တိုင်းပြည်ကြီးမှ လွတ်မြောက်လာ
တော့မလိုလို ဇဝေဇဝါဖြစ်နေမိသည်။

နောက်ဆုံး ခွဲရေး တွဲရေးပြဿနာကို မဲခွဲဆုံးဖြတ်ရတော့
မည့်အခြေအနေသို့ ရောက်လာသည်။

သစ်ပင်ရိပ်များ၌ အော်ဟစ်ဆော့ကစားနေကြသော
ကလေးများကို မြင်မိသည်။ ငယ်စဉ်က ထိုကလေးများလိုပင်
ဆော့ကစားဖို့ ပျော်ရွှင် လွတ်လပ်ခွင့်မရှိခဲ့။

www.burmeseclassic.com

www.burmeseclassic.com



အမေပဲ့က ဧည့်သည်များနှင့်ဆက်ဆံတိုင်း ရောက်လာ ဧည့်သည်များက တောက်တိုမယ်ရခိုင်းသည့်အလုပ်ကို စိတ်ရှ သည်းခံ၍ လုပ်ကိုင်ပေးရသည်။

သဘောကောင်းသူတစ်ချို့က ပေးကမ်းစွန့်ကြဲခဲ့သည မုန့်ဖိုးများကိုပင် လွတ်လပ်စွာ သုံးစွဲခွင့်မရှိ။

ဧည့်သည်များပြန်သွားပြီဆိုလျှင် မွေးစားမအေက လက်ဖြန့်တောင်းတတ်သည်။ မပေးလျှင် ကြိမ်စာကျွေးသည်။ ဤ ဆိုးရွားလှသောဘဝကို ပြန်လည်တွေးမိတိုင်း ရင်နာမိသည်။

ရန်ကုန်သို့ရောက်မှ ကြီးပွားချမ်းသာလာရာ အလုပ် ရိုးကုပ်စွာ မည်သို့လုပ်ကိုင်ရမည်ကို သိရှိနားလည်လာလေသည်

ရွာထိပ်သို့အရောက် လှည်းတစ်စီးထွက်လာသည်ကို မြ လိုက်ရသည်။

'ဟေ့ကောင် . . . အောင်ကြွယ်'

ကိုရေချမ်းက လှည်းပေါ်မှ အားရပါးရလှမ်းခေါ်လို ရင်း. . . .

'မင်းအခုမှ ရွာကိုပြန်လာတာလား'

'ဟုတ်ကဲ့'

ကိုရေချမ်းက ကျွန်ုပ်အား တစ်စုံတစ်ရာကိုပြောပြ ဟန်နှင့် နွားကိုကြိမ်တို့၍ လမ်းတစ်ဖက်သို့ ကပ်လိုက်ရင်း. . .

'မင်း ခင်နုသတင်းရော ကြားပြီးပြီလား'

'ဟင် . . . ခင်နု ဘာဖြစ်လို့လဲ ကိုရေချမ်း'



'ခင်နုကို အိမ်ကလူကြီးတွေ သဘောတူတဲ့လူတစ်ယောက်နဲ့ပေးစားဖို့ အတင်းစီစဉ်ကြတယ်လေ၊ ပထမတော့ သူကငြင်းဖို့ ကြိုးစားကြည့်သေးတယ်၊ ဒါပေမယ့် သူ့အဖေနဲ့အမေအကြောင်းသည်း မင်း သိသားပဲ၊ ရွာမှာရှိတဲ့ကာလသားတွေကို လူလို့ထင်တဲ့ဟာတွေ မဟုတ်ဘူး. . .

ဒီတော့ သူတို့စိတ်တိုင်းကျ ဆူပူကြိမ်းမောင်းပြီး မြန်းဖို့ စီစဉ်ကြတာပေါ့ကွာ၊ ခင်နုက မင်းအပေါ် သိပ်သစ္စာရှိတဲ့မိန်းကလေးကွ၊ သူက ဇွတ်အတင်းစီစဉ်တာကို မခံနိုင်တဲ့အဆုံးမှာ တံတားပေါ်က ခုန်ချတယ်လေ'

'ဗျာ. . . ခင်နု သေကြောင်းကြံစည်တယ် ဟုတ်လား'

'ဟုတ်တယ်၊ မစိုးရိမ်ပါနဲ့ ကောင်ကြွယ်ရာ၊ ခင်နုကံကောင်းထောက်မလို့ ဘာမှမဖြစ်ပါဘူး၊ တွေ့တဲ့လူတွေက အဆယ်မြန်လို့သာပေါ့ကွာ၊ နို့မဟုတ်ရင်တော့ မလွယ်ဘူး'

'ဟင်း'

သည်တော့မှ ကျွန်ုပ် သက်ပြင်းချနိုင်တော့သည်။

ခင်နု၏သတင်းကို ရွာထိပ်ဝင်ဝင်ချင်း ကိုရေချမ်း ပြောပြသဖြင့် သိခဲ့ရသည်။

ကျွန်ုပ် လုံးဝစိတ်မကောင်းဖြစ်မိသည်က လက်ရှိအခြေအနေ၌ ခင်နု သောကဖိစီးခံနေရသည်ကို မည်သို့မျှ မကယ်တင်နိုင်သည့်ဘဝကြောင့် ဖြစ်သည်။

ကျွန်ုပ်လည်း ရေချမ်းကိုနှုတ်ဆက်၍ ရွာထဲသို့ ခပ်သွက်

www.burmeseclassic.com

www.burmeseclassic.com



သွက်ကလေး ဝင်လာခဲ့လေတော့သည်။

×××××××××

'သား. . . ဘယ်ကိုသွားမလို့လဲ'

အိမ်သို့ရောက်သည်နှင့် ကပျာကယာ သိမ်းဆည်းလို
ရင်း မွေးစားမိခင်ကြီး မရိပ်မိအောင် ခင်နုတို့ရွာဘက်သို့ သွားမ
ပြင်ဆင်နိုက် ရုတ်တရက်မေးလိုက်သော စကားသံကိုကြားရသဖြ
ခြေလှမ်း တုံ့ခနဲဖြစ်သွားမိသည်။

အမှန်တော့ မွေးစားမိခင်ကြီးနှင့် ကျွန်ုပ်၏ကိုယ်ရေးကို
တာကိစ္စကား မဆိုင်လှပေ။

ကျွန်ုပ်အား တစ်ကြိမ်တစ်ခါမှ ထိုသို့စကားဆိုဖူးခြင်းမ
ပဲ ယခုလို မေးမြန်းနေသဖြင့် အံ့သြနေလေသည်။

'ခင်နုတို့ရွာဘက် ခဏလောက်သွားမလို့ပါ'

ကျွန်ုပ် မညာချင်သောကြောင့် အမှန်အတိုင်းပြောပြလိုက
ရလေတော့သည်။

'မင်း ခင်နုဆိုတဲ့မိန်းကလေးကို ရှေ့ဆက်တွဲနေရင် ဒု



ဘင်းကောင်းကြီး ရောက်လိမ့်မယ်'

အမေ မပုံ၏စကားက ကျွန်ုပ်မိန်းမယူရန်ကိစ္စကို ဘဝင်
ကျလေဟန်မတူချေ။

မိန်းမယူသွားလျှင် အိုမင်းသွားတော့မည်ဖြစ်သော အမေ
ပုံအတွက် လုပ်ကျွေးမည့်သူမရှိဖြစ်မှာ စိုးရိမ်ပုံရသည်။

ထို့ကြောင့် . . .

'အမေကလည်းဗျာ၊ ကျုပ်က သူများပစ္စည်းခိုးနေတာမှ
မဟုတ်တာ၊ ကျုပ်လိုအလုပ်ကြိုးစားတဲ့သူနဲ့ ဘယ်သူကမှ သဘော
တူနိုင်စရာ မရှိပါဘူး'

'အေးလေ. . . ဒါဆိုလည်းပြီးတာပဲ၊ နောက်မှ အမေ ပြော
တာ ဟုတ်ပါလားလို့ နောင်တမရနဲ့'

ထိုစဉ် အမေ မပုံ ပြောဆိုသောစကားကို ကျွန်ုပ် နားမဝင်
။ ကျွန်ုပ်နှင့်သက်ဆိုင်သော ကိုယ်ရေးကိုယ်တာအား ဝင်ရောက်
နှောင့်ယှက်နေသည်ဟု ထင်မိသည်။

ရည်းစားကိစ္စမှန်ထူနေသောကြောင့် ဘာကိုမှမစဉ်းစား
ပဲ ခင်နုနှင့်တွေ့ဆုံရန် ရွာထဲမှ မြင်းတစ်ကောင်ကိုရှာ၍ ထွက်လာ
ခဲ့သည်။

ကျွန်ုပ်၏ရွာနှင့် ခင်နုတို့ရွာကမဝေးလှသော်လည်း
အနည်းဆုံး သုံးနာရီ မြင်းကိုနှင်လိုက်လျှင် ရောက်နိုင်သည်။

ကျွန်ုပ်ငှားလာသည့် မြင်းညိုကြီးက ရှေ့ဘိုမြင်းစစ်စစ်မို့
ဘာမှပြောစရာမလို၊ နှင်သလောက် ခရီးတွင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာထိပ်သို့အရောက် လူကြုံမှာလိုက်သည့်အတွက် ခြံ
တွေ့နေကျ ညောင်ပင်ကြီးအောက်၌ ခင်နုက ကျွန်ုပ်အား ေ
တမျှော်မျှော်လုပ်နေသည်။

ကျွန်ုပ်ကိုမြင်မှ မြင်းရှိရာသို့ အားပါးတရပြေးလာရင်း

'ငါတို့ထွက်ပြေးကြရင်ကောင်းလိမ့်မယ်'

ရုတ်တရက် ပေါ်ထွက်လာသော ခင်နု၏စကားကြော
ကျွန်ုပ် တုန်လှုပ်သွားမိသည်။

'ဘယ်လိုဖြစ်လာတာလဲ ခင်နု'

'နင့်ကို ငါရှင်းပြဖို့အချိန်မရှိဘူး ကိုအောင်၊ အစ်ကို
လိုက်လာကြလိမ့်မယ်'

'ဘာတွေလဲ ခင်နုရယ်၊ ငါတော့ လုံးဝနားမလည်နိုင်ေ
ဘူး'

ခင်နုကဘာမျှမပြောဘဲ မြင်းပေါ်သို့ ခွေ့ခနဲခုန်တ
လိုက်ရင်း. . . .

**'ရွာမြင်ဘက်ကို အမြန်မောင်းစမ်းပါ ကိုအောင်ရယ်'**

ခင်နုအလိုကျ ရွာမြင်ဘက်သို့ အမြန်မောင်းနှင်လာ
သည်။ မြင်းခွာသံများက ကြားနေရဆဲ၊ ခင်နုအစ်ကိုတွေ လိုက်
ကြပြီဖြစ်ကြောင်း ကောင်းကောင်းသိ၍ လွတ်မြောက်ရာ ယာ
ဘစ်နေရာသို့ မြင်းကို ဦးတည်လိုက်လေသည်။ အကျီကိုဖြဲ၍ မြ
ခွာသံ လုံးဝမကြားရလေအောင် ပတ်ချည်ရင်း ယာခင်းဆီသို့ တ
ရွေ့ နှင်လာခဲ့လေတော့သည်။



သည်ယာခင်းထဲ၌ နှစ်ယောက်အိပ်ဖို့ ဆုံးဖြတ်လိုက်သည်။
အလိုမတူပဲခိုးပြေးသည်ဟု ခင်နုမိဘများက တိုင်ချက်ဖွင့်လျှင်
သက်ဆိုင်ရာက ဖြေလှန်ရှာပေဦးတော့မည်။

ခင်နုက သူ့အလိုဆန္ဒပြည့်ဝသွားပြီမို့ စိတ်အေးလက်
အေးသာ ရှိနေသော်လည်း ကျွန်ုပ် ရင်ခုန်မိနေဆဲ။ ကျွန်ုပ်အတွက်
ပထမဆုံး စွန့်စားရသည့်အလုပ်ပင် ဖြစ်လေသည်။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇၁ )

မိန်းမတစ်ယောက်ကိုရယူဖို့ ဤမျှ ခက်ခဲကြမ်းတမ်းလိမ့်မည်ဟု ကျွန်ုပ်လုံးဝတွေးမထားခဲ့။ တကယ့်လက်တွေ့ကျမှ အမေပုံပြောသလိုပင် ဒုက္ခလှလှကြီး တွေ့နေလေတော့သည်။

ကျွန်ုပ်က အားကိုးတကြီးလိုက်လာသော ခင်နုအတွက်ကြောက်ရွံ့အားငယ်စိတ်များ ဝင်လာမည်စိုးသောကြောင့် အရိပ်တကြည့်ကြည့် လုပ်နေရသည်။

ခင်နုကိုခိုးလျှင် ကျွန်ုပ် ရန်ကုန်သို့အရောက်ခိုးမှ ဖြစ်ပေတော့မည်။

ထိုနေရာတစ်ဝိုက်တွင် ပုန်းအောင်းနေပါက နှစ်ယောက်စလုံးကို ပြန်မိသွားနိုင်မှန်းသိသည်။

သို့သော် အချိန်ကုန်သွား၍ တစ်ဖက်ရွာမှ ရန်ကုန်သွားသည့်လမ်းကို ညတွင်းချင်း ဖြတ်သန်းဖို့ မလွယ်ကူလှ။

www.burmeseclassic.com

www.burmeseclassic.com



ခင်နုက မောပန်းလွန်းသဖြင့် လက်မောင်းပေါ် အပြ[ုံး]ကင်းစင်သော မျက်နှာလေးဖြင့် အိပ်စက်နေသည်။

နံနက်လင်းသည်နှင့် အဝေးဆီမှ မြင်းဟီးသံကို စတင်ကြားရသည်။

ထိုမြင်းဟီသံကြောင့် ကျွန်ုပ် ငှားစီးလာသည့်မြင်းညိုကြီးကလည်း တုံ့ပြန်အသံပြုလိုက်သည်။

ကျွန်ုပ်နှင့်ခင်နုတို့ရှိသော နေရာသို့ ပြေးမလွတ်နိုင်အောင်ဝိုင်းမိသွားလေသည်။

'ဟော့ကောင်. . . ထွက်ခဲ့စမ်း၊ ထွက်ပြေးမယ်မကြံနဲ့၊ နှစ်ယောက်စလုံး သေသွားမယ်'

ခင်နုအစ်ကို လူမိုက်များက ဓားတဝင့်ဝင့်နှင့် ကျွန်ုပ်တို့နှစ်ယောက်သား ရှိနိုင်မည့်နေရာကိုမှန်း၍ ခြောက်လှန့်အသံပြုနေသည်။ အားလုံးက မိလျှင် ဝိုင်း၍အမဲဖျက်ကြမှာ သေချာနေပြီ

'ဘယ်လိုလုပ်ကြမလဲ ကိုအောင်'

'လွတ်အောင်ထွက်ပြေးကြမယ်'

'ဟာ. . . ဖြစ်ပါ့မလား'

'ဒါဆို နင်နေခဲ့မလား'

'ဟင့်အင်း မနေခဲ့ဘူး'

ခင်နုကြောင့် ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွားမိသည်။

သူ့ဆန္ဒကြောင့် သည်နေရာသို့ မမျှော်လင့်ပဲ ခိုးပြေးလာ



ခိုင်းသာဖြစ်သည်။ ယခုတော့ သူကိုယ်တိုင်က အစ်ကိုများကို ရင်မဆိုင်ရဲအောင် ကြောက်လန့်တုန်လှုပ်နေသည်။

'ခက်လိုက်တာ ခင်နုရယ်၊ နင် ဘယ်လိုလုပ်မယ်ဆိုတာသာ မြန်မြန်ဆုံးဖြတ်စမ်းပါ'

စိတ်ပေါက်ပေါက်နှင့်အော်လိုက်မှ ကျွန်ုပ်နှင့်လိုက်လာသည်။ မြင်းဆီသို့သွားလို့မဖြစ်။

ကျွန်ုပ်မြင်းနှင့် အနီးတစ်ဝိုက်တွင် အန္တရာယ်များ ဝိုင်းရံနေမှန်းသိသည်။ ထို့ကြောင့် ခင်နုလက်ကိုဆွဲ၍ ကိုင်းတောထဲသို့ တိုးဝင်လိုက်သည်။

ကိုင်းတောအုပ်က ခြောက်ကပ်နေပြီး သစ်ပင်တစ်ပင်နှင့် တစ်ပင်ထပ်လျက် အုပ်ဆိုင်းနေသောကြောင့် ကျွန်ုပ်အတွက် လုံခြုံမှုရှိနိုင်သည့် နေရာကောင်းသာဖြစ်သည်။

ကျွန်ုပ်တို့နှစ်ယောက် ကိုင်းတောထဲသို့ဝင်ပြီး မကြာခင် နောက်မှလိုက်လာသော ခြေသံများကို ကြားရသည်။

'တောက်. . . လက်မတင်လေး လွတ်သွားရတယ်လို့ကွာ ဒီနှစ်ကောင် ဝေးဝေးမပြေးနိုင်ပါဘူး၊ ရှာကြစမ်း'

အပြင်ဘက်မှ စကားသံကို အတိုင်းသားကြားနေရသည်။

ကျွန်ုပ်တို့နှစ်ဦးက ချိုးချိုးချွတ်ချွတ် တိုးဝင်လာခဲ့ရင်း ကိုင်းတောအုပ်အတွင်းပိုင်းထိ ရောက်ရှိလာခဲ့သည်။ ကျွန်ုပ်ကဲ့သို့ ခင်နုအစ်ကို၏ တပည့်တပန်းများကလည်း ကိုင်းတောသို့ တိုးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ခင်နုကိုကာကွယ်ရင်း လက်ထဲမှကောက်ယူလာ
သော တုတ်တိုတစ်ချောင်းနှင့် ရှေ့ဆစ်တိုးရန် ကြံရွယ်နေသူအား
လွှဲရိုက်ပစ်လိုက်သည်။

'ခွပ်'

'အား'

အသံကြားရာဆီသို့ ပြေးလာသူလူမိုက်တချို့က ရှေ့ဆက်
မတိုးရဲလောက်အောင် ဖြစ်နေသည်။

အစ်ကိုလုပ်သူက အခြေအနေမှန်ကို သိမ္မာပါးနပ်စွာ
သုံးသပ်မိဟန်နှင့် . . .

'ကိုင်းတောထဲမှာ ပုန်းနေတာ သေချာတယ်၊ မီးရှို့ကြည့်
ကြစမ်း'

ခြောက်သွေ့နေသောကိုင်းတောကို မီးတိုက်ရန်ကြံစည်
လေတော့သည်။

ကျွန်ုပ်တို့ မည်သို့ပြေးရမှန်းမသိအောင် ဖြစ်သွားမိသည်
ဟရှဲရှဲမြည်သံနှင့်အတူ ကိုင်းတောမှာ မီးစတင်လောင်ကျွမ်းခဲ့လေ
တော့သည်။

ကိုင်းတောဇကာ ကူးစက်မြန်လွန်းလှသဖြင့် မီးတောက်မီးလျှံ
ကြီးက အပူရှိန်ပြင်းစွာ အနီးသို့ရောက်မလာမီကလေး အပြင်ဘက်
သို့ ဝုန်းခနဲ ရုန်းထွက်လိုက်ရလေသည်။

'ဘုံး'

'အင့်'



ကျွန်ုပ်ကား ခင်နုအပေါ်ငုံ့ညွှတ်၍ အပြင်သို့ရုန်းထွက်လိုက်
ရခြင်းဖြစ်သည်။

အပြင်သို့ရောက်သည်နှင့် အသင့်စောင့်မျှော်နေသည့်
ရန်သူက လက်သီးမိုးရွာချလိုက်သကဲ့သို့ ပြင်းထန်စွာတိုက်ခိုက်
အနိုင်ယူခြင်းကို ခံလိုက်ရလေတော့သည်။

ပြိုးပြက်ဝင်းလက်သော အထိအတွေ့ကို မျက်နှာပေါ်
ကျိန်းစပ်အောင် တိုက်ရိုက်ဖြစ်ပေါ်လာမှန်းကို သိရှိလိုက်ရပြီး
နောက် . . .

ကျွန်ုပ် သတိရလာသောအခါ ခြေလက်များကို မလှုပ်
မယှက်နိုင်အောင် ကြိုးနှင့်တုပ်နှောင်ခံထားရလေပြီ။

ခင်နုအား သူ၏အစ်ကိုနှင့် လူမိုက်များက ပြန်လည်ခေါ်
ဆောင်သွားသည်ကို သိရှိရသောအခါ ရင်ထဲကြေကွဲမိသလိုလို ခံစား
ရသည်။

ထိုအကြိမ်ခံစားရသည့်အဖြစ်က ကျွန်ုပ်အတွက် အပြင်း
ထန်ဆုံးဖြစ်ပေလိမ့်မည်။

ဘုရားဟောခဲ့သည့်အတိုင်း ချစ်သောသူနှင့်ကွေကွင်းရ
သောဒုက္ခ၊ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရသည့်ဒုက္ခ
ဟူသည် ပူလောင်လွန်းလှပေစွဟု ကိုယ်တွေ့ကြုံလိုက်ရမှ မခံနိုင်
လောက်အောင် သောကအပူ ဟပ်ခံရလေသည်။

ကျွန်ုပ်အတွက် ပထမဦးဆုံးအခက်အခဲက ချုပ်နှောင်ခံ
ထားရသော ယာဘဲနှလွတ်မြောက်ဖို့ပင် ဖြစ်တော့သည်။ ချည်

www.burmeseclassic.com

www.burmeseclassic.com



နှောင်ထားသော ကြိုးများကို ပြတ်တောက်သွားစေရန် ပွတ်တိုက်နေမိသည်။

ကြိုးသာမက ကျွန်ုပ်၏လက်များပါ ပေါက်ပြဲကုန်လေတော့သည်။

သို့ပေမယ့် ကျွန်ုပ်၏ပြင်းပြသောဆန္ဒ ပြည့်ဝလာခဲ့သည်။ ကျွန်ုပ် အချုပ်အနှောင်ထဲမှ လွတ်မြောက်လာရပြန်သည်။

ကျွန်ုပ် ခင်နုကိုတွေ့ရန် ကြိုးစားသော်လည်း ဂုဏ်ရည်မတူ သူတို့၏ထုံးစံအတိုင်း ကျွန်ုပ်၏မွေးစားအမေ မပုံ့၏ဆင်ရဲမှုကို လက်ညှိုးထိုးကဲ့ရဲ့ကာ သူတို့၏ ခြံဝင်းအတွင်းမှ ထိုးကြိတ်မောင်းထုတ်ခဲ့သည်။

ကျွန်ုပ် ဘာများတတ်နိုင်မည်နည်း။

ထိုအချိန်မှစ၍ ကျွန်ုပ်ခေါင်းထဲတွင် နာကြည်းခြင်းစိတ်ဝေဒနာမှ ဖြစ်ပေါ်လာသည့်အရာကား ချောမောလှပပြီး မာယာနှင့် မြူဆွယ်တတ်သောမိန်းမတို့အား သတ်ဖြတ်ချင်လောက်အောင် ...ဟာတတ်သည့် စိတ်ဆိုးစိတ်ညစ်ပင် ဖြစ်လေတော့သည်။

+ + + + + + + + + +

ဝဏ္ဏာသိဒ္ဓိဆေးကို ရရှိခဲ့သည့်အချိန်မှစ၍ ထိုနာကြည်းခြင်းဝေဒနာတို့အား ရက်စက်စွာ ကလဲ့စားချေတတ်သော အမုန်းတရားတို့နှင့် ကူစားခဲ့သည်။



မိန်းမလှလေးတစ်ဦးကို သတ်ပြီးပြီဆိုလျှင် စိတ်ရောရုပ်ပါပြောင်းသွားသကဲ့သို့ ဖြစ်ပျက်ခဲ့ပြီးသမျှကို မေ့ပစ်တတ်သည်။

ယခုလည်း သားဖြစ်သူရှိန်းမောင် ခြေလှမ်းပျက်နေသည့်...စွနှင့်ပတ်သက်၍ ကေသီဆိုသောမိန်းမချောလေးကို အဆက်အ...သယ်ပြတ်အောင် မည်သို့ ဖျောက်ဖျက်ပစ်ရမည်ကို ခေါင်းထဲအမြဲ...စေ ကြံစည်နေမိပြန်လေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇၆)

## ရှိန်းမောင် နေမြင့် မိတ်ဆွေဖြစ်

အိုရီရင့်ကလပ်သို့ မရောက်မီ မိုးက သဲကြီးမဲကြီးရွာသွန်းနေသည်။ လမ်းမီးရောင်ကရှိနေသော်လည်း လမ်းမပေါ်ယာဉ်များ အဆက်မပြတ်သေးသရွေ့ ရှိန်းမောင်တစ်ယောက် ကားကို သတိထား မောင်းနှင်နေရသည်။

ရွှေဂုံတိုင်လမ်းမကြီးအတိုင်း မောင်းနှင်လာရာမှ ခြောက်ထပ်ကြီးဘုရားအနီးသို့မရောက်မီ လမ်းမီးတိုင်များပြတ်နေသဖြင့် အားမီးစုံထွန်းရင်း အရှိန်လျှော့၍မောင်းနှင်လာခဲ့သည်။

ထိုနေရာက လူပြတ်တောက်သောနေရာဖြစ်သောကြောင့် ပို၍ သတိထားရသည်။

ရှိန်းမောင် တွေးနေမိသည်က သူ၏ မွေးစားဖခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကြွယ်နှင့် ပတ်သက်သောကိစ္စပင်ဖြစ်သည်။

မြိတ်ကျွန်းစု၌ ငန်းနက်သဘော်ကနစ်မြုပ်သည့်ကိစ္စအား သွားရောက်ရှာဖွေကြပြီး ပြန်လာကတည်းက ဦးအောင်ကြွယ် သူ့အပေါ် ဆက်ဆံတတ်သော အပြုအမူက အလျင်နှင့်မတူဘဲ ပြောင်းလဲနေမှန်း သတိကားမိလိုက်သည်။

အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို နက်နဲစွာ တွေးတောမနေချင်သော်လည်း သူ၏ချစ်သူ ဧကသီနှင့်ပတ်သက်၍ ပြင်းထန်စွာ ကန့်ကွက်လာသောအခါ ဦးအောင်ကြွယ်အပေါ် အလျင်က ထက်ပို၍ စိတ်ဝင်တစား ရှိလာတတ်သည်ကတော့ အမှန်။

မိုးက သဲလာသည်။

မှန်သုတ်က မိုးရေစက်များကို ရှင်း၍မရနိုင်လောက်အောင်ကို သဲသဲမဲမဲရွာနေသည်။

ကားမီးရောင်တည့်တည့် လမ်းမပေါ်၌ လူတစ်ယောက်က သူမောင်းနှင်လာသောကားကို လက်ပြတားနေသဖြင့် ထိတ်ခနဲဖြစ်သွားမိသည်။

ထိုနေရာက လူပြတ်သောနေရာဖြစ်၍ အင်္ကျီထဲမှ လိုင်စင်နှင့်ကိုင်ဆောင်ထားသည့် သေနတ်ကိုစမ်းရင်း ကားကို ထိုးရပ်ပေးလိုက်၏။

'တစ်ဆိတ်လောက် လမ်းကြုံလိုက်ပါရစေဗျာ၊ ကျုပ်ကား ဟိုမှာပျက်နေလို့ ထားခဲ့ရတယ်၊ အရေးကြီးလို့ပါ'

မိုးကာအင်္ကျီအရှည်ကို ဝတ်ဆင်ထားသောလူက ကားကြုံ



လိုက်ဖို့ မေတ္တာရပ်ခံနေသည်။

ထိုလူ၏ပုံသဏ္ဌာန်က လူဆိုးတစ်ယောက်တော့ ဖြစ်လေဟန်မတူ၊ ဒုက္ခရောက်၍ အကူအညီတောင်းခံနေသော လူတစ်ယောက်ဖြစ်မည်ဟု အကဲခတ်လိုက်မိသောကြောင့်. . .

'မိတ်ဆွေက ဘယ်ကိုသွားမလို့လဲ'

'အိုဒီရင့် ကလပ်ကိုပါ'

'ဒါဆိုတက်လေ၊ လမ်းကြုံသားပဲ'

တစ်ခရီးတည်းသွားရမည့်အဖော်ဖြစ်နေ၍ ကားတံခါးကို ဖွင့်ပြီး တက်ခွင့်ပြုလိုက်သည်။

'ကျေးဇူးပါပဲဗျာ'

ထိုလူက ကျေးဇူးတင်ကြောင်းပြောဆို၍ ကားထဲဝင်ထိုင်လိုက်သည်။

'ကျုပ်နာမည်က နေမြင့်ပါ၊ အလုပ်က အင်စပက်တာလေ'

'ဩော်. . . ကျွန်တော် ရှိန်းမောင်ပါ'

တစ်ဦးကိုယ်တစ်ဦး ရင်နှီးမှုရှိအောင် မိတ်ဆက်လိုက်ရင်း ရွှေဂုံတိုင်လမ်းမကို ဦးတည်မောင်းနှင်လာခဲ့သည်။

'မိုးကလည်း ကောင်းလိုက်တာဗျာ၊ အကူအညီတောင်းဖို့ ကားကလဲ မတွေ့၊ တွေ့တဲ့ကားကလဲ ရပ်မပေးဘူးလေ'

'ဒီနေရာက မကြာခဏ အနုကြမ်းစီးခံနေရတဲ့နေရာ ဆိုတော့ ရပ်မပေးရဲလို့ဖြစ်မှာပါ'

'ဟုတ်ပါရဲ့ဗျာ၊ အခုတလော အနုကြမ်းစီးတဲ့ အမှုတင်

www.burmeseclassic.com



မကာဘူး . . လူသတ်မှုတွေကလဲ တစ်ခုပြီးတစ်ခု ပေါ်နေပြန်တော့ ပုလိပ်အဖွဲ့ကြီးတစ်ခုလုံးက ဒုစရိုက်ဂိုဏ်းတွေကို မနှိမ်နင်းနိုင်တော့ဘူးလားလို့တောင် သတင်းစာထဲ ထည့်မရေးရုံတစ်မည်ပါပဲဗျာ . . အဆိုးဆုံးက မိန်းမချော မိန်းမလှလေးတွေကိုမှ ရွေးပြီးလိုက်သတ်နေတဲ့ အမှုပါပဲ'

အင်စပက်တာနေမြင့်က သူ့စိတ်ထဲရှိသမျှကို ရင်းနှီးပွင့်လင်းသော မိတ်ဆွေတစ်ယောက်အား တိုင်ပင်နေသကဲ့သို့ ညည်းတွားနေမိသည်။

'ခင်ဗျားက အိုဗီရင့် အသင်းဝင်ပဲလား'

'ဟုတ်ပါတယ်'

ရှိန်းမောင်က ဂရုတစိုက်ဖြေကြားရင်း ကားကိုဆက်မောင်းလိုက်၏။

'ခင်ဗျားကို ကျုပ်တွေ့ဖူးသလိုလိုပဲ'

'ကျွန်တော်က သက်န်းကျွန်း သံရည်ကျိုစက်ပိုင်ရှင် ဦးအောင်ကြွယ်ရဲ့ မွေးစားသားပါ'

'ဪ . . ဪ . . ဦးအောင်ကြွယ်ကိုတော့ ဦးတိုးစိန်ဆီ မကြာခဏလာတာ တွေ့ဖူးပါတယ်၊ ခင်ဗျားအဖေက လူရိုးလူအေးတစ်ယောက်ပဲ'

အင်စပက်တာနေမြင့်က ဦးအောင်ကြွယ်နှင့်ပတ်သက်၍ ဂုဏ်တင်ပြောဆိုလိုက်သဖြင့် ရှိန်းမောင်တစ်ယောက် ကျေနပ်သွားသလိုရှိသွားခဲ့သည်။ ကားက အိုဗီရင့်ကလပ်သို့ ချိုးကွေ့ဝင်လိုက်



သည်။

မီးရောင်နှင့် ညအလှကိုပေါ် လွင်စေရန် ဖွဲ့စည်းထားသည့် အိုင်ဗီရင့်ကလပ်ကား စည်ကားနေမြဲ။

အထူးသဖြင့် နိုင်ငံခြားသားများသာ ဇိမ်ခံတတ်သော နေရာဖြစ်သောကြောင့် မြန်မာများ အလွန်နည်းပါးလှသည်။ သူတို့နှစ်ဦးသား ယမကာအခန်းဆီသို့ ထွက်လာခဲ့ကြလေသည်။

'ကိုရှိန်းမောင်ကို မိတ်ဆွေဖြစ် အထိမ်းအမှတ်တစ်ခုခု ပြုစုပါရစေဗျာ'

'ကိစ္စမရှိပါဘူးဗျာ . . . အားနာစရာကြီး'

'ရပါတယ်ဗျာ . . ကားကြုံလိုက်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ'

ယမကာခန်းတွေင် ထိုင်လျက် စားသောက်ဖွယ်များနှင့် အရက်ကို အင်စပက်တာနေမြင့်က ဦးဆောင်မှာကြားလိုက်သည်။

ရှိန်းမောင်က အနေရခက်နေသည်။

သူ သည်ကိုရောက်လာသည့်ရည်ရွယ်ချက်က ကေသီအားတွေ့ဆုံရန်သာဖြစ်သောကြောင့် ထိုကိစ္စကို ဘယ်လိုစကားစရမှန်းမသိအောင် ဖြစ်နေသည်။

'မြကြာယံကေသီ အလှည့်မရောက်သေးဘူးနော်'

'ဗျာ'

အင်စပက်တာနေမြင့်က သူ့အတွေးနှင့်သူ ရုတ်တရက်ပြောဆိုလိုက်သောကြောင့် ရှိန်းမောင် အံ့အားသင့်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကေသီကို ခင်ဗျားသိလို့လား'

'သိပ်သိတာပေါ့ဗျာ၊ အိုဒီရင့်ကိုဝင်တိုင်း မြကြာယံသီခ… လေးနဲ့ နှာမည်ကြီးနေတဲ့ အဆိုတော်မလေးတစ်ယောက်ကို မသိ… ကျုပ် တစ်ခေတ်နောက်ကျသွားတော့မှာပေါ့'

'ကေသီက ကျွန်တော့် ချစ်သူဗျ'

'ဟင်. . . ဟုတ်လား'

အင်စပက်တာနေမြင့် အံ့ရမ်းအံ့အားသင့်သွားသည် ကေသီနှင့်ပတ်သက်၍ လူသတ်သမားက ချဉ်းကပ်ဖူးကြောင်း ဖျ… ခနဲ သတိရမိလိုက်သဖြင့်. . .

'ခင်ဗျားတို့ ချစ်သူဘဝရောက်တာ ကြာပြီလား'

'အင်း. . . ၁ာ့စ်နှစ်ပြည့်တော့မယ် ဆိုပါတော့'

'ကေသီကတော့ အသံရောရုပ်ရော ပြောစရာမရှိဘူး… ကိုယ့်လူတော့ ဒီလိုမိန်းကလေးမျိုးနဲ့ ချစ်ကြိုက်မိတာ အတော့်… ကုသိုလ်ကောင်းတာပါပဲ'

အင်စပက်တာနေမြင့်က ရွှန်းရွှန်းဝေအောင် ပြောဆိုနေ… သော်လည်း ရှိန်းမောင်ဘက်မှ ဟက်ဟက်ပက်ပက်မရှိသဖြင့် အံ့သြ… ရ၏။

'ဘယ်လိုဖြစ်နေတာလဲ ကိုရှိန်းမောင်၊ ကျုပ် ပြောတာကြား… တာယ်မဟုတ်လား'

'ကြားပါတယ်ဗျာ၊ ခင်ဗျားပြောသလိုဖြစ်ရင် ကောင်းမှာပဲ… လို့ တွေးနေမိလို့ပါ'



'ဘယ်လို'

'ကျွန်တော်နဲ့ကေသီ ချစ်သူတွေဖြစ်ခဲ့ပေမယ့် လက်ထပ်ဖို့ အထိတော့ စိတ်ကူးလို့မရနိုင်သေးပါဘူးဗျာ၊ ဖေဖေက သူနဲ့ သဘော မတူဘူးလေ'

'ဩော်'

'အဖေက စိတ်တစ်မျိုးဗျ၊ သူကိုယ်တိုင် သံရည်ကျိုစက်ပိုင် ရှင်ဖြစ်လာအောင် အောက်ခြေကနေ ရိုးရိုးကုပ်ကုပ် ကြိုးစားလာခဲ့ ပေမယ့် မိန်းကလေးတွေနဲ့ပတ်သက်လာရင် အတော့်ကိုဇီဇာ ကြောင်တာ၊ ကေသီဟာ သူကိုယ်တိုင် သီချင်းသည်ဘဝနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေရပေမယ့် တခြားမိန်းကလေးတွေလို ဣန္ဒြေမဲ့စွာ နေထိုင်တတ်တာမဟုတ်ဘူးလေ'

ရှိန်းမောင် အရက်အရှိန်လေးနှင့် သူ၏ခံစားချက်တို့အား ရင်ဖွင့်ပြောဆိုနေပြန်သည်။ အင်စပက်တာနေမြင့်က မမျှော်လင့်ဘဲ ရှိန်းမောင်၏ ဘဝအစိတ်အပိုင်းတစ်ချို့သာမကဘဲ ဦးအောင်ကြွယ်အကြောင်း တစေ့တစောင်း သိခွင့်ရခဲ့သဖြင့် များစွာ ကျေနပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

ယမကာခန်းမဆီသို့ မြကြာယံသီချင်းက ပျံ့လွင့်လာသဖြင့် နှစ်ယောက်သား စကားစမြည်ပြောဆိုနေရာမှ ရပ်လိုက်ကြသည်။

ရှိန်းမောင်က ရီဝေနေသောမျက်လုံးများနှင့် သီချင်းဆို ဖျော်ဖြေနေသည့် ကေသီထံသို့ ငြိမ်သက်စွာ ငေးစိုက်ကြည့်နေသည်။

နှစ်ဦးစလုံး၏အကြောင်းကို သိခဲ့ရသော အင်စပက်တာ နေမြင့်ပင် စိတ်မကောင်းဖြစ်သွားခဲ့သည်။ သူ့တာဝန်နှင့် တူလွန်းလှပေစွ။

သူကိုယ်တိုင်က မြနှင်းအေးကို လက်ထပ်ရန်ကြံရွယ်မိသော်လည်း တာဝန်နှင့် ဝတ္တရားကို အမြဲဦးစားပေးနေရသူဖြစ်၍ လက်မထပ်နိုင်သေး။ အင်စပက်တာနေမြင့်က မြနှင်းအေးကိုသတိရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်နှင့်ဝတ္တရားက ပင့်ကူနက်ဂိုဏ်းချုပ်နှင့် လူသ
တရားခံတစ်ဦးအား မဖမ်းဆီးနိုင်သရွေ့ ပြီးဆုံးသွားလိမ့်မ
မဟုတ်ပေ။ မြကြာယံသီချင်းထဲ၌ သူပါမျောပါသွားသလို ထင်လို
မိသည်။

နောက်တစ်နေ့ ရှိန်းမောင်က သူ့ထံသို့ ဖုန်းဆက်သည
ဖုန်းထဲ၌ မြကြာယံကေသီနှင့် သူ့အား လက်ထပ်ခွင့်ပြုလိုက်ကြော
ကို ဝမ်းသာအားရ ပြောပြလေသည်။

မြကြာယံကေသီကလည်း သူ၏အောင်မြင်မှုကြောင့် ရွှေ
ပင့်ကူဟိုတယ်မှ ဖျော်ဖြေပေးရန် လစာနှစ်ဆပေး၍ အလုပ်
လိုက်ကြောင်းနှင့် သူ့အား ထပ်မံပြုစုလိုသဖြင့် ရွှေပင့်ကူသို့ လ
ရောက်ဖို့ ဖိတ်ကြားလိုက်၏။

အင်စပက်တာနေမြင့် ဝမ်းသာသွားမိသည်။

တစ်ခါက ပင့်ကူနက်ဂိုဏ်းကို ဝင်ရောက်ဖမ်းဆီးစ
အမှတ်မထင်ရရှိလာခဲ့သော လိပ်စာကတ်ပြားလေးတစ်ခုအား မှ
ဖွေကြည့်မိသည့်အခါ ရွှေပင့်ကူစားသောက်ဆိုင်ပင်ဖြစ်နေသည
ထို့ကြောင့် ရှိန်းမောင် ဖိတ်ကြားခဲ့သောကိစ္စနှင့်ပတ်သက်၍ 
အနေနှင့် မငြင်းလိုတော့။

ရွှေပင့်ကူစားသောက်ဆိုင်၌ သူ့အတွက် သဲလွန်စတ
တော့ ရကောင်းသည်ဟု အောက်မေ့မိသည်။

ထို့ကြောင့် ရှိန်းမောင်နှင့်အတူ ရွှေပင့်ကူစားသောက်ဆိ
သို့ လိုက်လာရန် ချိန်းဆိုထားသည့်နေရာသို့ ထွက်လာခဲ့လေတော



ည်။ ရွှေပင့်ကူစားသောက်ဆိုင်က ရှစ်မိုင်၌ရှိသည်။ ပိုက်ဆံတတ်
သူများ ငွေကိုပုံ၍ ဖြုန်းတတ်သော တရုတ်ဟိုတယ်တစ်ခုဖြစ်
ည်ဟု မသွားရောက်မီကတည်းက လေ့လာထားမိသည်။ ဟိုတယ်
ရှင် စိန်ဟုတ်ကြည်မှာ မြင်းပွဲတွင် အောင်မြင်နေသော လောင်း
စားသမားကြီးတစ်ဦးပင်ဖြစ်သည်။

ထို့ကြောင့် ရွှေပင့်ကူဟိုတယ်မှာ တခြားရက်စတောရင့်
းနှင့်မတူဘဲ စီးပွားရေးအရ အောင်မြင်မှုရရှိလာခဲ့သည်။

အထူးသဖြင့် ဒီစတြိတ်နယ်မှ တောသူဌေးအများစု လာ
ာက်လေ့ရှိသောနေရာဖြစ်သောကြောင့် တချို့လူကုံထံအသိုင်း
ဝိုင်းက စားသောက်သည့်နေရာနှင့် မတူနိုင်။

ဆိုင်းဘုတ်အနီရောင်ရင့်ရင့်ပေါ်တွင် ရွှေပင့်ကူကြီးတစ်
ကောင်ကို ထင်ထင်ရှားရှားရှိစေရန် အမှတ်အသားပြုထားပြီး ခြံ
ယ်ကြီးတစ်ခုအတွင်း ဖွင့်လှစ်ထားသော နေရာပင်ဖြစ်သည်။

(ထိုကာလက ရွှေပင့်ကူရက်စတောရင့် ဖွင့်လှစ်ထားသော
ရာအနီးတစ်ဝိုက်တွင် မြန်မာအများစုက နဂါးနီစားသောက်
င်ကို အပြိုင်ဖွင့်လှစ်ခဲ့ဖူးသည်။)

ရွှေပင့်ကူမှာ (၈)မိုင်ခြံကြီးအတွင်း၌ရှိသောကြောင့်
ယ်ပိုင်ကားရှိသူများမှသာ ထိုနေရာသို့ သွားလာရ လွယ်ကူသည်။
းမောင်နှင့် နေမြင့်တို့နှစ်ယောက်မှာ မမျှော်လင့်ဘဲ မိတ်ဆွေဖြစ်
ာရသူများဖြစ်သော်လည်း အရင်းနှီးဆုံးပေါင်းသင်းလာခဲ့သူနှ
ောက်ဟု ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပင့်ကူသို့ ရှိန်းမောင် ကားရပ်လိုက်သည်နှင့် လူကြီးတ
ယောက်က အူယားဖားယားပြေးလာသည်ကို သတိပြုလိုက်မိသည်
ထိုလူကြီးမှာ အသက်ငါးဆယ်ကျော်ကကျော်ခန့်ရှိပြီး ပ
က ညှဉ်းသိုးသိုး ဖြစ်နေသည်။

'အူး. . . ပူး'

'စိတ်ချပါတယ် ဦးဘိုးမြရဲ့ကျွန်တော့်ကားကို ဦးဘိုးမြလ
ထဲမှ ယုံကြည်စွာအပ်ထားမှာပါ'

'အူး. . . ဝေါ. . . ဝေါ'

ထိုလူကြီးကို ကြည့်ရသည်မှာ သနားစရာကောင်းလှသည
စကားလုံးဝမပြောတတ်ဘဲ ဆွံ့အနေသောလူတစ်ယောက်ဖြစ်
သတိထားမိလိုက်သည်။

ရှိန်းမောင်အား တခြားကားတွေမတိုက်မိအောင် ဘေး
ရပ်ထားဖို့ လက်ဟန်ခြေဟန်ပြ၍ ပြောဆိုနေသည်။ ရှိန်းမောင်
လူတန်းစားမခွဲခြားတတ်သောလေဟန် ဦးဘိုးမြဆိုသောလူကြီး
ာရှိဘသေဆက်ဆံရင်း ဘောက်ဆူးတွေကို လက်ထဲထည့်ပေးလို
သည်။

အင်စပ်က်တာနေမြင့်ကလည်း သူမှာပါသည့် ငွေစ
လေးကို သနားသဖြင့် ထပ်မံပေးလိုက်သည်။

ဦးဘိုးမြက ဝမ်းသာလွန်းသဖြင့် သူတို့နှစ်ယောက်အ
အရှိအသေပေးကာ ထွက်ခွာသွားလေတော့သည်။

နေမြင့်က ဦးဘိုးမြကို ငေးကြည့်ရင်း. . .



'ဦးဘိုးမြက ဘာလုပ်တာလဲဗျ'

'ကားစောင့်ကြီးလေ၊ သိပ်သနားဖို့ကောင်းတာ ကိုနေမြင့်
ရဲ့၊ ကျွန်တော့်ကား ထိုးရပ်လိုက်ပြီဆိုတာနဲ့ ဝမ်းသာအားရပြေးလာ
ပြီး ကြိုတတ်တယ်လေ. . .

မိသားစုအတွက် ဆွံ့အနေတဲ့ကြားက ကားစောင့်အလုပ်
လုပ်ပြီး ရှာကျွေးနေသူတစ်ယောက်ပေါ့'

'ဪ'

'သူက တခြားဘာအလုပ်လုပ်သေးလဲ'

'ရွှေပင့်ကူခြံက တံခါးစောင့်ခန့်ထားတယ်လေ၊ အခုတော့
တံခါးလဲစောင့်ရင်း သူ့အတွက် ဘောက်ဆူးရနိုင်မယ့် ကားတွေရပ်
ပိုင်း လိုက်ပြီး ကြိုဆိုနေတာပါပဲ၊ တချို့ကလည်း သနားပြီး တွေ့
တိုင်း ပိုက်ဆံပေးကြတယ်လေ၊ တချို့ကျပြန်တော့ သနားရကောင်း
မှန်း မသိပြန်ဘူး'

'လူဆိုတာဒီလိုပါပဲဗျာ တစ်ယောက်နဲ့တစ်ယောက် စိတ်
သားချင်း ဘယ်တူနိုင်ပါ့မလဲ'

ဦးဘိုးမြနှင့်ပတ်သက်၍စကားဖြတ်လိုက်ရင်း စားသောက်
ဆိုင်မဆီသို့ နှစ်ယောက်သား ဝင်လာခဲ့ကြသည်။

ရှိန်းမောင်က စားသောက်ဖွယ်ရာများ၊ ယမကာများဖြင့်
ည့်ခံလေတော့သည်။ ချစ်သူတေသီနှင့်လည်း မိတ်ဆက်ပေးသည်။

တေသီမှာ မီးဆလိုက်များအောက်တွင် မြင်ရသည်နှင့်တ
ည်ထက်ပို၍ ချောမောရှင်းသန့်နေသူတစ်ဦးဖြစ်မှန်းကို သတိ

www.burmeseclassic.com

www.burmeseclassic.com



ထားမိလိုက်သည်။

သူမကို အင်စပက်တာနေမြင့်က အကဲခတ်ကြည့်ရှုနေမှန်း သိ၍ ရှက်စနိုးပင် ဖြစ်နေမိသည်။

ကျောက်ဖြူစားပွဲဝိုင်းကြီး၌ ပယင်းရောင်ဖန်ခွက် နှစ်လုံး ရှိသည်။

အကောင်းဆုံး ရက်လေဘယ်ပုလင်းတစ်လုံးကို မှာယူ၍ ရှိန်းမောင်ကိုယ်တိုင် ညှော်စတ်ကျေပွန်စွာ ဖန်ခွက်ထဲထည့်ပေးရင်း ရေခဲတုံးလေးများကို ညှပ်ဖြင့်ထည့်ပေးလိုက်လေသည်။

'ကဲ. . . ကြိုက်သလိုသုံးဆောင်ပါ ကိုနေမြင့်၊ ကျွန်တော်ငဖနီးမောင်နဲ့ရဲ့ ညှော်ခံပွဲပါပဲ'

'အို'

ဖနီးမောင်နဲ့ဟုပြောလိုက်သဖြင့် ကေသီ၏ သန္တာခဲလေး မြန်းကာ နှုတ်ခမ်းကလေးအကြား 'အို' ဟူသော အာမေဋိတ်အသံ ကလေးက ပေါ်ထွက်လာသည်။ မနေတတ်လေဟန်နှင့် ရှိန်းမော အား မျက်စောင်းကလေးထိုး၍ ကြည့်ရှုလိုက်ပုံကိုက လှပစ် ရောင်အောက်တွင် အထူးပန်ရလိုက်ဖက်လှသော ချစ်စရာအလ တစ်ပါးပင် ဖြစ်တော့သည်။

ကေသီက အရက်မသောက်ပဲ အကောင်းဆုံး စင်နာ ဖျော်ရည်ကိုမှာ၍ သောက်လေသည်။

'ကေသီရော ရွှေပင့်ကူမှာလုပ်ရတာ အဆင်ပြေရဲ့လာ

အင်စပက်တာနေမြင့်က ရင်းနှီးလေဟန် ကေသီဟု



နှီးခေါ် ဝေါ်မှုကိုပြု၍ စကားစ ရှာမေးလိုက်၏။

'ဟုတ်ကဲ့. . . အိုဒီရင့် ဟိုတယ်မှာလောက်တော့ ခောက် ဆူးမရပေမယ့် လစာအားဖြင့် နှစ်ဆပိုတယ်ဆိုတော့ ကေသီ အတွက် ပိုအဆင်ပြေတယ်လို့ပဲ ဆိုရတော့မှာပေါ့ အစ်ကို'

ကေသီက စကားကို တစ်လုံးချင်း မမှားအောင် ထိန်းသိမ်း ပြောဆိုတတ်သူ မိန်းကလေးတစ်ယောက်ဖြစ်မှန်း သတိထားမိ သည်။ အိုဒီရင့်တလပ်၌ စတွေ့စဉ်ကလို သွက်သွက်လက်လက် မရှိတာအမှန်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

သူ့အား အင်စပက်တာတစ်ယောက်ဟူသော အနေ ထားကြောင့် ကြောက်လန့်စွာ ပြောဆိုနေရသောသူတစ ယောက် သံသယဖြစ်နိုင်ဖွယ်ဖြစ်၏။

'ရှိန်းမောင်နဲ့ လက်ထပ်ဖို့အစီအစဉ်ရော ဘယ်တော့ ောက် ဖြစ်မယ်ထင်သလဲ'

'ဒါကတော့ သူ့အပေါ်မှာ မူတည်တာပဲလေ၊ ကေသီဘက် တော့ အဆင်သင့်ပါပဲ'

ကေသီစကားကြောင့် ရှိန်းမောင်တစ်ယောက် ပြုံးစိစိလုပ် သည်။ ဖန်ခွက်ထဲမှ ပယင်းရောင်အရည်များ လက်တစ်လုံးခန့် ဆွာသွားပြီဖြစ်၏။

'ကိုနေမြင့်က အရက်ကြိုက်တတ်ပုံ ရတယ်နော်'

'မဟုတ်ရပါဘူးဗျာ၊ တစ်ခါတစ်လေမှ မိတ်ဆွေသူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကြုံဆုံမိတုန်း သောက်စားရတာပါ၊ ကြိုက်တယ်တော့ မဟုတ်
ဘူး၊ အဖျော်ယမကာလေးနဲ့မှ ခေတ်မီတယ်လို့ ထင်ရင်တော့ ခေ
မီတဲ့လူတစ်ယောက် ဖြစ်ချင်တာပေါ့ဗျာ'

အင်စပက်တာနေမြင့်၏စကားကို ကေသီကိုယ်တိုင်လည်
နှစ်ခြိုက်သဘောကျသွားလေဟန် ပြုံးလိုက်သည်။

သုံးယောက်သား ရက်လေဘယ်တစ်လုံး မှုကုန်မခ
တွေရာလေးပါးစကားတွေ လျှောက်ပြောနေမိကြသည်။

အရက်ရှိန်ကလေးနှင့်ရှိန်းမောင်က သူ၏မွေးစားဖခင်
ဦးအောင်ကြွယ်နှင့်ပတ်သက်၍ ရင်ထဲ၌ ခံစားရသမျှကို ရင်
ပွင့်လင်းစွာ ခတ်ပြုံးပြုံးဟောင်း အပ်ကြောင်းထပ်နေသည့်အလ
ဖွင့်ပြနေသည်။

ကေသီ၏ အတောက်ပဆုံးမျက်လုံးတစ်စုံနှင့် မျက်
တစ်ခုက အင်စပက်တာနေမြင့်ထံ မကြာခဏ ခိုးကြည့်တတ်မှန်း
သော်လည်း မသိချင်ဟန်ဆောင်နေလိုက်ရသည်။

ကေသီအပေါ် သံသယဖြစ်လာမိသောစိတ်များ ရင်ထ
နှိုးဆွပေးသလို ဖြစ်လာခဲ့သည်။

အမြည်းပန်းကန်များ တစ်ပွဲပြီးတစ်ပွဲ ရောက်လာခဲ့
အရက်ပုလင်းတစ်ဝက်ကျိုးချိန်၌ ရှိန်းမောင်တစ်ယောက် မဟာ
ဖြစ်လာသည်။

ထို့ကြောင့် အင်စပက်တာနေမြင့်က သောက်စားနေသော
ပွဲကို အလိုက်သိတတ်စွာ ရပ်ဆိုင်းပေးလိုက်ရင်း ရှိန်းမောင်ကို တ



င်လိုက်သည်။

'ကေသီ. . . ကားဆီသွားနှင့်လေ့'

ကေသီကို ကားရှိရာသို့ သွားခိုင်းလိုက်ရင်း ရှိန်းမောင်၏
ာကိုယ်အား ရုပ်ပျက်ဆင်းပျက် ဖြစ်မသွားရလေအောင် သတိနှင့်
န်း၍ ခေါ်ဆောင်လာခဲ့ရလေသည်။

အပြင်သို့ရောက်သည်နှင့် ဆွဲ့အနေသော ဦးဘိုးမြကာ ရှိန်း
ာင်ကို ဝိုင်းကူတွဲခေါ်ပေးသည်။

ဦးဘိုးမြ၏အကြည့်က ကေသီအပေါ် နှစ်သက်လိုလား
န်မရှိကြောင်း သတိထားလိုက်သည်။ ဦးဘိုးမြလို ရိုးသားသူ တစ်
ာက်က ကေသီကဲ့သို့ သီချင်းဆိုဖျော်ဖြေသူ မိန်းကလေးကို
ကောင်းသည့်မိန်းကလေးတစ်ယောက်ဟု ရှိန်းမောင်၏ကားထဲ
င်၌ အထင်အမြင် လွဲမှားသွားသောကြောင့်ပင် ဖြစ်လိမ့်မည်ဟု
င်မိသည်။

အင်စပက်တာနေမြင့်အတွက် ကေသီမှာ သံသယဖြစ်လာ
ည့်သူတစ်ယောက်ဆိုလျှင် မမှားပေ။

× × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



'ဒီအတိုင်းဆိုရင် ရှိန်းမောင်နဲ့ကေသီတို့က ဦးအောင်[...]
ရှိနေသရွေ့ လက်ထပ်ဖို့ မလွယ်သေးဘူးပေါ့ ဟုတ်လား'

'ဟုတ်ဘယ် အေးရဲ့၊ သူတို့ဘဝက ကိုယ်တို့ထက်[...]
သနားဖို့ကောင်းနေသေးတယ်'

နေမြင့်က ရှိန်းမောင်နှင့် ဆုံစည်းခဲ့ပုံကအစ နော[...]
ရွှေပင့်ကူရက်စတောရင့်၌ ကြုံလိုက်ရသည်အထိ ချစ်သူမြနှင်း[...]
အား ပြောပြလိုက်သည်။

မြနှင်းအေးက စိတ်ဝင်စားစွာနားထောင်ရင်း [...]
ထင်မြင်ယူဆချက်ကို ပြောပြလေသည်။

'ဦးအောင်ကြွယ်က လူတစ်မျိုးပါပဲ၊ သူကိုယ်တိုင်က [...]
ဘတက်ပြီး လူ့ဘဝတစ်လျှောက်လုံး ငွေရဖို့သာအရေးအကြ[...]
လို့ အာရုံစိုက်နေရတာကြောင့် ခုလို လူပျိုကြီးဖြစ်နေတာပဲ [...]



၈

တော့လေ'

မြနှင်းအေးက ဦးအောင်ကြွယ်နှင့်ပတ်သက်သမျှ သူသိ
ထားသမျှလောက်ကို စကားစလိုက်သည်။

'ဦးတိုးစိန်ဆိုတော့ သူလာသေးသလား'

'လာပါတယ်၊ ဒီလူကြီးကြည့်ရတာ တစ်မျိုးပဲ အသက်ကြီး
မှ ဆံပင်တွေဆေးဆိုးလို့၊ မျက်နှာကလဲ တစ်ခါတစ်လေ မိတ်ကပ်
များ လိမ်းလာသလားအောက်မေ့ရတယ်၊ အသက်ကြီးမှ ချောမော
လှပမှုကို ပိုပြီး ခုံမင်တတ်သလိုပါပဲ အစ်ကိုရယ်. . .

တစ်ခါတစ်လေ အေးကို စကားမရှိစကားရှာ လာလာ
ပြောတတ်သေးတယ်၊ အေးအနေနဲ့ ဦးတိုးစိန်မျက်နှာကြောင့်
အလိုက်သင့် ဆက်ဆံနေရတာပါ'

နေမြင့် တုန်လှုပ်သွားမိသည်။

ရှိန်းမောင် ပြောသမျှကို ဆက်စပ်၍ စဉ်းစားကြည့်နေမိ
သည်။

ဦးအောင်ကြွယ်ကိုယ်တိုင်က မိန်းမတွေအပေါ် မုန်းတီး၍
လူပျိုကြီးလုပ်နေသူဖြစ်ကြောင်း. . .

ရှိန်းမောင် လက်ထပ်မည့်ကိစ္စ၌ သူကိုယ်တိုင်က သဘော
မတူနိုင်ဖြစ်ရသည့်အကြောင်းကို ကြားသိရပြီဖြစ်၏။

ယခု မြနှင်းအေး ပြောဆိုသောအကြောင်းနှင့် လုံးဝဆန့်
ကျင်ဘက် ဖြစ်နေသည်။

'အေး အနေနဲ့ သူလာပြီး အခုလိုဆက်ဆံနေတာကိုရော

www.burmeseclassic.com

www.burmeseclassic.com



ဦးတိုးစိန့်ကို ပြောမပြဘူးလား'

'ဟင့်အင်း. . . သူ့အသက်အရွယ်ကြီးနဲ့ အေးအပေ ဘယ်လိုမှ ပတ်သက်လာလိမ့်မယ် မထင်လို့လေ. . .

နောက်ပြီးတော့ လူတစ်ယောက်အတွက် အရေးကြီးဆုံး သိက္ခာတရားပဲ မဟုတ်လား၊ အေး ပြောပြလိုက်ရင် သူ့သိက္ခာ သွားမှာပေါ့'

'အင်း. . . ဒါလည်းမှန်တာပဲ၊ ဒါပေမယ့် စိတ်ပညာအ ဆိုရင် ဦးအောင်ကြွယ်လို အရွယ်ကြီးတွေက ပိုပြီး ဖောက်ပြန်လ တတ်တဲ့ သဘောရှိတယ် အေးရဲ့. . .

ဒါကြောင့် ဘာပဲဖြစ်ဖြစ် လိုအပ်သည်ထက်ပိုပြီး လို လျောစွာ မဆက်ဆံနဲ့'

'စိတ်ချစမ်းပါ အစ်ကို၊ အေး ဒီလောက်တောင် သ မမှဲ့ပါဘူး'

'အေးအပေါ် ယုံပါတယ်'

ဦးအောင်ကြွယ်နှင့်ပတ်သက်၍ စကားဆက်ပြောနေလျှ နှစ်ဦးသား ပဋိပက္ခဖြစ်လာနိုင်သောကြောင့် နေမြင့်က ပါးနပ်လိမ္မ စွာ ရှောင်တိမ်းလိုက်၏။

'အေးကို အစ်ကို တစ်ခါကပေးထားဖူးတဲ့ ဓာတ်ပုံ ရှိသေးလား'

'လူသတ်သမားပုံကို ပြောတာလင်တယ်၊ ရှိတယ်လေ'

'အဲဒီလူကိုတွေ့တွေ့ချင်း အစ်ကို့ဆီ ချက်ချင်းအကြော



မမေ့နဲ့နော်၊ ပြီးတော့ လူသတ်သမားကိုလဲတွေ့ရင် လွတ်အောင် ရှောင်ဦး'

'စိတ်ချစမ်းပါ အစ်ကိုရယ်'

အေးက စိုးရိမ်နေသည့်နေမြင့်ကိုကြည့်ရင်း ပြုံးလိုက်မိသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၉)

ရွှေပင့်ကူ ရက်စတောရင့်သို့ ရှိန်းမောင်နှင့်ဆုံရန် နောက်ထပ်တစ်ကြိမ် ထပ်ရောက်လာခဲ့သည်။

ကားရပ်လိုက်သည်နှင့် ဦးဘိုးမြကြီးက နေမြင့်ထံပြေးလာသည်။ ဦးဘိုးမြက သူ့အား ရင်းရင်းနှီးနှီးပင် မှတ်မိနေလေပြီ။

ဦးဘိုးမြထံ ဘောက်ဆူးပေး၍ နေမြင့်က ရှိန်းမောင်၏ ဝုံပန်းသဏ္ဍာန်ကို လက်ဟန်ခြေဟန်ဖြင့် ပြသလိုက်ရင်း ရောက်ရှိလာ,မလာ မေးမြန်းကြည့်လိုက်သည်။

ဦးဘိုးမြက သဘောပေါက် နားလည်သွားလေဟန်ဖြင့် မလာကြောင်း ပြောဆိုနေသည်။ ကောသီအား သွေးကြိုနေခြင်းဖြစ်မည်ဟု စိတ်ထဲသိလိုက်သည်။ သည်နေ့ သူ့အနေနှင့်တမင်စောစော ရောက်လာခြင်း ဖြစ်သည်။

ရွှေပင့်ကူနှင့်ပတ်သက်၍ သူ့စိတ်ထဲ မသင်္ကာမှုများရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပင့်ကူဆိုသော သင်္ကေတနှင့် နာမည်ပေးထားသည့်အတွက် ထိုနေရာသို့ ပင့်ကူနက်ဂိုဏ်းသားများက တစ်နည်းနည်းနှင့် ရောက်ရှိလာနိုင်သည်။

ရွှေပင့်ကူသို့ ပထမဆုံးအကြိမ်ရောက်ခဲ့စဉ်က ကေသီ၏ မျက်ဝန်းကို သံသယဖြစ်မိသည်။ သူမ၏အကြည့်နှင့် မျက်ဝန်းကား အင်စပက်တာနေမြင့်အတွက် လေးနက်စွာ စဉ်းစားစရာကောင်းသည့် ပုစ္ဆာပေါင်းများစွာ ရှိနေသည်။

ထို့ကြောင့် အကြံအစည်အတိုင်း ရွှေပင့်ကူသို့ စောစောလာ၍ အိပ်ခန်းတစ်ခန်းထဲသို့ ဝင်ကာ ပန်ချာပီတစ်ယောက်အသွင်သို့ ပြောင်းလဲပစ်လိုက်သည်။ သူ ထိုသို့ဝတ်ဆင်ထားသည်ကို ကေသီ လုံးဝမှတ်မိနိုင်မည် မဟုတ်တော့။

စားပွဲထောင့်တစ်နေရာတွင် အရက်တစ်လုံးမှာယူရင်း ရှိန်းမောင်နှင့်ကေသီတို့အလာကို စောင့်နေလိုက်၏။ မကြာပါ။ ကေသီနှင့် ရှိန်းမောင်တို့ ရောက်ရှိလာလေသည်။

ရှိန်းမောင်က သူ၏စားပွဲနှင့်မျက်စောင်းထိုး၌ ထိုင်နေသည့် သူ့အား ပန်ချာပီတစ်ယောက်အဖြစ်သာ ထင်နေသောကြောင့် ဂရုတစိုက်ကြည့်ခြင်းမရှိ။

ထုံးစံအတိုင်း ကေသီ သီချင်းဆိုမည့်အချိန်ကိုသာ စောင့်ဆိုင်းလျက်ရှိသည်။

မကြာမီ စားသောက်ခန်းမသို့ လူများ တဖွဲဖွဲနှင့် ရောက်ရှိလာကြသည်။



စားပွဲထောင့်တစ်နေရာ၌ အုပ်စုလိုက်သောင်းကျန်းနေသူက ကျင်သိန်းနှင့်အဖွဲ့ပင် ဖြစ်တော့သည်။

တရုတ်တန်း ကျင်သိန်းက သူ့မျက်နှာမှာ အမြဲတစေပြုံးနေတတ်ပြီး လူတစ်ယောက်အား သနားကြင်နာတတ်သယောင်ရှိပေမယ့် ရက်စက်သည့်နေရာ၌ နှစ်ယောက်မရှိပေ။

မိုက်ပြီဟေ့ဆိုလျှင် အရွယ်သုံးပါးမရွေး ရက်စက်စွာ သတ်ဖြတ်တတ်၏။ ဓားမြှောင်ထိုး ကျွမ်းကျင်လှသူတစ်ယောက်ဖြစ်ပြီး တရုတ်တန်း ကျင်သိန်း ဒေါသဖြစ်ပြီဆိုလျှင် ဝှက်ယူထားသောဓားမြှောင်နှင့် လူတစ်ယောက်ကို အေးအေးဆေးဆေး တည်ငြိမ်စွာထိုးသတ်နိုင်သည်။

ထိုသို့ ထိုးလိုက်မှန်းမသိရဘဲ အားလို့အော်၍ ဘုံးခနဲ လဲကျသွားမှသာ တရုတ်တန်းကျင်သိန်း၏ လက်ချက်ပါလားဟု မှတ်ချက်ချနိုင်လောက်သည်အထိ ညင်သာလှသည်။

လူပုံစံက တရုတ်မင်းသားတစ်ယောက်လို ချောမောလှပသော်လည်း စပို့ရှပ်ကို လက်ခေါက်ဝတ်ထားသောကြောင့် သံမဏိကဲ့သို့ မာကျောသည့်ကြွက်သားများ ပြည့်တင်းနေပုံက သူ၏ကာယအလှအပနှင့်ရုပ်ရည်က မလိုက်ဖက်ကြောင်းပေါ် လွင်ထင်ရှားလှသည်။

'ဟေ့ . . . မြကြာယံကေသီ ဆိုကွ'

တရုတ်တန်းကျင်သိန်း၏ တပည့်တစ်ယောက်က ဘီယာတစ်လုံးကို ကိုင်သောက်ရင်း မိုက်တိမိုက်ကန်း စောင်းဆိုလိုက်သ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အခန်းထဲ စိမ်ခံသောက်သုံးနေသူများ တုန်လှုပ်သွားသည်။

'ဟော့ကောင် အတီး . . . ထိုင်စမ်း'

တရုတ်တန်းကျင်သိန်းက အတီးဆိုသည့် သူ၏တပည့် တရုတ်ကလေးကို ဟောက်ပစ်လိုက်မှ ငြိမ်ကျသွားသည်။

ရှိန်းမောင်မျက်နှာ ညိုမည်းစပြုလာခဲ့လေပြီ။ တရုတ်တန်း ကျင်သိန်းတို့အုပ်စုကိုကြည့်ရင်း အူနုကျွဲခတ် ခံစားနေရဟန်ရှိ သည်။ ကျင်သိန်းက ပြောင်လက်အောင် တိုက်ချွတ်ထားသော နန်ကရက်ဖိနပ်ပေါ် ပေလာသည့်ဖွက်များအား ဘီယာနှင့် ဆေးခ ပစ်နေသည်။

အင်စပက်တာနေမြင့် တစ်ဖက်ခုံမှ အခြေအနေက် အကဲခတ်ကြည့်နေမိသည်။

သည်တစ်ညတော့ အခြေအနေမကောင်း၊ ဆိုင်သို ကျင်သိန်းတို့အုပ်စု ရောက်ရှိလာခြင်းမှာ ဂြိုလ်ဆိုးဝင်သကဲ့သို့ပင် ဖြစ်သည်။

မြကြာယံကေသီ ဖျော်ဖြေသောအလှည့်သို့ ရောက်လာ လေပြီ။ အောင်မြင်ကျော်ကြား လူကြိုက်များသည့် မြကြာယံ သီချင်း ကို စန္ဒရားတီးခတ်၍ သီဆိုလိုက်သောအခါ အားလုံးက မီးငြ ရေနဲ့ငြိမ်းသတ်လိုက်သကဲ့သို့ ချက်ချင်းပင် ငြိမ်သက်သွားလေသည်

လှုပ်လှုပ်ရွရွဖြစ်နေသူက ကျင်သိန်းပင်ဖြစ်သည်။

သူကိုယ်တိုင် မြကြာယံကေသီထံမှ မျက်လုံးမခွာနိုင်ဘ ရှိလေသည်။ တဒင်္ဂအတွင်း သီချင်းသာမက ပါ လူရောသီချင်း





သိမ်းသွားခြင်းသာဖြစ်၏။

တရုတ်တန်းကျင်သိန်း စွဲလမ်းမိပြီဆိုလျှင် ရာမဖွာတ် ဘ်ထဲက ဒဿဂီရိထက်ပင် ကြောက်မက်ဖွယ် ကောင်းလှပေ ည်။ သူစွဲလမ်းမိသူ တော်တော်များများမှာ ကားတင်ခံရတတ် ြသည်။

(ထိုခေတ်ကာလ၌ ကားတင်ခိုးပြေးတတ်သော ဒုစရိုက်မှု လူမိုက် တော်တော်များများက ကျူးလွန်မိသောကြောင့် မိန်းက းများ ရုပ်ရည်ချောမော့လှပခြင်းမှာ အန္တရာယ်ရှိလှပေသည်)

ကျင်သိန်းက စားပွဲထိုးတစ်ယောက်ကို မျက်စပစ်လိုက် ည်။

စားပွဲထိုး ရောက်လာသည့်အခါ ပိုက်ဆံများကို ထုတ်၍ ကြာယံကေသီကိုကြည့်ရင်း တတွတ်တွတ် မေးမြန်းနေလေသည်။

ထိုစားပွဲထိုးက ဟိုတယ်၌ မိန်းမထိန်းပုံစံ နေထိုင်သော ဆိုက်မျိုးဖြစ်သောကြောင့် ပိုက်ဆံကိုယူ၍ တရုတ်တန်း သိန်း မေးသမျှကို စိတ်ရှည်လက်ရှည် ဖြေကြားနေရလေတော့

ရှိန်းမောင်အနေနှင့် တရုတ်တန်းကျင်သိန်း၏ အခြေ ကို နားမလည်နိုင်သော်လည်း အင်စပက်တာနေမြင့်က ရှေ့ မည်သို့ဖြစ်လာမည်ကို ဒက်ခနဲသိရှိခဲ့ပြီ။

လူမိုက်များ တန်ခိုးကြီးထွားသော ကာလဖြစ်သော်လည်း အဖွဲ့နှင့် စုံထောက်များကိုတော့ အန်တုကျော်လွှားနိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိသေးပေ။

သမင်ဆယ်လှမ်း ကျားတစ်လှမ်းသာရှိသည်ဆိုသေ
စကားအတိုင်း အချိန်မရွေး ဖြိုခွင်းရေးဗျူဟာတစ်ရပ်ကို သုံး
ရှသည်။

လူမိုက်ချင်း စိန်ခေါ်တိုက်ခိုက်ရာ၌ စည်းကမ်းချက်
ထားရှိသော်လည်း ပုလိပ်အဖွဲ့က လူမိုက်များကိုဖမ်းဆီးသည့်အ
စည်းကမ်းချက်မရှိ။ ကြိုက်ရာလက်နက်နှင့် ပစ်ခတ်ဖမ်းဆီး
သောကြောင့်တည်း။

လူမိုက်များက အင်စပက်တာနေမြင့်ဆိုလျှင် ကြောက်
တတ်ကြသည်။



## အခန်း ( ၈၀ )

အင်စပက်တာနေမြင့်သည် ရန်ကုန်အလယ်ပိုင်း၌ လူမိုက်မဖြစ်သေးပဲ လက်ကိုင်တုတ်လုပ်နေရရှာသူ တေလေဂျပိုးလေးများကို တပည့် လက်သပ်မွေးကာ ဓားပြတိုက်စားနေသော ညိုကြီးအားဖမ်းဆီးလိုက်သောအမှု၌ သူကိုယ်တိုင် လူမိုက်လက်သစ်ကလေးတစ်ဦးကဲ့သို့ ဒုက္ခပင်ပန်းခံကာ ပါဝင်ခဲ့ပြီး. . . . .

ဓားပြဂိုဏ်းတစ်ဂိုဏ်းလုံး၌ အဆိုးရွားဆုံး မြွေပွေးညိုကြီးဆိုသူကအစ ဝေစုထဲတွင်ပါဝင်နေသော ဂိုဏ်းသားများအားလုံးကိုတစ်ယောက်ပြီးတစ်ယောက် ဖော်ထုတ်ပြသသွားလေတော့သည်။

ပုလိပ်အဖွဲ့ကြီးတစ်ခုလုံး မျက်လုံး ပြူးသွားရလောက်အောင် ဦးနှောက်အား အသုံးချသွားနိုင်ခဲ့လေသည်။

ယခုလည်း တရုတ်တန်းကျင်သိန်း မည်သို့ခြေလှမ်းမျိုးကိုမြင်ရှုနှင့်ပင် သိနေခဲ့သည်။

www.burmeseclassic.com



အင်စပက်တာနေမြင့် တုတ်အကျီအောက်၌ လျှို့ဝှက်ယူဆောင်လာသော သေနတ်ကို စမ်းလိုက်သည်။

လူမိုက်အများစုက လူကိုကြောက်သည်မဟုတ်၊ သေနတ်ကိုကြောက်ကြသည်။

ထို့ကြောင့် ကျင်သိန်း၏ခါးမြှောင်ကြားမှ ရှောင်ကွင်းနိုင်ရန် သူ့၌ အကာအကွယ်လေးတစ်ခုတော့ ရှိနေပြီဖြစ်သောကြောင့် အားရှိသွားခဲ့သည်။

တရုတ်တန်းကျင်သိန်းနှင့် လူနှစ်ယောက်က အကြံအစည်အတိုင်း တံခါးဆီသို့လျှောက်သွားကြသည်။

တပည့်တစ်ယောက် က ငှားရမ်းလာသော ကားတစ်စီးပေါ်သို့တက်ရင်း ထွက်ခွာသွားကြောင်း သိလိုက်ရသည်။

ရှိန်းမောင်က ဘာကိုမှ သိမည်မထင်။

အင်စပက်တာနေမြင့် တရုတ်တန်းကျင်သိန်း၏ လှည့်ကွက်ဟူသမျှကို သိသည်။

သူတို့တစ်သိုက်က ကိုယ်ယောင်ပြပြီး ရှောင်ထွက်ခြင်းမှာ ကေသီအပြန်ကို လမ်းမှ ဒုက္ခပေးတော့မည်ဖြစ်၏။

အင်စပက်တာနေမြင့်က တရုတ်တန်းကျင်သိန်းနှင့် အဖွဲ့အား မျက်ခြည်ပျက်ခံ၍မဖြစ်သောကြောင့် ခြေရာခံလိုက်ရန်အတွက် ငွေရှင်းပြီး အမြန်လိုက်လာခဲ့သည်။

လမ်းကမှောင်နေသည်။

ယောက်ကြန့် တရုတ်သင်္ချိုင်းနား၌ လူတစ်စုက တာစူနေဆဲ။



သူတို့ကား တရုတ်တန်းကျင်သိန်းနှင့်အဖွဲ့ပင် ဖြစ်သည်။ သူတို့အကြံက ကေသီအပြန်ကို စောင့်ဆိုင်း၍ ကားတင်ပြေးရန်ဖြစ်သည်။

မလှမ်းမကမ်းမှ ခြေရာခံလိုက်လာသော အင်စပက်တာနေမြင့်ကို အားလုံးက သတိပြုမိကြဟန်မတူချေ။

(ထိုကာလ၌ တရုတ်သုသာန်ကို ဖြတ်သန်းပြီးမှ မြို့ထဲသို့ ပြန်ဝင်နိုင်သော လမ်းတစ်လမ်းသာရှိသောကြောင့် ထိုနယ်နိမိတ်ကို မဖြတ်မနေပင် ဖြတ်ရလေသည်။)

+ + + + + + + + + +

'ရွှေသွားအောင်မြင့်. . . မင်းဘက်က ပိပိရိရိရှိပါစေနော်ကောင်မလေး လွတ်သွားရင် ဒီမှာကြည့်ထား'

တရုတ်တန်းကျင်သိန်းက ခါးမြှောင်ကိုထုတ်ပြ၍ ကြိမ်းလိုက်သည်။

ရွှေသွားအောင်မြင့်က ဂျစ်ကားမောင်းသမား တစ်ဦးပင်ဖြစ်သည်။ ကားတင်သောကိစ္စတိုင်း ရွှေသွားအောင်မြင့် ကားကိုသာ ငှားရမ်းအသုံးပြုနေကျဖြစ်သည်။

အောင်မြင့်ကားကလည်း လူကောင်းကိုငှားရသည်ထက် ဒုစရိုက်သမားကို ငှားရသည်က များသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်တွာ ဖဲ၊ အရက်၊ မိန်းမ ဝါသနာပါလှသောကြောင့် သည်အလုပ်မျိုးက သူ့အတွက် တွက်ခြေကိုက်သည်။

အချိန်တိုတိုနှင့် ငွေအများဆုံးရနိုင်သော်လည်း ပုလိပ်အဖွဲ့နှင့် ပက်ပင်းတိုးလျှင် ကားနံပါတ်မမှတ်မိအောင် မောင်းပြေးရသည့်အခါမျိုးလည်း ရှိတတ်သည်။

တစ်ခါတစ်လေ ကျည်ဆန်ကြားမှ အူယားဖယားပြေးလွှားရသဖြင့် နောင်ကို သည်လိုအလုပ်မျိုး လုံးဝမလုပ်ချင်လောက်အောင် နောင်တရမိသည်။

သို့သော်လည်း ရွှေသွားအောင်မြင့်က သည်အလုပ်ကိုပဲ ရွေးချယ်တတ်စမြဲ။

ယခုလည်း တရုတ်တန်းကျင်သိန်းက အလုပ်မဖြစ်လျှင် အသေသတ်မည်ဟု ကြိမ်းဝါးလာသည်။

သူတို့အကြံအစည်က ကေသီတို့ ပြန်လာလျှင် လမ်းပေါ် လူတစ်ယောက် မှောက်လျက်အိပ်ခိုင်းပြီး ကားကိုရပ်တန့်စေမည်။

ကားရပ်သွားသည်နှင့်တစ်ပြိုင်နက် တရုတ်တန်းကျင်သိန်းနှင့်အဖွဲ့က ကားပေါ်မှပါလာသည့်လူများကို ဆင်းခိုင်း၍. . . .

ခြံထဲ၌ အသင့်စက်နိုးခိုင်းထားသော ရွှေသွားအောင်မြင့်ကားနှင့် ကေသီအား တင်ပြေးရန်သာဖြစ်သည်။

အကြံအစည်ကား မည်သို့အခက်အခဲရှိမည် မသိနိုင်သေး တွက်ရေးနဲ့ပင် ပျော်နေသည်။

'အားလုံး အသင့်ပြင်ပေတော့'



ကားမီးရောင်ကို မြင်ကတည်းက မည်သည့်ကားဖြစ်မည်ကို ကျင်သိန်းက ဒက်ခနဲသိပြီးသားဖြစ်သည်။ ထို့ကြောင့် အမိန့်ပေးလိုက်သည်။

ရှိန်းမောင်နှင့် ကေသီတို့ကားက ရှေ့၌ပေါ်ပေါက်လာမည့် အန္တရာယ်ကိုမသိဘဲ လွတ်လပ်ပေါ့ပါးစွာ မောင်းနှင်လာသည်။

ကားက ထောက်ကြန့် တရုတ်သချိုင်းရှေ့သို့ ရောက်ခဲ့စဉ်. . . .

'အစ်ကို ဟို. . . ဟိုမှာ. . . လူ. . . လူ'

လူတစ်ယောက် လမ်းမပေါ် လဲနေသည်ကို မြင်ရသောကြောင့် ရှိန်းမောင်က ကားကိုရပ်၍ ဆင်းလာခဲ့လေတော့သည်။

တရုတ်တန်းကျင်သိန်း၏တပည့် အတီးက ဟန်ဆောင်ကောင်းလွန်းလှ၏။ လမ်းပေါ်မှာ မှောက်လျက်သား လဲနေရာမှ တစ်စက်ကလေးမှပင် မလှုပ်။

'အသက်မှရှိသေးရဲ့လား မသိဘူး'

ရှိန်းမောင်က တစ်ဖက်သို့ ဆွဲလှန်လိုက်စဉ်. . .

'ဘုံး'

ပြင်းထန်စွာ ကန်လိုက်သောကြောင့် လူတစ်ကိုယ်လုံး လွင့်စဉ်သွားလေတော့သည်။

'ဟင်'

ကေသီက မမျှော်လင့်ဘဲ လှည့်စားခံလိုက်ရသောကြောင့် ထောင်းခနဲ ဒေါသထွက်သွားခဲ့သဖြင့် ကားပေါ်မှ ဝုန်းခနဲဆင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ တရုတ်တန်း ကျင်သိန်း ဘာလုပ်ရမှန်းမသိအောင် ငြိမ်သွားခဲ့သည်။

မြကြာယုံကေသီလည်း သူတို့ထင်ထားသကဲ့သို့ ခေါင်းငုံခံသွားမည့် ပျော့ညံ့ညံ့မိန်းကလေးတစ်ဦး မဟုတ်ကြောင်း ကောင်းစွာ နားလည်သွားမိသည်။

'နင်က တယ်ရဲတင်းပါလား၊ ဒီနယ်မြေမှာ ကျင်သိန်းမလုပ်နိုင်တာ ဘာတစ်ခုမှမရှိဘူး'

'သတ္တိရှိ စမ်းကြည့်လေ'

ကေသီက အံ့ဩဖွယ်ကောင်းလောက်အောင် တရုတ်တန်း ကျင်သိန်းကို တိုက်ခိုက်ရန် ပြင်ဆင်ထားလေသည်။

မြကြာယံသီချင်း၏ စဉ်က ပျော့ပျောင်းနွဲ့နှောင်းသော သီချင်းသံအကြားတွင် ယောကျ်ားအချို့ စွဲစွဲလမ်းလမ်း ဖြစ်သွားရဖူးသည်။

ယခုတော့ ကျားရိုင်းမလေးတစ်ဦးအသွင်နှင့် တစ်မျိုးတစ်မည် ပြောင်းလဲနေပြန်သည်။

အင်စပက်တာနေမြင့်က သေနတ်ကို ထုတ်ထားသော်လည်း ကေသီ၏အခြေအနေကို စောင့်ကြည့်နေချင်သေးသဖြင့် မပစ်ပဲ စောင့်ကြည့်နေလိုက်၏။

ကျင်သိန်းက လက်ထဲရှိ ဓားမြှောင်ကို ဝင်းခနဲလက်ခနဲ လှည့်ကာ ကစားလိုက်ရင်း ကေသီအား တိုက်ခိုက်ရန် ရှေ့သို့တိုးလာခဲ့သည်။



ရှိန်းမောင်တစ်ယောက်ပင် ချစ်သူကေသီအတွက် အံ့အားသင့်ရလေတော့သည်။

'ကေသီ. . . သတိထားနော်'

ကေသီက ရန်သူကိုပင် ဂရုစိုက်ပုံမရပဲ သွေးအေးအေးဖြင့် လှမ်းအော်၍ သတိပေးလိုက်သော ရှိန်းမောင်အား ခေါင်းညိတ်ပြလိုက်၏။

တရုတ်တန်းကျင်သိန်း၏ဓားမြှောင်က ကေသီအတွက် ကြောက်ဖို့မကောင်း၊ တုတ်တစ်ချောင်းလောက်ပင် တန်ဖိုးမရှိဖြစ်ရလေသည်။ လူကို မထိုးမိပဲ လေကိုသာထိုးမိသဖြင့် ကျင်သိန်း ရှက်သွား၏။

'ဟေ့ကောင်တွေ ဝိုင်းထားစမ်း'

ရှိန်းမောင်အား စိတ်ချယုံကြည်စွာ လွှတ်ပေးထားလျက် ကေသီကိုသာ တောခွေးများဝိုင်းသည့်ပမာ လွတ်ထွက်မသွားစေရန် ပိတ်ဆို့ ဝိုင်းရံထားလေတော့သည်။ ကေသီက ရန်သူရှေ့သော ခြေထောက်များကိုသာ အာရုံပြုလျက်. . . .

'ယား'

'ဘုံး. . ဘုံး'

ဝင်ရောက်လာသူ တရုတ်တန်းကျင်သိန်း၏ တပည့်နှစ်ဦးအား ခြေထောက်နှင့်ခုန်ကန်ရင်း သွက်ပေါက်ယူသွားခဲ့ပုံက လှပလွန်းလှသည်။

အင်စပက်တာနေမြင့် မမျှော်လင့်သောမြင်ကွင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်ခဲ့ရလေသည်။ သူကိုယ်တိုင် ယုံနိုင်ဖွယ်မရှိအောင် မိန်း
ကြမ်းကြီးတစ်ယောက်လို တိုက်ခိုက်ပြသွားနိုင်သည့် ကေသီအပေါ်
အထူးလေးစားသွားမိသည်။ ကေသီ၏ကိုယ်ခံပညာက အဆင့်မြင့်
လှသည်။

ကျောင်းသိန်း၏ တပည့်နှစ်ယောက်က ပွဲဦးထွက်အနေနှင့်
မရှုမလှ ခံလိုက်ရလေသည်။ သို့ပေမယ့် မကျေမချမ်းဖြစ်လျက်
ဒုတိယအကြိမ် တိုက်ခိုက်ရန်ပြင်လာသည်။

ကျောင်းသိန်းအဖို့ မည်သည့်နည်းနှင့်မဆို ကေသီအား တိုက်
ခိုက်အနိုင်ရလိမ့်မည်ဟု ထင်ထားသည်။ ကျောင်းသိန်း၏တပည့် နှစ်
ယောက်လက်ထဲ၌ တုတ်ကိုယ်စီနှင့် ဖြစ်နေကြသည်။

မည်သို့ဆိုစေ ဂုတ်လက်နက်ကို ကေသီက မမှု၊ တိုက်ခိုက်
ရန်ပြင်ဆင်ထားသော အနေအထား နည်းနည်းကလေးမျှ တွန့်
ဆုတ်မှုမရှိ။

'ဗြိုး . . . ဗြိုး'

တုတ်နှစ်ချောင်း ညှပ်ပူးညှပ်ပိတ် ရိုက်နေသည့်အကြား
လှပစွာ ခုန်ထွက်သွားလေသည်။

တုတ်သမားနှစ်ယောက်က လှစ်ခနဲ တိုးဝင်ထွက်ပြေးသွား
သူ ကေသီနောက်သို့ သမင်လည်ပြန် တိုက်ခိုက်မည်အပြု . . .

'ဟိုင်း'

'ဘုံး'

'အင့်'



ကေသီ၏ လှပသောတိုက်ကွက်က တစ်ဖက်သို့လှည့်မလာ
ခင် ဦးသွားခဲ့လေပြီ။ ကျောင်းသိန်း၏တပည့်နှစ်ယောက် လုံးဝပြန်
ထနိုင်တော့မည် မဟုတ်။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈၀)

ပြင်းထန်လွန်းလှသည့် ကေသီ၏တိုက်ကွက်က တစ်ချက်ဆို ဆိုသလောက် မရှုမလှ ခံစားလိုက်ရသောကြောင့်ပင် ဖြစ်သည်။

အင်စပက်တာနေမြင့်က သတိပြုမိသည်မှာ ကေသီ၏ တိုက်ကွက်များက သူနှင့်တစ်ခါက ရင်ဆိုင်ခဲ့ရဖူးသည့် ပင့်ကူနက်လက်ထောက်ဂိုဏ်းချုပ်၏ တိုက်ကွက်နှင့်ထပ်တူနေသော အချက်ပင်ဖြစ်သည်။

သူ့အား တိုက်ခိုက်အနိုင်ယူသွားခဲ့သည့် ပင့်ကူနက်ဂိုဏ်းလက်ထောက်ဂိုဏ်းချုပ်၏ တိုက်ကွက်များကို သူ ယခုထိအမှတ်ရနေတုန်းပင် ဖြစ်သည်။

သူ့အနေနှင့် ကေသီ့အပေါ် သံသယဖြစ်မိသည်မှာ စတွေ့ကတည်းက ဖြစ်သည်။ ကေသီ၏ လျှို့ဝှက်နိုင်သော မျက်ခွံများ တစ်စုံက လုံးဝမရှိးသွားခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရှိန်းမောင်အပေါ် လက်ထပ်မည့်ကိစ္စမှာ ကေသီအနေနှင့် အမှန်တကယ်ချစ်မြတ်နိုးကြောင်း သိရှိနိုင်ပေမယ့် ရွှေပင့်ကူ ရက်စတောရင့်၌ သီချင်းဆိုဖျော်ဖြေသည့်အလုပ်ကား ရိုးရိုးသား သား မဖြစ်နိုင်။

သည်အတိုင်းဆိုလျှင် ကေသီကိုယ်တိုင်က ပင့်ကူနက်ဂိုဏ်းမှ လက်ထောက်ဂိုဏ်းချုပ်တစ်ယောက်ဖြစ်ဖို့ သေချာနေပြီ။

အင်စပက်တာနေမြင့်အနေနှင့် ပင့်ကူနက်ဂိုဏ်းနှင့် ပတ်သက်၍ စုံစမ်းနေဆဲကာလတွင် လိုက်လံချောင်းမြောင်းနေသည်ကို ရှိန်းမောင်ရော ကေသီပါ မသိစေချင်။

ရှိန်းမောင်သိရှိသွားလျှင် သူ့အတွက် အထင်လွဲမှားသွားစေနိုင်သလို ကေသီသိရှိသွားလျှင် ပင့်ကူနက်ဂိုဏ်းကို စုံစမ်း၍မရနိုင်အောင် ဖြစ်သွားပေလိမ့်မည်။

ထို့ကြောင့်......

အင်စပက်တာနေမြင့်က အခြေအနေကို ဆက်လက်စောင့်ကြည့်နေရပြန်သည်။

တရုတ်တန်းကျင်သိန်းနှင့် ကေသီတို့က ပွဲကြီးပွဲကောင်း နွှဲနေကြလေပြီ။

တရုတ်တန်းကျင်သိန်းက ဓားလမ်းကြောင်းကို လုံး မပြတ်မလပ်စေရဘဲ တရစပ်တိုက်ခိုက်နေသည်။

ကေသီ့အနေနှင့် ခံစစ်အနေအထားမှ နေရာယူရသော်လည်း တစ်ချက်တစ်ချက် တုံ့ပြန်တိုက်ခိုက်ခွင့် ရနိုင်အောင် ကြိုးပမ်း



နေသေးသည်။

သို့ပေမယ့် လက်နက်မဲ့သူတစ်ဦး ဖြစ်နေသောကြောင့် အသိပ်အတင့်ရဲလို့ မဖြစ်နိုင်သေး။

ကျင်သိန်း၏ဓားက သူ့အား ပွတ်ကာသီကာ ကျီစယ်နေသည်ကို သတိထားနေရသေးသည်။

တရုတ်တန်းကျင်သိန်းကိုယ်တိုင်က မဟာအရုက်တော်ကြွ ရသည့် ကိစ္စဖြစ်သောကြောင့် ကေသီအပေါ် နှစ်သက်မြတ်နိုးသည့် ရမ္မက်စိတ်များ မရှိနိုင်တော့၊ လူမိုက်ဆိုသောဂုဏ်သိက္ခာ ကျဆင်းစေရန် ဖြစ်တဲ့နည်းဖြင့် အနိုင်ယူတိုက်ခိုက်ရန်သာ ရှိတော့သည်။

ကေသီက ရှိန်းမောင်ကို တရုတ်တန်းကျင်သိန်းက အလစ်တိုက်ခိုက်ခွင့်မရအောင် ကာရံထားလိုက်ရလေသည်။

ကျင်သိန်း၏ဓားချက်များက နှစ်ယောက်စလုံးဆီသို့ ဦးတည်နေသည်။

အင်စပက်တာနေမြင့်အနေဖြင့် တရုတ်တန်းကျင်သိန်းအား ပစ်ချလိုက်ရန် ချိန်ရွယ်ထားသော်လည်း ရှိန်းမောင်နှင့်ကေသီ ထိမည်ဆိုး၍ မပစ်ရဲသေး။

တိုက်ကွက်များက တဖြည်းဖြည်း သွက်လက်လာသကဲ့သို့ ကြမ်းတမ်းစပြုလာသည်။

'ဒိုင်း'

အင်စပက်တာနေမြင့်က အခွင့်သာခိုက် တရုတ်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်သိန်း၏ လက်ထဲမှအားကို မိမိရရ ပစ်ချလိုက်ရလေတော့သည်။

ကျင်သိန်း၏တပည့်နှစ်ဦးမှာ တုန်လှုပ်သွားခဲ့ရင်း ရွှေသွားအောင်မြင့်ကားနှင့် တချိုးတည်း လစ်ပြေးသွားရလေတော့သည်။

ရွှေသွားအောင်မြင့်အတွက် အော်ဒါကြေးမရနိုင်မှန်း သိသော်လည်း သေနတ်သံကြောင့် ပုလိပ်အဖွဲ့သာရောက်ရှိလာလျှင် ကားရောလူပါ အမှုပတ်နေဦးမည်ကို ကြိုသိ၍ သင်ပင်နောက်မှ ကားကို အမြန်ဆုံးမောင်းထုတ်လာရင်း တရုတ်တန်း ကျင်သိန်းတို့အား တင်ဆောင်လျက် ထွက်ခွာသွားခဲ့ရလေတော့သည်။

ရှိန်းမောင်နှင့်ကေသီတို့က တုန်လှုပ်သွားခဲ့လေပြီ။ သေနတ်သံကြားရာဆီသို့ လှမ်းကြည့်ကြသော်လည်း မည်သူ တစ်ဦးတစ်ယောက်မှ မမြင်မိ။

ကေသီကိုယ်တိုင်က သူ့အား ရိပ်မိသွားလောက်ပြီဟု စိုးရိမ်စိတ်ကြောင့် မလုံမလဲ ဖြစ်ရလေတော့သည်။ ကယ်တင်ရှင်က မည်သူနည်း။

ကေသီအတွက် စဉ်းစားစရာတစ်ခု ဖြစ်ကျန်ခဲ့သည်။

❄ ❄ ❄ ❄ ❄



## အခန်း ( ၈၂ )

### တရားခံအား သဲလွန်စရပြီ။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ခဲ့ပြီးသည့်နောက် ရွှေ...ကူရက်စတောရင့်အား မျက်ခြည်မပြတ် လေ့လာရတော့သည်။ ...ထူးသဖြင့် ကေသီအား စောင့်ကြည့်နေမိသည်။

ကေသီနှင့်ပတ်သက်၍ မြုံငုံလေ့လာမိသလောက်ဆိုလျှင် ...တူနက် လက်ထောက်ဂိုဏ်းချုပ်တစ်ယောက်ဖြစ်ဖို့ ရာနှုန်းပြည့်...နီးသေနေပြီ။

သူမအား ချက်ချင်းဖမ်းဆီး၍ မဖြစ်နိုင်သေး၊ စုံထောက်...၏ ပရိယာယ်ဖြင့် တည်ကြက်တစ်ကောင် မွေးထားသလို လွှတ်...ရင်း ရွှေပင့်ကူစားတော်ဆက်နှင့် ပတ်သက်သော အကြောင်း...တို့ကို ဆက်လက် စုံစမ်းထောက်လှမ်းရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တာနေမြင့်က စနေနှင့်တနင်္ဂနွေနေ့ရက်များသို့ ရောက်တိုင်း ရွှေပင့်ကူသို့ ရောက်လာတတ်သောကြောင့် ဦးဘိုးမြ ကပင် သူ့ကို ကောင်းစွာမှတ်မိနေခဲ့သည်။

ရှိန်းမောင်အား သူ့အနေနှင့် အတွေ့ခံလို့ လုံးဝမဖြစ်သော ကြောင့် ထုံးစံအတိုင်း စားသောက်ဆိုင်ခန်းမထဲ မဝင်မီ အိမ်သာ တစ်ခုထဲသို့ ဝင်၍ ရုပ်ပြောင်းရုပ်လွဲအမျိုးမျိုး ပြုလုပ်ရတတ်စမြ ဖြစ်သည်။

မြနှင်းအေးကို လက်ထပ်မည်ဟု ကတိပေးထားသော် လည်း ပင့်ကူနက်ဂိုဏ်းအား သဲလွန်စရနေပြီမို့ အားလပ်ရက်များ တွင် ချစ်သူနှစ်ဦး ချိန်းဆိုထားခြင်းပင် ပျက်ကွက်နေတတ်၏။

အင်စပက်တာနေမြင့် စားသောက်ခန်းမတွင် အမြဲတမ်း တစ်ဦးတည်း နေယိုင်တတ်သည်။ သူ့အား စားပွဲထိုးကလေးများက အစ ပန်ချာပီဆရာဝန် ဒေါက်တာဆင်းဟူ၍ သိရှိထားကြလေ တော့သည်။ သူ၏ရုပ်ဖျက်လာရသောပုံစံမှာ ပန်ချာပီဆရာဝန် ဒေါက်တာဆင်းဟု ငြင်းပယ်စရာမရှိအောင် ဖြစ်ရလေတော့သည်။

အင်္ကျီလက်ရှည်ကြီးကို လက်ကြယ်သီးတပ်၍ ဝတ်ဆင် သောအခါ စိတ်အိုက်စရာကြီးတစ်ခုလို ဖြစ်နေမိသည်။

'ဟဲလို . . . ဒေါက်တာဆင်း'

'ဟိုင်း'

သူ့အား နှုတ်ဆက်လာသူအား ဟန်မပျက် နှုတ်ဆက်ထွက် ခွာရသော်လည်း လာတိုင်း၍ လေကြောရှည်နေမှာစိုးရသည်။ အင်း



က်တာနေမြင့်က အင်္ဂလိပ်စကားကို သိပ်ပြီး ကျွမ်းကျင်နှံ့စပ်မှုမရှိ သောကြောင့် တချို့နေရာများ၌ အသွင်တူအောင် ဖန်တီးနိုင်သော် သည်း တစ်ထေရာတည်း သရုပ်ဆောင်နိုင်ဖို့ မလွယ်လှ။

× × × × × × × × × × × ×

ထောက်ကြန့်သချိုင်းရှေ့ အဖြစ်အပျက်အား သတင်းစာ သမားတစ်ဦးက သိရှိသွားသောကြောင့် မြကြာယံကေသီ ပြန်ပေး ဆွဲရန် ကြံစည်ခြင်းဆိုသည့် ခေါင်းစဉ်နှင့် မြန်မာ့အလင်းသတင်းစာ တစ်စောင်၌ လက်ဆော့ရေးသားလိုက်၏။

ထိုကိစ္စကြောင့် သတင်းစာထဲ၌ပါသောအကြောင်းကိစ္စကို တ်မိသော ဦးအောင်ကြွယ်မှာ ကေသီအား ရှုပ်ပွေသော မိန်းက လေးတစ်ယောက်ဟု စွဲချက်တင်ခဲ့သည်။

ရှိန်းမောင်တစ်ယောက် ကေသီဘက်မှရပ်တည်၍ ရှင်းပြဖို့ ကြိုးစားသော်လည်း မည်သို့မျှ ရှင်းပြခွင့်မရနိုင်လောက်အောင် ဖြစ်လာမိသည်။

သည်တစ်ကြိမ်တော့ သားအဖချင်း ကတောက်ကဆ စကားများကြပြီး ရှိန်းမောင်တစ်ယောက် အိမ်ပေါ်မှဆင်းသွားရ

www.burmeseclassic.com

www.burmeseclassic.com



သောဘဝသို့ ရောက်ခဲ့ပြီ။

မကြာမီ သတင်းစာထဲ၌ သားဖြစ်သူရှိန်းမောင်အား

စားသားအဖြစ်မှ စွန့်လွှတ်လိုက်သော သတင်းတစ်ပုဒ်ကိုသာ ထ

ဖတ်ရှုလိုက်ရလေတော့သည်။

× × × × × × × × × × ×

ဝမ်းသာစရာကောင်းသောအချက်မှာ ရှိန်းမောင်

ယောက် အချစ်နှင့်ပတ်သက်၍ ကိုယ်ပိုင်လွတ်လပ်စွာ ရွေးချ

သည့်ကိစ္စမှာ အရှုံးထဲက အမြတ်တစ်ခုပင် ဖြစ်လေတော့သ

ကေသီအား ချက်ချင်းလက်ထပ်မယူနိုင်သေးသည်

ကေသီအနားသို့ ညစဉ်လာရောက် စောင့်ရှောက်နိုင်သည်။

ထူးခြားသည်မှာ ကေသီတစ်ယောက် သူ အောင်မြင်

ကြားသော မြကြာယံသီချင်းအား စွန့်လွှတ်လိုက်ရခြင်းပင်

သည်။

အင်စပက်တာနေမြင့်က ကေသီနှင့်ရှိန်းမောင်တို့အား

တွေ့နေရသော်လည်း ပန်ချာပီဆရာဝန်ကြီး ဒေါက်တာဆင်းအ

ဟန်ဆောင်ထားရခြင်းကြောင့် သွားရောက် သတင်းမေးရန်

နိုင်သေး။



ပန်ချာပီဆရာဝန်ကြီး ဒေါက်တာဆင်းအဖြစ် မည်သည့်အချိန်ကာလအထိ ဟန်ဆောင်နေရဦးမည်ကိုလည်း မပြောနိုင်သေး။

သူ့အသိချင်ဆုံးက ရှိန်းမောင်အပေါ် ကေသီက အမှန်တကယ်ချစ်မြတ်နိုးသူချစ်သူအဖြစ် သတ်မှတ်နေခြင်းလော။ သို့တည်းမဟုတ် ငန်းနက်သင်္ဘောကြီးကို သွားဆယ်သော မဂိုလမ်းမှ ကုလားသူဌေးတစ်ဦး အသတ်ခံလိုက်ရသည်ဆိုသော သတင်းတစ်ပုဒ်နှင့်ဆက်စပ်ကြည့်လျှင် ရှိန်းမောင်တစ်ယောက် မကြာသေးခင်ကာလအတွင်း မြိတ်ကျွန်းစုမှ ငန်းနက်ဆိုသောသင်္ဘောကြီးတစ်စင်း သွားရောက်ဆယ်ယူသည်ဟုဆိုသဖြင့် ပင့်ကူနက်ဂိုဏ်းချုပ်ဖြစ်သော ကေသီအား တစ်ဖက်လှည့်နှင့် စည်းရုံးခိုင်းတာလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဆိုစေကာမူ ရှိန်းမောင်၏ကံကြမ္မာက တွေးဝံ့စရာ မရှိနိုင်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈၃)

## မြနှင်းအေးနှင့် ဦးအောင်ကြွယ်

ကျွန်ုပ်ကိုယ်တိုင် ရှိန်းမောင်နှင့်ပတ်သက်၍ သတင်းစာထဲ၌ အမွှေပြတ်ကြော်ငြာ၍ မွေးစားသားအဖြစ်မှ စွန့်လွှတ်လိုက်ရသည့်အတွက် စိတ်ထဲတွင် ပေါ့ပါးသွားသလို ဖြစ်နေမိသည်။

ရှိန်းမောင်ကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်ခေါင်းထဲ ထည့်စဉ်းစားစရာ မလိုတော့ပေ။

ကျွန်ုပ်စဉ်းစားရမည့်ကိစ္စကား မြနှင်းအေး အကြောင်းပင် ဖြစ်တော့သည်။

မြနှင်းအေးမှာ အခုတလော ကျွန်ုပ်အား အလျှင်လို စိမ်းကားစွာ မဆက်ဆံတော့ပဲ အလိုက်သင့် ဆက်ဆံနေတတ်သည်ကို တွေ့မြင်ရသောအခါ ကျွန်ုပ် စိတ်ချမ်းသာသလိုလို ရှိလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အလျှင်လို ဦးတိုးစိန်ထံသို့ ရောက်သွားသည်နှင့် ခပ်တန်း တန်းဖြစ်မနေပဲ အပြုံးနှင့် လှိုက်လှဲစွာ ကြိုဆိုလာသည်ကို မြင်တွေ့ ရသောအခါ ရောဂါဝေဒနာ ပိုဆိုးရွားလာသူ လူတစ်ယောက်လို ဖြစ်လာသည်။

ဦးတိုးစိန် ပြောပြပုံအရဆိုလျှင် သူ၏ချစ်သူ အင်စပက် တာနေမြင့်နှင့် လက်ထပ်ရန် ကြံရွယ်ထားပြီးမှ ကတိပျက်ကွက်၍ တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေနိုင် ဖြစ်နေခဲ့ကြသည်ဟု တစ်စွန်းတစ်စ သိလာခဲ့သည်။

သည်လိုအခြေအနေမျိုးကို စောင့်ဆိုင်းနေသူ ကျွန်ုပ်ကား မြနှင်းအေးက မွေးနေ့အတွက် လိုက်လံကျွေးမွေးပါရစေဟု လူကြီး လူကောင်းတစ်ယောက်ဆန်ဆန် ခွင့်တောင်းခဲ့သည်။

သည်တစ်ကြိမ်တော့ မြနှင်းအေးက ကျွန်ုပ်အား လိုလား စွာ ခွင့်ပြုခဲ့သည်။ ကျွန်ုပ်က မင်းသားခေါင်းစွပ် ချွတ်ပစ်လို့မရနိုင် သေး။

ထို့ကြောင့် သိက္ခာတရားရှိသူတစ်ယောက်ကဲ့သို့ သူ အား ဟိုက်စွမ်စားတော်ဆက်သို့ ခေါ်ဆောင်လာရင်း ဈေးကြီးမြ သော အစားအစာများနှင့် တည့်ခင်းဧည့်ခံလေတော့သည်။

'စားနော် မြနှင်းအေး၊ အန်ကယ့်ကို ဘာမှအားမနာနဲ့နော်'

'စားစရာ သောက်စရာတွေက စုံလို့ပါလား၊ အန်ကယ် မြနှင်းအေးက ဒါတွေအကုန်လုံး ဘယ်စားနိုင်ပါ့မလဲ၊ နှစ်ယောက် တည်း စားတယ်ဆိုတာ နည်းနည်းပဲမှာပေါ့'



'မဟုတ်တာပဲကွယ်. . အန်ကယ်အတွက် ဒီလောက်ငွေက ပြောပလောက်ပါဘူး၊ ဒီထက်မကတောင် ကျွေးချင်သေးတယ်၊ းစရာတွေအားလုံးက တခြားဆိုင်တွေမှာ မရနိုင်တဲ့အစားအ သောက်တွေချည်းပဲ. . .

ဒီစားတော်ဆက်က တစ်ရက်ကြိုတင်မှာရတာလေ၊ ချက် ပြုတ်တဲ့ စားဖိုမှူးတွေမှန်သမျှ နိုင်ငံခြားမှာသွားပြီး တရုတ်အစား အစာ ချက်ပြုတ်တဲ့နည်းပေါင်း တစ်ရာကျော်ကျော်ကို သင်လာခဲ့ရ တာလေ'

ကျွန်ုပ်က ဟိုက်စွမ် စားတော်ဆက်နှင့်ပတ်သက်၍ သိ ားသောကိစ္စအား မြနှင်းအေးကို ရှည်လျားစွာ ပြောပြလိုက်လေ သည်။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈၄)

မြနှင်းအေးက ဟင်းဆယ်မျိုးကို စုံအောင် မြည်းလိုက်ရင်း. . . .

'အင်း. . . အားလုံး အရသာရှိတာပဲ၊ ကဲ. . . အန်ကယ့်မွေးနေ့မှာ မြနှင်းအေး ဘာဆုတောင်းပေးရမလဲ ပြောလေ'

ကျွန်ုပ် ဘာပြောရမှန်းမသိပဲ ပြုံးစိစိလုပ်နေမိသည်။

ပြီးမှ. . . .

'လူပျိုကြီးဘဝ လွတ်မြောက်ပါစေလို့သာ ဆုတောင်းပေးပါတော့ကွယ်'

မြနှင်းအေးက (၁၂)မျိုးဟင်းချိုအား ခပ်သောက်လိုက်ရင်း. . .

'ဒါမျိုးဆိုဟာ ကိုယ့်တိုင်ကြိုးစားမှ ဖြစ်တာ အန်ကယ်ရဲ့ ဆုတောင်းလို့ရတာ မဟုတ်ဘူး'



ကျွန်ုပ်က ပြောကွက်ဝင်လာအောင် ရေလာမြောင်းပေးလုပ်လိုသောသဘောနှင့် သွေးတိုးစမ်းလိုက်မှန်း သိလိုက်သော်လည်း အသာလေး ငြိမ်နေလိုက်သည်။

မိန်းမတို့၏ မာယာကိုးဆယ်တွင် ဝင်မတိုးမိစေရန် ကျွန်ုပ်သိမှာပါးနပ်စွာဖြင့် သတိပြုမိလိုက်ခြင်းသာ ဖြစ်ပါသည်။

မြနှင်းအေးကိုယ်တိုင်က ကျွန်ုပ် အခုလိုအချိန်၌ ဖွင့်ပြောလိုက်မည်ဆိုလျှင် ပရိယာယ်တစ်မျိုးနှင့် ရှောင်တိမ်းပြေးပေဦးတော့မည်။ ထို့ကြောင့် ရှက်လွန်းသည့်အမူအရာနှင့် ပြုံးရင်း ထမင်းဆက်စားနေမိသည်။

'မြနှင်းအေး လက်ထပ်တော့မယ်ဆို'

ကျွန်ုပ်က သိထားသောအကြောင်းကိစ္စတစ်ခုကို ဟန်ဆောင်၍ မေးမြန်းလိုက်၏။

မြနှင်းအေး၏မျက်နှာကလေးမှာ ချက်ချင်းပင် ညှိုးငယ်သွားကြောင်း သတိထားမိလိုက်သည်။

'အခု လောလောဆယ်တော့ မဖြစ်နိုင်သေးပါဘူး. . . အန်ကယ်'

'မြနှင်းအေး လက်ထပ်ဖို့ရည်ရွယ်ထားတဲ့သူက အကြောင်းကိစ္စ အမျိုးမျိုးကြောင့် အဆင်မပြေဖြစ်နေပြီနဲ့တူတယ်၊ အန်ကယ် ဘာအကူအညီပေးရမလဲ၊ အားမနာနဲ့နော်၊ လိုအပ်တာရှိရင် မိတ်ဆွေအရင်းအချာလိုပဲ ပွင့်ပွင့်လင်းလင်းသာပြော'

မြနှင်းအေးက သက်ပြင်းကိုချလိုက်၏။ ပြီးမှ. . . .

www.burmeseclassic.com

www.burmeseclassic.com



'အန်ကယ် ကူညီလို့မရပါဘူး၊ သူကိုယ်တိုင်က လက်ထပ်ဖို့ ကိစ္စကို တိုင်ပင်တိုင်း အလေးအနက်မထားသလို လုပ်နေတယ်လေ. . . စဉ်းစားကြည့်ပါ အန်ကယ်၊ မြနှင်းတို့ မိန်းမသားတွေမှာက အရာရာကို ထိန်းသိမ်းနိုင်မှ တော်ရုံကြပါတယ်. . .

ဘေးပတ်ဝန်းကျင်အနေနဲ့ မျက်လုံးပေါင်းများစွာ အကဲခတ်ဝေဖန်ကြည့်နေချိန်မှာ လက်ထပ်မယ့်ကိစ္စကို ဟိုနေ့ရွှေ့ဒီနေ့ရွှေ့ လိုက်သာလုပ်နေရင် မြနှင်းအတွက် ထိခိုက်နစ်နာစရာတွေ တစ်ပုံကြီးပေါ်လာနိုင်ပါတယ်'

'ဟုတ်တာပေါ့ကွယ်၊ သူ့ဘက်က တခြားဗာဟီရကိစ္စတွေကို နောက်ဆုတ်ပြီး လက်ထပ်ဖို့ကိစ္စသာ ဦးအလျင်ဦးစားပေးသင့်တာပေါ့'

ကျွန်ုပ်က မသိချင်ဟန်ဆောင်၍ မီးလောင်ရာလေပင့်ဆိုသလို ပြောဆိုလိုက်၏။

မြနှင်းအေးနှင့် အင်စပက်တာနေမြင့်တို့နှစ်ယောက်မှာ သည်တစ်ကြိမ်တော့ တစ်ဦးနှင့်တစ်ဦး စိတ်ကောက်နေကြခြင်း မဟုတ်တော့။ စကားများပြီး ကတောက်ကဆဖြစ်သောအဆင့်အထိ ရောက်ရှိနေကြလေပြီ။

သည်လိုအချိန်မျိုး၌ အခြေအနေကိုစောင့်ကြည့်ရင်း ပွဲလန့်တုန်း ဖျာခင်းဖို့သာ ကျွန်ုပ် စောင့်ဆိုင်း၍နေရပေတော့သည်။

'စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့ မြနှင်းရယ်၊ တဲ. . စားစရာရှိတာစားပြီးတာနဲ့ မြဇာတ်လေးဘာလေး ဝင်ကြည့်ကြ



အောင် မြနှင်းလည်း စိတ်ပြေလက်ပျောက် ရှိသွားအောင်ပေါ့ကွယ်'

မြနှင်းအေး စကားမပြန်ပဲ ထမင်းကိုသာ ငုံ့စားနေလေသည်။ မြနှင်းအေးက ဦးအောင်ကြွယ်၏အကြောင်းကို တမင်သိ၍ လိုက်လာခဲ့ခြင်းသာ ဖြစ်သည်။

ဦးအောင်ကြွယ်၏ အမှုအရာကို သူ့အနေနှင့် မသက်သာ ကြာခဲ့ပြီ။

သူမနှင့်ပတ်သက်၍ မကြာခဏ မေးမြန်းကြောင်းကို ဆရာဦးတိုးစိန်ကပြောပြ၍ ဦးအောင်ကြွယ်အား သတိထားပေါင်းသင်းဖို့ လိုအပ်ကြောင်းကို ပြောဆိုခဲ့သည်။

မြနှင်းအေးက ဆရာဖြစ်သူ ပါမောက္ခဦးတိုးစိန်၏စကားကို မြေဝယ်မကျ နားထောင်ခဲ့သူတစ်ယောက် ဖြစ်သည်။

ချစ်သူဖြစ်သော အင်စပက်တာနေမြင့်အပေါ် သစ္စာမဲ့သော မိန်းမတစ်ယောက်အဖြစ် အမြင်မခံနိုင်ခဲ့။

သူတို့နှစ်ယောက်တွေ့ဆုံတိုင်း နေမြင့်က ပင့်ကူနက်ဂိုဏ်းအကြောင်း၊ စိတ္တဇလူသတ်သမားအကြောင်း မကြာခဏပြောတတ်သည်။

ထို့ကြောင့် တာဝန်နှင့်ဝတ္တရားကို အချိန်ပြည့်ထမ်းဆောင်နေရသူ ချစ်သူအတွက် မည်သို့ကူညီရမည်ကို မကြာခဏ စဉ်းစားမိသည်။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈၅)

သတင်းစာထဲ၌ ဦးအောင်ကြွယ်က သားဖြစ်သူရှိန်းမောင်အား အမွေဖြတ်၍ သားအဖြစ်မှစွန့်လွှတ်လိုက်သည်ဆိုသော သတင်းကို သူမ သိရှိပြီးကတည်းက ဦးအောင်ကြွယ်အပေါ် စိတ်ဝင်စားလာခဲ့သည်။

ဦးအောင်ကြွယ်အား ပြဇာတ်မကြည့်ချင်ကြောင်း ပြောဆိုလိုက်၍ သူကိုယ်တိုင် မြနှင်းအေးကို တည်းခိုဆောင်သို့ လိုက်လံပို့ဆောင်ခဲ့သည်။

မြနှင်းအေးက အင်စပက်တာနေမြင့်ကိုယ်စား သူ့အား အနီးကပ်စုံစမ်းနေကြောင်း နည်းနည်းကလေးမှ ရိပ်မိပုံမရချေ။

သူပြောဆိုချင်သောစကားကို မျိုသိပ်၍ လူကြီးလူကောင်း ဆန်ဆန် ဝေ့လည်ကြောင်ပတ်ပြောဆိုရင်း နှုတ်ဆက်ပြန်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကြွယ်အား ခြံစဲအထိလိုက်ပို့ရင်း ညှော်ခန်း
ပြန်ဝင်အလာ. . . .

'မြနှင်းအေးရေ. . . ဒီမှာ ယူဆည့်သည်ကြီး ပိုက်ဆံအိတ်
ကျန်ခဲ့လို့ ကိုယ် သိမ်းထားလိုက်ရတယ်'

'ကျေးဇူးပါပဲ အေမီ'

ဦးအောင်ကြွယ်က သူခေါင်းထဲ စီစဉ်ထားသော အကြ
အစည် ဖြစ်မလာသဖြင့် ရှက်ကိုးရှက်ကန်းနှင့် ပိုက်ဆံအိတ် မေ့ကျ
ခဲ့ခြင်းသာ ဖြစ်သည်။

အေမီပေးသော ပိုက်ဆံအိတ်ကို ယူဆောင်လာရင်း အ
ခန်းသို့အရောက် ဖွင့်ကြည့်လိုက်ရာ. . . .

'ဟင်'

ပိုက်ဆံအိတ်ထဲမှ ဓာတ်ပုံတစ်ပုံ လျှောခနဲထွက်ကျလာ
သည်။

ထိုဓာတ်ပုံမှာ ဦးအောင်ကြွယ် အသက်နှစ်ဆယ်ကျော် န
စဉ်က ရိုက်ထားသောဓာတ်ပုံဖြစ်သည်။

မြနှင်းအေးက စိတ်၌ ထိုဓာတ်ပုံမျိုးတစ်ပုံကို တွေ့ဖူးသ
လို စိတ်မှာထင်နေမိသည်။

ထို့ကြောင့် ဗီရိုကိုဖွင့်၍ အင်စပက်တာ နေမြင့် ပေးထား
သောဓာတ်ပုံကို ရှာဖွေလိုက်မိသည်။

ဓာတ်ပုံနှစ်ပုံအား တိုက်ကြည့်လိုက်သောအခါ လူသတ်
များ၏ရုပ်ရည်နှင့် ဦးအောင်ကြွယ် အသက်နှစ်ဆယ်ကျော်ကျော်



ရိုက်ထားသောဓာတ်ပုံမှာ ခွဲမရအောင် တူနေသည်။

ထို့ကြောင့် မိမိဦးနှောက်ဖြင့် ဆုံးဖြတ်၍ မရနိုင်သောကိစ္စ
အတွက် ချစ်သူအင်စပက်တာနေမြင့်အား တိုင်ပင်ရန် ဈေးသို့ဖုန်း
ဆက်ရန် ထွက်လာခဲ့သည်။

ဈေး၌ ဖုန်းဆက်နေသော်လည်း လွယ်လွယ်နှင့် ဖုန်းခေါ်
၍မရ။

နောက်ဆုံး သူ့လက်ထဲမှဓာတ်ပုံအား အင်စပက်တာနေ
မြင့်အား ပြသရန် မြင်းလှည်းတစ်စီးငှား၍ ထွက်ခွာလာခဲ့သည်။

သူ၏ တည်းခိုခန်း၌ ယောက်ျားဖော် ထမင်းချက် တစ်
ယောက်နှင့် အတူနေခြင်းဖြစ်သည်။တည်းခိုအိမ်သို့ သူမ ရောက်
သည့်အခါ. . . .

'ဆရာ ဒီနေ့နောက်ကျမယ်လို့ ပြောပါတယ်'

'ဟင်. . . ဒုက္ခပါပဲ၊ ဒါဆို စာရေးပေးခဲ့ပါ့မယ်၊ သူလာရင်
ဆက်ဆက်ပေးလိုက်ပါနော်'

မြနှင်းအေးတစ်ယောက် နေမြင့်ရောက်အလာကို မျှော်နေ
မိသည်။ သူရေးထားသော စာကို နေမြင့်သာရရှိသွားခဲ့လျှင် မည်မျှ
အံ့အားသင့်သွားလေမလဲ. . . .

သူမ မထင်ထားသော ဦးအောင်ကြွယ်ဆို သူကား စိတ်ဝေ
ဒနာ လူသတ်သမားတစ်ယောက် ဖြစ်နေသည့်ကိစ္စမှာ ဆန်းကြယ်
လွန်းလှသည်။

မြနှင်းအေးတစ်ယောက် သူ့မျက်စိများ မှားလေသလားဟု

www.burmeseclassic.com

www.burmeseclassic.com



ပင် ထင်မိသောကြောင့် ခါတ်ပုံနှစ်ပုံကို ယှဉ်ကြည့်လိုက်မိသည်။

မျက်နှာပေါက်အကျ၊ နှာတံပေါ်ပုံကအစ၊ မျက်ခုံးမျက်လုံး အားလုံး ခွဲမရအောင် တစ်ထေရာတည်း ဖြစ်နေသည်။

အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို လုံးဝစဉ်းစားမရခဲ့။ ဦးအောင်ကြွယ်က အသက်( ၂၀ )အရွယ်ကပုံစံ မျက်နှာဖုံးတစ်ခုကို ကောက်စွပ်၍ လိုက်လံသတ်ဖြတ်နေခြင်းပေလား။

ဦးတိုးစိန်နှင့် နေမြင့်တို့ မကြာသေးခင်က တစ်ယောက်နှင့်တစ်ယောက် ငြင်းခုံပြောဆိုဖူးသောစကားကို ပြေးသတိရမိသည်။

ထိုစကားထဲတွင် နုပျိုလန်းဆန်းစေသည့် ဆေးတစ်မျိုးကို ရှေးခေတ်ကတည်းက ရှိခဲ့ဖူးကြောင်း သိရသည်။

ဦးအောင်ကြွယ်၌ ထိုသို့ စိတ်နုပျိုသွားစေသည့် ဆေးတစ်မျိုး ရှိခြင်းပေလား။

ထိုဆေးကို သောက်သုံးလျက် အသက်ပြန်လည်ငယ်သွားမှ ၄င်းမှတွင် မိန်းကလေးများကို သတ်ဖြတ်ခဲ့တာလည်း ဖြစ်နိုင်သည်။

သူမ၏ အတွေးများကို သေချာသည်ဟု မထင်မိသေး။

'ပွမ်'

'ဟယ်. . . အစ်ကို'

ခါးဟွန်းသံကို ကြားလိုက်ရသဖြင့် ဝမ်းသာအားရနှင့် နေမြင့်အား အပေါက်ဝသို့ အပြေးအလွှား ဆီးကြိုဖို့ ထွက်လာခဲ့မိသည်။



'ဟင်'

သူမ မမျှော်လင့်ဘဲ ဦးအောင်ကြွယ်ကို တွေ့လိုက်ရသဖြင့် တုန်လှုပ်ချောက်ချားမှုက အထွတ်အထိပ်သို့ ရောက်ရှိသွားစေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၈၆ )

ဦးအောင်ကြွယ်က သူမ စိတ်လှုပ်ရှားနေသည်ကို လုံးဝ သိရှိလေဟန်မတူချေ။

သူမ၏ အမူအရာကိုသာ စူးစိုက်ကြည့်နေလေတော့သည်။

'အန်ကယ် ပိုက်ဆံအိတ်ကျန်ခဲ့လို့ ပြန်လာယူတာပါ'

'ဟုတ်. . . ဟုတ်ကဲ့'

မြနှင်းအေး ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ ခုနသက စိတ်ကို ထိန်းချုပ်ထားသည့်ကြားက ပိုမိုမြန်ဆန်လာသည်။

အကယ်၍သာ ဦးအောင်ကြွယ်တစ်ယောက် သူ၏ဝိုယ်နေ ကိုယ်တာ လျှို့ဝှက်ချက်ကို မြနှင်းအေးသိရှိသွားပြီဟု ယင်သွား

www.burmeseclassic.com

www.burmeseclassic.com



လျှင် . . . . .

အလျှင်သတ်ဖြတ်ခဲ့ဖူးသော မိန်းမလှလေးများလိုပင် လည်း အသက်ရှင်ခွင့်ရလိမ့်မည်မဟုတ်ကြောင်းကို နားလည် သည်။

အခန်းဖော်များကလည်း သည်ကနေ့မှ အပြင်သို့ ထွ သွားကြသဖြင့် မည်သို့ ရင်ဆိုင်ဖြေရှင်းရမှန်းမသိအောင်ပင် ဖြ အသည်။

'ဘာဖြစ်နေတာလဲ မြနှင်းရဲ့ မင်းကို အန်ကယ်ကြည့်ရ တစ်စုံတစ်ရာကို ကြောက်လန့်နေသလိုပဲ'

'ဘာမှမဖြစ်ပါဘူး အန်ကယ်၊ ဟို. . . ဟို. . . . အိပ် ဆိုးမက်ပြီး လန့်နိုးကာစမို့ပါ'

ဦးအောင်ကြွယ်က မြနှင်းအေး၏ အမူအရာကိုကြည့် ချက်ချင်းရိပ်မိသွားပုံရသည်။

'အန်ကယ် ပိုက်ဆံအိတ်ရော'

'ရှိ. . . ရှိပါတယ်'

ပိုက်ဆံအိတ်ဟု ပြောလိုက်မှ အိတ်ထဲမှ ဓာတ်ပုံထု ထားမိသည်ကို ပြေးသတိရလိုက်မိသည်။

ထို့ကြောင့် ဓာတ်ပုံဆီသို့ အာရုံရောက်သွားမိခဲ့သည်

ဦး အောင်ကြွယ်က ဆက်တီခုံပေါ် ယှဉ်တွဲဖြန့်ထား ဓာတ်ပုံနှစ်ပုံအား သူ့ထက်ဦးစွာ မြင်တွေ့သွားခဲ့ လေပြီ။

မြနှင်းအေး အတွက် လုံးဝပြေးပေါက်မရှိနိုင်တော့၊



လည်း တတ်နိုင်မည် မဟုတ်တော့ပေ။

'သြော်. . မင်းက ငါလို့ ဝှက်ချက်တွေအားလုံးကို ဒီဓာတ်ပုံ အရ သိရှိသွားခဲ့ပြီကိုး'

ဦးအောင်ကြွယ်က သူ့စိတ်ထဲ မလုံမခြုံဖြစ်မိသည့်အတိုင်း မြနှင်းအေးကို ပြောချလိုက်လေတော့သည်။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈၃ )

'ဟုတ်တယ် . . ရှင်ဟာ လူယုတ်မာကြီး၊ သူတော်ကောင်း ဟန်ဆောင်ပြီး မိန်းကလေးတွေကို လိုက်လံသတ်ဖြစ်နေတဲ့ လူယုတ်မာ လူသတ်သမား'

'ဟား . . ဟား . . ဟား မှန်တယ်၊ မင်းပြောတဲ့ အကုန် မှန်တယ်'

ဦးအောင်ကြွယ်က အရူးတစ်ယောက်ကဲ့သို့ မြနှင်းဖွေး၏ စွပ်စွဲပြောဆိုချက်များအပေါ် လှောင်ပြောင်ရယ်မောပစ်လိုက်ရင်း မှန်ကန်ကြောင်းကို ဖွင့်ဟဝန်ခံမိနေသည်။

'ရှင် . . ရှင် ရွှေတိုးမလာနဲ့၊ ကျွန်မအခန်းထဲက ခုချက် ချင်းထွက်သွား'

'မင်းပြောချင်သလို ပြောနိုင်ပါတယ်လေ၊ အန်ကယ့်အ ပေါ် ဘာမှ ကြောက်လန့်တုန်လှုပ်စရာမလိုပါဘူး၊ အန်ကယ်က

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးတစ်ကောင်မှ မဟုတ်ပဲ. . . ဟဲ. . . ဟဲ

'အို. . . ရှင်ဟာ ဘီလူးပဲ၊ မိန်းမငယ်လေးတွေကို ရက်စက်စွာ သတ်ဖြတ်တတ်တဲ့ လူဘီလူးကြီး'

'ထားပါတော့လေ၊ အန်ကယ်ဟာ ဘီလူးကြီးဖြစ်ခဲ့ရင်တောင် မင်းကို အာခံတွင်းထဲ ငုံထားမတတ်ချစ်နေရတဲ့ တာနေဘယက္ခလို ဘီလူးတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်၊ မင်းကို အန်ကယ်ချစ်တယ်၊ မင်းကို အန်ကယ် လက်ထပ်ပါရစေ'

'ဘယ်လို. . ချစ်တယ် လက်ထပ်မယ်၊ ဒီ. . . ရှင့်လို လူသတ်သမားတစ်ယောက်ရဲ့ မယားဖြစ်ရတာထက် သေရတာက မြတ်ပါသေးတယ်၊ ရှင့်အသက်ကို ရှင်ပြန်တွက်ကြည့်ပါဦး၊ ကျွန်မကို ဒီစကားမျိုး ပြောရမယ့်အရွယ် မဟုတ်တော့ဘူးရှင့်'

မြနှင်းအေးက မည်မျှပြောဆိုနေသော်လည်း ဦးအောင်ကြွယ်က လုံးဝလျှော့မသွားသေး၊ ရှေ့သို့ဆက်ကာ တိုးလာတော့သည်။ မြနှင်းအေး ချောင်ပိတ်မိနေပြီ။

'ရှင်. . . ရှင် ရှေ့လုံးဝတိုးမလာနော်'

'အို. . . လွှတ်. . . လွှတ်'

ပြောဆိုနေသည့်ကြားက ဦးအောင်ကြွယ်၏ သန်မာသော လက်မောင်းကြီးနှစ်ဖက်က မြနှင်းအေးအား ရင်ခွင်ထဲသို့ ရုတ်တရက် ဆွဲသွင်းလိုက်ရင်း (ကရိုလိုဖောင်း) မေ့ဆေးရည်စွတ်ထားသော လက်ကိုင်ပဝါနှင့် မြနှင်းအေး၏နှာခေါင်းဝသို့ တို့လိုက်လေတော့သည်။



. မြနှင်းအေးမှာ မြွေတစ်ကောင်ကဲ့သို့ ပျော့ခွေသွားလေသည်။

ဦးအောင်ကြွယ်၏ မမျှော်လင့်သော အဖြစ်အပျက်က မြနှင်းအေးကို ကားတင်ပြေးရန် လှုံ့ဆော်လိုက်သကဲ့သို့ အကွက်ဝင်လာသည်။

ထို့ကြောင့် လူရိပ်လူခြည်ကိုကြည့်ရင်း မြနှင်းအေးကိုပွေ့လျက် ကားထဲသို့ ခေါ်ဆောင်လာခဲ့လေသည်။

ထို့နောက် မြနှင်းအေးအား သူ လွတ်လပ်စွာနေလို့လျှင် သွားရောက်နေထိုင်တတ်သော သုဝဏ္ဏဒွီပ်ရှိသည့် ခြံကြီးတစ်ခြံဆီသို့ ကားဖြင့် ခေါ်ဆောင်လာခဲ့လေတော့သည်။

မြနှင်းအေး၏ဘဝကား မကြာမီ ရေတိမ်နစ်ရပေတော့မည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈၈)

အင်စပက်တာနေမြင့်က မြနှင်းအေး ရေးသားထားခဲ့သော စာကို ဖွင့်ဖတ်လိုက်မိသည်။

အစ်ကို. . . .

အစ်ကိုပေးထားတဲ့ စိတ်ဝေဒနာလူသတ်သမားကို တွေ့ ပါပြီ။ အဲဒီလူဟာ တခြားမဟုတ်ပါဘူး ဦးအောင်ကြွယ်ပါပဲ။

သူ့ဗီရိုထဲက အစ်ကိုပေးထားတဲ့ ဓာတ်ပုံနဲ့ တစ်ထေရာတည်းတူတဲ့ ဓာတ်ပုံတစ်ပုံကို တွေ့ရတယ်။

အဲဒီဓာတ်ပုံဟာ ဦးအောင်ကြွယ် အသက် (၂၀) ကျော် အရွယ်ကတည်းက ရိုက်ထားတဲ့ဓာတ်ပုံပါပဲ။ အစ်ကို စာရရချင်း အေးထံအမြန်လာခဲ့ပါ။

အေး

www.burmeseclassic.com

www.burmeseclassic.com



စာဆုံးသွားသည့်တိုင် အင်စပက်တာနေမြင့်၏ စိတ်များ လှုပ်ရှားနေဆဲဖြစ်သည်။ သူကိုယ်တိုင် ရှာမတွေ့နိုင်သည့် ဦးအောင်ကြွယ်၏လျှို့ဝှက်ချက်အား မြနှင်းအေးတစ်ယောက် မည်သို့ ရှာဖွေတွေ့ရှိသွားသည်ကို စဉ်းစားမရနိုင်လောက်အောင် ဖြစ်မိ၏။

'ဒီစာလာပေးတာ ဘယ်အချိန်လောက်လဲ'

'ညနေကပါ ဆရာ၊ သုံးနာရီလောက် ကြာပြီ'

စိုးရိမ်ပူပန်စိတ်က ဆောက်တည်ရာမရနိုင်လောက်အောင် ဖြစ်သွားမိသည်။ မြနှင်းအေးအတွက် အန္တရာယ်တစ်ခုနှင့် ကြုံတွေ့ရမည်ကို သူ့စိတ်ထဲ မြေကြီးလက်ခတ်မလွဲ သိရှိလိုက်သည်။

ထို့ကြောင့်. . . . .

'ဘာမှာသွားသေးလဲ'

'အစ်ကို ရောက်ရောက်ချင်း ဒီစာကိုပေးပြီး သူ့ဆီအမြန် ဆုံးလာပါလို့ မှာသွားပါတယ်'

အင်စပက်တာနေမြင့် တွေတွေထူးထူး စဉ်းစားမနေဘဲ အိမ်ထဲမှ အမြန်ဆုံးပြန်ထွက်လာခဲ့သည်။

လူသတ်သမားက ဦးအောင်ကြွယ် ဖြစ်နေသည်ဟု သိရှိနားလည်သည့်တိုင် လူသတ်သမား၏လက်တွင်း၌ သက်ဆင်းကျရောက်နေသော ချစ်သူမြနှင်းအေးအတွက် အပူလောင်ဆုံး ခံစားနေရသည်။

ဦးအောင်ကြွယ်ကိုယ်တိုင်က မိန်းမလှကလေးများကို ရက်စက်စွာ သတ်ဖြတ်ဖူးသည့် လက်စလက်နက ရှိနေပြန်သဖြင့်



မြနှင်းအေး၏ကံကြမ္မာအတွက် မတွေးဝံ့တော့ပေ။

မြနှင်းအေးရှိရာသို့သာ ကားကိုအမြန်ဆုံး မောင်းနှင်ခဲ့ရလေတော့သည်။

မြနှင်းအေး ငှားရမ်းနေထိုင်သောအဆောင်သို့ ရောက်ရှိလာခဲ့၏။ မြနှင်းအေးကို မမြင်တွေ့ရသဖြင့် သူတွက်ဆသလိုဖြစ်ပြီဟု ထင်လိုက်မိသည်။

သူ၏အခန်းဖော်များကို မေးမြန်းစုံစမ်းကြည့်သောအခါ. . . .

'ကျွန်မတို့လည်း အပြင်ထွက်နေတာနဲ့ ဘယ်သူလာသွားတယ်ဆိုတာ သေသေချာချာမသိလိုက်ရပါဘူး'

'ညနေက အပြင်မထွက်ခင်မှာ အခန်းထဲ သူရှိနေသေးတယ်၊ သူ့ကြည့်ရတာ မျက်နှာလည်းမကောင်းဘူး၊ ကိုနေမြင့်နဲ့ အလျှင်လို စကားများလာမြန်ပြီနဲ့တူတယ်လို့တောင် ပြောနေကြသေးတယ်'

အင်စပက်တာနေမြင့်က အရေးကြီးသော လျှို့ဝှက်ကိစ္စဖြစ်နေ၍ အခန်းဖော်များကို ဖွင့်ပြောပြဖို့ မဖြစ်နိုင်သေး။ ထို့ကြောင့် မသိလိုက်ဘာသာ ပြုံးနေလိုက်ရသည်။

အပြင်ဘက်အမြင်အရ ပြုံးနေရပေမယ့် ရင်ထဲ၌ ပူလောင်နေမှုက လုံးဝပျောက်မသွားသေး။

ခြံစောင့်ကြီးကို မေးကြည့်သောအခါ. . . .

'ကားနက်ကြီးတစ်စီးနဲ့ အသက်ငါးဆယ်အရွယ် လူကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် လာသွားတာတော့ တွေ့လိုက်ပါတယ်'

ဦးအောင်ကြွယ်က သူ့ထက်ဦးအောင် ရောက်ရှိပြီး ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကျိန်းသေသွားလေပြီ။

ဦးအောင်ကြွယ်က ဘယ်နည်းနှင့်မှ သူနေထိုင်သည့် သံရည်ကျိုစက်ခြံဝင်းအတွင်းသို့ ခေါ်ဆောင်သွားလိမ့်မည်မဟုတ်။ မြနှင်းအေး ပျောက်ဆုံးသွားကတည်းက ဒေါင်းတောက်အောင် ရှာနေမည်ကို သူ ကြိုတင်တွက်ဆထားတော့မည်။

အင်စပက်တာနေမြင့်တစ်ယောက် ခေါင်းအေးအေးထားပြီး စဉ်းစားရလေတော့သည်။

မြနှင်းအေးအပေါ် သူမည်မျှချစ်သည်ဆိုသောကိစ္စအတွက် အထူးပြောဖို့တောင် မလိုပေ။ ရည်းစားလူလူ အူနုကျွဲခတ်ဆိုသော စကားအတိုင်း သူ ခံရခက်လွန်းလှသည်။

ဦးအောင်ကြွယ်ကိုယ်တိုင်က ရာဇဝတ်မှုပေါင်းများစွာကို ဆက်တိုက်ကျူးလွန်ခဲ့သည့် တရားခံတစ်ယောက်ဖြစ်နေ၍ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ဦးအောင်ကြွယ်အားရှာဖွေဖမ်းဆီးရန် အသင့်တော်ဆုံးအချိန်သို့ ရောက်ရှိနေခဲ့လေပြီ။

သို့သော် လူသတ်မှုပေါင်းများစွာကို ကျူးလွန်ထားသည့် တရားခံတစ်ယောက်ကို သူလျှော့တွက်ထားလို့မဖြစ်. . စုံထောက်တစ်ဦးထက်ပင် ပါးနပ်လိမ္မာမှု ရှိနိုင်သည်။

ဦးအောင်ကြွယ် ဘယ်နေရာသို့ ထွက်ပြေးတိမ်းရှောင်နေမည်နည်း။



ထိုကိစ္စကား အလေးအနက်ထား စဉ်းစားစရာပင်ဖြစ်သည်။ အချိန်တရွေ့ရွေ့နှင့် ကုန်ဆုံးသွားသကဲ့သို့ ဦးအောင်ကြွယ်၏ သားကောင်ပမာ ဖြစ်နေရရှာသည့် မြနှင်းအေးဘဝကား ထွက်ပြေးတိမ်းရှောင်နေရာနှင့် လွဲမှားစွာ ရှာဖွေနေမိလျှင် အခြေအနေကား တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစရာ ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈၉)

အင်စပက်တာနေမြင့်ကိုယ်တိုင် အတွေ့အကြုံရင့်ကျက်သော ပုလိပ်တစ်ဦးဖြစ်သော်လည်း တကယ်တမ်း နှလုံးသားရေးရာကိစ္စနှင့်ယှဉ်၍ တရားခံတစ်ယောက်ကို ဖမ်းဆီးရတော့မည်ဆိုသောကိစ္စနှင့် ကြုံလာရသောအခါ မတွေးဝံ့အောင်ပင် တုန်လှုပ်ချောက်ချားရလေတော့သည်။

ထိုအချိန်၌ ခေါင်းထဲ ဖျတ်ခနဲရောက်လာသော အကြံတစ်ခုက ဦးအောင်ကြွယ် ရှိနိုင်သောနေရာသို့ ရှိန်းမောင် တစ်ယောက် သိရှိနိုင်သေးသည်ဆိုသော အချက်ပင်ဖြစ်သည်။

လက်ထဲမှနာရီကိုကြည့်လိုက်မိသည်။ အချိန်မနှောင်းသေး။ ထိုအချိန်၌ ရှိန်းမောင်တစ်ယောက် ရွှေပင့်ကူရက်စတောရင့်ထဲ၌ ရှိနေမှာ သေချာသည်။

ရွှေပင့်ကူရက်စတောရင့်သို့ အင်စပက်တာနေမြင့်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိလာခဲ့သည်။ ရှိန်းမောင်အား မပြောမဖြစ်သည့်ကိစ္စမို့ ပွင့်လင်းစွာ အကြောင်းစုံ ပြောပြလိုက်သည့်အခါ သူက ဒေါသတိုး ပေါက်ကွဲ လေတော့သည်။

'အဖေ့ကို ကျုပ်ကြည့်နေတာကြာပြီဗျ။ ငန်းနက်သခော်ကို ရှာဖွေပြီး ပြန်လာ့ကတည်းက သူ့စိတ်တွေက မမှန်တော့ဘူး'

'တစ်ခါတစ်လေ အိမ်မှာနေရတာ စိတ်ကျဉ်းကျပ်တယ်ဆို ပြီး သုဝဏ္ဏဘက်မှာ သူဝယ်ထားတဲ့ခြံတစ်ခြံမှာ သွားနေသေးတယ် လေ၊ ဘာတွေလုပ်တယ်ဆိုတာတော့ ကျုပ်လည်း အမှန်တကယ်မသိ ခဲ့ရပါဘူးဗျာ'

'ဒါဆို ဒဲဒီလိပ်စာ ကိုရှိန်းမောင်မှာရှိလား'

'ဟာ . . . သိပ်ရှိတာပေါ့ ကိုနေမြင့်ရယ်'

ရှိန်းမောင်က ပြောပြောဆိုဆို လိပ်စာကို ဗိုင်ယာရီစာအုပ် ထဲ ရေးမှတ်ပေးလိုက်လေတော့သည်။

သူ့ပုံစံက အမေ့ဖြတ်၍ သား အဖြစ်မှစွန့်လွှတ်ကြောင်း ကြော်ငြာထားသဖြင့် ဖခင်ဦးအောင်ကြွယ် အပေါ်၌ အတော့်ကို နာကြည်းနေပုံရသည်။

အင်စပက်တာနေမြင့်အနေနှင့် ရှိန်းမောင်နှင့်ပတ်သက် သော ကိုယ်ရေးကိုယ်တာကိစ္စများကို စပ်စုမနေလိုတော့။

မြန်နိုင်းအေးအား ကယ်တင်နိုင်ဖို့သာ အရေးအကြီးဆုံးအ ချိန် ဖြစ်နေသောကြောင့် ရှိန်းမောင်အား နှုတ်ဆက်ပြီး ထိုနေရာမှ အမြန်ဆုံး ထွက်ခွာလာခဲ့လေတော့သည်။



ရှိန်းမောင်တစ်ယောက်က သူပြောသမျှကို မယုံသလိုလို နှင့် ငဲ့တွေဝေစဉ်းစားနေရင်း ကျန်ရစ်ခဲ့ရှာသည်။ ရှိန်းမောင်ညွှန် လိုက်သော လိပ်စာအရဆိုလျှင် ထိုနေရာက မြို့စွန်ခေါ်ရလောက် အောင် အလွန်လူပြတ်ပြီး ချောင်ကျသောနေရာသာ ဖြစ်တော့ သည်။

(ထိုကာလအတောအတွင်းက သုဝဏ္ဏမြို့သစ် မတည် သေး။ သစ်ပင်ပန်းမန်များစိုက်ပျိုးသော ခြံများသာရှိတတ်ပြီး သူနေကျဲပါးသော အရပ်ဖြစ်လေသည်။)

အင်စပက်တာနေမြင့်၏ကားကလေးက သုဝဏ္ဏဘက်ဆီ သို့ အမြန်ဆုံး ဦးတည်မောင်းနှင်လာရပြန်သည်။

သည်တစ်ကြိမ်တော့ ဦးအောင်ကြွယ်တစ်ယောက် သူ့ လက်ထဲမှ လုံးဝလွတ်နိုင်တော့မည် မဟုတ်တော့ပေ။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉၀)

## ရှုန်းမလွတ်သာ

ပတ်ဝန်းကျင်တစ်ခုလုံးက ငြိမ်သက် တိတ်ဆိတ်နေသည်။

မြနှင်းအေး သတိရလာသောအခါ မည်သည့်နေရာသို့ သူမ ရောက်ရှိနေမှန်းမသိအောင် ဖြစ်ရသည်။

မကြာသေးမီအတိတ်ကာလ ဖြစ်ပျက်ခဲ့သမျှကို ပြန်လည် တွေးစားမိသောအခါ၌ ဦးအောင်ကြွယ်နှင့်ပတ်သက်၍ တုန်လှုပ် ချောက်ချားစရာအကြောင်းများ ပေါ်လာသည်။

ဦးအောင်ကြွယ်သတ်ဖြတ်ခဲ့ဖူးသည့် မိန်းမများနှင့်ပတ် သက်၍ ချစ်သူအင်စပက်တာနေမြင့်က မကြာခဏ ပြောပြခဲ့ဖူးသ ခြင်းများ မှတ်မိနေသည်။

သေဆုံးသူမိန်းကလေးများမှာ ချောမောလှပသူလေး

www.burmeseclassic.com

www.burmeseclassic.com



များချည်း ဖြစ်သည်။ မြနှင်းအေးကိုတော့ ဦးအောင်ကြွယ် ကိုယ်တိုင်
အပေါ်စား မိန်းကလေးတစ်ယောက်အဖြစ် သက်မှတ်ခဲ့ခြင်းမရှိ
တော့ သေချာသည်။

ဆရာဦးတိုးစိန့်ထံသို့ မကြာခဏ ရောက်လာကတည်း
ဦးအောင်ကြွယ်၏ မျက်လုံးကြီးများကို သံသယဖြစ်နေတတ်ကြော
နေမြင့်အား သူမ မကြာခဏ ပြောပြခဲ့ဖူးသည်။

အသက်အရွယ်အားဖြင့် ကွာခြားလှသည်ကတစ်ကြော
ဦးအောင်ကြွယ်ကို ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ဦးဖြစ်သည်
တစ်ကြောင်းကြောင့် ထိုသို့သောအလုပ်ကို လုပ်လိမ့်မည်ဟု မထ
ခဲ့။

ယခုတော့ သူ မမျှော်လင့်ထားသော လူတစ်ယောက်
အခန်းတစ်ခုထဲ ချုပ်နှောင်ထားခဲ့လေပြီ။

မိန်းကလေးတစ်ဦးအား အခန်းတစ်ခုထဲချုပ်နှောင်ထ
ခြင်းမှာ အားငယ်တတ်သည်ကလွဲ၍ လွတ်မြောက်ရန်လမ်းစ
သေးသည်။ အဝတစ်ခုလုံးကို ချုပ်နှောင်ခံရမည်ဆိုပါက လွ
မြောက်ရန်လမ်းစ လုံးဝမရှိတော့။

ထို့ကြောင့် အခန်းတွင်းကို လှည့်လည်ကြည့်ရှုရင်း ပ
ပေါက်တစ်ခုကို ရှာနေမိသည်။

အခန်းတံခါးကို အပြင်မှသော့ခတ် ပိတ်ဆို့ထားသေ
ကြောင့် လုံးဝဖွင့်၍ရနိုင်။ ပြတင်းပေါက်တံခါးက ဖွင့်ရန်လွယ်က
သော်လည်း အပေါ်ထပ်ဖြစ်နေသောကြောင့် ခုန်ဆင်းမှ ဖြစ်



မည်။ အပေါ်ထပ်မှ ခုန်ဆင်းဖို့ကိစ္စမှာ လွယ်ကူသောကိစ္စမဟုတ်။
အဆင်းမတော်လျှင် တစ်စုံတစ်ခု ဖြစ်သွားနိုင်သည်။

မြနှင်းအေး တွေးရင်း စိတ်ဓာတ်များ ကျဆင်းလာခဲ့မိ
သည်။ နေမြင့်သို့ စာရေးထားခဲ့သည်ကို သတိရမိသော်လည်း ထိုခြံ
သို့ ချက်ချင်းရှာဖွေတွေ့ရှိနိုင်ဖို့ကား မလွယ်ကူလှပေ။

သူမ၏ဘဝကား ဦးအောင်ကြွယ်လက်တွင်း၌ မည်သည့်
နည်းနှင့်မှ ရေတိမ်နစ်မခံနိုင်။

ဦးအောင်ကြွယ်က တခြား မိန်းကလေးများကဲ့သို့ သူမအား
သတ်ဖြတ်ရန် ခေါ်ယူလာခြင်းမဟုတ်သည့်အတွက် အနည်းငယ်
စိတ်အေးလက်အေး စဉ်းစားချိန် ရနိုင်သေးသည်။

ဦးအောင်ကြွယ်က သူမကိုချစ်သည်ဟုဆိုသည်။ လက်ထပ်
မည်ဟုလည်း ပြောခဲ့သည်။

ထို့ကြောင့် မိန်းမတို့၏ မာယာကိုသုံး၍ ထိုနေရာမှ လွတ်
မြောက်ရန် ကြံစည်အားထုတ်လျှင် ဖြစ်နိုင်သေးသည်။

တစ်ခု စဉ်းစားနေရသေးသည်မှာ တစ်ခါတည်း လွတ်
မြောက်သွားခဲ့လျှင် အကြောင်းမဟုတ်။

ထိုခြံထဲမှ အပြင်သို့ထွက်နိုင်သည့်တိုင် သူမအဖို့ ပြေးစရာ
လမ်းက တစ်ခုသာရသည်။ ဦးအောင်ကြွယ်၏ခြံက လမ်းဆုံး၌
ကန့်လန့်ဖြတ်ဆောက်ထားသဖြင့် ထိုလမ်းတစ်လျှောက်လုံး ထွက်
ပြေးနိုင်မှသာ လွတ်မြောက်နိုင်လိမ့်မည်။

သူမ သတိရလာသောအချိန်ကား မမှောင်သေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှ ခြံနီးနားချင်းများအား အကူအညီရလိုရငြား ရှာဖွေ
ကြည့်မိခဲ့သည်။

တစ်ခြံကျော် နွားမွေးမြူသည့် ကုလားမိသားစုရှိသည်
ထိုမိသားစုကို အားကိုး၍ ရနိုင်မည်မဟုတ်။

ဦးအောင်ကြွယ်က ပါးနပ်လိမ္မာသူဖြစ်ပြီး အရာရာကို ငွေ
နှင့်ပေါက်၍ အနိုင်ယူနိုင်စွမ်းရှိသည်။ ထို့ကြောင့် ကုလားမိသားစ
ကူညီချင်သည့်တိုင်အောင် ဦးအောင်ကြွယ်လိုဂုဏ်သရေရှိ လူကြ
တစ်ဦးကို ကျော်လွန်လိမ့်မည် မဟုတ်ပေ။

မြနှင်းအေး အတည်ငြိမ်ဆုံး စဉ်းစားရသည်မှာ ယခု သည်
ခြံထဲသို့ သူမ ရောက်ရှိနေခြင်းနှင့်ပတ်သက်၍ အလိုမကျသေ
မိန်းကလေးတစ်ယောက်အား သူဌေးတစ်ဦးက အဓမ္မ ကားတင်
ပြေးပါသည်ဟုဆိုလျှင် မြနှင်းအေးဘက်မှဆုံးရှုံးနစ်နာစရာ ထပ်
ပေါ်လာနိုင်သေးသည်။

နေမြင့်အပေါ် သူတစ်သက်လုံး မြတ်နိုးတွယ်တာလာ
သမျှ ဦးအောင်ကြွယ်နှင့်ပတ်သက်၍ အဆုံးရှုံးခံရတော့မည်
သိနားလည်မိသဖြင့် ဘယ်လိုမှ ဖြေဆည်မရလောက်အောင် ကြေ
ကွဲဝမ်းနည်းနေမိသည်။

နာရီကိုကြည့်ရင်း ရင်တွေ တလှပ်လှပ်ခုန်လာသည်
မကြာခင် သူမထံသို့ ဦးအောင်ကြွယ် ရောက်လာမည်မှာ ကျိန်းသေ
နေပြီ။

ဦးအောင်ကြွယ်တစ်ယောက် ဝဏ္ဏသိဒ္ဓိဆေးကိုသောက်



လိုက်သည့်အတွက် အသက်(၂၀)ကျော်အရွယ် နုပျိုသွားခဲ့ပြန်
သည်။

မှန်ထဲတွင် သူ၏ရုပ်သွင်ကို ကြည့်ရှုရင်း ပီတိဖြစ်လာခဲ့
သည်။

သူ့အား ဦးအောင်ကြွယ် အနေဖြင့် မချစ်နိုင်သော မြနှင်း
အေးအတွက် နုပျိုလန်းဆန်းနေသည့် ရုပ်သွင်ကိုသာ မြင်လိုက်
ရလျှင် သူမ၏စိတ်ကား တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်သည်။

အသက်ငါးဆယ်ကျော်အရွယ်မှ အသက် (၂၀)ကျော်
အရွယ် နုပျိုလာလိမ့်မည်ဟု မြနှင်းအေး ထင်ထားလိမ့်မည်မဟုတ်။

သည်တစ်ညတော့ မြနှင်းအေးကို သူ စည်းရုံးသိမ်းသွင်းပြီး
လက်ထပ်ဖို့ ကြိုးစားရပေတော့မည်။ မြနှင်းအေးကို လက်ထပ်လိုက်
ပြီဆိုလျှင် သူ၏လျှို့ချက်ကို သူမနှင့် ဖော်ထုတ်မည်မဟုတ်တော့။

သူကိုယ်တိုင်လည်း ပြီးခဲ့သော အတိတ်ဖြစ်ရပ်များကို
ပြည်ဖုံးကားချကာ လူသစ်စိတ်သစ်ဖြင့် ဘဝတစ်ခုကို တည်ဆောက်
သွားဖို့သာ ရှိတော့သည်။

ထို့ကြောင့် သူကိုယ်တိုင် ဝဏ္ဏသိဒ္ဓိဆေးကိုသောက်တိုင်း
အမြဲလာနေတတ်သည့် သုဝဏ္ဏခြံကြီးအတွင်းသို့ ခေါ်ယူလာရခြင်း
ပင် ဖြစ်တော့သည်။

အင်စပက်တာနေမြင့် လိပ်စာအတိုင်း သုဝဏ္ဏ ခြံကြီး
အတွင်းသို့ ရောက်ရှိလာခဲ့သည်။ ခြံကိုကျော်၍ ခိုးကြောင်ခိုးဝှက်
ဝင်လာခြင်း ဖြစ်သောကြောင့် သူရောက်ရှိနေသည်ကို မည်သူမျှ

www.burmeseclassic.com

www.burmeseclassic.com



မသိရှိနိုင်ခဲ့။

ဦးအောင်ကြွယ်သာ သိရှိသွားခဲ့လျှင် အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲဖွယ်သာ ရှိတော့သည်။

သူ့အတွက် သည်လိုစွန့်စားရသည့်အလုပ်မှာ ကျင့်သားရနေခဲ့ပြီးဖြစ်သောကြောင့် အခက်အခဲမရှိနိုင်ပေ။

ဦးအောင်ကြွယ်ခြံထဲ၌ လွှတ်ထားသည့် ခွေးကြီးသုံးကောင်မှာ ယခုလောက်ဆိုလျှင် အိပ်ဆေးမှုန့် ပေါင်မုန့်များစားသောက်ပြီး အိပ်မောကျနေခဲ့လေပြီ။

ဦးအောင်ကြွယ်အနေနှင့် သူ ထင်မြင်ယူဆထားသည့်အတိုင်း ဝဏ္ဏသိဒ္ဓိဆေးကိုသောက်သုံး၍ နုပျိုသောအသွင်ဖြင့် မိန်းမလှလေးများကို ဖြားယောင်းသတ်ဖြတ်လေ့ရှိသော လူသတ်သမားတစ်ယောက်ဖြစ်သည်ဟု ကျိန်းသေတွက်ဆလို့ရသည်။

ရှိန်းအောင် ပြောပြမှုအရဆိုလျှင် ငန်းနက်ဆိုသော ပေါ်တူဂီသင်္ဘောကြီးတစ်စင်းထဲမှ ကြေးနီသေတ္တာတစ်လုံးကို ရရှိခဲ့ကြောင်း၊ ထိုသေတ္တာထဲမှ ဝိုင်ပုလင်းနှင့် အလားသဏ္ဌာန်တူသော ပုလင်းတစ်လုံးကိုတွေ့ခဲ့ပြီး ဖခင်ဖြစ်သူ ဦးအောင်ကြွယ်က ထိုပုလင်းနှင့်ပတ်သက်၍ မည်သည့်စကားမှ မစခဲ့ကြောင်း သိရှိရသည်။

ငန်းနက်နှင့်ပတ်သက်၍ ပင့်ကူနက်ဂိုဏ်းကလည်း ရတနာများရှိသည်ဟု သတင်းရရှိ၍ အပူတပြင်း ရှာဖွေနေကြောင်းကို သိရှိခဲ့ပြီးဖြစ်သည်။

ဦးအောင်ကြွယ်အား ပင့်ကူနက်ဂိုဏ်းနှင့်ပတ်သက်နေလေ



မလားဟု သတင်းရရှိ၍ စိတ်ထဲထင်နေမိသော်လည်း လူသတ်သမား ဖြစ်လျှင် ပင့်ကူနက်ဂိုဏ်းထဲမှ လုံးဝမဖြစ်နိုင်တော့။

အဘယ်ကြောင့်ဆိုသော် ပင့်ကူနက်ဂိုဏ်းနှင့် ကာမ်းနားဟိုတယ်၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်းကို သူသိရှိထားပြီးသောကြောင့်တည်း။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

ပင့်ကူနက်ဂိုဏ်း၏ သဲလွန်စကို ရှာဖွေဖော်ထုတ်ရန် တပည့် မနီလာကို စေလွှတ်ထားပြီးဖြစ်၍ တစ်ဖက်မှ စိတ်အေးရသည်။

ဦးအောင်ကြွယ်၏ တိုက်အနောက်ဘက် ကြောင်လိမ်လှေကားမှ အပေါ်ထပ်သို့ ကွေ့ပတ်တက်လာခဲ့သည်။ သူ့အား ဆီးကြို တိုက်ခိုက်မည့် အန္တရာယ်ကမရှိ၍ တစ်ယောက်တည်း လွတ်လပ်စွာ လျှောက်နေမိသည်။

မြနှင်းအေးအနေနှင့် သူရောက်ရှိမှန်းသိလျှင် မည်မျှ ဝမ်းသာလိုက်မည်နည်း။

စိုးရိမ်ပူပန်တတ်သည့်စိတ်က ယခုထိ မပျောက်နိုင်သေး။ မြနှင်းအေးအပေါ် ဦးအောင်ကြွယ် အခမ္ဘသိမ်းပိုက်မထားပါစေနှင့် ဟုသာ စိတ်ထဲမှာ ကျိတ်မှိတ်ဆုတောင်းနေရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြနှင်းအေးက တံခါးဖွင့်သံကို ကြားရသည်နှင့် ခုတင်ပေါ်၌ အိပ်ချင်ယောင်ဆောင်နေမိသည်။

တံခါးဖွင့်လိုက်သောကြောင့် အပြင်မှ အလင်းတန်းတစ်ခုက မျက်နှာပေါ်သို့ ထိုးကျလာလေတော့သည်။

မျက်နှာပေါ် ထိုးကျလာလေသည့် အလင်းတန်းနှင့်အတူ သူမထံသို့ လျှောက်လာနေသည့်ခြေသံအား အတိုင်းသားကြားနေရသည်။

'ဟင်'

သူမ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဦးအောင်ကြွယ်ဟု ထင်မြင်စရာမကောင်းလောက်အောင် နုပျိုလန်းဆန်းနေသူတစ်ယောက်အား မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသည်။

'ကိုယ့်ကို သိပ်အံ့ဩနေပြီလား မြနှင်း'

'ဟင့်အင်း'

'မညာပါနဲ့မြနှင်းရယ်၊ မြနှင်းက လိမ်ညာနေပေမယ့် ာက်ပတဲ့ မျက်လုံးတစ်စုံက အဖြေပေးနေပြီပဲ'

တုတ်သည်။ နုပျိုလန်းဆန်းနေသော ဦးအောင်ကြွယ်က အချိန်တိုတိုကလေးနှင့် မိန်းမလှကလေးများအပေါ် လှည့်စားနိုင်ခဲ့သည် မဟုတ်ပါလား။

'ရှင်. . . ရှင်. . . မယုတ်မာနဲ့နော်၊ ကျွန်မဟာ ရှင့်လို လူယုတ်မာကို စိတ်ကူးထဲတောင်မထည့်ဘူး၊ အစ်ကိုနေမြင့်အပေါ် ဘယ်လောက်သစ္စာရှိတဲ့ မိန်းမတစ်ယောက်လဲဆိုတာ မြမြမှတ်ထား



'ဘာ'

ဦးအောင်ကြွယ်၏မျက်လုံးထဲ မျှော်လင့်ထားသလိုဖြစ်မလာနိုင်သည့်အတွက် မီးဟုန်းဟုန်း တောက်နေခဲ့သည်။ မြနှင်းအေးအား ပြာကျမတတ်ကြည့်ရင်း ကြမ်းတမ်းစွာ အိပ်ရာပေါ်သို့ ပစ်တွန်းလိုက်လေတော့သည်။

ဦးအောင်ကြွယ်က နုပျိုဆေးကို သောက်တိုင်း ဆေးတန်ခိုးက ပြင်းထန်လွန်းလှသဖြင့် သာမန်လူထက် နှစ်ဆခန့် ပိုမိုသန်မာလေသည်။ ထို့ကြောင့် မြနှင်းအေးတစ်ယောက် အိပ်ရာပေါ်သို့ ဘုံးခနဲ လဲကျသွားရလေတော့သည်။

သူ့ဘဝအား လုံးဝကယ်တင်မယ့်လူမရှိ၊ မုန့်တိုင်းကြားဝေ လွင့်သွားရမည့် နှင်းဆီတစ်ပွင့်ပမာ အညှာမခိုင်နိုင်တော့။

'ဟော့. . . အောင်ကြွယ်. . . လူယုတ်မာ၊ နောက်ဆုတ်လိုက်စမ်း'

'ဟင်. . . အစ်ကို'

ရုတ်တရက်အမိန့်ပေးလိုက်သံကြောင့် အပေါက်ဝဆီသို့ လှမ်းအကြည့် ဦးအောင်ကြွယ်အား သေနတ်နှင့်ချိန်ရွယ်ထားသည့် နေမြင့်တို့ တွေ့လိုက်ရသည်။

'မင်း လူမှားနေပြီထင်တယ်၊ ငါ့နာမည် ဘဦးလေ ဘဦး'

ဦးအောင်ကြွယ်က နုပျိုဆေးသောက်ထားကြောင်း အင်စ ပက်တာနေမြင့်တစ်ယောက် လုံးဝမသိရှိဟု ယူဆ၍ သူကိုယ်သူ ဘဦးဖြစ်ကြောင်း ပြောဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အို . . . မဟုတ်ဘူး . . . မဟုတ်ဘူး၊ သူ . . သူညာနေတာ'

မြနှင်းအေးက ကြားထဲမှ မသိမသည်စိုး၍ ဝင်ပြောလိုက်သည်။

'ကျုပ် အားလုံးသိပြီးပြီ ဦးအောင်ကြွယ် ၊ စိတ်နုပျိုဆေးတွေကို ခင်ဗျားသောက်၊ အခုလိုအရွယ်ကလေးရောက်တဲ့အခါ မိန်းကလေးတွေကို လှည့်စားပြီးတော့ ဆိုးရွားစွာ ဖောက်ပြန်လာတဲ့ စိတ်ကို မထိန်းချုပ်နိုင်ပဲ သတ်ပစ်ခဲ့တာ ဘယ်နှစ်ယောက်ရှိပြီလဲ၊ ကျုပ်လို အင်စပက်တာတစ်ယောက်ကို မလိမ်တစ်ပတ်လုပ်လို့ လုံးဝရမယ်မထင်ပါနဲ့ ဦးအောင်ကြွယ်၊ တရားဥပဒေကို ရင်ဆိုင်ဖို့တဲ့ သတ္တိမွေးစမ်းပါ'

'ဝုန်း'

ဖမ်းဆီးရန်တိုးလာသော အင်စပက်တာနေမြင့်အား ခုံတစ်လုံးနှင့် အလစ်တိုက်ခိုက်လိုက်သောကြောင့် သေနတ်မှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားခဲ့လေတော့သည်။

ဦးအောင်ကြွယ်၏ သန်မာမှုကား သာမန်လူထက်ပိုသောကြောင့် နေမြင့်၏ကိုယ်ပေါ်သို့ ကျားတစ်ကောင်လို လျှပ်တစ်ပြက်လွှားခနဲခုန်အုပ်ရင်း လုံးလားထွေးလား သတ်ဖြတ်နေသည်။

နေမြင့်က အငိုက်ခံလိုက်ရသူဖြစ်သောကြောင့် ဦးအောင်ကြွယ်၏ တိုက်ခိုက်မှုအကြား အလူးအလိမ့်ခံရကာ သေနတ်ဆီသို့ ပြေးကောက်ရန် ကြံရွယ်လိုက်၏။

'ဖြောင်း'



'အင့်'

ဦးအောင်ကြွယ်က လူ့ဘီလူးကြီးတစ်ကောင်လို ဆေးတန်ခိုးအာနိသင်ကြောင့် အစွမ်းကုန်ပြည့်ဝလာသော ခွန်အားသစ်ကိုသုံး၍ သေနတ်ဆီ မဲတင်းကောက်ယူဖို့ ကြိုးစားနေသူနေမြင့်အား စိတ်တိုင်းကျ တိုက်ခိုက်အနိုင်ယူနေသည်။

မြနှင်းအေး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေမိသည်။ ကြမ်းပြင်ပေါ်ကျနေသော သေနတ်က တဖြည်းဖြည်းလျှောတိုက်ရင်းပင် အခန်းပြင်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

အခန်းပြင်ဘက်သို့ထွက်၍ သေနတ်ကို ပြေးကောက်ဖို့လွယ်မည်မဟုတ် ။ ဦးအောင်ကြွယ်က မုန်ယိုနေသောဆင်ရိုင်းကြီးတစ်ကောင်လို တစ်ခန်းလုံး တိုက်ခိုက်နေသည်။

နေမြင့်တစ်ယောက် တစ်ဖက်ရန်သူအား လျှော့တွက်ထားသည်မှာ အမှားကြီးမှားခဲ့လေပြီ။

ဦးအောင်ကြွယ်ကို ဘယ်လိုမှ မနိုင်နိုင်တော့။ ချစ်သူ မြနှင်းအေးအတွက် ဒေါသထွက်နေရသောကြောင့် တတ်မြောက်ထားသော ဗန်တိုဗန်ရှည် သိုင်းကွက်များကိုပင် တိတိကျကျ ထိထိရောက်ရောက် အသုံးချနိုင်ခြင်းမရှိတော့ပေ။

ဦးအောင်ကြွယ် တိုက်ခိုက်သမျှကို လည်စင်းခံနေရသကဲ့သို့ ဖြစ်နေမိသည်။

ဦးအောင်ကြွယ်က သူတို့နှစ်ယောက်စလုံးကို အခန်းအပြင်ဘက်သို့ လုံးဝရောက်ရှိမသွားစေရန် ပိတ်ဆို့တိုက်ခိုက်သျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိလေတော့သည်။

နေမြင့်က မိုက်မဲစွာပြေးအဝင် ရင်ဝသို့ အင့်ခနဲ ပစ်ကန်ခံလိုက်ရပြီး ပြင်းထန်လွန်းသောကြောင့် နံရံနှင့် ဘုံးခနဲ ရိုက်မိသွားလေတော့သည်။

နေမြင့် ရုတ်တရက်မထနိုင်မီ ဦးအောင်ကြွယ်က ကြွေပန်းအိုးကြီးတစ်လုံးကိုကိုင်၍ နေမြင့်၏ ဦးခေါင်းကို ရိုက်ခွဲပစ်ရန်အတွက် ရှေ့သို့ တရွေ့ရွေ့တိုးလာသည်။

မြနှင်းအေးက ကြောက်လန့်တကြား အော်လိုက်မိ၏။

'ဒိုင်း'

'အား'

မြနှင်းအေး အော်ဟစ်လိုက်သံနှင့် မရှေးမနှောင်း သေနတ်သံတစ်ချက် ပေါ်ထွက်လာပြီး ဦးအောင်ကြွယ်တစ်ယောက် အင်စပက်တာနေမြင့်ထံသို့ မရောက်မီ ကြွေပန်းအိုးကြီးကိုင်လျက် ကြမ်းပြင်ပေါ်သို့ ဘုံးခနဲ လဲကျသေဆုံးသွားလေတော့သည်။

နေမြင့်ရော မြနှင်းအေးပါ အံ့အားသင့်၍ အပေါက်ဝဆီသို့ လှမ်းအကြည့်. . . .

'ဟင်. . . ဟာ. . . ရှိန်းမောင်'

ရှိန်းမောင်၏လက်ထဲ၌ အပေါက်ဝသို့ လွင့်စဉ်သွားသည့် အင်စပက်တာနေမြင့်၏ သေနတ်တစ်လက် ကိုင်ထားသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေတော့သည်။



'ကျုပ် ကျေနပ်တယ်၊ ကျုပ်ဘဝတစ်ခုလုံးကို တာဝန်မဲ့ခဲ့သူတစ်ယောက်အပေါ် ကလဲ့စားချေရလို့ ကျုပ် ဝမ်းသာတယ်၊ ကျုပ်ဒီလိုကလဲ့စားချေဖို့ အခွင့်အလမ်းကို ရှာဖွေနေခဲ့တာ ကြာပါပြီ'

ရှိန်းမောင်က နာကြည်းခြင်းများစွာနှင့် သူတို့နှစ်ယောက်ကို ကြည့်ရင်း တတွတ်တွတ် ပြောဆိုနေကြောင်း တွေ့ရ၏။ ရှိန်းမောင်တစ်ယောက် ရူးသွားပြီလား။

သို့မဟုတ်. . . .

ဦးအောင်ကြွယ်က အမွေပြတ်ကြော်ငြာထားသည့်အတွက် ကောင်းစွာ လက်စားချေခဲ့ပြီလား မသိနိုင်သေး။

❈ ❈ ❈ ❈ ❈

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉၂)

### လက်စားချေရခြင်းအကြောင်းရင်း

အင်စပက်တာနေမြင့်က ရှိန်းမောင်အား နားမလည်နိုင်သောပုံစံနှင့် စိုက်ကြည့်ရင်း. . . .

'မှင်း ဘာတွေပြောနေတာလဲ ရှိန်းမောင်၊ မင်းပြောနေတာတွေ ငါ ဘာမှနားမလည်နိုင်တော့ဘူး၊ မင်း ငါတို့နှစ်ယောက်ရဲ့အသက်ကို ကယ်တင်လိုက်တာပဲ သိတယ်'

'ဟုတ်ပါတယ် ကိုနေမြင့်၊ ဦးအောင်ကြွယ်ဟာ လူသတ်တရားခံ ရာဇဝတ်ကောင်ပါ၊ အပြစ်တစ်ခုလုံးကို ဖုံးကွယ်လိုစိတ်ကြောင့် အပြစ်တစ်ခုကို ထပ်မံဖန်တီးဖို့ ကြိုးစားနေတဲ့သူပါ၊ ဒါကြောင့် သူရဲ့ မိုက်ကြေးသဲသရာဟာ ဘယ်အခါမှ ဆုံးသွားလိမ့်မယ် မထင်ဘူးလေ၊ ဒါကြောင့် မွေးစားသားဖြစ်သူ ကျုပ်ကိုယ်တိုင်



အဆုံး သတ်ပေးလိုက်ရတာပါပဲ'

'ဒါနဲ့ မင်း စောစောကပြောခဲ့တဲ့အထဲမှာ ကလဲ့စားချေခြင်းဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲ'

'ဩော်. . ဒီကိစ္စက ကျုပ်ဘဝနဲ့ဆိုင်ပါတယ်၊ ခင်ဗျားတို့သိအောင် ပြောပြရမယ်ဆိုရင် ဦးအောင်ကြွယ်ဟာ ကျုပ်မွေးစားအဖေမဟုတ်ပါဘူး၊ ကျုပ်ဘဝကို ဖျက်ဆီးခဲ့တဲ့လူဗျ'

'ဟေ'

ရှိန်မောင်က ရင်နာကြေကွဲဖွယ်ကောင်းသော သူ၏အတိတ်အဖြစ်အပျက်ကို အောက်ပါအတိုင်း စတင်ပြောပြလေသည်။

+ + + + + + + + +

မခင်နုမှာ ဖခင်ဖြစ်သူရှေ့မှောက်၌ အစ်ကိုဖြစ်သူများက ရိုက် နှက်ပြန်ခေါ်လာသဖြင့် ဦးအောင်ကြွယ်အား မခွဲနိုင်မခွာရက်ဖြစ်ရလေသောကြောင့် ငိုယိုကာ တောင်းပန်နေရှာလေသည်။

'စဉ်းစားပါဦး အဖေရယ်၊ ကျွန်မတို့ချစ်ခြင်းကို မခွဲပါနဲ့နော်၊ သမီး တစ်ရှက်ကနှစ်ရှက် မဖြစ်ပါရစေနဲ့ သမီး ကိုအောင်ကြွယ်နဲ့ပဲ ပေါင်းပါရစေနော်'

'တိတ်စမ်း. . တစ်ရွာလုံးက ပစ်ပယ်ထားတဲ့ကောင်ကို နင်က စဉ်းစားချင်သေးတယ်ပေါ့ ဟုတ်လား၊ ထွီ. . . ငါတို့မျိုးရိုး ဂုဏ်သိက္ခာကိုမှ မထောက်ပဲ ဒီလိုအကောင်ကို ယုံကြည်ပြီး ခိုးရာလိုက်ပြေးခဲ့ရတယ်လို့၊ အလိုလိုက်လို့ အမိုက်မစော်ကားနဲ့ ခင်နု ရှေ့

www.burmeseclassic.com



ဆက်ပြီး ဒီကောင်နဲ့ပေါင်းသင်းဖို့ ဆက်ပြောနေရင် နင့်ကို ငါကိုယ်တိုင် သတ်ပစ်မယ် နားလည်လား'

ခင်နု ဒူးနှင့်မျက်ရည် သုတ်ရန်မှတစ်ပါး ဘာမှမတတ်နိုင်တော့ပေ။ ကိုအောင်ကြွယ်၏ ဘဝတစ်လျှောက်လုံး မည်သို့မှ ကောင်းမလာနိုင်တော့ကြောင်း ခင်နုတစ်ယောက် ကောင်းစွာ နားလည်လိုက်မိသည်။

'မင်းတို့ ဒီကောင့်ကို သေသေချာချာ ချုပ်ထားရဲ့လား'

သူဌေးဖြစ်သူက သားနှစ်ယောက်အား မေးလိုက်၏။

'သေချာပါတယ်အဖေ၊ ကျုပ်တို့ ဒီကောင့်ကို သေသေချာချာ ချုပ်နှောင်ထားတာပါ'

'ရော့..ဒီကောင့်ကို နောက်ထပ်မလာနိုင်အောင် အပြတ်ရှင်းခဲ့'

သမီးအတွက် အရှက်ကိုကာကွယ်နိုင်ရန် သားနှစ်ယောက်အား သေနတ်ဖြင့် ပစ်သတ်ခိုင်းလိုက်လေတော့သည်။ ထိုတစ်ယောက်အား ရက်စက်စွာသတ်ဖြတ်ပြီး ငွေပုံပေးကာ လူသတ်မှုကို ဖုံးကွယ်ခဲ့ကြလေသည်။ ခင်နု မျက်ရည်ကို အဖော်ပြုရန်ကလွဲ၍ ဘာမှမတတ်နိုင်ရှာတော့ပေ။

ထိုအချိန်ကတည်းက အောင်ကြွယ်တစ်ယောက် ယာခင်းထဲ၌ ရှာမတွေ့တော့ဘဲ ပျောက်ချက်သားကောင်းနေသည်မှာ လပေါင်းများစွာ သတင်းအစအနပင် ရှာဖွေမရနိုင်လောက်အောင် ဖြစ်သည်။



ခင်နုတစ်ယောက် လူကုံထံသူဌေးသားဖြစ်သော မြဝေဆိုသူနှင့် မိဘက ပေးစားလိုက်လေတော့သည်။ မြဝေမှာ တစ်ရွာလုံးဟိုးလေး တကျော်ကျော် ဖြစ်လာခဲ့ရသော ခင်နု၏ နောက်ကြောင်းရာဇဝင်ကို သိထားပါလျက် ခင်နုဖခင်၏ ဩဇာကို မလွန်ဆန်နိုင်၍ လက်ထပ်ယူခဲ့ရခြင်းသာ ဖြစ်သည်။

အိမ်ထောင်ရေးမှာ စတင် ထူထောင်လိုက်ကတည်းက တစ်စက်ကလေးမှ အဆင်မပြေခဲ့။ မြဝေက အရက်သောက်တတ်သူတစ်ယောက်ဖြစ်ပြီး အရက်မူးလာသည့်အခါ ခင်နုအပေါ် အမြဲလိုလို စိတ်ဆင်းရဲအောင် အပြစ်ရှာတတ်၏။ အမူးသမားတို့၏ ထုံးစံအတိုင်း ငယ်ကျိုးငယ်နာတွေကိုဖော်၍ ခင်နု တစ်ကြိမ်တစ်ခါ မှားယွင်းခဲ့သော အမှားကို အားနည်းချက်ကြီးတစ်ခုလို သဘောထားကာ ပြဿနာမီးမွှေးနေသူတစ်ယောက်ပင် ဖြစ်လေတော့သည်။

သို့သော် မကြာမီ ခင်နုနှင့်မြဝေတို့ ပေါင်းသင်းလာခဲ့ရင်း သားယောကျ်ားလေးတစ်ယောက် ထွန်းကားလာခဲ့သည်။

သူ၏အမည်ကား ရှိန်းမောင်ပင် ဖြစ်လေတော့သည်။

မြဝေက သားလေးကိုချစ်လွန်းသောစိတ်ဖြင့် သောက်စားပျော်ပါးမှုကို လျှော့လာခဲ့သည်။

ရှိန်းမောင် လသားအရွယ်၌ မြဝေမှာ ဖခင်တစ်ယောက်၏ တာဝန်ယူရတော့မည်ဟူသော အသိတရားရှိလာပြီး အိမ်ထောင်တစ်ခုကို ကောင်းကောင်း ထူထောင်လာခဲ့လေတော့သည်။

အရင်လို သောက်စားအော်ဟစ် ရန်ဖြစ်မနေတော့ပဲ ခင်နု

www.burmeseclassic.com

www.burmeseclassic.com



အပေါ် နားလည်လာခဲ့သလို သားလေးရှိန်းမောင်အပေါ် မျက်စိအောက်မှ အပျောက်မခံရလေအောင် အချစ်ပိုခဲ့သည်။

ရှိန်းမောင်က ငယ်စဉ်ကတည်းက မိဘနှစ်ပါးကို ချစ်ခင်တွယ်တာလာတတ်သူ တစ်ယောက်ဖြစ်သောကြောင့် သူတို့မိသားစု ဘဝမှာ မပြေလည်စရာ မရှိနိုင်၊ ရွှေ့ဆက်၍ သာယာဖြောင့်ဖြူးခဲ့သာ ရှိလေတော့သည်။

သို့သော် တစ်နေ့ အောင်ကြွယ်တစ်ယောက် ချမ်းသာကြွယ်ဝသူအဖြစ် ရွာသို့ ပြန်လည်ရောက်လာသည်။

ခင်နုတစ်ယောက် လက်ထပ်သွားပြီဆိုသော သတင်းကိုကြားရသောအခါ မျှော်လင့်လာခဲ့သမျှ ဆုံးရှုံးခံလိုက်ရသူတစ်ယောက်လို ဖြစ်သွားမိသည်။

'တောက်. . သစ္စာမဲ့တဲ့ မိန်းမ၊ တွေ့ကြသေးတာပေါ့ကွာ'

မကျေမချမ်း ဖြစ်မိလျက် ကြိမ်းဝါးလိုက်ရင်း သေနတ်ကိုဆွဲကာ ညတွင်းချင်း ခင်နုတို့ အိမ်ဘက်သို့ ထွက်လာခဲ့လေသည်။

မိသားစု ပျော်ရွှင်နေသည်ကို မြင်ရလေ ပိုပြီး ဒေါသထွက်မိလေလေ ဖြစ်ရ၏။

နောက်ဆုံး ဆင်ခြင်တုံတရားဖြင့် အရာရာကို မထိန်းချုပ်ထားနိုင်ပဲ ခင်နုနှင့် မြဝေအား ရက်စက်စွာ ပစ်သတ်ခဲ့လေတော့သည်။

ခင်နုအပေါ် နာကြည်းချက်တစ်ခုကား မိသားစုတစ်ခုလုံးသေကွဲကွဲရလေအောင် မှန်တိုင်းတစ်ခု တိုက်ခတ်လိုက်သကဲ့သို့



ဖြစ်လေတော့သည်။

မိဘနှစ်ပါးကို ရက်စက်စွာ သတ်ဖြတ်လိုက်သော်လည်း လသားအရွယ် ရှိန်းမောင်ကလေးကိုမြင်ကာ သနားသလို ဖြစ်လာမိသဖြင့် ကောက်ယူမွေးစားရန် ခေါ်ဆောင်လာခဲ့ပြန်သည်။

ခင်နုနှင့် မြဝေကို မည်သူသတ်ဖြတ်သွားကြောင်း လုံးဝတရားခံမပေါ်ပဲ ရှိခဲ့ရုံသာမက ရှိန်းမောင်တစ်ယောက် ထူး ဆန်းစွာ ပျောက်ဆုံးခဲ့ခြင်းကြောင့် တစ်ရွာလုံးက အံ့အားသင့်လို့ မဆုံးနိုင်ခဲ့ပေ။

ထိုသို့ဖြင့် ရှိန်းမောင် ကြီးပြင်းလာသောအခါ သူ၏မွေးစားအဖေဖြစ်သူ ဦးအောင်ကြွယ်ကိုသာ မိဘအရင်းအချာသဖွယ် ခင်တွယ်နေရလေတော့သည်။

ဦးအောင်ကြွယ်က သူ့ကိုယ်သူ လူပျိုကြီးတစ်ယောက်ဖြစ်ကြောင်း အမြဲပြောဆို၍ အတိတ်ကိုဖုံးကွယ်တတ်သူ လူတစ်ယောက်ဖြစ်သည်။

လူမှန်းမသိတတ်သေးခင် အရွယ်ကတည်းက မွေးစားလာခဲ့သဖြင့် မိဘများ၏အကြောင်းကို ဖြူသည်မည်းသည် မသိရပဲ ဦးအောင်ကြွယ်ကိုသာ ဖခင်ရင်းတစ်ယောက်လို သံယောဇဉ်ပိုခဲ့မိသည်။

ဦးအောင်ကြွယ်ကလည်း သူ၏နောက်ကြောင်းများ ပေါ်လာမည်စိုး၍ ရှိန်းမောင်အပေါ် အစစအရာရာ အလိုလိုက်ခဲ့သည်။

တစ်သက်လုံး သူ၏ အတိတ်နောက်ကြောင်း ရေစီးဝင်မှာ

www.burmeseclassic.com

www.burmeseclassic.com



သုံးဝပေါ်လာတော့မည်မဟုတ်ဟု ထင်မြင်ယူဆ၍ သူ့ဖွေးကြီး ဦးအောင်ကြွယ်ဘဝဖြင့် တစ်သက်လုံး ဇာတ်မြုပ်နေထိုင်သွားရလိမ့်မည်ဟု ယတိပြတ် ဆုံးဖြတ်ထားခဲ့လေဟန် တူပေသည်။

'ဒါပေမယ့် သူထင်ထားသလို လုံးဝဖြစ်မလာခဲ့ပါဘူး'

တစ်နေ့ ကေသီနဲ့ပတ်သက်လို့ သဘောမတူနိုင်ကြောင်း မကြာခဏ ပြောဆိုလာတဲ့အခါ ဦးအောင်ကြွယ်အပေါ် ကျုပ်မသင်္ကာ ဖြစ်လာမိတယ်၊ တစ်ချိန်က မိန်းမတွေနဲ့ပတ်သက်တဲ့ လူတစ်ယောက်သာဖြစ်ရမယ်လို့ တစ်ထစ်ချ ယုံကြည်မိတာကြောင့် သူမရှိတုန်း အခန်းထဲဝင်ပြီး သဲလွန်စရှာဖွေခဲ့တယ်လေ. .

ကျုပ်တွေ့လိုက်ရတာက ဘဝတစ်လျှောက်လုံး ရေးမှတ်လာခဲ့တဲ့ ဒိုင်ယာရီဟောင်းတစ်ခုပါပဲ၊ အဲဒီ ဒိုင်ယာရီဟောင်းတစ်ခုဟာ သူတစ်သက်လုံး ဖုံးကွယ်ခဲ့တဲ့ ဘဝပဲပေါ့. . .

ဒါကြောင့် သတင်းစာထဲကနေ အမွေဖြတ်ကြောင်း ကြော်ငြာထည့်လိုက်တဲ့အခါ သူ့အပေါ် နာကြည်းချက်ပေါင်းများစွာနဲ့ သက်စားချေချင်တဲ့စိတ်ဟာ တဖွားဖွားပေါ်လာခဲ့မိတယ်လေ၊ ဒါပေမယ့် ပတ်ဝန်းကျင်က ကျေးဇူးကန်းတဲ့အကောင်လို့ ဝိုင်းကဲ့ရဲ့ကြမှာစိုးလို့ ကျုပ်ရဲ့ဆန္ဒတွေကို ရင်ထဲမှာပဲ ပြန်လည်မျိုသိပ်ခဲ့ရတာပါပဲ. . .

အခုတော့ ကိုနေမြင့် ရောက်လာပြီး အကြောင်းစုံကို ပွင့်ပွင့်လင်းလင်းစွာ ပြောပြတဲ့အခါ ကျုပ်အဖေ ဦးအောင်ကြွယ်ဆိုတာ စိတ်ဝေဒနာလူသတ်သမား ရာဇဝင်လူဆိုးကြီးတစ်ယောက်ဆိုတာ သိခွင့်ရခဲ့တယ်လေ၊ ဒါကြောင့် ကိုနေမြင့်နောက်ကနေ စိတ်မချလို့ ခြေရာခံလိုက်လာခဲ့ရင်း ဦးအောင်ကြွယ်ဟာ အလွန်အားနည်းသင်ပြင်းတဲ့ ဆေးကိုသောက်ပြီး ကိုနေမြင့် တိုက်ခိုက်လို့မယှဉ်နိုင်မှန်းသိတာနဲ့ ကျုပ်ကိုယ်တိုင် သေနတ်နဲ့ ပစ်သတ်လိုက်ရတာပါပဲ'



ရှိန်းမောင်က ကလေ့စားချေသည်ဆိုသော စကားနှင့်ပတ်သတ်၍ အတိတ်ဇာတ်ကြောင်းကို ရှည်လျားစွာ ရှင်းပြခဲ့လေတော့သည်။

စိတ်ဝေဒနာလူသတ်သမား ဦးအောင်ကြွယ်တစ်ယောက်မိုက် ဇာတ်သိမ်းသွားခဲ့ရှာလေပြီ။

တာဝန်တစ်ခု ပြီးဆုံးသွားခဲ့သော်လည်း နောက်ထပ်တာဝန်တစ်ခုက ဆက်ရန်ကျန်ရှိနေသေးသည်။ ထိုတာဝန်မှာ ပင့်ကူနက်ဂိုဏ်းကို ဖြိုခွင်းရန်အတွက်ဖြစ်၏။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉၃ )

## ပင့်ကူနက်ဂိုဏ်း၏ သားကောင်

ရှိန်းမောင်ထံသို့ အင်စပက်တာနေမြင့် မျက်ခြည်အပြတ်မခံပဲရှိနေသည်။ နီလာ၏ စုံစမ်းချက်အရ ပင့်ကူနက်လက်ထောက်ဂိုဏ်းချုပ်ဆိုသူမှာ ကေသီဖြစ်နိုင်ကြောင်းကို ကျိန်းသေနေပြီ။ သို့သော် ပင့်ကူနက်ဂိုဏ်းတစ်ခုလုံးကို ဖမ်းဆီးမိရန်အတွက် ကေသီအား ခြေရာခံရန် မဖမ်းဆီးဖဲ ပရိယာယ်တစ်မျိုးနှင့် ထားရှိရပေတော့မည်။

ရှိန်းမောင်တစ်ယောက် သူ၏ဦးခေါင်းကြွယ်ကိစ္စ ရှင်းလင်းပြီး မကြာမီရက်ပိုင်းအတွင်း သူ့ထံသို့ ဧည့်သည်များ ရောက်ရှိလာခဲ့လေသည်။ ဧည့်ဆိုးများပင် ဖြစ်နေလေတော့သည်။ ကေသီထံသို့ ထွက်အလာ လမ်းခွလတ် လူပြတ်သောနေရာ၌ ကားကြီးတစ်စီး



မှာ ရုတ်တရက်ထိုးရပ်လာပြီး ကားပေါ်မှ မျက်နှာဖုံးစွပ်နှင့် လူသုံးယောက် ဆင်းလာလေသည်။

'တက်စမ်း'

ရှိန်းမောင်က အံ့အားသင့်စွာ ငေးမောကြည့်ရှုနေစဉ် သေနတ်နှင့်ချိန်ရွယ်၍ ကားပေါ်သို့ တက်ခိုင်းလိုက်လေသည်။

သူ့ထံရောက်ရှိလာသောဧည့်သည်များက ပင့်ကူနက်ဂိုဏ်းသားများဖြစ်ကြောင်း မျက်နှာဖုံးပေါ်မှ ပင့်ကူနက်သင်္ကေတများကဖော်ပြနေသည်။ရှိန်းမောင်အား မျက်နှာအဝတ်စည်း၍ စခန်းသို့ခေါ် ဆောင်လာခဲ့သည်။

ရှိန်းမောင် သတိရလာသောအခါ ပုပ်အဲ့နံစော်သောအခန်းတစ်ခု၌ သူ့အား ချုပ်နှောင်ထားကြောင်း သိရလေသည်။

သစ်သားခုံပေါ်တွင် မလှုပ်မယှက်နိုင်အောင် ကြိုးဖြင့်ချည်နှောင်ထားရုံမကသေးပဲ အလွန်အဆိပ်ပြင်းသည့် ကင်းကြီးများကိုခြေချခွင့်မရအောင် ဘေးပတ်ပတ်လည်၌ ထားခဲ့သေးသည်။

ကင်းမမည်းကြီးများမှာ ရှိန်းမောင်ရှိနေသော သစ်သားခုံပေါ်အထိ တက်မလာနိုင်သော်လည်း ပုရွက်ဆိပ်များလို တစ်စခန်းလုံး ရှုစိတက်နေသည်ကို ကြည့်နေရသည်မှာ အလွန်အသည်းယားစရာ ကောင်းလွန်းလှပေသည်။ ပင့်ကူနက်ဂိုဏ်းနှင့် သူ ပတ်သက်လာလိမ့်မည်ဟု လုံးဝ မတွေးမိခဲ့ပေ။

အဘယ်ကြောင့် ပင့်ကူနက်ဂိုဏ်းက ထိုနေရာသို့ ဖမ်းဆီးခေါ်ဆောင်လာရသနည်း။ ရှိန်းမောင် မစဉ်းစားတတ်အောင် ဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အတွက် အသက်ရှင်ဖို့ လမ်းစပင်မမြင်ရ။ ပင့်ကူနက်ဂိုဏ်းက အလွန်ရက်စက်သော လူဆိုးဂိုဏ်းတစ်ခုသာဖြစ်ကြောင်း သူ ကောင်းစွာသိရှိခဲ့ပြီးဖြစ်၏။ တိုက်ပျက်လှေကားမှ ဆင်းလာသည့်ခြေသံကို ကြားလိုက် ရသည်။ ခြေသံက တဖြည်းဖြည်း နီးကပ်လာခဲ့ပြီး ရှိန်းမောင်ရှိရာ မြင်ကွင်းရှေ့သို့ ရောက်ရှိလာခဲ့ကြလေပြီ။

ပင့်ကူနက်ဂိုဏ်းသားများကို ခေါင်းမော့ကြည့်လိုက်မိ၏။ အားလုံးမှာ ခေါင်းစွပ်အနက်များစွပ်ထားသောကြောင့် မည်သူမည်ဝါဆိုတာကိုချက်ချင်းမသိရှိနိုင်သေး။ လက်ထောက်ဂိုဏ်းချုပ် နှစ်ဦးနှင့် ဂိုဏ်းသားနှစ်ဦးပင်ဖြစ်၏။ ဂိုဏ်းသားနှစ်ဦး၏လက်ထဲ၌ ပုလိပ်များကိုင်တွယ်တတ်သော နံပါတ်တုတ်တစ်ချောင်းစီ ရှိနေသည်။

'ရှိန်းမောင်'

သူခေါင်းကို မော့ထားလိုက်၏။

'မြိတ်မြို့ကိုသွားပြီး ငန်းနက်သင်္ဘောကို ဆယ်ခဲ့တယ်ဆိုတာ ဟုတ်လား'

ရှိန်းမောင် မဖြေ။

'ဘုံး . . . ဘုံး'

နံပါတ်တုတ်နှစ်ချောင်း သူ့ထံသို့ ပြင်းထန်စွာသက်ရောက်လာခဲ့သည်။

'အသားအနာမခံချင်ရင် ကျုပ်မေးတာကို ဖြေပါ'

'ဟုတ်တယ်'

ရှိန်းမောင်က ဘုဆတ်ဆတ်နှင့် ပြတ်သားစွာဖြေလိုက်



သည်။

'ဒါဆို သင်္ဘောက ဆယ်လို့ရတဲ့ ရတနာသေတ္တာ ဘယ်မလဲ'

'မသိဘူး'

'ဘုံး . . . ဘုံး'

ရှိန်းမောင်စကားက မှားယွင်းခြင်းမရှိသော်လည်း လက်ယားနေသူ တုတ်သမားတို့က နှိပ်စက်နေပြန်သည်။

'ကောင်းကောင်းဖြေပါ'

'ကျုပ် . . တကယ်မသိလို့ မသိဘူး ပြောတာပဲ၊ ဘယ်က ရတနာတွေလဲ'

'ကြေးနီသေတ္တာတစ်လုံးထဲက ရတနာတွေလေ'

ပင့်ကူနက် လက်ထောက်ဂိုဏ်းချုပ်တစ်ဦးက ရှိန်းမောင်ကိုယ်စား တိတိကျကျဖြေလိုက်၏။

'ကြေးနီသေတ္တာထဲမှာ ဘယ်လိုရတနာမှ မပါဘူး၊ ပုလင်းတစ်လုံးပဲ ပါတယ်'

'မဖြစ်နိုင်တာပဲကွာ၊ မင်းနဲ့ ဦးအောင်ကြွယ်တို့ ရတနာသေတ္တာတစ်လုံး ရသွားတယ်ဆိုတာ ငါတို့ ပင့်ကူနက်ဂိုဏ်းက သတင်းအတိအကျ ရထားတာကွ'

ရှိန်းမောင်အတွက် အလွန်ဖြေရခက်နေပြီ။

ပြဿနာက ရှင်းလေရှုပ်လေ ဖြစ်နေပေတော့မည်။

❄ ❄ ❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉၄ )

ရှိန်းမောင်ပြောသည့်စကားကို ပင့်ကူနက်ဂိုဏ်းက မည်သို့မျှ ယုံကြည့်လိမ့်မည် မဟုတ်။ ထို့ကြောင့် . . .

'မယုံလည်း မတတ်နိုင်ဘူးဗျာ၊ ကျုပ် အမှန်အတိုင်းပြောနေတာပဲ'

တုတ်သမားများက ထပ်မံရိုက်နှက်ရန် ဟန်ပြင်လိုက်၏။

'ဟေ့ကောင်တွေ ရပ်စမ်း . . . .

မင်း စဉ်းစားဖို့ တစ်ရက်တိတိ အချိန်ပေးမယ်၊ ငါတို့ လိုချင်တဲ့အဖြေကိုမရဘဲ ခေါင်းဆက်မာနေမယ်ဆိုရင်တော့ ပင့်ကူနက်ဂိုဏ်းဟာ ဘယ်လောက် ရက်စက်တယ်ဆိုတာ မင်း လက်တွေ့ သိလာရမှာပေါ့ကွာ'

လက်ထောက်ဂိုဏ်းချုပ်ကိုယ်တိုင် ရှိန်းမောင်အား ကြိမ်းမောင်းခြောက်လှန့်ထွက်ခွာသွားလေတော့သည်။ ရှိန်းမောင် စဉ်း

www.burmeseclassic.com



စားမိသည်မှာ သူ့ထံ ခေါင်းစွပ်များနှင့် နှိပ်စက်ညှဉ်းပန်းရန် ရောက်ရှိလာကြသူများထဲ၌ ဂိုဏ်းချုပ်နှင့် လက်ထောက်တစ်ဦးက မည်သို့မျှ မေးမြန်းခြင်း၊ နှိပ်စက်ခြင်းမပြုသည့်ကိစ္စအတွက် အလွန် အံ့အားသင့်စရာ ဖြစ်လာခဲ့သည်။

ပင့်ကူနက်ဂိုဏ်း၏ အစည်းအဝေးခန်းမတစ်ခုလုံး အပ်ကျ သံပင်ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေတော့ သည်။

ရှိန်းမောင်နှင့်ပတ်သက်၍ လက်ထောက်ဂိုဏ်းချုပ်များက စည်းဝေးပွဲ ကျင်းပနေခြင်းသာ ဖြစ်သည်။

'ရှိန်းမောင်ကို သတ်ပစ်ဖို့ ဂိုဏ်းချုပ်ကြီးက ခွင့်ပြုလိုက်ပြ

'သူ့ကို ချက်ချင်းသတ်ပစ်လို့ ဖြစ်ပါ့မလား၊ တော်ကြာ ငန်းနက်ထဲက ရတနာကို ဘယ်မှာ သိမ်းဆည်းထားတယ်ဆိုတာ မသိခဲ့ရင် မြွေပါလည်းဆုံး သားလည်းဆုံးဆိုသလို ဖြစ်နေဦးမယ်

ဂိုဏ်းချုပ်တစ်ဦးက ရှိန်းမောင်အား သတ်ဖြတ်ရန် မဖြ နိုင်ကြောင်း အကြောင်းပြပြောဆိုလိုက်သောကြောင့် ကျန်ရှိနေ သော လက်ထောက်ဂိုဏ်းချုပ်များအားလုံးမှာ ငြိမ်သက်စွာ တွေဝေ သွားကြလေတော့သည်။

'ရှိန်းမောင်ဟာ အလွန်ခေါင်းမာသူ တစ်ယောက်ပဲ၊ အ သက်သာ အသေခံသွားမယ် . . .

ငန်းနက်ထဲက ရတနာတွေ ရှာတွေ့တယ်လို့ ဘယ်တော့ ပြောမှာမဟုတ်ဘူး'



'သူပြောတဲ့အတိုင်း တကယ်ရှာမတွေ့တာရော မဖြစ်နိုင် ဘူးလား'

'အို . . . ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျုပ်ကိုယ်တိုင် မြိတ်ကျွန်းသွားပြီး ငန်းနက်ဆယ်ပေးတဲ့ ဆလုံကြီးတွေဆီက စုံစမ်းခဲ့ တာ . . .

သူတို့ ပြောပုံအရဆိုရင် ဦးအောင်ကြွယ်နဲ့ ရှိန်းမောင်တို့ နှစ်ယောက် ကြေးနီသေတ္တာတစ်လုံးကို ဆယ်သွားတယ်လို့ အတိ အကျ ပြောခဲ့တယ်လေ'

သတင်းအတိအကျရထားသူ ပင့်ကူနက်ဂိုဏ်းလက် ထောက်ဂိုဏ်းချုပ်က ကြေးနီသေတ္တာတစ်လုံးထဲတွင် ရတနာများ သာပါရှိလိမ့်မည်ဟု အသေအချာ စွဲချက်တင် ပြောဆိုလိုက်သည်။

'ဒါကြောင့် သူတို့သားအဖချင်း လောဘတက်ပြီး သုဝဏ္ဏခြံ မှာ သတ်ဖြတ်တဲ့အထိ ဖြစ်သွားခဲ့တယ်လို့ သတင်းရတာပဲ'

'ဒီကိစ္စကို ပုလိပ်အဖွဲ့က သတင်းအဖြစ်မဖော်ပြပဲ ဘာ ကြောင့် ဖုံးကွယ်ထားတယ်ဆိုတာ မစဉ်းစားတတ်အောင်ပါပဲ'

'ရှိန်းမောင်ကို မသတ်ပဲ ကျုပ်တို့ ဒီအတိုင်းဖမ်းထားမယ် ဆိုရင် ပင့်ကူနက်ဂိုဏ်းက ပြောင်းပြေးရဖို့ သေချာနေပြီ'

'ရှိန်းမောင်ကို ဂိုဏ်းချုပ်ကြီးအမိန့်အတိုင်း သတ်ဖြတ်ပစ် ဖို့ အားလုံးက သဘောတူပါသလား'

'တူပါတယ်'

နောက်ဆုံး ရှိန်းမောင်အတွက် ရတနာများ မရလျှင်

www.burmeseclassic.com

www.burmeseclassic.com



အသက်ချမ်းသာခွင့်မပေးနိုင်လောက်အောင် ပင့်ကူနက်ဂိုဏ်းက သတ်ဖြတ်ရန် သဘောတူ ဆုံးဖြတ်လိုက်ကြသည်။

'ရှိန်းမောင်ကိုသတ်ဖို့ ဘယ်သူတာဝန်ယူမလဲ'

လက်ထောက်ဂိုဏ်းချုပ်တစ်ဦးက ရဲရဲထရပ်လိုက်၏။

'ဒါဆို မနက်ဖြန်နံနက် ရတနာတွေ ဘယ်မှာသိမ်းဆည်းထားတယ်ဆိုတာ မေးလို့မရရင် တာဝန်ယူထားတဲ့သူက အပြတ်ရှင်းပစ်လိုက်ပါ'

'ကောင်းပါပြီ'

ရှိန်းမောင်အား သတ်ဖြတ်ရန် တာဝန်ယူသူက ကတိပေးလိုက်လေသည်။

ညက ပို၍မှောင်နေသည်ဟု ထင်ရသည်။

ပင့်ကူနက်ဂိုဏ်းတည်ရှိရာ တိုက်ပျက်ကြီးတစ်နေရာတွင် လူတစ်စုက ရှိန်းမောင်ဖမ်းဆီးထားရာ အခန်းဆီသို့ တရွေ့ရွေ့တိုးကပ်လာခဲ့သည်။

'ဟိတ် . . . ရပ်'

ထိုလူမှာ ရပ်လိုက်၏။ အစည်းအဝေးခန်းထဲ ရှိန်းမောင်အား သတ်ဖြတ်ရန် တာဝန်ယူထားသည့် လက်ထောက်ဂိုဏ်းချုပ်ဖြစ်သည်။

ခေါင်းစွပ်ပေါ်မှ နံပါတ်ကိုကြည့်ရင်း ဂိုဏ်းသားမှာ အရိုအသေ ပေးလိုက်လေသည်။

'ရှိန်းမောင် ရှိသလား'



'ဟုတ်ကဲ့ ရှိပါတယ်'

'သူ့ကို ဒီတစ်ည စစ်ဆေးစရာရှိတယ် တံခါးဖွင့်စမ်း'

လက်ထောက်ဂိုဏ်းချုပ်၏ အမိန့်ကြောင့် အစောင့်မှာ တံခါးကို ဖွင့်ပေးလိုက်သည်။

လက်ထောက်ဂိုဏ်းချုပ်က ရှိန်းမောင်ရှိရာသို့ ဟန်မပျက် ဝင်လာခဲ့လေသည်။

❄ ❄ ❄ ❄ ❄

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၃၅ )

ရှိန်းမောင်ရှိရာ အခန်းတွင်းမှ မီးအိမ်ကိုထွန်းညှိလိုက်ရင်း. . . .

'အစ်ကို'

တိုးညင်းသောလေသံနှင့် ပြောင်းလဲခေါ်လိုက်သောကြောင့် ရှိန်းမောင်တစ်ယောက် ကိုယ့်နားကိုကိုယ် မယုံနိုင်လောက်အောင် အံ့အားသင့်သွားခဲ့သည်။

သူကား ကေသီပင် ဖြစ်လေတော့သည်။

'ဒီနေရာက အမြန်ဆုံးထွက်ပြေးမှဖြစ်မယ် အစ်ကို၊ သူတို့မနက်ကျရင် အစ်ကို့ကိုသတ်ဖို့ အမိန့်ပေးထားတယ်'

ကေသီက ရှိန်းမောင်ကို အကြောင်းစုံပြောပြရင်း ကြိုးဖြေပေးလိုက်၏။

ရှိန်းမောင်မှာ ပင့်ကူနက်ဂိုဏ်း၏ လက်ထောက်ဂိုဏ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရှာသည့် ကေသီအား နားလည်သောမျက်လုံးတစ်စုံနှင့် ငေးကြည့်နေသည်။

'အစ်ကိုတို့ ပြေးဖို့လွတ်ပါ့မလား ကေသီ'

'အို. . . မကသိတာဝန်ထားစမ်းပါ'

'အစ်ကို့ခတွက်ဆို ကေသီအသက်နဲ့လဲပြီး ကာကွယ်သွားပါ့မယ်'

ကေသီက ပြောပြောဆိုဆို ရှေ့မှ လမ်းပြခေါ်ဆောင်လာခဲ့လေသည်။

တိုက်ပျက်ကြီးအတွင်း လုံးဝထင်မထားသော မြေအောက်လျှို့ဝှက်လမ်းများရှိသည်။ ထိုလမ်းများမှာ လက်ထောက်ဂိုဏ်းချုပ်များပင် သိခွင့်ရှိသည်။

အရေးကြုံလျှင် အပြင်သို့ ထွက်နိုင်သည့်လမ်းများဖြစ်သောကြောင့် ကေသီက လျှို့ဝှက်ဝက်ပါမှ လှည့်ပတ်ခေါ်လာခဲ့သည်။ အပြင်သို့ လှမ်းမြင်နေရပေပြီ။

ရှိန်းမောင်နှင့်ကေသီတို့နှစ်ယောက် လွတ်မြောက်ရာလမ်းကို မြင်တွေ့လိုက်ရသောကြောင့် ဝမ်းမြောက်ပျော်ရွှင်သွားမိသည်။

'ဟား. . . ဟား. . . ဟား. . . မင်းတို့ ဘယ်နည်းနဲ့မှ မလွတ်နိုင်ပါဘူးကွာ'

ရုတ်တရက် ချောက်ချားဖွယ်ရာ အော်သံကြီးနှင့်အတူ ပင့်ကူနက်ဂိုဏ်းမှ သူတို့အား ဝိုင်းရံထားလိုက်ကြလေပြီ။

လက်နက်ကိုယ်စီနှင့် ဝိုင်းရံထားခြင်းဖြစ်သောကြောင့် နှင်



ယောက်စလုံး မည်သို့မျှတုံ့ပြန်နိုင်ရန် အခွင့်အလမ်းမရှိ။ အားမတန်၍ မာန်လျှော့ရတော့မည့်အဖြစ်နှင့် တစ်ခါကြုံလိုက်ရပြန်သည်။

နှစ်ဦးသား ပင့်ကူနက်ဂိုဏ်းသားများ ဖမ်းဆီးခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့ရပြန်လေသည်။

❋ ❋ ❋ ❋ ❋

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉၆ )

## နေ့တတ်ဆုံးလှည့်ကွက်

BURMESE CLASSIC .com

ပင့်ကူနက်ဂိုဏ်းချုပ်ကြီးကို စတင်တွေ့ဆုံရလေပြီ။ ဂိုဏ်းချုပ်ကြီးက အမြဲတစေ သားရေမျက်နှာဖုံးကြီးတစ်ခုကို စွပ်လျက်နေတတ်တာကြောင့် မည်သူမည်ဝါဆိုတာ မသိရှိနိုင်သေး။

သူတို့နှစ်ဦးအား သားရေမျက်နှာဖုံးကြီးကြားမှ ဒေါသမျက်လုံးများနှင့် စိုက်ကြည့်ရင်. . .

'ဘယ်လိုလဲ လက်ထောက်ဂိုဏ်းချုပ်၊ ကျုပ်အမိန့်ကို ဖီဆန်ပြီး သစ္စာဖောက်ရင် ဘယ်လိုခံစားသွားရမယ်ဆိုတာ မသိဘူးလား'

'သိပါတယ် ဆရာကြီး၊ ဒါပေမယ့် သူဟာ ကျွန်မချစ်သူတစ်ယောက်ဖြစ်နေတဲ့အပြင် ငန်းနက်ဆယ်ယူစဉ်က ဘယ်လို ရုပ်နာမျိုးမှ မရခဲ့ပါဘူး. . .

www.burmeseclassic.com

www.burmeseclassic.com



ဒါက ကျွန်မနဲ့သူ ချစ်သူဘဝ ရောက်ကတည်း က စုံစမ်းခဲ့ရလို့ သိခဲ့တာပါပဲ'

'ဒီလိုဆို သူ့မှာအပြစ်မရှိဘူးလို့ မင်းက ဆိုလိုတာလား'

'ဟုတ်ပါဘယ်'

ဂိုဏ်းချုပ်ကြီးက ကေသီ၏သွက်လက်ချက်ချာစွာ ရှင်းပြနေသော စကားများကို ခေါင်းတညိတ်ညိတ်လုပ်ရင်း နားထောင်လျက် တွေဝေစွာစဉ်းစားနေသည်။

'သူတို့ကို မသတ်ပဲထားလို့ မဖြစ်ပါဘူး ဂိုဏ်းချုပ်ကြီး သစ္စာဖောက်သူကို မသတ်ဘဲထားရင် နောင်ကို ပင့်ကူနက်ဂိုဏ်းအပေါ် မဲထီမဲ့မြင်ပြုမှုတွေ ထပ်မံပေါ်ပေါက်လာနိုင်ပါတယ်'

အနီးရှိ လက်ထောက်ဂိုဏ်းချုပ်များကလည်း မလိုတမာ ပြောဆိုနေကြပြန်သည်။

ထိုအခိုက်. . . .

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့စခန်းကို ရဲတွေဝိုင်းလာပါပြီ'

'ဟေ'

ကင်းချထားသူ ပင့်ကူနက်ဂိုဏ်းသားတစ်ဦးက အူယားဖားယားပြေးလာပြီး ပြောဆိုလိုက်သောကြောင့် ပင့်ကူနက်ဂိုဏ်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။

ကေသီက အခွင့်အရေးကို လက်လွှတ်မခံနိုင်ဘဲ ရှိန်းမောင်အား ခေါ်ဆောင်၍ ထွက်ပေါက်ဆီသို့ ပြေးလွှားခဲ့လေတော့သည်။

'ဒိုင်း'



'ဒိုင်း'

'ဒိုင်း'

တစ်ဖက်နှင့်တစ်ဖက် တုံ့ပြန်တိုက်ခိုက်မှုများက တိုက်ပျက်ကြီးအတွင်း၌ ငရဲပွက်သည့်အလား ဆူညံပွက်ထလာလေသည်။

ပုလိပ်အဖွဲ့နှင့်အတူ ရောက်လာသူက အင်စပက်တာနေမြင့်နှင့် စုံထောက်မ နီလာတို့ပင် ဖြစ်တော့သည်။

နီလာကိုယ်တိုင် ပင့်ကူနက်ဂိုဏ်းသား တစ်ဦးကဲ့သို့ အယောင်ဆောင်ကာ တစ်ဂိုဏ်းလုံးဖမ်းမိရန်အတွက် စုံစမ်းခဲ့သည်။

ရှိန်းမောင်အား ပင့်ကူနက်ဂိုဏ်းက ဖမ်းဆီးသွားသည်ဆိုသော သတင်းကို သိသိချင်း တိုက်ပျက်ကြီးတစ်ခုလုံးကို ထွက်ပေါက်လုံးဝမရှိအောင် ပိတ်ဆို့ထားခဲ့ပြီးမှ ဝင်ရောက်ပစ်ခတ်ဖမ်းဆီးခြင်းသာဖြစ်သည်။

ပင့်ကူနက်ဂိုဏ်းသားများက အသက်အသေခံ၍ တိုက်ခိုက်တတ်သူများပင်ဖြစ်ကြောင်း အင်စပက်တာနေမြင့်က သိရှိ၍ အသာစီးမှရအောင် နေရာယူထားပြီးမှ ဝိုင်းရံလိုက်ခြင်းဖြစ်သည်။

ဂိုဏ်းချုပ်ကြီးမှာ လုံးဝထွက်ပေါက်မရှိပဲ ဖြစ်နေရှာသည်။

ယမ်းငွေ့များအကြား၌ မျက်နှာပေါ် တပ်ဆင်ထားသော မျက်နှာဖုံးစွပ်ကြီးအား လုံးဝမချွတ်ဘဲ ရှိနေလေသည်။

သူကိုယ်တိုင်က အကျော်အကန့် ပစ်ခတ်နေခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပင့်ကူနက်ဂိုဏ်းသားတွေ ခုခံဖို့မကြိုးစားပါနဲ့၊ လက်နက်ချပါ၊ လက်နက်ချပါ'

အင်စပက်တာနေမြင့်ကိုယ်တိုင် ပင့်ကူနက်ဂိုဏ်းသားများကို လက်နက်ချရန် အော်ဟစ်အမိန့်ပေးနေသည်။

ဝိုင်းရံထားသော ပုလိပ်အင်အားက များလွန်းလှသဖြင့် တစ်ချို့ဂိုဏ်းသားများက ကြောက်လန့်၍ လက်နက်ချရလေတော့သည်။

တစ်ချို့က လက်နက်ချဖို့ မစဉ်းစားဘဲ တုံ့ပြန်တိုက်ခိုက်နေပြန်သည်။

'နီလာ၊ အရှေ့ဘက်တံခါးပေါက်ကိုသွား၊ ဂိုဏ်းချုပ်ကြီး လုံးဝလွတ်မသွားစေနဲ့'

'ဟုတ်ကဲ့'

တပည့် မနီလာက အရှေ့ဘက်တံခါးပေါက်ဆီသို့ ပြေးလွှားရင်း ဂိုဏ်းချုပ်ကြီးထွက်အလာကို စောင့်ဆိုင်းနေလိုက်သည်။

ကေသီနှင့်ရှိန်းမောင်တို့ နှစ်ယောက်စလုံးမှာ တိုက်ပျက်ကြီးအတွင်းရှိ ကျည်ကွယ်နေရာများ၌သာ အကာအကွယ်ယူနေရှာသည်။

သူတို့နှစ်ဦးအား အမိကထား၍ လိုက်လံတိုက်ခိုက်နေသူများမှာ သစ္စာဖောက်သည်ဟု ယူဆထားသော ပင့်ကူနက်ဂိုဏ်းသားများပင် ဖြစ်လေတော့သည်။

'ရဲအဖွဲ့ဘက်ကို ဖြတ်ပြေးရင် ကောင်းမယ် ကေသီ'



တစ်ဖက်၌ လှမ်းမြင်နေရသော ရဲတပ်ဖွဲ့ဝင်များရှိရာသို့ ဖြတ်ပြေးရန် ရှိန်းမောင်က အကြံပေးလိုက်၏။

နှစ်ဦးစလုံးမှာ လက်နက်မဲ့ဖြစ်နေသောကြောင့် အကယ်၍ ဖြတ်ပြေးစဉ် နောက်မှလိုက်လာသည့် ရန်သူအား ကာကွယ်ဖို့ မလွယ်မှန်း ကေသီကသိသည်။

သို့ပေမယ့် သူတို့နှစ်ယောက်စလုံးက ပင့်ကူနက်ဂိုဏ်းရှိသောအခြမ်းတွင် ကြာရှည်နေလို့ မဖြစ်တော့။ ထို့ကြောင့် နှစ်ဦးစလုံး ဖြတ်ပြေးလေတော့သည်။

'အစ်ကို'

'ဗိုင်း'

ပင့်ကူနက် လက်ထောက်ဂိုဏ်းချုပ်တစ်ဦးက ရှိန်းမောင် ဖြတ်ပြေးသည်ကို လှမ်းမြင်သောကြောင့် အုတ်နံရံအကွယ်မှ ဘွားခနဲပေါ်လာခဲ့ပြီး ပစ်ခတ်ရန်ချိန်ရွယ်လိုက်စဉ် ကေသီက ရှိန်းမောင်ကို လုံးဝမထိစေရန် အသက်ပေး၍ ကာကွယ်သွားလေတော့သည်။

ရှိန်းမောင်မှာ တစ်ဖက်သို့ ရောက်သွားသော်လည်း တစ်ဖက်၌ သေဆုံးကျန်ရစ်ခဲ့သူ ကေသီအား ကြေကွဲစွာ လှမ်းကြည့်နေမိသည်။

ဂိုဏ်းချုပ်ကြီးမှာ အင်စပက်တာနေမြင့် ကြိုတင်တွက်ဆထားသည့်အတိုင်း အရှေ့ဘက်တံခါးပေါက်ဆီသို့ ဦးတည်ပြေးလွှားလာခဲ့သည်။

နီလာကိုယ်တိုင်က သူပြေးလွှားမည့်နေရာကို ပိတ်ဆို့

www.burmeseclassic.com

www.burmeseclassic.com



ထားသောကြောင့် . . . .

'ဒိုင်း'

နီလာ၏ ချိန်ရွယ်ပစ်လိုက်သော သေနတ်သံတစ်ချက်နှင့် အတူ ပင့်ကူနက်ဂိုဏ်းချုပ်ကြီးမှာ လုံးဝပြေးမလွတ်ပဲ လက်ကိုထိမှန်လျက် သေနတ်ပြုတ်ကျသွားလေသည်။

သို့ပေမယ့် သူကိုယ်တိုင်က ထပ်မံပြေးရန် ကြိုးစားနေပြန်သဖြင့် အင်စပက်တာနေမြင့်က ပစ်ချလိုက်ရလေတော့သည်။

အင်စပက်တာနေမြင့်၏ သေနတ်သံနှင့်အတူ ပင့်ကူနက်ဂိုဏ်းချုပ်ကြီးမှာ ကားခနဲ ပြုတ်ကျသွားခဲ့သည်။

နီလာနှင့် အင်စပက်တာနေမြင့်တို့က သေနတ်နှင့်ချိန်ရွယ်လျက် မှောက်လျက်သေဆုံးနေသူ ပင့်ကူနက်ဂိုဏ်းချုပ်ကြီး၏ အလောင်းကို တစ်ဖက်သို့ဆွဲလှန်လိုက်ရင်း မျက်နှာဖုံးကို ခွာချလိုက်သောအခါ. . . .

'ဟင်. . . ဦးဘိုးမြ'

ရွှေပင့်ကူစားတော်ဆက်၌ သူတို့ အမြဲတမ်း ဘောက်ဆူးပေးနေသော ဆွံ့အနေသည့် တံခါးစောင့်ကြီး ဦးဘိုးမြ ဖြစ်နေကြောင်းကို အံ့သြစွာ တွေ့လိုက်ရလေသည်။

လောကကြီး၌ အဆိုးအကောင်းကို အပြင်ပန်းအမြင်နှင့်ပင် ခွဲခြားနိုင်ရန် ခဲယဉ်းလှပေစွ။

ဦးအောင်ကြွယ်လို ဂုဏ်သရေရှိလူကြီးတစ်ယောက်ကလည်း စိတ်ဝေဒနာလူသတ်သမား ဖြစ်နိုင်သကဲ့သို့ . . .



ဦးဘိုးမြကဲ့သို့ သနားစရာကောင်းသည့် တံခါးစောင့်ကြီးက ပင့်ကူနက်ဂိုဏ်းချုပ်ကြီး ဖြစ်နိုင်သေးသည်။

မည်သို့ပင်ဆိုစေ. . . .

အင်စပက်တာနေမြင့်အနေဖြင့် တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပြီးစီးခဲ့ပြီမို့ မြနှင်းအေးနှင့် မကြာမီ လက်ထပ် ဖို့အရေးကိုသာ စိတ်ကူးယဉ် တွေးတောနေရလေတော့သည်။

ဒုတိယတွဲ (ဇာတ်သိမ်း) ပြီး။

ရာဇဝင်

BURMESE CLASSIC .com

www.burmeseclassic.com